
www.burmeseclassic.com

# မိုးမိုး (အင်းလျား)

## ကြွေမလိုက်နဲ့ဝေ ဝေမလိုက်နဲ့ကြွေ



www.burmeseclassic.com

www.burmeseclassic.com

[ တစ်အုပ် ၃၀၀ ကျပ် ]

## မိုးမိုး (အင်းလျား)

# ကြွေမလိုနဲ့ဝေ ဝေမလိုနဲ့ကြွေ

အင်းလျားစာပေ
အမှတ် ၁၇၃၊ ၃၃ လမ်း၊
ရန်ကုန်မြို့။
[ဖုန်း—၂၈၅၁၆၆]

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကြွေမလိုနဲ့လေ ဝေမလိုနဲ့ကြွေ
ပထမအကြိမ် ပုံနှိပ်ခြင်း
၁၉၈၁၊ ဖေဖော်ဝါရီ
ဒုတိယအကြိမ် ပုံနှိပ်ခြင်း
၂၀၀၀၊ နိုဝင်ဘာ
၁၀၀၀ အုပ်

မျက်နှာဖုံး — ၁၉၉၈ ခုနှစ်တွင် ပန်းချီ နေမျိုးအေး ရေးဆွဲသည့် 'လမ်းကလေး' အမည်ရှိ ၁၄" × ၁၈" ရေဆေးပန်းချီကားကို ပန်းချီ ဆရာနှင့်တကွ ခွင့်ပြုလှုပ်ပါသည်။
ပန်းချီကားသုံးစွဲခွင့်ကို NM Gallery က ထောက်ပံ့ပြုပါသည်။ တာဝန်ချုပ် — ကိုမြင့်
စာအုပ်စာတမ်း စာနယ်ဇင်း ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် ၉၂၆/၉၉ (၁၀)
စာအုပ်စာတမ်း မျက်နှာဖုံး ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် ၇၂၃/၂၀၀၀ (၁၀)

ဦးအောင်ကြီး (၀၉၈၆) ရွှေပုရပိုက်စာပေ၊ အမှတ် ၅၊ ထင်ဆန်းလမ်း၊
ဥက္ကလာ၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။
ဒေါ်ခင်လှ (၀၁၅၇၀) စာပေလောက ပုံနှိပ်တိုက်၊ အမှတ် ၁၇၃၊ ၃၃ လမ်း၊
ရန်ကုန်မြို့တွင် မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

BURMESE CLASSIC .com

# ၁

မန္တလေးမှ ထွက်လာကတည်းက မိုးက တဖွဲဖွဲရွာလာ၏။

မတ္တရာကို ကျော်လာသည်အထိ မိုးက မစဲသေး။ သည်အတိုင်းဆိုလျှင် တောင်ပေါ်လမ်းသည် တောက်လျှောက် အုံ့ဆိုင်းနေပေတော့မည်။

မန္တလေးဘူတာမှာ ကိုကိုကြီးကို တွေ့ရလိမ့်မည်ဟု အသေအချာ မျှော်လင့်ခဲ့မိသည်။ သို့သော် ကိုကိုကြီးကိုသော်လည်းကောင်း၊ အိမ်က လာကြိုသည့် တစ်စုံတစ်ယောက်ကိုသော်လည်းကောင်း မတွေ့ခဲ့ရ။ မန္တလေး မိုးကုတ် ကားဂိတ်ရောက်သော်လည်း သူ့ကိုလာကြို သည့် အရိပ်အယောင် တစ်စွန်းတစ်စမျှပင် မမြင်။ ဖေဖေ မေမေတို့ လာမကြိုနိုင်သည်က ထားပါဦး၊ ကိုကိုကြီးကတော့ မလွဲမသွေ လာကြိုသင့်သည် မဟုတ်ပါလား။

စိတ်က အလွန်ပင် တိုတောင်းလျက်ရှိနေပြီမို့ ကားဂိတ်မှာ ပစ္စည်း တွေကို ပစ်ချကာ စိတ်ပျက်လက်ပျက် ထိုင်နေခဲ့မိ၏။ ပစ္စည်းအချို့ကို ရန်ကုန်အိမ်မှာထားခဲ့မိ၍ တော်ပါသေးရဲ့။ ဒါတောင် မေမေက ပစ္စည်းတွေ အကုန်ပြန်သယ်ခဲ့ဖို့ စာအထပ်ထပ် ရေးခဲ့သေးသည်။ မေမေပြောသည့်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းသာ သူ့ သမက်လောင်းကြီးကို အားကိုးပြီး ပစ္စည်းတွေ အကုန်သယ်လာခဲ့မိလျှင် မခက်ပါလား။

ကံကောင်းထောက်မ၍ ကိုစိန်မောင်တို့ကားနှင့် သွားတွေ့သည်။ လင်းလင်းကို မှတ်မိနေ၍ ရှေ့ခန်းမှာ နေရာပေးပြီး တင်ခေါ်ခဲ့သည်။ ယခင် ဂျစ်ကားတွေအစား ဒတ်ဆန်းကားတွေ ပြေးဆွဲလျက်ရှိ၏။ မရောက်တာကြာပြီဖြစ်သော အိမ်အပြန်လမ်းသည် စိတ်အလျဉ်နှင့်အတူ အရှိန်ပြင်းစွာ တရိပ်ရိပ် ပြေးဝင်လာ၏။ မိုးစက်မိုးပေါက်တို့သည် ဖွင့်ထားသော ဆားတံခါးမှတစ်ဆင့် ပါးပြင်ကို လာရောက်ထိခတ်လျက်ရှိသည်။ ရန်ကုန်ဘူတာမှာ ကျန်ရစ်သော သူငယ်ချင်းများကို ပြန်လည်မြင်ယောင်လာ၏။

သူတို့က လင်းလင်းကို အသည်းနှလုံးရေးရာတွင် အလွန်တစ်ရာသတ္တိနည်းလှသော မိန်းကလေးတစ်ယောက်အဖြစ် စကားတင်းဆို၍ ကျန်ခဲ့ကြပေလိမ့်မည်။

ယခုအတိုင်းဆိုလျှင် သူတို့ပြောသော အသည်းနှလုံးကိစ္စသည် တကယ်ပင် အရေးပါအရာရောက်နေချေပြီလား။

ကိုကိုကြီးနှင့်ပတ်သက်၍ လင်းလင်း၏ ရင်ထဲမှာ ခံစားချက်တစ်စုံတစ်ရာ မရှိခဲ့သည်ကတော့ အမှန်ပင်။ အချစ်နှင့်ပတ်သက်၍လည်း ရင်ထဲမှာ ဘာမျှ မရှိ။ ရှိရကောင်းမှန်းလည်း မထင်မှတ်ခဲ့။ အချစ်မရှိခဲ့ခြင်းအတွက် မည်သို့မျှ ပူပန်ကြောင့်ကြခြင်း မရှိခဲ့တာလည်း အမှန်ပင်။

ယခုလို အချိန်ကာလကြာမြင့်စွာ ခွဲခွာခဲ့ရသော ဇာတိမြေသို့ အပြန်လမ်းတွင် တစ်ယောက်တည်း အဖော်မဲ့စွာ လာခဲ့ရသည့်အတွက်မူ စိတ်ထဲမှာ အနည်းငယ် ထိခိုက်မိ၏။ သူ့ကို အားလုံးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုနေကြလိမ့်မည်ဟု အမှန်ပင် မျှော်လင့်ခဲ့မိ၏။ သူသည် မေမေ အပါအဝင် ကိုကိုကြီးနှင့် သူတို့ မိသားစုနှစ်စု၏ စိတ်ချမ်းသာအလိုပြည့်ရေး



အတွက် အစစအရာရာ လိုက်လျောခဲ့သည် မဟုတ်ပါလား။ အနှစ်နာခံသည်ဟု မဆိုသာသော်လည်း သည်သို့ဖြစ်လာရန်အတွက် အစဉ်ဖူးစိုက်ဆိမ်းသိမ်းနေထိုင်ခဲ့သည်။ သူ့အတွက်နှင့် မည်သည့် အထစ်အငေါ့ အပြစ် အနာအဆာကိုမျှ မဖြစ်စေခဲ့ပေ။

သဘာဝ တောတောင်ရေမြေ၏ အငွေ့အသက်သည် ရိုက်ခတ်ခဲ့ပြီ။ မိုးသည် တဖြည်းဖြည်း ပို၍ သိပ်သည်းလာ၏။ သဘာဝချမ်းအေးမှုကို လန်းလန်းဆတ်ဆတ် မခံစားရသည်မှာ ကြာပြီဖြစ်၍ နှစ်သက်စွာ ခံယူလိုက်၏။ လေမှာ ဝေ့ဝဲနေသော ဆံယဉ်စတို့သည် မိုးစက်တို့၏ အထိအတွေ့ကြောင့် စိုထိုင်းစပြုလာသည်။

'တံခါးပိတ်လိုက်ပါလား'

ကားမောင်းသူက သတိပေး၏။

'ကိစ္စမရှိဘူး၊ ပိတ်လိုက်ရင် လှောင်သွားမှာစိုးလို့'

မိုးရေတွေကြားသို့ ကားက တိုးဝင်နေ၏။ ကားမှန်သည် မှုန်ဝါးဝါး။ ပင်ပန်းခြင်းနှင့် ဆာလောင်ခြင်းကြောင့် နွမ်းနယ်သလို ခံစားရ၏။ မျက်စိများကို ခေတ္တမှိတ်ထားမိသည်။

* * *

www.burmeseclassic.com

## ၂

'ကိုခင်မောင်ဦးကို မချစ်တာနဲ့ပဲ လင်းလင်းကို အသည်းနှလုံး မရှိဘူးလို့ စွပ်စွဲတာ မှန်နိုင်ပါ့မလားရှင်'

'ဒါဖြင့် ကျွန်တော့်ကို ဘာဖြစ်လို့ မချစ်နိုင်တာလဲ လင်းလင်းရယ်'

'ကိုခင်မောင်ဦးက လင်းလင်းပြောတာကို နားမှ မလည်ပဲကိုး၊ ချစ်တာကို ဘာ့ကြောင့် ချစ်တယ်လို့ ပြောလို့မရသလိုဘဲ မချစ်တာကိုလဲ ဘာကြောင့်မချစ်ဘူးလို့ ပြောလို့ရပါ့မလား၊ မချစ်လို့ မချစ်တာပဲပေါ့'

'သိပ်ရက်စက်တာပဲနော်'

'အိုး လာပြန်ပြီ၊ လင်းလင်းက ရက်စက်တယ် ဆိုရအောင် ကိုခင်မောင်ဦးကို ချစ်ပါတယ် ကြိုက်ပါတယ်လို့ ပြောပြီးမှ ပစ်သွားလို့လား၊ ဒါမှမဟုတ် တစ်နေ့ အဖြေပေးနိုးနိုးနဲ့ ကြိုးရှည်ရှည်နဲ့လှန်ထားခဲ့မိလို့လား၊ အစကတည်းက မချစ်ပါဘူးလို့ ရှင်းရှင်းပြောခဲ့သားပဲ၊ ခုလောက် ဖြေရှင်းနေတာတောင် သူငယ်ချင်းချင်း အားနာလို့ပါ၊ လင်းလင်းက ဒီလိုစကားမျိုးတွေ ပြောချင်တာ မဟုတ်ဘူး၊ ရှက်တယ်၊ သွားတော့မယ်၊ ကင်န်တီးမှာ စုစုတို့ စောင့်နေတော့မှာ'



'သွားပါ လင်းလင်းရယ် သွားပါ၊ ကြာလေ ကြာလေ ကျွန်တော့်အတွက် အသည်းကွဲရလေ ဖြစ်မှာပဲ၊ တကယ်တော့ လင်းလင်းဟာ ဂုဏ်ပကာသန လောင်းရိပ်အောက်မှာ မိနေတာပဲ'

'ဟား ဟား စိတ်မဆိုးနဲ့နော်၊ ရယ်ချင်လွန်းလို့ ရယ်မိတာ၊ လူပြောသူပြောများတဲ့ ကဗျာဆန်ဆန်စကားတွေကို ရွတ်လို့ကောင်းတိုင်း လျှောက်ရွတ်မနေပါနဲ့ ကိုခင်မောင်ဦးရယ်၊ အဲဒီလို စကားမျိုးက သမီးရည်းစားဖြစ်ပြီး လင်းလင်းက ရှင့်ကိုတော့ မယူနိုင်တော့ပါဘူး၊ မေ့လိုက်ပါတော့၊ မိဘစကားကို မပယ်ရှားဝံ့လို့ ချစ်ရက်နဲ့ခွဲရပါတယ်၊ ဘာညာပြောမှ ပြန်ပြောရမယ့်စကားပါ၊ ခုတော့ ဘာမှ အဓိပ္ပာယ်မရှိပါဘူးရှင်၊ ကဲ လင်းလင်းသွားတော့မယ်၊ ဘယ်သူမှမခွဲတဲ့ အသည်းလဲ ကွဲမနေပါနဲ့ဦး၊ နောက်လဲ တွေ့ရတော့မှာမဟုတ်လို့ နှုတ်ဆက်ခဲ့ပါတယ်နော်'

'လင်းလင်း'

ကဲ့ကော်ရိပ်မှ နှစ်ယောက်ထိုင် ခုံတန်းလေးပေါ်ဝယ် အချစ်ကို တောင်းခံသူတစ်ယောက် ခေါင်းငိုက်စိုက်ချ၍ ကျန်ရစ်၏။ သည်အတွက် လင်းလင်း၏ စိတ်ထဲမှာ စိုးစဉ်းမျှ မထိခိုက်တာလည်း အမှန်ပင်။ အမြဲတမ်း ဖြူစင်သန့်ရှင်းခဲ့သော လင်းလင်း၏ အပြစ်မဲ့နှလုံးသားသည် သူတစ်ပါးကို တစ်ခါမျှ မလှည့်စားခဲ့ဖူးသည်မို့ လင်းလင်းကတော့ လိပ်ပြာလုံသည်။ တက္ကသိုလ်နယ်မြေကို ခြေချမိသည်ဆိုလျှင်ပင် အချစ်၏ ရသများကိုပါ ဖွေရှာရတော့မည်ဟု အလိုလိုထင်တတ်ကြသောသူများထဲတွင် လင်းလင်းကတော့ တစ်မူကွဲ၏။ အမိတက္ကသိုလ်သည် အစဉ်သဖြင့် ချစ်သူတို့၏ ရင်ခုန်သံများ၊ မျက်ရည်များ၊ ကွဲအက်ကြေပြုန်းသွားသော အသည်းနှလုံးများနှင့်သာ ပြွန်းတီးနေပါသလား။ လူငယ်လူရွယ်တို့၏ တက်ကြွလန်းဆန်းသော ဘဝရည်မှန်းချက် အရောင်အသွေးများနှင့်ကော တောက်ပ မနေတော့ပါပြီလား။

www.burmeseclassic.com

www.burmeseclassic.com



သစ်လွင်တောက်ပသော စာကြည့်တိုက် အဆောက်အအုံကြီးကို လွန်မြောက်ကာ သိပ္ပံစားသောက်ဆိုင်တန်းဘက်သို့ ဦးတည်၍ ခပ်သွက်သွက် ကလေး လျှောက်လာခဲ့၏။ လက်သုပ်ဆိုင်တွင် စုစုခေါ် ဂေါက်တေးမရယ်၊ ဘဲဥရယ်၊ မလေးရယ် စောင့်နေကြသည်။ စုစုက စိတ်ကောက်တတ်၍ ဂေါက်တေးမဟု ခေါ်ကြခြင်း ဖြစ်၏။ ဘဲဥကတော့ နာမည်နှင့်မလိုက်အောင် အသားညိုပြီး ပိန်လှသည်။ သူတို့မြို့မှာ သူ့မိဘများက ဘဲဥရောင်းသည်ကို အစွဲပြုပြီး တစ်မြို့တည်းသားများက ဘဲဥဟု နောက်ပြောင်ခေါ်ကြသည်။ နှုတ်ကျိုးနေသော သူတို့မြို့မှ သူငယ်ချင်းတစ်ဦးက လင်းလင်းတို့ရှေ့မှာ ယောင်ပြီး ခေါ်မိသည်ကစ၍ ထိုနာမည်ကို လင်းလင်းတို့ ကံကောင်း ထောက်မစွာ ရရှိခဲ့ခြင်း ဖြစ်လေသည်။ မလေးကတော့ အားလုံးထဲမှာ လူကြီးအဆန်ဆုံးဖြစ်၍ သူ့ကို လေးစားချစ်ခင်ကြရသည်။

'ဟော လင်းလင်းလာပြီဟေ့'

'ငါ့အတွက် လက်သုပ်မှာပြီးပြီလား'

လင်းလင်းက လွယ်အိတ်ကို တင်ပါးနောက်သို့ ပစ်လိုက်ကာ ခေါက်ကုလားထိုင်အလွတ်မှာ ဝင်ထိုင်ရင်း မေးလိုက်၏။ ဘဲဥကတော့ ရေတ်သီးမှုန့်တွေရဲနေအောင် ထည့်နယ်ထားသော ထမင်းချဉ်သုပ်ကို အားပါးတရ စားနှင့်လျက် ရှိလေပြီ။

'ဘာလို့ မှာထားနှင့်ရမှာလဲ၊ နင်တို့က ကုံကော်ရိပ်မှာ ချွေးသိပ် နေဦးမှာဆိုတော့ တော်တော်နဲ့ပြန်လာနိုင်ဦးမှာ မဟုတ်ဘူးလို့ တွက်တာ ပေါ့ဟ'

ဂေါက်တေးမက ကြက်သွန်ဖြူဥကို အားပါးတရကိုက်ရင်း ပြော လိုက်လေသည်။ လင်းလင်းက သူတို့ကိုကြည့်ကာ လျှာဖျားမှာ စိုလာ သော သွားရေကို မသိမသာ သိမ်းလိုက်ရသည်။

'နင်တို့ကို ငါ ပြောသွားသားပဲ၊ ဆယ်မိနစ်ထက် ပိုမကြာပါဘူးလို့'



'ကြည့်စမ်း ရုပ်ရှင်ထဲမှာ ခတ်လိုက်မင်းသားက ရန်သူတွေကို သွားနှိမ်နင်းတာ ကျနေတာပဲ၊ အချိန်ကလည်း တိကျလိုက်တာ၊ တကယ် ဆယ်မိနစ်တိတိပဲ၊ ရဲဝါယာလက်တွေ ဘာတွေ လာတာတောင် မစောင့် တော့ဘူး'

'ကဲ လက်သုပ်တစ်ပွဲပြင်ပါဦး အဒေါ်ရေ၊ ရေတ်သီးတော့ လျှော့ ထည့်နော်'

'အတွေ့အကြုံလေး ဘာလေး ရှင်းလင်းစမ်းပါဦး လင်းလင်းရဲ့'

'မလိုပါဘူးကွာ၊ ဗိုက်ဆာလွန်းလို့ စားပါရစေဦး'

'ဩော် လင်းလင်း လင်းလင်း၊ မောင့်အချစ်ကို လက်သုပ်လောက် တောင်မှ တန်ဖိုးမထားပါလားနော်၊ မင်းဟာ ဂုဏ်ပကာသနရဲ့ သမီးပျိုပိပိ မောင့်အသည်းကို ကြက်သွန်လို သဘောထားပြီး စားနဲ့ပါးပါးလှီး၊ အာလူး ပြုတ်လို စိစိညက်ညက်ချေ၊ မကျည်းရည်လို ပျစ်ပျစ်နှစ်နှစ် နယ်ပြီးတော့မှ ကြက်သွန်ဖြူလို ကိုက်စားရက်တယ်နော်၊ မောင်ကတော့ ရေတ်သီးလို မစားလည်း စပ် စားလည်း စပ်တာပဲ လင်းလင်းရယ်၊ အဟင့် ဟင့်'

ဂေါက်တေးမ၏ အပြောကြောင့် အရယ်သန်သော ဘဲဥက အစားတွေ ပလုတ်ပလောင်းနှင့် ရယ်လေရာ ထမင်းစေ့တွေ စင်ထွက်လာ သဖြင့် အားလုံးက ဝိုင်းဆဲကြလေသည်။

သူတို့အတွက်တော့ လောကကြီးသည် အဖြူရောင်သာတည်း။

* * *

'ပစ္စည်းတွေသိမ်းရမှာ ပျင်းလိုက်တာ မလေးရယ်၊ အိပ်ရေးကလည်း ဝတယ်လို့ကို မရှိဘူး၊ အိပ်ပြီးရင်း အိပ်ချင်ရင်းပဲ'

လင်းလင်းက ခြင်ထောင်ထဲမှ ခေါင်းကိုပြူထွက်ကာ ပြောလိုက်၏။ ခြင်ထောင်စုတ်နေသည်ကို မချုပ်ဘဲ ပြသည့်နေရာတွင် လက်ကိုင်ပဝါဆို့၍

www.burmeseclassic.com

www.burmeseclassic.com



အိပ်သဖြင့် ထိုလက်ကိုင်ပဝါကသနပ်ခါးလိမ်းနေသော မလေး၏ ခြေထောက်နားသို့ လာကျသည်။

'ဒီလောက် အအိပ်ကြီး အပျင်းကြီး မိန်းမ မပီသတဲ့သူကိုများ သူ့အမေက ယောကျ်ားပေးစားဖို့ စိမ်တာ အံ့ပါရဲ့တော်၊ သူ့ကိုရတဲ့ယောကျ်ားတော့ မနက်ထမင်း ညထမင်း နပ်မှန်အောင်စားရရင် ကံကောင်း'

'ထမင်းမစားရလည်း ပူစရာမလိုဘူး မလေးရဲ့၊ မြီးရှည်တစ်ခွက်နဲ့ မုန့်ညင်းကောင်းကောင်းရှိရင် ပြီးတာပဲ'

'နင့်အတွက်ကတော့ ဟုတ်တာပေါ့၊ ထမင်းကို ဆီဆမ်းပြီး ကြက်သွန်ဖြူ ကိုက်စားလည်း ရတာကို၊ နင့်ကိုယူမယ့် သတို့သားလောင်းကို သနားလို့ပြောတာ ဟော့'

'ကိစ္စမရှိဘူး အမေ ချက်ကျွေးလိမ့်မယ်'

'ဒါကြောင့်လည်း နင့်ကို အသည်းနှလုံးမရှိဘူးလို့ ပြောကြတာ၊ ဘာကိုမှလည်း လေးလေးနက်နက်မထားဘူး၊ ဒီကျောင်းတက်ဆိုတော့လည်း တက်လိုက်တာပဲ၊ ဒီစာသင်ဆိုတော့လည်း သင်လိုက်တာပဲ၊ ခု ဒီလင်ယူဆိုတော့လည်း မငြင်းဘူး'

'မလေးကလည်းကွာ အဘွားကြီးကျနေတာပဲ နားငြီးလိုက်တာ၊ လင်းလင်းမှာ အမေပေးစားတဲ့လူကို မယူလို့ ဘယ်သူ့ကို ယူရမှာလဲ၊ ရည်းစားမှ မရှိတာ၊ နောက်လည်း ယူရမယ့်အတူတူ စောစောစီးစီး ယူလိုက်တော့ နားအေးတာပဲပေါ့'

လင်းလင်းက ခုတင်အောက်ကို ခြေနှစ်ချောင်းချ၍ ထထိုင်လိုက်သည်။ ဆံပင်တိုတိုများကို လက်ဖြင့်ထိုးဖွလျက် အိပ်ရေးမဝသေးဟန်ဖြင့် သမ်းဝေလိုက်သည်။ စပို့ရှပ်အင်္ကျီအောက်မှရင်သားများကတင်းတင်းရင်းရင်း ပေါ်လာသည်။ အားကံစားသမားဖြစ်သဖြင့် ကိုယ်လုံးက ကျစ်လျစ်၏။ အသားက ဝါညက်သည်။ အစဉ်သဖြင့်အခြယ်အသကင်းမဲ့နေတတ်သော



မျက်နှာက လှသည်ဟု မဆိုနိုင်သော်လည်း အပြစ်ကင်း၍ ဆွဲဆောင်မှုရှိ၏။ ထို့ကြောင့်လည်း အများတကာနှင့်မတူ။ လွတ်လွတ်လပ်လပ်ပျော်ပျော်ရွှင်ရွှင်နေတတ်သော သူတို့အုပ်စုထဲတွင် လင်းလင်းသည် ယောကျ်ားလေးများ၏ စိတ်ဝင်စားမှုကို အခံရဆုံး ဖြစ်သည်။ သို့သော် ကမ္ဘာပေါ်မှာ လင်းလင်းကို ချစ်မိသော ယောကျ်ားသည် ကံအဆိုးဆုံးပင်ဖြစ်လေ၏ဟု အချစ်ကို ကိုးစားချင်သော ဘဲဥကဆိုလေသည်။ လင်းလင်းသည် မည်သည့် ယောကျ်ားလေးကိုမျှ စိတ်မဝင်စားပေ။ သူသည် စာကျက်ဖို့၊ ဘတ်စကက်ဘော ကစားဖို့နှင့် တွေ့ကရာ ဝယ်စားဖို့လောက်သာ သိသော မိန်းကလေးတည်း။

'ဘဲဥကတော့အပြန်မှာ လှည်းတန်းဈေး ဝင်ခဲ့မယ်လို့ ပြောတာပဲ၊ ကြက်ဥကြော်ရှိတယ် စားမလား'

'ဘဲဥ ပြန်လာရင်လဲ ဈေးထဲက ရောင်းမကုန်တဲ့ ပဲပင်ပေါက်တို့ ကန်စွန်းရွက်တို့ပဲ ဝယ်လာမှာပါပဲ၊ ဟင်း အိမ်ပြန်ရောက်မှ ဝက်သားတွေ ဝက်ဆီတွေ ဝက်ခေါက်တွေကို တဝစားပစ်မယ်'

လင်းလင်းက ဗီရိုပေါ်မှ သွားတိုက်ဆေးဘူးနှင့် သွားပွတ်တံကို လှမ်းယူရင်း ပြောလိုက်၏။ သွားပွတ်တံပေါ် ညှစ်ချလိုက်သော သွားတိုက်ဆေးက ကြမ်းပေါ်သို့ကျသွားသဖြင့် အသစ်ထပ်ညှစ်ရသည်။ သွားတိုက်ဆေးဘူးမှာလည်း သူ ညှစ်ချင်သည့်နေရာက လျှောက်ညှစ်ထားသဖြင့် ပုံပန်းမကျဘဲ ပိန်လိမ်နေလေသည်။

'ရေပါ တစ်ခါတည်းချိုးခဲ့နော်၊ စကော့ဈေးလဲ ဝင်ရအောင် စောစောသွားကြမယ်'

ဆံပင်ရှည်ရှည်ကို ခေါက်၍ ထုံးနေသော မလေးက မှန်ထဲမှနေပြီး ကြည့်ကာပြောသည်။ လင်းလင်းက ခါးကို တစ်ချက်မျှ လိမ်တွန့်လိုက်သေးသည်။ ပြီးတော့မှ ပါးစပ်ထဲတွေ့ရာ သီချင်းတစ်ပုဒ်ကိုဆိုကာ ရေချိုးခန်းသို့ ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အဆောင်မှာ လူရှင်းလှသည်။ ကျောင်းပိတ်ရက်ဖြစ်၍ ကျောင်းသူများလည်းမရှိ၊ ဆယ်တန်းအမှတ်ခြစ်ရန် လာရောက်ကြသော ဆရာမများလည်း ပြန်ကုန်ပြီ။ လင်းလင်းတို့လှူသိုက်လောက်သာ ရှိတော့သည်။ သူတို့က စာတမ်းပြုစုရန် ချန်နေကြခြင်းဖြစ်၏။ ဘဲဥနှင့် ဂေါက်တေးမကတော့ စာပေးစာယူဌာနမှာ လုပ်အားပေးနေသည်။ လောလောဆယ်တော့ သူတို့သည် ကိုယ့်ထမင်းကိုယ် ချက်စားနေကြရလေသည်။

'ကျောင်းဖွင့်ချိန် စိန်ပန်းတွေလဲ မြေမှာ ကြဲပြန့်နေ ကံ့ကော်ပွင့်တွေနဲ့ အတူ သူနဲ့တွေ့ရာမြေ အဲ လေ ဟုတ်သေးပါဘူး'

ရေလှောင်ကန်ထဲမှာ ရေကို တဖွမ်းဖွမ်းမြည်အောင် ခပ်လောင်းရင်း ဆပ်ပြာကို တစ်ကိုယ်လုံးအမြှုပ်ထအောင်တိုက်ကာ ပါးစပ်ကလည်း အနားမနေဘဲ သီချင်းဆိုညည်းနေသည်။ တက္ကသိုလ်နယ်မြေမှာ ငါ့ရည်းစားမှ မရှိတာဟု စိတ်ထဲက အောက်မေ့ရင်း သီချင်းကို ပြောင်းဆိုဖို့ စဉ်းစားသည်။ သူ့နှလုံးသားနှင့် တိုက်ရိုက်သက်ဆိုင်သည့် သီချင်းမရှိ။

'ပျံသန်းတဲ့ငှက်ကို သူတို့မို့ဖမ်းချင်တာ ရွှေလှောင်အိမ်မှာ ပျော်လို့မရပါ၊ ချစ်တဲ့ကောင်းကင်ရဲ့ လွတ်လပ်မှုကိုရှာ'

ရေချိုးပြီးအဆောင်ပေါ်သို့ ဖြောင့်ဖြောင့်တန်းတန်း မတက်သေးဘဲ အဆောင်ဆေးသို့လှည့်ကာ သရက်သီးကြွေတစ်လုံးကို သွားကောက်ခဲ့သည်။ အပေါ်ရောက်တော့ မလေးသည် အခန်းပြင်ဘက်တစ်နေရာမှာ လျှပ်စစ်မီးဖိုတွင် ထမင်းအိုးကို တည်လျက်ရှိလေသည်။ သူတို့အုပ်စုတွင် မလေးတစ်ယောက်သာ မိန်းမ အပီသဆုံးဖြစ်၍ အစစအရာရာ သူ့ကိုသာ အားကိုးကြရသည်။

'သရက်သီးက သုပ်စားလို့တော့ မဖြစ်တော့ဘူး၊ အထဲက မှည့်နေပြီ၊ ငံပြာရည်နဲ့ တို့စားမှပဲ ရမယ်'



သရက်သီးကို မလေးဆီသို့ ပစ်ပေးရင်း အခန်းထဲသို့ ဝင်ခဲ့၏။ မလေးက သူ့အိပ်ရာကို သိမ်းထားပေးထားသည်။ ရေကို စင်အောင်သုတ်ပြီး မျက်နှာကို ကရင်မ်ပတ်ဖြင့် လျှောက်ရိုက်လိုက်လေသည်။ ဆံပင်ကို ဘီးကျဲဖြင့် တစ်ချက်နှစ်ချက် ဖြီးချလိုက်ပြီးသောအခါ သူ့အလှပြင်ခြင်းကိစ္စပြီးလေပြီ။

ကျောင်းတက်သည့် အချိန်တွင်သာ မြန်မာအင်္ကျီကို ဝတ်မြဲဖြစ်၍ ကျန်အချိန်များမှာတော့ သူ့ကိုယ်ပေါ်မှာ ဘလောက်စ်နှင့် စပို့ရှပ်ကိုသာ မြင်ရတတ်၏။ တစ်ခါတစ်ရံ ရှပ်အင်္ကျီပွပွကို ခါးမှာ စည်းထားတတ်သည်။ သူဘယ်လိုပဲ ပစ်စလက်ခတ်နေနေ သူ့မျက်နှာကလေးက အစဉ်ချိုမြ၍ အပြစ်ကင်းစင် နေတတ်၏။ စာတမ်းမပြီးခင် သူ့မေမေက စာရေးခေါ်သည်ဆိုတော့ မလေးတို့ အားလုံး သူနှင့် ခွဲရမည်ကို တွေးပြီး စိတ်မကောင်းဖြစ်ကြ၏။

'ဘီ အက်စ် စီ အောင်ရုံဆို တော်ပြီပေါ့တဲ့၊ မေမေက လင်းကို စိတ်မချဘူးနဲ့ တူပါတယ်၊ လင်းကတော့ ကျောင်းနေရတာ အားမရသေးဘူး၊ ဒီလိုဘဝမျိုးက နောက်ပြန်ရတော့မှာမှ မဟုတ်တာ နော့'

လင်းလင်း ကိုယ်တိုင်ကလည်း ကျောင်းမှစွန့်ခွာပြီး သူ့မြို့ သူ့ရွာကို ပြန်သွားချင်သည် မဟုတ်ပေ။ သို့သော် သူတို့အားလုံးထဲတွင် လင်းလင်း၏ အထူးခြားဆုံးအချက်မှာ မိဘစကားကို နားထောင်လွန်းခြင်းပင် ဖြစ်၏။ ထိုအချက်နှင့်ပတ်သက်၍ ဘဲဥကတော့ လင်းလင်းကို မကျေနပ်စွာ စွဲချက်တင်မြဲ ဖြစ်သည်။

'လင်းလင်းက မိဘစကားကိုနားထောင်တာ လိမ်မာလွန်းလို့ပဲလား၊ လင်းလင်း ကိုယ်တိုင်ကပဲ ဆင်းရဲဒုက္ခရောက်မှာကို ကြောက်လို့ပဲလား၊ အသည်းနှလုံးကိစ္စကိုတောင် မိဘကို ပုံအပ်ထားတာကတော့ လွန်လွန်းတယ်'

လင်းလင်းကတော့ ပေါ့ပါးစွာ ရယ်မောမြဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘဲဥမက လင်းကိုမှ နားမလည်ဘဲကိုး၊ လင်းမှာ အသည်းနှလုံး ပေးပြီး ချစ်ရမယ့်သူမှ မရှိတာ'

'မရှိတာလား၊ လုံးဝကို မစဉ်းစားဘဲ မေ့ထားတာလား'

'မေ့ထားတယ်ဆိုရင်လဲ ဖြစ်နိုင်ပါတယ်၊ အဲဒီအတွက် လင်းမှာလည်း ဘယ်လိုမှ ထိခိုက်မှု မရှိဘူးလေ'

သူ မည်သို့ပင် ရှင်းပြ ရှင်းပြ ဘဲဥကတော့ အယုံအကြည် မရှိလှပေ။ အထူးသဖြင့် ကိုခင်မောင်ဦးနှင့် ပတ်သက်၍ ဖြစ်၏။

'ဟော ဘဲဥတို့တောင် ပြန်လာပြီ၊ ဒီမှာ ထမင်းကျက်တာနဲ့ အတော်ပဲ၊ ဘာတွေ ဝယ်လာလဲ ဟင်၊ ပဲပင်ပေါက်နဲ့ ကန်စွန်းရွက်ပဲလား'

မလေးက ဘဲဥနှင့် ဂေါက်တေးမတို့ကို ဆီးကြိုရင်း မေးလိုက်၏။ လင်းလင်းကတော့ အဆောင်၏ သံဆန်ခါအပေါက်များ ကြားမှနေ၍ သရက်ပင်ပေါ်မှ သရက်သီးတွဲကြီးများကို စိတ်ထက်သန်စွာ ငေးမော ကြည့်နေသည်။

'ဟောဒီက ရွှေမင်းသမီးက ညည်းတော်မူလွန်းလို့ ကန်စွန်းရွက် ဝယ်မလာတော့ပါဘူး၊ သခင်မဖုရားလေး ပြည်တော်မပြန်ခင် ကောင်းကောင်း စားရအောင် ရှားရှားပါးပါး ပုစွန်ဝယ်လာတယ်၊ သူ့ချည်းပဲတော့ မဟုတ်ဘူး ပဲသီးနဲ့ ရောချက်'

ဘဲဥက ကြိမ်ခြင်းထဲမှ ဟင်းချက်စရာများကို စားပွဲပေါ်သို့ ချပေး လိုက်သည်။ အခန်းအပြင်ဘက် ကော်ရစ်ဒါတွင် စားပွဲတစ်လုံးကို ချထားလေသည်။ မလေးနှင့် လင်းလင်းတို့နေသည့် အခန်းက အဆောင်၏ ဘေးဘက် ပုဂံလမ်းဘက်ကို မျက်နှာမူလျက်ရှိသည်။ ဂေါက်တေးမနှင့် ဘဲဥက အဝတ်အစားများကို မြန်မြန်လဲပြီး သူတို့အခန်းထဲမှ ပြန်ထွက်လာကြသည်။ သူတို့အားလုံး စုပေါင်း၍ ချက်စားကြ၏။ များသောအားဖြင့်တော့ သူတို့မှာ ဘိုင်ကျနေတတ်၍ ဖြစ်သလိုပင် စားကြရသည်။ အိမ်မှ



ပို့သည့် ပိုက်ဆံများကိုလည်း စာအုပ်ဖိုးနှင့် ရုပ်ရှင်ဖိုးအဖြစ်သာ အသုံးချလိုက်ကြသည်က များ၏။ ပေပေတေတေနေသည့် အရာမှာတော့ သူတို့အားလုံး တူညီကြသည်။

'ဒီလောက်ကောင်းတဲ့ သူငယ်ချင်းတွေနဲ့ ခွဲသွားရမှာ ဝမ်းနည်းလိုက်တာ'

လင်းလင်းက အပြင်ကို ငေးကြည့်ရင်းမှ အလေးနက်ဆုံးလေသံဖြင့် ပြောလိုက်သည်။ သူငယ်ချင်းများက သူ တကယ်ပြောမှန်းသိသော်လည်း ဝမ်းနည်းသည့်အသွင်ကို ထုတ်ဖော်ရမှာ ဝန်လေးနေကြ၍ ခပ်ပေါ့ပေါ့ပင် ရယ်မောပစ်လိုက်ကြသည်။ အမြဲတမ်း တတွဲတွဲနေခဲ့ကြသော သူငယ်ချင်းတွေ ရုတ်တရက် ခွဲခွာရတော့မည်ဆိုတော့ ရင်ထဲမှာ မဖော်ပြနိုင်လောက်အောင် ခံစားရတာ အမှန်ပင်။ အထူးသဖြင့် လင်းလင်းလို ရွှင်မြူးတက်ကြွစွာနေလေ့ရှိသော သူတစ်ယောက် ပျောက်ပါးသွားခြင်းဖြင့် သူတို့ ကမ္ဘာကြီးသည် သေ့ခြောက်သွားရပေတော့မည်။

'သူတကယ် ဝမ်းနည်းမှာ မဟုတ်ပါဘူး၊ ဟိုရောက်ရင် သူ့အဆက်ကြီးနဲ့ ပျော်နေမှာ'

မလေးက ပုစွန်များကို အခွံသင်ရင်း ပြောလိုက်၏။ ကျန်သူငယ်ချင်းများက တစ်ယောက်တစ်လက် ဝိုင်းလုပ်နေကြသော်လည်း လင်းလင်းကတော့ ငေးမော ရပ်ကြည့်နေဆဲ။ သူ့ကိုတော့ အားလုံးက ခြွင်းချက်ဖြင့် ခွင့်လွှတ်ထားမြဲ ဖြစ်၏။ မိန်းကလေးတွေ မကျွမ်းကျင်သည့် သံရိုက်သည့်အလုပ်မျိုး၊ မီးသွယ်ရသည့် အလုပ်မျိုးဆိုလျှင်တော့ သူ့အကူအညီကို ယူရမြဲဖြစ်၏။

'သူ့အဆက်ကြီးက ပျော်စရာကောင်းမှာ မဟုတ်ပါဘူး၊ မသကာ ကိုဇော်နဲ့ကမှ ပျော်ရဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဘဲဥက ပဲသီးတွေကို မားဖြင့်လှီးရင်း မပြောသင့်သည့်စကားကို ထပ်ဆိုပြန်သည်။

'ဟောဒီ ဘဲဥကလေ ကိုဇော်ကိုပဲ သဘောကျနေတယ်၊ သူ့အတွက် ပြောပေးလိုက်စမ်းပါ လင်းလင်းရယ်'

မလေးက အခြေအနေကို နားလည်သဖြင့် ဝင်ပြောပေးခြင်း ဖြစ်လေသည်။ တကယ်တော့ ဘဲဥသည် လင်းလင်း၏ အိမ်ထောင်ရေး ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ လုံးဝ ကျေနပ်သူမဟုတ်ပေ။ ဖြစ်ခြင်းဖြစ် ကိုဇော်နှင့်ကမှ တော်ဦးမည်ဟု ဘဲဥက ယူဆ၏။ ကိုဇော် ဆိုသူက လင်းလင်းနှင့် လက်ထပ်မည့် ကိုမျိုးထက် အငယ်ဖြစ်၏။ သူတို့ ညီအစ်ကိုအားလုံးကို မလေးတို့ မြင်ဖူးကြသည်။ ညီအငယ်ဆုံး ကိုတာက လင်းလင်းနှင့် ရွယ်တူဖြစ်သည်။ လင်းလင်းနှင့် အကျင့်စရိုက်ချင်း တူသည်။ ကလေးဆန်၍ ချစ်စရာကောင်းသည်။ ကိုဇော်က ရုပ်လည်း ဖြောင့်သည်။ ခေတ်ပညာလည်းတတ်သည်။ ဖော်ရွေ သွက်လက်သည်။ လင်းလင်း အပေါ်တွင်လည်း ဂရုတစိုက်ရှိလှ၏။ အစက ကိုဇော့်ကို လင်းလင်းနှင့် စေ့စပ်ထားသူဟုသာ သူတို့ ထင်ခဲ့ကြသည်။ အင်းလျား ဆောင်၏ ဆင်ဝင်အောက်တွင် ကိုဇော်နှင့် လင်းလင်းတို့ စကားပြောနေ ကြလျှင် အလွန် လိုက်ဖက်ညီသော စုံတွဲအဖြစ် ကျောင်းသူတွေက ဂရုပြု အားကျစမြဲ၊ သို့သော် လင်းလင်းကတော့ ကိုဇော်နှင့် ပတ်သက်လျှင် ပြတ်သားစွာ ငြင်းဆိုမြဲ ဖြစ်၏။

'လင်းလင်းက ကိုကိုကြီးကိုပဲ ယူရမှာ'

လင်းလင်းက ကိုကိုကြီးဟု ခေါ်သော ကိုမျိုးကို သူတို့ တစ်ခါနှစ်ခါပဲ မြင်ဖူးသည်။ ကိုမျိုး အဆောင်ကိုလာလည်တော့ လင်းလင်း၏ ဆွေမျိုး သားချင်းပဲ ဖြစ်မည်ဟု ယူဆကာ အလွန်စပ်စုတတ်သော မိန်းကလေး များကပင် ငဲ့စောင်း၍သော်မှ မကြည့်ခဲ့ကြပေ။ မလေးနှင့် ဘဲဥကိုခေါ်ကာ



လင်းလင်းက မိတ်ဆက်ပေးတော့ သူတို့နှစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်မှာ တစ်ဖက်သားကို အားနာစရာပင် ကောင်း၏။

'ဒါ လင်းနဲ့ အင်ဂေ့ဂျ်လုပ်ထားတဲ့ ကိုကိုကြီးလေ၊ ကိုဇော့် အစ်ကို ကြီးပေါ့'

သူတို့သည် ကိုဇော်နှင့်တုန်းကလို ရယ်သွမ်းနောက်ပြောင်သော စကားများကိုလည်း မပြောဖြစ်ကြပေ။ လူကြီးတစ်ယောက်၏ ရှေ့မှောက်ကို ရောက်နေသော ကလေးသူငယ်များလို ခေါင်းကိုသာ လေးလေးစားစား ညိတ်ပြမိကြ၏။ ထိုသူကလည်း ကိုဇော့်တုန်းကလို 'ဟာ လင်း သူငယ်ချင်း တွေက တယ်ချောပါလား၊ ကိုဇော့်ကို ဘူးသီးကြော် လိုက်ကျွေးကြဦးလေ'ဟု ဖော်ဖော်ရွေရွေ ပြောခြင်းမရှိ။ ဝါတော်ရှစ်ဆယ်ရသော ပုဂ္ဂိုလ်ကြီးလို ခပ်ကြောင်ကြောင်သာ ခေါင်းညိတ်ပြရှာ၏။ လင်းလင်းထက် အနည်းဆုံး အသက် ဆယ်နှစ်ခန့်တော့ ကြီးမည်ဟု သူတို့နှစ်ယောက်က ချက်ချင်း ခန့်မှန်းမိကြသည်။ ပျင်းစရာကောင်းလှသော စကားဝိုင်းမှ ထွက်ခွာလာခဲ့ပြီး သည့်နောက် ဘဲဥ၏ မကျေနပ်မှုက စတင်တော့သည်။

'လင်းလင်းတို့ မေမေက ဘာဖြစ်လို့ သက်တူရွယ်တူ ဖြစ်တဲ့ ကိုဇော်နဲ့တော့ မပေးစားဘဲ ဘုန်းကြီးလူထွက် ကိုမျိုးနဲ့ ပေးစားချင် ရတာလဲ'

'ကိုမျိုးက အကြီးဖြစ်နေလို့ပေါ့၊ ပြီးတော့ ကိုကိုကြီးက ဘဘ ဦးကျော်ဘက်က ပါတာလေ၊ ဘဘကကော မေမေခင်ကကော ကိုကိုကြီးကို သိပ်ချစ်ကြတာ'

ဘဘဦးကျော်နှင့် မေမေခင်ဆိုသူတို့မှာ ကိုမျိုးတို့ ကိုဇော်တို့၏ မိဘများဖြစ်ကြလေသည်။ လင်းလင်းတို့ မိသားစုနှင့် ကိုမျိုးတို့ မိသားစု နှစ်စုသည် အချိန်ကာလ ကြာမြင့်စွာကပင် ရင်းနှီးခင်မင်စွာ နေထိုင်ခဲ့ကြသော ရပ်ဆွေ ရပ်မျိုးများ ဖြစ်သည်ဟု လင်းလင်းက မကြာခဏ ပြောပြ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကိုမျိုးကို ဦးစားပေးတဲ့အနေနဲ့ လင်းလင်းနဲ့ ပေးစားဖို့ စိစဉ်တာလား'

'ဆိုပါတော့'

'ကိုမျိုးနဲ့မပေးစားဘဲ ကိုဇော်နဲ့ပေးစားရင်ကော ယူမှာပဲလား'

ဘဲဥက အရိုက်ကိုထိုးလိုက်သလို ဖြစ်သွား၍ လင်းလင်း မျက်နှာပျက်သွားခဲ့သည်။ အပြစ်ကင်းစင်သော လင်းလင်း၏ မျက်နှာကလေးမှာ ညှိုးမှိုင်းသွားခဲ့သည်။

'လင်းမှာ အချစ်မရှိတာနဲ့ပဲ အပြစ်ဖြစ်ရရောလား ဘဲဥရယ်၊ ကိုမျိုးမဟုတ်ရင် ကိုဇော်နဲ့ကောဆိုတဲ့ အတွေးမျိုး တွေးရလောက်အောင်ကို လင်းရဲ့ ရင်ထဲမှာ ပြဿနာမရှိခဲ့တာ အမှန်ပါ'

နောက်တော့လည်း ပကတိဖြူစင်သော လင်းလင်း၏ နှလုံးသားကို တစ်စုံတစ်ရာထိပါးစေရန် သူတို့ မပြုလုပ်တော့။ ချမ်းမြေ့နေသည့် ဘဝတစ်ခုကို ဘာကြောင့် အနှောင့်အယှက် ပြုတော့မည်နည်း။ အချစ်ရှိတိုင်းလည်း သာယာတာမှ မဟုတ်ပါပဲ။

'ဘဲဥမှာ ရည်းစားမရှိရင်တော့ ကိုဇော်နဲ့အောင်သွယ်ပေးပါတယ်၊ ဒါပေမယ့် ဘဲဥ အသည်းကွဲမှာနော်၊ ကိုဇော်က သိပ်မျက်နှာများတာ '

လင်းလင်းက အပြင်ဘက်ကို ငေးမောနေရာမှ လှည့်၍ ပြောလိုက်သည်။

'ချစ်ပြီးမှ အသည်းကွဲရတာ ပိုကောင်းတာပေါ့'

မလေးနှင့် ဂေါက်တေးမတို့က ဘဲဥကိုကျိတ်၍ မျက်စောင်းထိုးကြသည်။

'ဘဲဥက တော်တော်ကွဲချင်နေ၊ ဒီလောက် ကွဲချင်တဲ့ဘဲဥ ကြက်သွန်ပါးပါးလှီးပြီး ကြော်စားပစ်လိုက်ဦးမယ်'



ဂေါက်တေးမက ရယ်စရာအသွင် ပြောင်းပစ်သော်လည်း သူတို့ ရယ်သံက ခြောက်သွေ့နေသည်။

သူတို့အားလုံးသည် သူတို့ချစ်သော သူငယ်ချင်းနှင့် ခွဲခွာရမှာ ဝန်လေးသည့်နည်းတူ များမကြာမီ လက်ထပ်တော့မည့်အတွက်လည်း နှမြောတသမိ ကြသည်မှာ အမှန်ပင်ဖြစ်၏။ ဘဲဥ ရင်ထဲက စေတနာကို လင်းလင်းရော အားလုံးကပါ နားလည်ကြသော်လည်း အခြေအနေက ခင်ပြီးသားလမ်းကို လျှောက်ရန်မှတစ်ပါး အခြားမရှိ။

ထိုနေ့က သူတို့ သူငယ်ချင်းတစ်စု ခါတိုင်းလိုပင် ရုပ်ရှင်ကြည့်ကြသည်။ ဈေးသွားကြသည်။ လင်းလင်းအတွက်လက်ဆောင်များ ဝယ်ပေးကြသည်။ အဆောင်မှာ ညနေစာကို တခမ်းတနား စားသောက်ကြသည်။

လွတ်လပ်သောဘဝ၏ ပျော်စရာ နောက်ဆုံးနေ့လေးပင်။

'လင်းလင်း၊ အောက်မှာ ကိုခင်မောင်ဦး ရောက်နေတယ်၊ လင်းလင်းပြန်ခါနီးမို့ နှုတ်ဆက်ပါရစေဦးတဲ့'

ဂေါက်တေးမက လာပြောသည်။ ကိုခင်မောင်ဦးနှင့် ပတ်သက်၍ သူတို့အားလုံးက လိုလိုလားလား ရှိခဲ့ကြသည်မှာလည်း သိသာလှသည်။ လင်းလင်း ကိုယ်တိုင်ကလည်း အားကစားအရာမှာ ဝါသနာတူသော သူငယ်ချင်းတစ်ယောက်အဖြစ် ခင်မင်စွာ ဆက်ဆံခဲ့ဖူး၏။ ကိုခင်မောင်ဦးက လင်းလင်းကို ချစ်ကြောင်း ဖွင့်ပြောသည့်နေ့မှစ၍ သူတို့၏ ပျော်စရာကောင်းသော ရင်းနှီးကျွမ်းဝင်မှုမှာ ပျက်ပြားခဲ့ရလေသည်။

'မတွေ့ပါရစေနဲ့တော့ကွယ်၊ သူ့ကို ကိုယ်အပြတ်သားဆုံး ပြောခဲ့ပြီးပြီပဲ၊ သံသရာရှည်မယ့်အလုပ်ကို မလုပ်ချင်ဘူး၊ ပြီးတော့ ခုတစ်ခေါက် ကိုယ်အိမ်ပြန်မှာ အပြီးပြန်မှာ၊ ရင်ထဲမှာ အနှောင့်အယှက်ဖြစ်မယ့်အရာ တစ်ခုမှ သယ်မသွားချင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ ဘဲဥကလည်း ဘာမျှမပြောတော့။ စိတ်ရော ကိုယ်ပါ ဖြူစင်သန့်ရှင်းချင်တဲ့ သမီးအလိမ္မာလေး လင်လင်းပေပဲ။ တစ်နည်းအားဖြင့်တော့လည်း သူ့ဘဝလမ်းက အေးချမ်းသာယာလှသည်။ အချစ်ဆိုတဲ့ ခံစားမှုလေးတစ်ခုသာ လိုနေတာပါပဲ။

သူငယ်ချင်းတစ်စုက လင်းလင်းကို ဘူတာရုံအထိ လိုက်ပို့ကြတော့ မယောင်မလည်နှင့်ရောက်လာသော ကိုခင်မောင်ဦးကို မြင်ကြရသည်။ လင်းလင်းကတော့ ဘာမှမဖြစ်သလိုပင်။ အားလုံးကို လက်ဝှေ့ယမ်းပြကာ တမ်းတမ်းတတ နှုတ်ဆက်သွားသည်။ သည့်ထက်ပို၍ ထူးကဲသော အမူအရာကို မပြ။ သူငယ်ချင်းများကသာ အချစ်ရှုံးသူတစ်ယောက်၏ မြင်ကွင်းကိုကြည့်ကာ တိတ်တခိုး သက်ပြင်းချမိကြသည်။ ရယ်မောပျော်ရွှင်တတ်သော လင်းလင်း၏ ချစ်စရာ မျက်နှာလေးကို သူတို့လည်း မေ့လို့မရ။

'သူတစ်နေ့မှာတော့ အချစ်ဆိုတာကို ခံစားတတ်ဦးမှာပါ'

ကိုခင်မောင်ဦးက တိုးတိုးညည်းသည်။

သူငယ်ချင်းတွေကတော့ လင်းလင်းပြောလေ့ရှိသော စကားလေး တစ်ခွန်းကိုသာ ကြားယောင်နေသည်။

'လင်းလင်းက ကိုကိုကြီးကိုပဲ ယူရမှာ'

* * *

## ၃

'ဒီက ညီမလေး ထမင်းစားဦးမယ် မဟုတ်လား'

မှေးခနဲ အိပ်ပျော်သွားရာမှ လန့်နိုးလာသည်။

'ဖော့တောကိုတောင် ရောက်လာပြီပဲ'

ဝမ်းထဲက ဆာလောင်နေသည်ကို သတိရ၏။ ခရီးသည်များလည်း ထမင်းဆိုင်ထဲသို့ ရောက်နေကြပြီ။ တံခါးကိုဖွင့်၍ ဆင်းလိုက်ရ၏။ မိုးရေကြောင့် ကိုယ်တစ်ခြမ်းသည် စိုနေလေသည်။ အပြင်ရောက်မှ အအေးဒဏ်ကို သိသိသာသာ ခံစားလိုက်ရသည်။ မိုးဖွဲလေးများအောက်မှ ဖြတ်၍ ထမင်းဆိုင်ဆီသို့ ပြေးသွားမိ၏။ ရင်ထဲမှာ ဆာလောင်လှသော်လည်း ထမင်းစားချင်စိတ် မရှိပြန်ပေ။ မကျေနပ်သည့် စိတ်ကလေးက ပြန်လည် ပြေးဝင်လာသည်။

ထမင်းဖြူနှင့် အသားကြော်တစ်ပွဲကို မှာစားလိုက်ရသော်လည်း စိတ်မပါလှ။ ဇွန်းနှင့်ခက်ရင်းကို ကိုင်ကာ အတန်ကြာ ငိုင်နေမိပေ၏။ ဆိုင်ရှေ့ကို ကားတစ်စီးထိုးဆိုက်လာသံကို ကြားသော်လည်း လှည့်မကြည့်မိ။

www.burmeseclassic.com

www.burmeseclassic.com



'ဟေး လင်း၊ တော်ပါသေးရဲ့ကွာ ဒီမှာလာတွေ့လို့၊ လမ်းမှာလဲ တွေ့သမျှကားတွေ တားပြီး မေးလာခဲ့တာ၊ ကားက ပြင်နေရလို့ ထွက်တာလဲ နောက်ကျသွားတယ်၊ မိုးတွေက သိပ်ရွာနေတော့ ခရီးကလဲ မတွင်ဘူး'

အားပါးတရ အော်ဟစ်ပြောဆိုကာ ဝင်လာသော ကိုဇော်ကို ဆိုင်ထဲက လူတွေက လှမ်းကြည့်နေကြသည်။ ကိုဇော်က ပြောပြောဆိုဆို လင်းလင်း ဘေးမှာ ဝင်ထိုင်လိုက်၏။ ပြီးတော့ ရင်းနှီးကျွမ်းဝင်နေဟန် ရှိသော ဆိုင်ရှင် ဆီသို့ လက်တစ်ချောင်းထောင်ပြလိုက်သည်။ ကိုဇော့်ရှေ့ကို ဆတ်သားကြော် တစ်ပွဲနှင့် ယမကာတစ်ခွက် ရောက်လာသည်။

ယခုအချိန်အထိ လင်းလင်းက စကားတစ်ခွန်းမှ မဆိုမိသေး။

'လင်းက အကြိုနောက်ကျလို့ စိတ်ကောက်နေပြီနဲ့ တူတယ်၊ မေမေခင်က ညကတည်းက ဆင်းခိုင်းနေတာပါပဲ၊ ကားက ဘယ်လိုမှ မပြီးဘူးလေ၊ ဒါကြောင့် ခုမနက်မှ ဆင်းချလာရတာ၊ ရထား ဘယ်အချိန်ဆိုက်လဲ'

'မေးမနေပါနဲ့တော့၊ ဘူတာမှာ ပစ္စည်းတွေနဲ့ ဒုက္ခရောက်လိုက်တာ၊ ဘူတာကနေ ကားဂိတ်ကို ဂျစ်ကားငှားလာရတယ်၊ ဟိုရောက်တော့လည်း ဘယ်သူမှ မတွေ့ဘူး၊ ဒီကားနဲ့ပါလာလို့ တော်သေးတာပေါ့'

'ဆောရီးပဲကွာ၊ ငါ့ညီမ သိပ်ပင်ပန်းသွားတယ်၊ အဲလေ ယောင်လို့ ညီမ မဟုတ်ဘူး၊ မရီး မရီး'

'ကိုဇော်နော် လင်းကို မစနဲ့'

'မစဝံ့ပါဘူးဗျာ၊ ကိုကိုကြီးတစ်ယောက်တော့ လင်း ပြန်လာတော့မယ်ဆိုတာနဲ့ လန့်ဖျားဖျားပြီး အိပ်ရာထဲ လဲနေလေရဲ့'

'ဟင် ကိုကိုကြီး ဘာဖြစ်လို့လဲ'

'မသိဘူးဗျ၊ ရောက်မှပဲ မေးကြည့်ပေတော့'

ကိုဇော်က သူ့ဝသီအတိုင်း ခပ်ပေါ့ပေါ့ပင်ပြောဆိုကာ ဆတ်သား ခြောက်နှင့် အရက်ကို မြည်းနေလေသည်။ လင်းလင်းကတော့ သူလိုက်ပါ



လာသော ကားပေါ်မှ ပစ္စည်းများကို ပြောင်းတင်ရန် သွား၍ စီစဉ်ရသည်။ အမိုးပေါ်ရောက်နေသော ပစ္စည်းအချို့ကိုတော့ မပြောင်းတော့ဘဲ သည် အတိုင်း တင်ပေးလိုက်သည်။ ထိုကားက အရင် ထွက်သွားနှင့်လေသည်။ လင်းလင်း ပြန်ရောက်လာတော့ ကိုဇော်က သူ့ခွက်ကို လက်စသပ်သည်။

လင်းလင်းနှင့် ကိုဇော်တို့နှစ်ယောက် လင့်ရိုဗာကားရှိရာသို့ ပြန်လျှောက်လာခဲ့သည်။ ထမင်းဆိုင်ထဲမှ လူများက သူတို့ကို အဓိပ္ပာယ် တစ်မျိုးနှင့် ကြည့်နေကြမှန်း သိသာလှသည်။ ကိုဇော်က လင်းလင်း ကားပေါ်တက်သည်ကို စောင့်ပြီး ကားတံခါးကို သေသေချာချာ ပိတ်ပေးသည်။ ပြီးတော့မှ သူ့နေရာသို့ လျှောက်လာကာ ကားမောင်းသူ နေရာမှာ ထိုင်လိုက်၏။

'ဟင် လင်း၊ အနွေးထည် ဝတ်မထားဘူးလား၊ အပေါ်ရောက်ရင် သိပ်အေးမယ်'

လင်းလင်း၏ ကိုယ်မှာ မိုးရေစက်တို့ကလည်း မခြောက်တတ်သေး၍ ချမ်းစိမ့်စိမ့် ဖြစ်နေလေပြီ။

'အနွေးထည်ပါတဲ့အိတ်က ဟိုကားထဲမှာ ပါသွားပြီ၊ ရပါတယ် မချမ်းပါဘူး၊ တောင်ပေါ်သူပဲ ဒီလောက်တော့ အအေးခံနိုင်ပါတယ်၊ ဒီလို အေးအေးလေး မနေရတာလည်း ကြာပြီ'

'ဒါပေမယ့် သိပ်အေးတယ် အမိရဲ့၊ တော်ကြာ ချွေးမချောကို ဂရုမစိုက်ရကောင်းလားလို့ မေမေခင်က ဆူနေဦးမယ်'

'ကိုဇော်နော် သူများကို မစရရင် မနေနိုင်ဘူးလား၊ သူများတော့ ပြောတယ် ကိုဇော်ကကော အကျႌတစ်ထပ်တည်း'

ကိုဇော်က စပို့ရှပ်နှင့် ဂျင်းဘောင်းဘီရှည်ကို ဝတ်ထားသည်။ ကိုဇော့်အသွင်ကတော့ အစဉ်ပင် လန်းလန်းဆန်းဆန်း တက်တက်ကြွကြွ ရှိလှ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်တို့က ကီစွမရှိဘူးလေ၊ အနွေးဓာတ်ခံက ရှိပြီးသား'

ကိုဇော်က ကားစတီယာရင်ကို ကျင်လည်စွာလှည့်ရင်း ပြောလိုက်သည်။ ကိုဇော် ကားမောင်းလျှင် ကြမ်းသည်ဟုဆိုကာ မေမေတို့ မေမေခင်တို့က မစီးရဲကြ။ လင်းလင်းကတော့ စိတ်ချစွာစီးမြဲ။ မြန်မြန်မောင်းသော ကားပေါ်မှာ ဆံပင်တိုတိုတွေ လေမှာဝဲနေအောင် စီးရသည်ကို လင်းလင်း နှစ်သက်သည်။

'ကိုဇော် တစ်နေ့လုံး သောက်နေတာပဲလား'

'တစ်နေ့လုံး မသောက်ပါဘူး'

'မသောက်ဘူးသာဆိုတယ် ခုနကပဲ သောက်လာခဲ့ပြီ မဟုတ်လား'

'ဒါပေမယ့် ခု ဘယ်မှာသောက်လို့လဲ ကားမောင်းနေတယ်လေ'

'ဟင်း ပြောတတ်တယ်'

မိုးက တဖွဲဖွဲ ရွာသွန်းလျက်ပင် ရှိသေး၏။

ယူကလစ်နံ့များ သင်းပျံ့နေသည်။

အကွေ့အကောက်များသော တောင်ပေါ်လမ်းသည် စလေပြီ။ ဝန်ထုပ်ဝန်ပိုး မပါသဖြင့် ကားလေးသည် လျင်မြန်ပေါ့ပါးစွာ ကွေ့ဝိုက်၍ တက်လာခဲ့၏။ ကိုဇော်က သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုးလေးညည်းရင်း ကားကို ကျွမ်းကျင်ပိုင်နိုင်စွာပင် မောင်းလာခဲ့၏။ တောင်ပေါ်ကို မြင့်တက်လာလေလေ အအေးဓာတ်က ပိုလာလေလေပင်။ လင်းလင်းက လက်နှစ်ဖက်ကို ခပ်တင်းတင်းလေး ပိုက်ထားမိသည်။

'ချမ်းရင် ဒီဘက်တိုးလေ၊ တံခါးကိုတော့ မပိတ်ချင်ဘူး မဟုတ်လား'

လင်းလင်းက ကိုဇော့်ဘက်ကို တိုး၍ ရွှေ့ထိုင်လိုက်သည်။

'ဟုတ်တယ်၊ တံခါး မပိတ်ချင်ဘူး၊ လေတိုက်တာကို ကြိုက်တယ်'

'မေမေခင်က လင်းလင်းနဲ့ ကိုကိုကြီးတို့အတွက် အိမ်တစ်လုံး ထပ်ဆောက်နေတယ်လေ၊ ပြတင်းပေါက်တွေအများကြီးပဲ၊ အေးတဲ့အရပ်မှာ



ပြတင်းပေါက်တွေ ဒီလောက်ထည့်ဖို့ မလိုပါဘူးလို့တောင် ဘဘက ပြောနေသေးတယ်'

'ဟုတ်လား၊ ပြတင်းပေါက်များတော့ အလင်းရောင် ပိုရတာပေါ့၊ မီးလင်းဖိုလေးတစ်ခုလောက် ထည့်ခိုင်းရမယ်၊ မက်မန်းပင်တွေရှိတဲ့ ခြံထဲမှာ လားဟင်'

'ဟုတ်တယ်၊ လင်းလင်းက အုန်းကိုင်းမှာ အနောက်တိုင်းဆန်ဆန် အခြေချဖို့ စိတ်ကူးတယ် ထင်တယ်'

'ဒါကတော့ ဘယ်မှာပဲနေနေ ကိုယ့်စိတ်တိုင်းကျလေး နေရတော့ ကောင်းတာပေါ့ ကိုဇော်ရာ၊ ကိုကိုကြီးသာ သူ့အပင်တွေ မနှမြောဘူး ဆိုရင်တော့ ကစားကွင်းလေးတစ်ခုတောင် ထားချင်တယ်'

'ဘာလဲ ဘတ်စကက်ဘောအသင်း ထောင်မလို့လား ဟား ဟား'

'အို ကြက်တောင်လေး ဘာလေး ရိုက်ရတာပေါ့'

'ကိုကိုကြီးက သူ့အပင်တွေကို တစ်စက်မှ အထိခံတာမဟုတ်ဘူးဗျ၊ အင်းလေ လင်းလင်း ပြောရင်တော့ ရချင်ရမှာပေါ့၊ နောက်တော့လည်း ကလေးတွေအတွက်ပါ ကစားကွင်းအသင့်ဖြစ်နေအောင်လို့လို့ ပြောပေါ့ လင်းလင်းရယ်၊ ဟား ဟား ဟား'

'ကြည့်၊ ကိုဇော်နော်'

လင်းလင်းက ကိုဇော့်ပခုံးကို လက်သီးဖြင့် လှမ်းထုမိ၏။ ကိုဇော်က ပေါ့ပါးစွာ တဟားဟား ရယ်မောနေဆဲပင်။

တောင်ကမ်းပါးယံ အထပ်ထပ်သည် တရိပ်ရိပ် နိမ့်ဆင်းကာ ကျန်ရစ်ခဲ့ကြ၏။ မိုးဖွဲလေးများသည် တဖြောက်ဖြောက် ကျဆင်းနေဆဲ။ မနက်က ဒေါသဖြစ်ခဲ့ရသည့် စိတ်အဟုန်လေးသည် တဖြည်းဖြည်း လျော့ပါးသွား၏။ လန်းဆန်းတက်ကြွသော ဇီဇစိတ်ကလေးက ပြန်လည် ဝင်ရောက်လာသည်။ ဖေဖေ မေမေတို့နှင့် တွေ့ရမည်ကို တွေးကာ

www.burmeseclassic.com

www.burmeseclassic.com



ပျော်လာ၏။ အထူးသဖြင့် မေမေ။ လင်းလင်း၏ ဘဝတွင်အချစ်ရဆုံးနှင့် အတွယ်တာရဆုံးမှာ မေမေသာလျှင် ဖြစ်၏။ မေမေ့ရင်ခွင်မှ ကင်းလွတ်ခဲ့ရသည်မှာ ငါးနှစ်တာမျှရှိပြီ။ မေမေသည် ကမ္ဘာပေါ်တွင် လင်းလင်းတွေ့ဖူးသမျှ မိန်းမများထဲ၌ အနူးညံ့ဆုံးနှင့် အသိမ်မွေ့ဆုံး မိန်းမသား တစ်ဦးပင် ဖြစ်ပေ၏။ မေမေ့မျက်နှာသည် တောင်ကျစမ်းရေလို အစဉ်ပင် အေးမြလှသည်။ မေမေ့တွင် မာန်မာနမရှိ။ အမျက်မရှိ။ မေမေ၏ မေတ္တာတရားကို လင်းလင်း အကြွင်းမဲ့ ယုံကြည်၏။ ထို့ကြောင့်လည်း မေမေ့စကားမှန်သမျှကို အသက်ထက်ဆုံး နားထောင်ခဲ့မိခြင်းပင် ဖြစ်ပေတော့သည်။

လင်းလင်း၏ မေမေကို သူငယ်ချင်းတွေက မမြင်ဘူး၍သာ သူတို့က မေမေ့အပေါ် အထင်လွဲမှားနေကြခြင်း ဖြစ်၏။ အကယ်၍ မေမေ၏ အေးချမ်းစင်ကြယ်မှုကို သူတို့ တွေ့ဖူးမြင်ဖူး ခံစားဖူးကြမည်ဆိုလျှင် လင်းလင်း ဘာကြောင့် မေမေ့စကားကို သည်မျှ နားထောင်ရသည်ကို သဘောပေါက် နားလည် ကြပေလိမ့်မည်။

သို့သော် မေမေသည် သူချစ်သော တစ်ဦးတည်းသော သမီးလေးဆီသို့ ခွဲခွာနေစဉ်ကာလအတွင်း တစ်ခေါက်မျှ ရောက်မလာနိုင်ရှာခဲ့ပေ။ မေမေသည် ကားမှောက်ရာတွင် ပါပြီးကတည်းက ခြေတစ်ဖက် မသန်တော့ပေ။

‘ကိုဇော်’

အတန်ကြာ ငြိမ်သက်ငေးမောနေရာမှ လင်းလင်းက ရုတ်တရက် ခေါ်လိုက်သည်။

‘ဘာလဲ လင်း၊ ဘာတွေတွေးပြီး ဘာများသတိရလို့လဲ’

‘ဩော် ကားကို မြန်မြန်မောင်းစမ်းပါလို့’

‘ဟောဗျာ ဘယ်လိုများဖြစ်နေရတာလဲ၊ ကျွန်တော်လိုကောင်ကို ကားမြန်မြန်မောင်းခိုင်းတယ်ဆိုတော့ လေယာဉ်ပျံ မှာစီးမှပဲ ရတော့မယ်’



‘မေမေ့ကို သတိရလို့ ကိုဇော်ရဲ့၊ မေမေနဲ့ တွေ့ချင်လှပြီ’

‘အမလေး လင်းရယ်၊ ခင်ဗျားကတော့ ပိုကို ပိုတယ်၊ ဒါကြောင့် လူကြီးတွေ အသည်းစွဲဖြစ်နေရတာ၊ ဒီထက် မြန်မြန်မောင်းလို့လည်း မရတော့ဘူး၊ မိုးက ရွာနေတယ်ဗျ။ ဒီလောက်မောင်းလာတာသိရင် မေမေခင်က ဘုရားတနေမှာ’

မိုးစက်များ ကျဲပါးစ ပြုလာ၏။

နေရောင်ခြည် လဲ့လဲ့ကို မြင်ရသည်။

တောင်ပေါ်လမ်းသည် သာယာလှပ၍ နေ၏။ တိတ်ဆိတ်ခြင်းနှင့် ချမ်းအေးခြင်းသည် စိတ်၏ နှစ်သိမ့်ကြည်နူးခြင်းကို ထောက်ကူ ဖေးမလျက်ရှိသည်။ လျှိုမြောင်များကြားမှ တောင်ကျစမ်းလေးများ စီးဆင်းသံကို ရံဖန်ရံခါ ကြားနေရသည်။ မိုးစက်နှင့် မြေကြီးတို့ ထိတွေ့ရာမှ ပေါ်ပေါက်လာတတ်သော မြေသင်းနံ့လေးသည် သင်းထုံနေ၏။ နှင်းဆီပွင့်များကြားသို့ လေတိုးသဖြင့် စိမ့်အေးသော အတွေ့အထိကို ခိုက်ခိုက်တုန်တုန် ခံစားရသည်။

သဘာဝ တောတောင်ရေမြေ၏ ပသာဒကို မီနိုင်သော အလှအပသည် မရှိနိုင်တော့ပြီ တကား။

*   *   *

www.burmeseclassic.com

www.burmeseclassic.com

## ၄

အကွေ့အကောက်ထူပြောသော လမ်းများသည် တရိပ်ရိပ်ဆေး၍ ကျန်ရစ်၏။

ညောင်ပင်သာ၊ ကင်း၊ ကပိုင်၊ စခမ်းကြီး၊ ကျောက်ဖား။

ရှခင်းသာမှ အောက်ဘက်ကို မျှော်ကြည့်တော့ တောင်အထပ်ထပ်ကို ရင်သပ် ရှုမောဖွယ် မြင်ရသည်။ ကျုပ်ပြင်ကို လွန်လာခဲ့သည်။

ပတ္တမြားမြေ၏ သဘာဝ ရှုခင်းများသည် ပိုမို ထင်ရှား၍လာ၏။

ညိုမောင်းသော မြေစိုင် မြေခဲများ၊ နီစွေးသော ချောင်းရေများ ပတ်လည်ဝိုင်းရံလျက်ရှိသော တောင်ပင်လယ် ညှိုညှို့ဆိုင်းဆိုင်းကြီးများ။

'တစ်ခုခုစားဦးမလား လင်း'

'မစားတော့ဘူး ကိုဇော်၊ အိမ်ကိုပဲ တန်းမောင်းပေးတော့၊ မေမေခင်တို့ကို ညနေကျမှ လာနှုတ်ဆက်မယ်လို့ ပြောလိုက်ပါနော်၊ လက်ဆောင်တွေလည်း အဲဒီတော့မှ တစ်ခါတည်းယူခဲ့မယ်'

'အိမ်မှာ ထမင်းစားမှာလား'

'ရောက်တဲ့နောက်တော့ စားရမှာပေါ့၊ မစားလို့လည်း မေမေခင်က ကြိုက်မှာ မဟုတ်ဘူး'



'ကိုယ် လာကြိုရဦးမှာလား'

'လာကြိုရင်တော့ ကောင်းတာပေါ့၊ ကားက မမောင်းတာကြာတော့ ကောင်းကောင်းမှ မောင်းတတ်ပါတော့မလား မသိဘူး'

'မိုးတွင်းကြီးတော့ မမောင်းပါနဲ့ လင်းရယ်၊ အေးအေးဆေးဆေးပဲ နေပါ၊ တော်ကြာ ရှားရှားပါးပါး သတို့သမီးလောင်းလေး ဆုံးရှုံးသွားလို့ မေမေခင် ရင်ကွဲနေပါ့မယ်'

'ကိုဇော်ကလည်း ဒီအကြောင်းမပါရင် စကားပြောလို့ မဖြစ်တော့ဘူးလား'

'အိမ်မှာ လင်း ပြန်လာမယ်ဆိုကတည်းက ဒီကိစ္စပဲ တိုင်ပင်ဆွေးနွေးနေကြတာပဲလေ'

လင်းလင်းက သက်ပြင်းလေး မသိမသာ ချမိသည်။ သူကိုယ်တိုင်အတွက် အရေးမထားလှသော ကိစ္စတစ်ခုကို တစ်လောကလုံးက စိတ်ဝင်စားနေကြပါသလား။

မိုးကုတ်မြို့တွင်းသို့ ဝင်ရောက်စပြုပြီ။ မကုန်ခန်းနိုင်သော ရတနာတွင်းများတွင် မိုးရေတို့ ခိုဝင်လျက်ရှိကြ၏။ တောင်စွယ်တောင်တန်းများကြားမှ ချိုင့်ဝှမ်းသဖွယ် နိမ့်ဆင်းလျက်ရှိသော အထင်ကရ ကန်ကြီးကို ကွေ့ပတ် ဖြတ်ကျော်လာခဲ့သည်။

လင်းလင်းတို့ မိသားစုလေး၏ ချမ်းမြေ့ရိပ်မြုံကလေးကား မြို့ပေါ်ရှိ အထက်တန်းစား တိုက်တာ အဆောက်အအုံများတွင် မပါဝင်။ သာမန်ရှုချင့်စဖွယ် ငြိမ်ဝပ်လှပသော တစ်ထပ်အိမ်လေးသာ ဖြစ်၏။ ကုန်းမြင့်ဆင်ခြေလျှောကလေးတွင် တည်ထား၍ ခေတ်မီ ဆန်းပြားသည်။ ခြံတွင်းသို့ ကားဘီးများ လိမ့်ဝင်သွားသည်ဆိုလျှင်ပင် မေမေ့ကို ပြတင်းပေါက်ဆောင်တွင် မိုလျက် မျှော်ကြည့်နေသည်ကို မြင်ရလေသည်။ မေမေသည် သမီးဖြစ်သူကို ပြေးလာဆီးကြိုရန် မတတ်စွမ်းနိုင်ရှာ၊ ဖေဖေကတော့

www.burmeseclassic.com

www.burmeseclassic.com



သည်အချိန်ဆိုလျှင် သူ့အပေါင်းအသင်း မိတ်ဟောင်းဆွေဟောင်းများနှင့် ကလပ်သို့ ရောက်နေပေတော့မည်။ ဖေဖေသည် သားရေး သမီးရေး အိမ်ထောင်ရေးကို အလေးမထားသူ မဟုတ်သော်လည်း ဖေဖေက အရိုးခံသမား ဖြစ်၏။ အပိုမချဲ့တတ်။ ဟန်မဆောင်တတ်။ ထို့ကြောင့်လည်း တစ်ခါတစ်ရံ ဖေဖေသည် လူကြီး လူကောင်းများ ကုန်သည်ပွဲစားများ အကြားတွင် မပြေမပြစ် ဖြစ်ရတတ်သည်။ လင်းလင်းကတော့ ပြတ်သား၍ ဖြောင့်စင်းသော ဖေဖေ့ကိုလည်း ချစ်သည်။ အေးချမ်းသော မေမေ့ကိုလည်း ချစ်သည်။ ဤသို့သော မိဘနှစ်ပါး၏ ရင်ခွင်တွင် ခိုလှုံ့ရသော သူ့ဘဝကိုလည်း ကျေနပ်သည်။

'မဆင်းတော့ဘူးလား ကိုဇော်'

'မဆင်းတော့ဘူးလေ၊ ကားက ကောင်းကောင်း မကောင်းတော့ မေမေခင်က စိတ်ပူနေမယ်၊ ပြန်နှင့်မှ၊ ညနေမှလာခဲ့မယ် ကြီးကြီးရေ'

ကိုဇော်က မေမေရှိရာသို့ပါ လှမ်းအော် နှုတ်ဆက်လိုက်သည်။ မေမေက ဝမ်းပန်းတသာ ပြုံးနေရာမှ ခေါင်းညိတ်ပြ၏။ ကားရှိရာသို့ ဒေါ်ဒေါ်မြိုင် ပြေး၍လာသည်။ ပစ္စည်းများကို ကူသယ်ပေး၏။

'ဟင် လင်း၊ ပစ္စည်းတွေက ဒါပဲလား'

'ဟုတ်တယ် ဒေါ်ဒေါ်၊ ဩော် ကိုဇော်ရေ ညနေလာရင် ကိုစိန်မောင်တို့ကားက ပစ္စည်းတွေ ဝင်တင်ခဲ့ဦးနော်'

'ထင်သားပဲ၊ လင်းတော့ ကြိုတဲ့ကားနဲ့ လွဲနေမှာပဲလို့ မမက ပြောနေတာ၊ ခုပဲ ညရောက်မယ့်ဟာ ကိုဇော်က ပြန်ဦးမလို့လား'

'အချိန်ရှိပါသေးတယ် ဒေါ်ဒေါ်မြိုင်ရဲ့၊ မေမေခင်ကိုလည်း သွားအကြောင်းကြားရဦးမယ်၊ အပြန် ကလပ်ကို ဝင်မှာနဲ့ဆိုတော့ လင်း အလွမ်းသယ်ပြီးလောက်ချိန်နဲ့ အတော်ပါပဲ ဟဲ ဟဲ'

'လုပ်ပြီ၊ ဒီကောင်လေးက၊ ကားမောင်းနေတဲ့ဟာ သောက်လို့ ဖြစ်ပါ့မလား ဟဲ့'



'ကျွန်တော် အရက်သောက်ပြီး မောင်းတာတောင် ဒေါ်ဒေါ်တူမ မကြမ်းတော့ မောင်းသလောက်တော့ မဆိုးနိုင်ပါဘူး ဒေါ်ဒေါ်ရဲ့၊ ကျွန်တော့်ကားကို နေးလို့တဲ့ တစ်လမ်းလုံး ဆူလာတယ်'

'ဖြစ်ရမယ်၊ မင်းတို့ မောင်နှမကတော့၊ ကိုကိုကြီး နေမကောင်းတာကော သက်သာရဲ့လား'

'ဒါတော့ မကြာခင် သက်သာသွားမှာပေါ့ ဒေါ်ဒေါ်ရာ'

လင်းက ကိုဇော့်ကို မျက်စောင်းထိုးလိုက်သည်။ ကိုဇော်က ပေါ့ပါးစွာ ရယ်မောရင်း ကားကို နောက်ပြန်ကွေ့၍ ပြန်ထွက်သွားလေသည်။ ကားမောင်းရင်း ကျန်လက်တစ်ဖက်က မေမေရှိရာသို့ ဇေ့ယမ်း နှုတ်ဆက်သွားသေးသည်။ လင်းလင်းက အိမ်ပေါ်သို့ တဒုန်းဒုန်းမြည်အောင် ပြေးတက်ခဲ့သည်။ မေမေက လင်းလင်းကို လက်နှစ်ဖက်ဖြင့် ဆီးကြိုပွေ့ဖက်လိုက်၏။ လင်းလင်းက မျက်နှာလေးကို မေမေ့ ရင်ခွင်မှာ အပ်ထားလိုက်သည်။ မေမေ့မျက်လုံးတွင် မျက်ရည်စက်လေးများ မှိုခိုနေကြလေသည်။

* * *

'မေမေလည်း အတွေးအခေါ် ဒီလောက် ခေတ်မနောက်ကျပါဘူး သမီးရယ်၊ သမီးတို့ လူငယ်တွေဟာ အိမ်ထောင်ရေးမှာ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လွတ်လွတ်လပ်လပ် လုပ်ချင်ကြတယ်ဆိုတာ မေမေ နားလည်ပါတယ်၊ ဒါကြောင့်လည်း မေမေက သမီးကို ဆင်စီးပြီး မြင်းရံတာ မြင်ချင်လို့ပါ ဘာညာဆိုတဲ့ စကားတွေကိုလည်း မပြောခဲ့ပါဘူး၊ မေမေတို့ ဖြစ်စေချင်တဲ့ ဆန္ဒကိုသာ ပြောခဲ့တာ၊ ဒါပေမယ့် သမီးလေးကိုလည်း တစ်သက်လုံး စိတ်ချမ်းသာစေချင်တယ်လေ၊ မိဘတွေ စီစဉ်ပေးလို့ လိုက်နာရပြီး တစ်သက်လုံး စိတ်ဆင်းရဲရပါတယ် ဆိုတာမျိုးလည်း မဖြစ်စေချင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



မေမေက သူ့ထုံးစံအတိုင်း စကားကို လေးလေးတွဲ့တွဲ့ ပြောနေ၏။ ဖေဖေကတော့ ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း မေမေပြောသမျှကို ပျင်းရိစွာ နားထောင်နေသည်။ ဆေးတံကို တစ်ချက်နှစ်ချက်မျှ ခါလိုက်ပြီး မေမေ့ကို လှမ်းကြည့်၏။

'မမကလဲကွာ ရှည်လျားလိုက်တာ၊ မေမေတို့ကတော့ ဒီလိုဖြစ်စေချင်တယ် သမီးရေ၊ ဒါပေမယ့် သမီးသဘောကကော ဘယ်လိုလဲ၊ သမီးမှာ ရည်းစားရှိရင်လဲ ပြောဆို ပြီးတာပဲ'

'အို ကိုကလဲ'

မေမေ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်ကို ကြည့်ခြင်းအားဖြင့် သူ့ အစီအစဉ်ပျက်သွားမည်ကို စိုးရိမ်နေကြောင်း သိသာလှသည်။

'မမက ကိုယ့်စီမံကိန်းလည်း အကောင်အထည်ဖော်ချင်သေးရဲ့၊ သမီးကိုလဲ စိတ်ပါလက်ပါ ဖြစ်စေချင်သေးရဲ့ဆိုတော့ သားရွှေအိုးထမ်းလာတာ မြင်ချင်ပါတယ်ဆိုတာလို ဖြစ်နေပြီ၊ အစစအရာရာ ကိုယ်လိုသလိုချည်းတော့ ဘယ်ရမလဲကွ၊ တစ်ခုလိုချင်ရင် တစ်ခုတော့ လက်လွှတ်ရမှာပေါ့'

'အို ကိုယ်ကချည်း ရှေ့ကနေ စကားဦးသမ်းနေတော့တာပဲ'

လင်းလင်းကတော့ မေမေနှင့် ဖေဖေ့ကိုကြည့်ပြီး ရယ်နေမိ၏။ တကယ်တော့ မေမေ့ မေတ္တာကိုလည်း နားလည်ပါသည်။ ဖေဖေ့စေတနာကိုလည်း လေးစားပါ၏။ လင်းလင်းမှာ သည်ဖေဖေ မေမေတို့အတွက် နှလုံးသားနေရာကို ကွက်လပ်ချန်၍ ထားခဲ့ကြောင်း မေမေ သိစေချင်လှသည်။ သားသမီးတိုင်း မိဘကို ချစ်ကြသည် မှန်သော်လည်း လင်းလင်းက ပိုပါသည်။ သားသမီး မယူသင့်ကြောင်း ဆရာဝန်တွေ ညွှန်ကြားသည့်ကြားမှ တစ်ဦးတည်းသော သမီးလေးကို ရအောင်မွေးခဲ့သည့် မေမေ။ ကျန်းမာရေးက ချည့်နဲ့၊ စီးပွားရေးက အဆင်မပြေသည့်ကြားမှ ချူချာလှသော သမီးလေးကို



ဂရုတစိုက်ယုယကျွေးမွေးခဲ့သည့် မေမေ။ နောက်ဆုံးတော့ လင်းလင်းအတွက် မေမေ့မှာ ခြေတစ်ဖက်ကိုပင် ဆုံးရှုံးခဲ့ရသည်ဟု ဆိုနိုင်ပါ၏။ လင်းလင်း ဆယ်တန်းဖြေမည့်နှစ်မှာ သားအမိနှစ်ယောက် ကားမှောက်ရာတွင် ပါခဲ့၏။ ရှေ့ခန်းအစွန်မှာ ထိုင်နေသော မေမေသည် ကားတိမ်းမှောက်လုဆဲဆဲ ဖြစ်နေချိန်တွင် လင်းလင်းမျက်နှာကို တစ်စုံတစ်ရာနှင့် ထိခိုက်မည်စိုး၍ သူ့ရင်ခွင်ထဲ အတင်းဆွဲသွင်းထား၏။ ကားကို အချိန်မီ ပြန်ထိန်းနိုင်လိုက်သော်လည်း မေမေ့ကိုမူ လင်းလင်း၏ ခန္ဓာကိုယ်နှင့် တွန်းထုတ်လိုက်သလို ဖြစ်ကာ အပြင်သို့ လွင့်စင်ကျသွားလေသည်။ သတိရှိသော မေမေသည် လင်းလင်းကိုသာ မငဲ့ဘူးဆိုရင် သည်သို့ဖြစ်လိမ့်မည် မဟုတ်ဟု လင်းလင်း ယူဆ၏။

မေမေ့စကားကို နားထောင်ရခြင်းသည် မိဘကျေးဇူး ဆပ်ချင်လွန်း၍ ချည်းတော့ မဟုတ်။ လင်းလင်းကိုယ်တိုင်ကလည်း အိမ်ထောင်ရေးမှာ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် ရွေးချယ်ရမည့်သူ မရှိခြင်းကြောင့်လည်း ဖြစ်ပေတော့သည်။ မေမေက သူ့ဆန္ဒကို ဖွင့်ပြောသည့်နေ့မှစ၍ လင်းလင်းကလည်း လစ်ဟာနေသော သူ့နှလုံးသားမှာ တစ်စုံတစ်ယောက်ကိုမျှ ခိုဝင်ခွင့်ပြုရန် ထည့်သွင်းမစဉ်းစားတော့ပေ။ မေမေကလည်း အခါကောင်းကိုယူကာ လင်းလင်း တက္ကသိုလ်သို့ ပညာသင်သွားသည့် နှစ်မှာမှ ဖွင့်ဟ သတိပေးခဲ့သည် မဟုတ်ပါလား။

'မေမေရယ် သမီးအတွက် ဘာမှ တွေးပူမနေပါနဲ့၊ သမီးမှာ မေမေ့စကားကို နားထောင်ဖို့ကလွဲရင် တခြားပြဿနာလည်း မရှိပါဘူး'

လင်းလင်းက မေမေ့လက်မောင်းကို ပွတ်သပ်ရင်း ပြောလိုက်မိ၏။

'ဟင်း သားအမိနှစ်ယောက်ကတော့ လိုက်လည်း လိုက်ပါပေ့ကွာ၊ ငါ့သမီးကလဲ ကာလသားသမီး မဟုတ်တဲ့အတိုင်းပဲ'

'အို ကိုက အားလုံးအဆင်ပြေတာကို မမြင်ချင်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ရပေါင်ဗျာ မဟုတ်ရပေါင်၊ ခုလို လူလိုနတ်လိုဖြစ်သွားတာ ဝမ်းသာပါရဲ့၊ ဒါထက် ငါ့သမီးကို ကျောင်းမှာ ချစ်တဲ့ ကြိုက်တဲ့သူတွေကော မရှိဘူးလားကွယ့်'

'ကြည့်၊ ကိုဟာလေ'

လင်းလင်းက မေမေနှင့် ဖေဖေ့ကိုကြည့်ကာ သဘောကျစွာ ရယ်နေမိ၏။

'ဖေဖေက သမီးကို မစွံလို့ မိဘပေးစားတာကို ယူတယ်လို့ ထင်တယ်ပေါ့လေ'

'ဟား ဟား ဟား၊ ဖေဖေက ပျော်လို့စတာပါကွယ်၊ အင်း ကိုကိုကြီးဟာ လူရိုးလူဖြောင့်ပါပဲ၊ သမီးထက် အသက်ကြီးတာတစ်ခုလေးပဲ ဆိုစရာရှိတယ်'

'ကဲ ကို တော်တော့ တော်တော့ သွား၊ တော်ကြာ သမီးတောင် စိတ်ပြောင်းသွားပြီး လင်နောက်လိုက်သွားမှာ စိုးရတယ်'

တကယ်တော့ ဖေဖေသည် သမီးအိမ်ထောင်ရေးအတွက် နောင် တစ်ချိန်ချိန်မှာ ပြဿနာဖြစ်လာမည်ကို တွေးပြီး စိုးရိမ်နေဟန်တူ၏။ ငယ်ရွယ်နုနယ်သော သမီးလေးကို ပျော်ရွှင်ကြည်နူးမှုတွေ မဆိတ်သုဉ်း ချင်ပေ။ မေမေ့အတွေးကတော့ တစ်မျိုးဖြစ်၏။ အကယ်၍ ကိုကိုကြီးတို့ ညီအစ်ကိုများထဲမှ ကိုကိုကြီးနှင့်သာ မပေးစားဖြစ်လျှင်

'ဟော မေမေ၊ ကိုဇော်လာပြီ'

လင်းလင်းက ပြတင်းပေါက်က လှမ်းမျှော်ကြည့်ကာ ပြောလိုက်၏။

'သမီးရေ သိပ်တော့ မိုးချုပ်အောင် မနေနဲ့နော်၊ ကိုဇော်ကလဲ ကားမောင်းက ကြမ်းပါဘိသနဲ့၊ ခုတစ်လော ဒီကောင်လေးလည်း သိပ် သောက်တာပဲ၊ ပျက်စီးချင်နေပြီ၊ ခင်ကလဲ မနိုင်ဘူး'

'အရက်သောက်ပေမယ့် သူ ကောင်းကောင်းမွန်မွန် နေသားပဲကွ၊ မပျက်စီးပါဘူး'



မေမေက ဘာမျှမပြောတော့သော်လည်း ဖေဖေ့ကို မျက်စောင်း တစ်ချက် ခဲလိုက်၏။ ကိုဇော်က ကားကို ရပ်လိုက်သော်လည်း စက်မသတ်ဘဲ ထားသည်။

'ကိုဇော် အိမ်ပေါ်မတက်တော့ဘူးလား'

'မိုးချုပ်နေမှာစိုးလို့'

လင်းလင်းက ပြတင်းပေါက်မှ အောက်သို့ငုံ့ပြီး စကားပြောနေရာမှ အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။ ဒေါ်ဒေါ်မြိုင်က ကိုဇော့်ကားနှင့် တင်လာသော လင်းလင်း၏ ပစ္စည်းများကို သွားသယ်၏။

'အနွေးထည်ယူသွားဦးလေ သမီး'

'ဟုတ်ကဲ့ မေမေ'

လင်းလင်းက အနွေးထည်နီနီလေးနှင့် လက်ဆောင်ပစ္စည်းများကို ယူကာ အောက်သို့ဆင်းခဲ့သည်။

'သမီး'

မေမေ့ခေါ်သံကြောင့် နောက်သို့ လှည့်ကြည့်ရ၏။

'ကိုကိုကြီးက ကောင်းကောင်းနေမကောင်းဘူး သမီးရယ်၊ မေမေက မေးတယ်လို့ ပြောလိုက်ပါ'

ဖေဖေက မေမေ့နောက်မှ ရပ်ကြည့်နေ၏။

'ကိုကိုကြီးကို ကောင်းကောင်းမွန်မွန် စကားပြောလိုက်ပါလို့ပြောတာ သမီးရေ့'

ဖေဖေက လှမ်းအော်လိုက်လေသည်။

လင်းလင်းရော လှေကားမှတက်လာသည့် ဒေါ်ဒေါ်မြိုင်ပါ ရယ်မိကြ ၏။ လင်းလင်းက ပေါ့ပါးသွက်လက်စွာပင် ပြေးဆင်းလာခဲ့သည်။ မေမေသည် လင်းလင်း၏ ကျောပြင်လေးကို ငေးမောကြည့်ရင်း ကျန်ရစ် ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော့်ဘေးမှာ ထိုင်မိသည်နှင့် ကားက ဘီးလိမ့်၍ ထွက်တော့သည်။ ဖေဖေက ပြတင်းပေါက်သို့လာကာ ရပ်ကြည့်နေလိုက်သေး၏။ မေမေ့မှာ တော့ တရွေ့ရွေ့လှုပ်ရှားလာရဆဲသာ ရှိဦးမည်ဖြစ်၍ ခြံထဲမှ လင်းလင်းတို့ ကားလေး ထွက်သွားသည်ကို မြင်ရတော့မည် မဟုတ်ပေ။

*　　　*　　　*

မိုးရေများ တိုက်စားထားသဖြင့် လမ်းပေါ်မှာ ကျောက်တုံးကျောက်ခဲ လေးများဖြင့်သာ ပြည့်နှက်နေ၏။ အတက်အဆင်း အကွေ့အကောက် များသော လမ်းကို ဖြတ်သန်းမောင်းနှင်လာရသဖြင့် ကားလေးသည် ယိမ်းထိုးလှုပ်ရှားနေ၏။ အုံ့ဆိုင်းညို့မှိုင်းသော တောင်တန်းကြီးများသည် မီးခိုးပြာရောင် ကောင်းကင်အောက်မှာ ငြိမ်ဝပ်စွာ လဲလျောင်းနေသည်။ တိမ်ငွေ့တွေကြားမှာ ဘုရားစေတီများ၏ စုလစ်မွမ်းချွန်တို့သည် ထိုးထွက် စံပယ်နေ၏။ စိမ့်အေးသော သဘာဝဓာတ်သည် ပတ်ဝန်းကျင်ကို လွှမ်းခြုံ ထား၏။

လင်းလင်းက ဆွယ်တာအင်္ကျီကို ရင်ဘတ်ဆီသို့ ဆွဲ၍ စုလိုက်သည်။

'ချမ်းနေပြီလား'

ကိုဇော်က ကားကို အလူးဂရုစိုက်မောင်းနေရာမှ စကားစကို ရှာကြံပြောလိုက်သည်။ သည်ညနေ တစ်ခေါက်ပြန်လာရာတွင် ကိုဇော့်ဆီမှ အရက်နံ့ကို ပို၍ စူးရှစွာ ရနေ၏။ ထိုကြောင့်လည်း အိမ်ပေါ်သို့တက်မလာ ခြင်း ဖြစ်ဟန်တူသည်။ ပြီးတော့ ကိုဇော်က စကားကိုလည်း သတိထား ပြောနေပြန်သည်။

'သိပ်မချမ်းပါဘူး၊ မနက်ကတော့ နည်းနည်း အအေးမိသလို ဖြစ်သွားတယ်'



ပတ်ဝန်းကျင်က တိတ်ဆိတ်နေ၏။

လင်းလင်းတို့နေရာ မြို့မရပ်နှင့် ကိုဇော်တို့နေသည့် အုန်းကိုင်းရွာကို ရာသီဥတုကောင်းလျှင် ဆယ့်ငါးမိနစ်ခန့်သာ မောင်းရသည်။ မိုးရေတို့ဖြင့် စိုစွတ်နေ၍သာ သတိဖြင့် မောင်းနေရခြင်း ဖြစ်၏။ ကိုဇော် သည်မျှ ရေချိန်ကိုက်နေမှန်းသိလျှင် မေမေက စိတ်ချလက်ချ ထည့်ရဲမည် မဟုတ်ချေ။ လင်းလင်းကတော့ ကိုဇော့်ကို စိတ်ချယုံကြည်၏။ ယခုလည်း ကိုဇော်သည် ကားနှင့် တစ်တိုင်းတည်း ကွက်တိသာ အကျယ်ရှိသော ချောင်းကူးလမ်း ကလေးကို ခပ်အေးအေးပင် ဖြတ်ကူးခဲ့သည်။ အကာအရံမရှိသော ချောင်း ကူးလမ်းပေါ်မှ အောက်သို့ ငုံ့ကြည့်လိုက်သောအခါ တသွင်သွင် စီးဆင်း နေသော ချောင်းရေကို အသည်းအေးစဖွယ် မြင်ရသည်။

'လင်းတို့ မင်္ဂလာပွဲက ဘယ်တော့လုပ်မှာလဲ'

ကိုဇော်က ကားကို အရှိန်မြှင့်လိုက်ရင်း ပြောသည်။

'လင်း ဘာမှ မသိသေးပါဘူး၊ ဒီနေ့မှ ရောက်တာကို'

'ကြီးကြီးက ဘာမှ မပြောဘူးလား'

'ဟင့်အင်း မပြောသေးဘူး'

လင်းလင်းက ခပ်ဆိုင်းဆိုင်းကလေး ဖြေလိုက်သည်။ ယခုတော့ လည်း ကိုဇော်က လူကြီးတစ်ယောက်လို စကားကို အေးအေးဆေးဆေး ပြောနေပါလားဟု တွေးနေမိ၏။ အအေးဓာတ်က ပိုလာ၍ ဆွယ်တာအင်္ကျီ ကို ကြယ်သီးအပြည့် တပ်လိုက်သည်။ ကိုဇော်ကတော့ ဂျင်းရှပ်နှင့် ဘောင်းဘီကို ဝတ်ထားသဖြင့် အအေးလုံနေပုံရသည်။ ရေလျှောင်ကန်ကြီး ဆီမှ ရေတဝေါဝေါကျသံကို သဲ့သဲ့ကြားနေရ၏။

'လင်းက ကိုကိုကြီးနဲ့ လက်ထပ်ရတာ ကံကောင်းပါတယ်'

'ကိုဇော်က ကိုယ့်အမျိုးဘက်က သိတတ်နေလိုက်တာ'

လင်းလင်းက ရယ်စရာပြောသော်လည်း ကိုဇော်က မရယ်နိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



'လင်းတို့ကို စေ့စပ်ကြောင်းလမ်းလိုက်ပြီဆိုတာ လင်း ရန်ကုန် ရောက်သွားပြီးမှ ကိုယ်သိတယ်'

လင်းလင်း ရန်ကုန်မှာနေစဉ်ကာလအတွင်း ကိုဇော် မကြာမကြာ ရောက်လာတတ်သည်။ ကိုကိုကြီးကတော့ တစ်ခေါက် နှစ်ခေါက်သာ ရောက်၏။ သို့သော် ထိုသို့ရောက်လာစဉ်ကာလမှာတော့ ကိုဇော်သည် ကိုကိုကြီးနှင့် လင်းလင်းတို့ကိစ္စနှင့် ပတ်သက်၍ မနှောက်မပြောင်ဘူးပေ။ ယခုလို တည်တည်တံ့တံ့လည်း မပြောစဖူး။ ကိုဇော်နှင့် လင်းလင်းသည် ငယ်စဉ်အခါ မိသားစုနှစ်စု အတူနေခဲ့ကြစဉ်ကလည်း ရင်းနှီးခဲ့ခြင်း မရှိလှ။ သက်တူရွယ်တူဖြစ်သော ကိုတာနှင့်သာ ကစားဖော်ကစားဖက် ဖြစ်ခဲ့ကြသည်။ ကိုကိုကြီးနှင့်ကတော့ ကစားဖို့ကို မဆိုထားနှင့် အစ်ကိုကြီးသဖွယ်မို့ ကိုတာနှင့်အတူ ရောပြီး ရှက်ကြောက် ရှိသေခဲ့ရသူဖြစ်၏။ ထို့ကြောင့် မေမေက သူတို့ကိစ္စကိုဖွင့်ပြောစဉ် လင်းလင်းမှာ များစွာ အံ့အားသင့်ခဲ့ရသည်။ နောက်ပိုင်းမှာ မေမေ၏ အကြောင်းပြချက်တွေက ခိုင်လုံနေပြန်သည်။ အချစ်နှင့် ပတ်သက်၍လည်း ရင်ထဲမှာ လှုပ်လှုပ်ခတ်ခတ် မဖြစ်ဘူးသေးသည်မို့ မေမေ့ စကားကို အလွယ်တကူပင် လက်ခံခဲ့၏။ လင်းလင်း ဆယ်တန်းအောင်စဉ်က ဆယ့်ခြောက်နှစ်ပဲ ရှိသေးသည်လေ။

'ဩော် ပြောရဦးမယ်၊ လင်းရဲ့သူငယ်ချင်းတွေကလေ ကိုဇော့်ကို သဘောကျလို့တဲ့ ဟင်း ဟင်း'

ကိုဇော်က ခါတိုင်းလိုပင် သံယောင်လိုက်၍ ရယ်သွမ်းသွေးလိမ့်မည်ဟု ထင်သော်လည်း ထူးခြားစွာ ငြိမ်သက်နေသည်။

'ဟင်း'

ခပ်ထေ့ထေ့ အသံလေး ထွက်လာသည်။ လမ်းကွေ့တစ်ခု ရောက်လာသဖြင့် ကားကို ဂရုတစိုက် ကွေ့လိုက်ပြီးမှ စကားဆက်သည်။



'ကိုယ်လို ကောင်မျိုးကို ကောင်မလေး တော်တော်များများက ကြိုက်ကြပါတယ်'

ခပ်တည်တည်ပင် ပြော၏။

'ကောင်မလေးတွေ ကြိုက်ဖို့ပဲ အရေးကြီးတာ မဟုတ်လား၊ ဘယ်သူတွေကများ ကြိုက်စေချင်သေးလို့လဲ'

လင်းလင်းက ဆံပင်တိုတိုများကြားသို့ လက်ချောင်းများကို ထိုးသွင်းရင်း မျက်လုံးဖြင့် စွေကြည့်ကာ ပြော၏။ ကိုဇော်က ရှေ့တည့်တည့်ကိုသာ ကြည့်နေသည်။ အုန်းကိုင်းရွာထဲသို့ဝင်လာခဲ့ပြီ။ သာယာအေးချမ်းတဲ့ ရွာလေးတစ်ရွာပေပဲ။ လင်းလင်းတို့ ငယ်စဉ်တုန်းက အုန်းကိုင်းတွင်ပင် နေထိုင်ခဲ့ရသည်။ ဖေဖေသည် သာမန်တွင်းသားတစ်ဦးပင် ဖြစ်ခဲ့၏။ ထိုစဉ်က ဘဘ ဦးကျော်တို့၏ စီးပွားရေးက ကောင်းခဲ့သည်။

'လူကြီးတွေက မကြိုက်ဘူးလေ လင်းရဲ့'

အတန်ကြာ တိတ်ဆိတ်နေပြီးမှ ပြန်ပြောသဖြင့် လင်းလင်းက ရုတ်တရက် နားမလည်လိုက်။ ပြီးတော့မှ သဘောပေါက်ကာ ရယ်လိုက်မိသော်လည်း ရယ်သံက လိုက်လှဲမှုမရှိ။ လှောင်သလိုဖြစ်သွားလေပြီလားဟု စိုးရိမ်လိုက်မိ၏။

'ဒါပေမဲ့ မေမေခင်က ကိုဇော့်ကို အချစ်ဆုံး မဟုတ်လား'

'မဟုတ်ရပေါင်ဗျာ၊ ကိုကိုကြီးမှ ကိုကိုကြီးပါ၊ ကိုယ့်ကို ဆိုးလို့ အလိုလိုက်တာပဲ ရှိပါတယ်'

'ဒါတော့ ကိုကိုကြီးကို မအေမရှိလို့ ဦးစားပေးတာပါ ကိုဇော်ရာ'

'အင်းလေ၊ ကိုကိုကြီးက ဒါနဲ့ပဲ ဟန်ကျနေတာ'

'ကိုဇော်ကကော ကိုကိုကြီးကို မချစ်ဘူးလားဟင်'

'မေးတတ်ပါပေတယ် လင်းရယ်၊ ချစ်ပါသတဲ့ဗျာ ချစ်ပါသတဲ့၊ ကိုကိုကြီးက ကျွန်တော်မျိုးရဲ့ ဆိုးမျိုးကို ခံခဲ့တာလည်း အမှန်ပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ကိုကိုကြီးအတွက်ဆိုရင် ကိုယ်က အမြဲ ကြည်ဖြူပါတယ်'

လင်းလင်းကတော့ ကိုဇော်စကားတွေကို အဓိပ္ပာယ်ကောက်၍ မရချင်လှပေ။

ရွာထဲကိုရောက်လာတော့ တချို့အိမ်တွေက ထွက်ကြည့်ကြသည်။ လင်းလင်းက ကားပေါ်မှနေ၍ လက်ဖဝါးယမ်းပြကာ နှုတ်ဆက်၏။ 'နောက်မှ လာခဲ့မယ်နော်'ဟု လှမ်းအော်ပြောသည့်အခါ ပြော၏။ ငယ်သူငယ်ချင်း အပေါင်းအသင်းအချို့တို့လည်း ဝမ်းသာအားရ လှမ်း၍ နှုတ်ဆက်ကြသည်။

အိမ်ရှေ့တွင် ကားထိုးဆိုက်လာသောအခါ ကိုတာက ဦးဖွာ ပြေးထွက်လာသည်။

'လင်းကလည်း စောစောလာတာ မဟုတ်ဘူး၊ ကျွန်တော်မျှော်နေတာ ကြာပြီဗျ၊ ဒီနေ့ ချောင်းကြီးကို လိုက်သွားမယ့်ဟာတောင် မသွားဘူး'

ကစားဖော်ကစားဖက် ကိုတာက ဆီး၍ ပြော၏။

'ဟော မင်းတို့အားလုံး လင်းကို အမျှော်ကြီးမျှော်နေကြတယ်ပေါ့ ဟုတ်လား၊ ဟား ဟား'

'ကိုဇော်ကတော့ ဘာဖြစ်နေတယ် မသိဘူး ကိုတာရေ၊ လင်းကို စကားအကောင်းကို မပြောဘူး'

လင်းလင်းက ကားပေါ်ကဆင်းရင်း ပြောလိုက်၏။ ကိုတာက လင်းလင်းလက်ထဲမှ အထုပ်အပိုးများကို လှမ်းယူသည်။

'ကိုဇော်က ဒီအချိန်ဆို ဒီလိုပဲဗျ၊ မှန်နေပြီလေ'

ကိုတာက ပါးစပ်ဆီသို့ လက်သီးဆုပ်ဖြင့် အရက်သောက်ဟန်လုပ်ပြရင်း ပြောလိုက်သည်။ ကိုဇော်က သူ့ညီ၏ ပခုံးကို လှမ်း၍ ဖျစ်ညှစ်လိုက်၏။

'မင်းတို့ကတော့ ငါ့ကို နာမည်ဖျက်နေတော့တာပါပဲကွာ'



အိမ်ဝတွင် မေမေခင်က ဆီးကြိုလေသည်။ လင်းလင်း ရန်ကုန်ကို ထွက်သွားစကနှင့် စာလျှင် မေမေခင်သည် အနည်းငယ်ကျဆင်းသွားလေသည်။ လင်းလင်းသည် ငါးနှစ်တာကာလတွင် ပတ္တမြားမြေကို တစ်ခေါက်မျှ ပြန်မလာခဲ့။ ကျောင်းပိတ်လျှင်လုပ်အားပေးအဖွဲ့တွေနှင့် တစ်နေရာရာ လိုက်သွားတတ်သည်။ သို့မဟုတ်လျှင်လည်း ရန်ကုန်ရှိ ဖေဖေ့အစ်ကိုကြီး အိမ်တွင်နေသည်က များသည်။

'သမီး လင်းလင်း ဒီနေ့ပဲရောက်တာဆိုတော့ ခရီးပန်းလာမှာပဲနော်၊ ညကျမှပဲနားတော့ပေါ့ကွယ်'

မေမေခင်က သူ့ထုံးစံအတိုင်း စကားကို ဝေဝေဆာဆာ ပြော၏။

'ဒီမှာ အိပ်လို့တော့ မဖြစ်ဘူး မေမေခင်ရဲ့၊ အိမ်က မေမေက စောင့်နေမှာ'

'အင်း အင်း ဟုတ်တာပေါ့လေ၊ အကြာကြီးခွဲနေရတဲ့ သမီးချောကို အားရအောင် ကြည့်ဦးမှာပေါ့၊ လင်းလင်းကလဲ ထွားလာလိုက်တာ အရပ်ကြီး မြင့်ပြီး လှလာတယ်'

'ဟောဒီမှာလေ မေမေခင်ဖို့ ပုစွန်ခြောက်ရယ်၊ လုံချည်တစ်ထည်ရယ် ဝယ်လာပါတယ် မေမေခင်ရဲ့ ဟဲ ဟဲ'

မေမေခင်က လင်းလင်း၏ ပခုံးလေးကို ပွေ့ဖက်ရင်း ခေါ်သွားသည်။ ဘဘဦးကျော်သည် ဖေဖေ့လိုပင် ဧည့်ခန်းတွင် အေးအေးဆေးဆေး ထိုင်ကာ ဆေးပေါ့လိပ် ဖွာလျက်ရှိ၏။

'ဘဘဖို့တော့ မာဖလာတစ်ထည် ဝယ်ခဲ့တယ်'

'သာဓုဗျာ သာဓု၊ ကိုလှဝေတို့ မမတို့ကော နေကောင်းကြရဲ့လား၊ မတွေ့တာတောင်ကြာပြီ'

'ကောင်းပါတယ် ဘဘ'

မိသားစုဝိုင်းဖွဲ့နိုင်ရန် စီစဉ်ထားသော စားပွဲဝိုင်းဘေးမှ ခုံခြုံလေး များတွင် ဝင်ထိုင်လိုက်ကြသည်။ ကိုဇော်ကတော့ အိမ်ပေါ်ကို တန်း၍

www.burmeseclassic.com

www.burmeseclassic.com



တက်သွားလေသည်။ သည်လိုအချိန်တွင် ကိုဇော်သည် လူကြီးများကို ရှောင်၏။

'လင်းက မျက်နှာလိုက်တယ်၊ ကျွန်တော့်ဖို့တော့ ဘာမှ မပါဘူးလား'

'လက်ဆောင်တော့ မပါဘူး၊ ရက်ကက်တစ်စုံတော့ ဝယ်လာခဲ့တယ်၊ ဘက်မင်တန် ကစားရအောင်လေ'

'အား ကောင်းတယ် ကောင်းတယ်၊ ကိုကိုကြီးရဲ့ခြံကို ရှင်းထားရမယ်'

ကိုတာသည် ဆယ်တန်းမအောင်မီပင် ကျောင်းမှထွက်ပြီး မိရိုးဖလာ ကျောက်သွေးလုပ်ငန်းကို သင်ခဲ့သူဖြစ်သည်။ ယခုတော့ ကန့်သတ်ထားသည့် ဆောင်အတွင်းမှာ လုပ်ကိုင်ကြရသည်မို့ ကိုယ်ပိုင်လုပ်ငန်းအဖြစ် တွင်တွင် ကျယ်ကျယ်မရှိတော့။ ကိုတာနှင့်ရွယ်တူ လူငယ်လေးများသည် အသေးစား ရောင်းဝယ်မှုလေးတွေတွင် ကျင်လည်နေကြ၏။ တစ်ချိန်ကတော့ မေမေခင် သည် ပတ္တမြားမြေတွင် ထင်ရှားသော စာရင်းတွင် ပါဝင်ခဲ့ပါ၏။ ယခု အချိန်မှာတော့ စည်းစိမ်ရော မာနပါ ကျဆင်းနေသည့်အခါဖြစ်သည်။ ထို့ကြောင့်လည်း သူတစ်ပါးနိမ့်ကျချိန်မှာ ညာတာတတ်သော မေမေက အထူးအရေးထား၍ ဆက်သွယ်နေခြင်းဖြစ်တော့သည်။

'လင်းလင်းက ထမင်းစားနိုင်မှာ မဟုတ်ဘူးဆိုလို့ လက်ဖက် ကောင်းကောင်း သုပ်ထားတယ်၊ လက်ဖက်အညွန့်ကလေးတွေနဲ့ ကိုဇော် ဝယ်လာတဲ့ မန္တလေးပိုးကောင်ကြော်လေ'

မေမေခင်သည် လက်ဖက်သုပ်ပန်းကန်နှင့် အကြမ်းအိုးကို အားလုံး အလယ်တွင် ချပေးလိုက်၏။ မေမေခင်၏အသွင်က အရွယ်ကျသော်လည်း ဖျတ်ဖျတ်လတ်လတ်ပင် ဖြစ်သည်။ စူးရှထက်မြက်သည့် မျက်လုံးများက အရောင်ထွက်နေဆဲပင်။ ပါးလျားသော ခန္ဓာကိုယ်ပေါ်မှာ အမြဲသန့်ရှင်း သပ်ရပ်စွာ ဝတ်စားတတ်သည့် အလေ့ကြောင့် ကြော့ရှင်းနေ၏။ လက်ဝတ်



ရတနာအနေဖြင့်မူ မိုးကုတ် တွင်းထွက် စိန်နားကပ်တစ်ရံကိုသာ ခပ်ယဉ်ယဉ် ဝတ်ဆင်ထား၏။

'လင်းလင်းနဲ့ ကိုတာ အသက်အတူတူဆိုပေမယ့် လင်းလင်း ကတောင် ထွားနေသလိုပဲနော် ကိုကျော်'

မေမေခင်၏အပြောကြောင့် ကိုတာက မခံမရပ်နိုင်ဖြစ်သွားသည်။

'အမယ်၊ လင်းက ဝနေလို့ပါ၊ ကျွန်တော်က အရပ် ပိုမြင့်ပါတယ်'

'မမြင့်ပါဘူးနော်'

လင်းလင်းကလည်း မခံချင်အောင် စလိုက်၏။

'မြင့်ပါတယ်၊ မယုံရင် တိုင်းကြည့်မယ်'

'လာလေ'

'လာ'

နှစ်ယောက်စလုံး ကလေးစိတ် မကုန်သေးသူများပီပီ သွက်သွက် လက်လက်ထကာ ဘေးချင်းယှဉ်ရပ်ကြ၏။ ကိုတာက ခေါင်းတစ်လုံးစာခန့် ပိုမြင့်နေသည်။

'ကဲ'

'ဒါတော့ သားက ယောကျာ်းလေးကိုး၊ ယော ကိုကိုကြီးလာပြီ ကိုကိုကြီးရေ ဒီမှာ လင်းလင်းရောက်နေပြီ'

လင်းလင်းနှင့် ကိုတာတို့နှစ်ယောက်လုံး ကိုယ့်နေရာတွင် ကိုယ် ပြန်ထိုင်မိကြ၏။ ငယ်ငယ်ကဆိုလျှင် ကိုတာနှင့် လင်းလင်းသည် ကစား ရာမှ ရန်ဖြစ်တိုင်း ကိုကိုကြီးကို အလုအယက် တိုင်တမ်းလေ့ရှိကြသည်။ ကိုကိုကြီးကလည်း ပြောမရလျှင် သူတို့နှစ်ယောက်ကို ရိုက်ချင်ရိုက် တတ်သည်။ တစ်ခါတစ်ရံလည်း သည်းခံခွင့်လွှတ်ကာ သူတို့ အနွံအတာခံ၏။ ကိုဇော်ကတော့ သူတို့နှင့် ရောရောနှောနှော နေလေ့မရှိပေ။ ကိုဇော်က ငယ်ငယ်ကပင် အပေါင်းအသင်းများသူ ဖြစ်၏။ ကျောင်းလွှတ်

www.burmeseclassic.com

www.burmeseclassic.com



လျှင် ရွာကို ချက်ချင်းပြန်မလာဘဲ မိုးကုတ်မြို့ထဲမှာပင် အပေါင်းအသင်းများနှင့် လည်နေတတ်သည်။ ကိုကိုကြီးကတော့ တစ်ယောက်တည်းသမားဖြစ်၏။

ကိုကိုကြီးက ဘဘဦးကျော် ဘေးတွင် ဝင်ထိုင်သည်။

လင်းလင်းကိုကြည့်ကာ ပြုံးရုံသာ ပြုံးပြ၏။

လင်းလင်းတို့ ငယ်စဉ်က နွဲ့ဆိုး ဆိုးတိုင်း ပြုံးပြလေ့ရှိသော အပြုံးမျိုးသာ ဖြစ်၏။ ကိုကိုကြီးအရပ်က မြင့်လှသည်။ ယှဉ်ထိုင်နေသော ဘဘထက်ပင် ပိုမြင့်နေ၏။ အသားကဖြူ၏။ နေမကောင်းသည့်လူမမာ တစ်ယောက် ဖြူနည်း။ စကားနည်းခြင်းနှင့် တည်ကြည်ခြင်းသည် သူ့ကို လက်ရှိ အသက်အရွယ်ထက် ပို၍ အိုစာစေသည်။ ရှပ်အင်္ကျီဖြူဖြူ လက်ရှည်ကို ပြန်ခေါက်မတင်ဘဲ ကြယ်သီးတွေအပြည့်တပ်ကာ ဝတ်ထား၏။ ဆံပင်ကိုလည်း သပ်သပ်ရပ်ရပ် ဖြီးတင်ထားသည်။ နှာတံပေါ်ပေါ် နှုတ်ခမ်းများ ပိပိရိရိနှင့် ယောကျ်ားပီသသောအသွင် ရှိနေ၍ တော်သေး၏။

'ကိုကိုကြီး နေမကောင်းလို့ဆို၊ မေမေကတောင် မေးခိုင်းလိုက်သေးတယ်'

လင်းလင်းက မေမေ့အမှာစကားနှင့် ဖေဖေပြောသောစကားကိုပါ သတိရပြီး စိတ်ထဲက ပြုံးချင်ချင် ဖြစ်နေသေးသည်။

'အစာအိမ် ပြန်ဖြစ်နေတယ်လေ၊ ခြံထဲမှာပဲ အချိန်ကုန်တာကို၊ အစားမှ မမှန်ဘဲ'

ကိုကိုကြီးကိုယ်စား မေမေခင်က ဝင်ပြောခြင်း ဖြစ်၏။

ကိုကိုကြီးကတော့ ပြုံး၍သာ နေသည်။

'ကိုကိုကြီးခြံက ဘာတွေများ စိုက်ထားလို့လဲ၊ အိမ်လဲ ဆောက်ဦးမလို့ဆို ကိုဇော်က ပြောတာ'



လင်းလင်းသည် သူတို့အတွက်ရည်ရွယ်ပြီး အိမ်ဆောက်သည့် အကြောင်းကို ထုတ်မေးမိသဖြင့် အနည်းငယ် ရှက်သွေးဖြာသွားလေသည်။ ကိုကိုကြီးရှေ့မှာ ယခုမှ ရှက်တတ်လာခြင်း ဖြစ်၏။ သို့သော် မည်သူကမျှ သတိထားမိဟန်မတူ။

'ဩော် လင်းလင်း မသိသေးဘူးထင်တယ်၊ အဲဒါက သပ်သပ် တစ်ခြံလေ လင်းလင်းရဲ့၊ ကိုကိုကြီးက အကြီးအကျယ်စိမ်ကိန်းချပြီး လုပ်နေတာ၊ ဟုတ်သားပဲ လင်းလင်းကို လိုက်ပြလိုက်ပါဦး'

'ကိုကိုကြီးအိမ်က ပြီးခါနီးနေပါပြီ၊ ကိုကိုကြီး အိမ်ဘေးမှာ ကြက်တောင်ရိုက်ဖို့ ကွင်းလုပ်ပေးနော်၊ လင်းက ရက်ကက်တွေတောင် ဝယ်လာပြီ၊ မိုးကုန်ရင် ကောင်းကောင်းကစားရမယ်'

ကိုတာက ဝင်၍ ပူဆာလိုက်၏။ ကိုကိုကြီးက ဘာမျှပြန်မပြောဘဲ ခေါင်းညိတ်ပြလေသည်။ လင်းလင်းဘက်သို့ ပထမဆုံးအကြိမ် သေသေချာချာ လှမ်းကြည့်၏။ ပြီးတော့ ချက်ချင်း မျက်နှာလွှဲသွားသည်။ ကိုကိုကြီးကော ရှက်တတ်နေပြီလား။ လင်းလင်း သိချင်လှသည်။

ရောက်တတ်ရာရာ စကားပြောနေကြသည်မှာ အတန်ကြာသွား၏။ ငါးယောက်ဝိုင်းမှာ တကယ်တမ်းစကားပြောသည်က သုံးယောက်သာလျှင် ဖြစ်၏။ မေမေခင် ကိုတာနှင့် လင်းလင်းတို့သာလျှင် ဖြစ်ပေသည်။

ကိုကိုကြီးနှင့် လင်းလင်းတို့ကိစ္စနှင့်ပတ်သက်၍မူ မည်သူကမျှ တိုက်ရိုက်ထည့်သွင်း မပြောကြပေ။ ကိုကိုကြီးကလည်း ယခင်ကထက်ပို၍ လင်းလင်းအပေါ် အခွင့်အရေးယူသည့် စကားမျိုးကို မပြောပေ။ နှမငယ် တစ်ယောက် ပြန်ရောက်လာသဖြင့် ဝမ်းသာအားရဖြစ်နေသည့် အမူအရာမျိုးကိုသာ မြင်ရ၏။ လင်းလင်းနှင့် ကိုတာတို့ စကားနိုင်လုပြောသမျှကိုသာ တပြုံးပြုံးဖြင့် နားထောင်နေတော့သည်။ သည်အတွက် ကိုကိုကြီးအပေါ် လင်းလင်း လေးစားမိသည်ကတော့ အမှန်ပင်။ အကယ်၍ မိဘသဘောတူ

www.burmeseclassic.com

www.burmeseclassic.com



ထားသည့် သူများအဖြစ် အခွင့်အရေးယူတတ်သူဆိုလျှင် လင်းလင်း၏ သဘောထားက ချက်ချင်းပြောင်းလဲပစ်ဖို့ ဝန်လေးမည် မထင်ချေ။

'လင်းလင်း မိုးချုပ်နေမယ် ပြန်ပို့လိုက်ကြဦး'

ကိုကိုကြီးလိုပင် တစ်ချိန်လုံး ငြိမ်သက်စွာနားထောင်နေသည့် ဘဘ ဦးကျော်က သတိပေးမှပင် မှောင်စပျိုးနေပြီကို သတိပြုမိကြ၏။

'အားကွယ် လင်းလင်း ဒီမှာ အိပ်နိုင်ရင် ကောင်းမှာ၊ စကားပြောလို့တောင် မဝသေးဘူး'

မေမေခင်က အပြင်ကိုလှမ်းကြည့်ရင်း ပြောလိုက်၏။

'ဘယ်ဖြစ်မလဲ မေမေခင်'

ကိုကိုကြီးက စကားတစ်ခွန်းဝင်ပြောသဖြင့် လင်းလင်းပင် အံ့အားသင့်သွားသည်။ ကိုကိုကြီးသည် ဘယ်တော့မဆို စိတ်ထဲကတွေးကာ ပူပန်နေတတ်သူဖြစ်၏။ ကိုကိုကြီးက လူကြီးဆန်လွန်းသည်။ လင်းလင်း အိပ်လို့မဖြစ်ဘူးဆိုတာ မည်သည့်အဓိပ္ပာယ်နှင့် ပြောတာပါလိမ့်။ မသင့်လျော်ဘူးဆိုသည့် သဘောလား။ လင်းလင်းကတော့ ငယ်စဉ်ကပင် အတူနေထိုင် ကြီးပြင်းလာခဲ့သူများမို့ ရှည်ရှည်ဝေးဝေး သိပ်တွေးမနေချင်ပေ။

'အေးလေ မမကလည်း မျှော်နေမှာ၊ ကဲကဲ ပြန်တော့ ပြန်တော့၊ နောက်နေ့တွေ လာဦးနော်၊ ပြော် ကိုဇော်တစ်ယောက်လည်း ပျောက်ချက်သား ကောင်းနေလိုက်တာ၊ အောက်တောင် ဆင်းမလာဘူး'

မေမေခင်က ယခုမှ သတိရဟန်ဖြင့် မှန်အိမ်ကို လှမ်းယူရင်း ပြောလိုက်၏။ ကိုကိုကြီးက မီးခြစ် ခြစ်ကာ မှန်အိမ်မီးကို ညှိပေးလိုက်သည်။

'ကိုကိုကြီးက လင်းကို လိုက်ပို့လိုက်ပါလား၊ ကျွန်တော်လည်း လိုက်ခဲ့မယ်'

ကိုတာက ဂျာကင်အင်္ကျီကို ထပ်ဝတ်ရင်း ပြောသည်။ ကိုကိုကြီးက မီးခြစ်ဆံကို လက်ဖြင့်ခါ၍ ငြိမ်းသတ်နေ၏။



'ကိုဇော်တော့ မနက်က လာကြိုရလို့ ပင်ပန်းသွားပြီ ထင်တယ်၊ ကိုကိုကြီး နေမကောင်းရင်လည်း နေလေ၊ လင်း မောင်းသွားမယ်၊ ကိုတာလည်း လိုက်ချင် လိုက်ခဲ့ပေါ့'

'အမလေး မလုပ်ပါနဲ့ လင်းလင်းရယ်၊ မှောင်ကလည်း မှောင်နေပြီ၊ လမ်းကလည်း ဆိုးပါဘိသနဲ့၊ မမကဆိုရင် လင်းလင်းကို ကားမောင်းသင်ခွင့်ပြုမိတာ မှားတယ်လို့တောင် ပြောနေတာ၊ ဒီဒေသက တခြားနေရာတွေနဲ့ တူတာမှ မဟုတ်ဘဲလေ'

လင်းလင်း၏ စိတ်ထဲမှာ ကိုကိုကြီးက ဘာမျှပြန်မပြောသဖြင့် မကျေမနပ် ဖြစ်နေလေသည်။

'ရပါတယ် မေမေခင်ရဲ့ ကျွန်တော်လဲ ကောင်းကောင်းမောင်း တတ်နေပြီပဲ'

ကိုတာကလည်း ဝင်ပြောသည်။

'အမယ်တော် မလုပ်ပါနဲ့၊ နေပါဦး ကိုဇော့်ကို သွားခေါ်ပါ့မယ်'

'မင့်သားကကော ဒီအချိန် စိတ်ချရရဲ့လား'

ဘဘက ကိုဇော်နှင့် တိုက်ရိုက် စကားပြောခဲလှသည်။ ကိုဇော်ကလည်း ဘဘကို ရှောင်လေ့ရှိသည်။ ဘဘကလည်း ကိုဇော်နှင့် ပတ်သက်လျှင် ထိပ်တိုက်မပြောပေ။ ပြောလျှင်လည်း သူတို့သားအဖက အဆင်ပြေသည် မဟုတ်။ ထို့ကြောင့်လည်း ကိုဇော်က လူကြီးတွေက သူ့ကို သဘောမကျကြောင်း ပြောခဲ့ခြင်း ဖြစ်ဟန်တူ၏။

'ကိုဇော်က ဘယ်အချိန်ဖြစ်ဖြစ် စိတ်ချရပါတယ် ဘဘရဲ့၊ သူက ကားမောင်း အင်မတန်တော်တာ လင်းသိပါတယ်'

လင်းလင်း အရွဲ့တိုက်ကာ ပြောလိုက်မိလေသလား။ ကိုကိုကြီးကတော့ သူနှင့် မည်သို့မျှ မပတ်သက်သလို ခပ်အေးအေးသာ ပြုံးနေလေ၏။ ထိုအခါ ဘာ့ကြောင့်မှန်းမသိ၊ လင်းလင်းမျက်စိထဲမှာ သူငယ်ချင်း

www.burmeseclassic.com



ဘဲဥကို မြင်ယောင်မိလေသည်။ အချစ်နှင့် ယုယကြင်နာမှုကို ဦးစားပေးတတ်သော ဘဲဥက ကိုကိုကြီး၏ အပြုအမူကိုမြင်လျှင် မည်သို့ပြောလေဦးမည် မသိ။

'ဟော ဒီမှာ ကိုဇော်က အိမ်ရှေ့မှာ ထိုင်နေတာကိုး'

ကိုတာ လှမ်းပြောသံကြားသဖြင့် အိမ်ရှေ့သို့ လှမ်းကြည့်လိုက်မိသည်။ ခြံစည်းရိုး အုတ်တံတိုင်းပေါ်တွင် ကိုဇော်တစ်ယောက်တည်း ထိုင်နေသည်ကို တွေ့ရလေသည်။ ကိုဇော်သည် သူတို့ထင်သလို အိပ်ပျော်၍မနေ။ သူတို့စကားဝိုင်းကို တမင်ရှောင်နေခြင်းသာ ဖြစ်နိုင်သည်။

'ကဲ သားရေ၊ မင်းညီမကို လိုက်ပို့လိုက်ဦး၊ ကိုကိုကြီးက ကောင်းကောင်း နေကောင်းသေးတာ မဟုတ်ဘူးကွယ့်၊ ကိုတာ လိုက်သွား ညီအစ်ကိုနှစ်ယောက် မြန်မြန်လည်း ပြန်လာခဲ့ကြနော်၊ သိပ်မှောင်နေရင် မကောင်းဘူး'

ကိုဇော်က ဘာမျှပြန်မပြော။ ကားမောင်းသူနေရာတွင် အသင့်သွားထိုင်နေလိုက်သည်။ လင်းလင်းက သွက်သွက်လက်လက်ပင် ကိုဇော့်ဘေးမှာ ဝင်ထိုင်၏။ ကိုတာက နောက်ခန်းမှာ ထိုင်သည်။

'မေမေခင် သွားမယ်နော်၊ မြို့မကို လာခဲ့ပါဦး'

'အေး အေး၊ မေမေခင်က တစ်ရက်ခြားလောက် ဈေးကိုရောက်နေတာပါ၊ လင်းလင်း ဘဘကသာ ဘယ်မှမသွားတာကွယ့်၊ မေမေခင်တို့ သားအမိကတော့ ခြေထောက်မှာ ဗွေပါတယ်လေ ဟဲ ဟဲ၊ သားကိုဇော် ကားကို ဖြည်းဖြည်းမောင်းနော်၊ ကဲ သွားကြတော့'

လင်းလင်းက မေမေခင်ကို လက်ပြကာ နှုတ်ဆက်လိုက်၏။ ဘဘကတော့ အိမ်ထဲမှာ နေရစ်သည်။ ကိုကိုကြီးထွက်လာသည်ကို မြင်သော်လည်း လင်းလင်းက လှည့်မကြည့်တော့။



ကားစက်နှိုးနေဆဲမှာ ကိုကိုကြီး ရောက်လာသည်။ လင်းလင်းဘေးတွင် လာရပ်၏။ တံခါးပေါက်မှနေ၍ တစ်စုံတစ်ရာ လှမ်းပေးသည်။ အနွေးထည် နီနီလေး။

'အို ဟုတ်ပါရဲ့၊ အိမ်ထဲရောက်တော့ အိုက်တာနဲ့ ချွတ်ထားမိတာ'

လင်းလင်းက ကမန်းကတန်း လှမ်းယူလိုက်ရသည်။

'တစ်ခါတည်းဝတ်လိုက်လေ ညီမလေးရဲ့'

ကိုကိုကြီး၏ အသံက အေးဆေး ငြိမ်သက်သည်။

ကိုဇော်က ကားကို ရူးခနဲ မောင်းထွက်ခဲ့လေသည်။

*　　*　　*

www.burmeseclassic.com

## ၅

'ကိုကိုကြီးက သနားစရာကောင်းပါတယ် သမီးရယ်၊ ငါးနှစ်သားလောက်က သူ့အမေ ကြွယ်ကြွယ် ဆုံးတယ်လေ၊ ကြွယ်ကြွယ်ကလဲ ဦးကျော်လိုပဲ သိပ်အေးဆေးတာ၊ ဒါကြောင့် ကိုကိုကြီးကလဲ အေးတာပေါ့၊ ဒီတုန်းက သူတို့ စီးပွားက သိပ်မဖြစ်ဘူး၊ ခင်ခင်နဲ့ရပြီးမှ စီးပွားက သိပ်တက်လာတာ၊ သိန်းကျောက် သန်းကျောက်တွေ ရတာကိုး၊ ခင်ခင်က ကြွယ်ကြွယ်နဲ့ ညီအစ်မ တစ်ဝမ်းပဲ ကွဲတယ်၊ ဆွေမျိုးတွေက သင့်တော်တယ်ဆိုပြီး ဦးကျော်နဲ့ စီစဉ်ပေးကြတာ၊ ကိုကိုကြီးကိုလည်း ချစ်ရှာပါတယ်၊ ဒါပေမဲ့ စီးပွားရေးဘက် စိတ်ထက်သန်လာတော့ လင်ကိုလဲ ဂရုမစိုက်နိုင်ဘူး၊ သားကိုလဲ ဂရုမစိုက်နိုင်ဘူး၊ ကိုကိုကြီးဟာ တစ်ယောက်တည်း ငေးငေးငိုင်ငိုင်နဲ့နေလာတာ၊ တစ်ခါ တစ်ခါ မေမေတို့က သနားလို့ ထမင်းခေါ်ခေါ် ကျွေးရတယ်'

ဖေဖေနှင့် မေမေက အိမ်ထောင်ကျကာစ စီးပွားကလည်း မဖြစ်ထွန်းသေး။ ကိုကိုကြီးတို့ မိသားစုနှင့် အိမ်ချင်းကပ် နေခဲ့ရသော်လည်း မေမေတို့က သာမန် အိမ်ငယ်လေးသာ ဖြစ်၏။ ဘိုးဘွားပိုင်မြေများမှာ



အခြေချ နေထိုင်ကြသည်မို့ တစ်ရွာလုံး ဆွေမျိုးစပ်၍ ရတော့၏။ လင်းလင်းတို့ သိတတ်ကာစအရွယ်မှာ ကိုကိုကြီးတို့ ယခုနေသည့် အိမ်ကြီးကို ဆောက်လုပ်ပြီးစီးသည့်အပြင် မိုးကုတ်မြို့ အောင်ချမ်းသာဘက်မှာ အိမ်တစ်လုံး ထပ်ဆောက်ခဲ့၏။ လင်းလင်းနှင့် ကိုတာတို့ သုံးတန်းတက်ရမည့်နှစ်မှာ ကိုကိုကြီးတို့ကော လင်းလင်းတို့ပါ မြို့ပေါ်ကိုပြောင်းလာခဲ့ကြတာ အမှတ်ရနေသည်။ ဖေဖေ အလုပ်အကိုင်အဆင်ပြေလာ၍ မြို့ပေါ်မှာ အခြေချနိုင်သည်ကို ဝမ်းသာခဲ့ရသော်လည်း ကိုတာတို့ မကြည်ဝင်းတို့နှင့် အတူ မကစားရတော့၍ ဝမ်းနည်းခဲ့ရသည်ကို သတိရသည်။ နောက်တော့လည်း မေ့လွယ်ပျောက်လွယ် ငယ်ရွယ်သူတို့၏ ဘာဝ ကစားဖော်သစ်များ ရ၍ သူတို့ကို မေ့သွားသည်။

ကံဆိုးချင်တော့ မေမေခင်သည် တစ်နှစ်တည်းမှာပင် လူလိမ်ခံရကာ အိမ်မှာလည်း ရေကြီးရာတွင်ပါပြီး ပျက်စီးခဲ့သည်။ ဘဘဦးကျော်ကလည်း စိတ်ဓာတ်ကျဆင်းသည်လား၊ တရားကျသည်လား မသိ ဘာမျှ မလုပ်တော့ဘဲ အုန်းကိုင်းတွင်သာ ခပ်အေးအေး ပြန်နေတော့၏။

'တွေးကြည့်မယ်ဆိုရင် ဦးကျော်တို့ ခင်ခင်တို့ကျေးဇူးတွေ မေမေတို့အပေါ်မှာ အများကြီးရှိပါတယ်၊ မေမေတို့ အိမ်ထောင်ကျစက အစစအရာရာ သူတို့ကိုပဲ အားကိုးနေရတာ၊ အခုလိုအချိန်မှာမှ သူတို့ဆန္ဒကို မဖျက်ပစ်ချင်ဘူးလေ၊ သမီး နားလည်စေချင်တာက မေမေတို့က စည်းစိမ်ဥစ္စာမက်လို့ သမီးကို သူတို့သားနဲ့ ပေးစားတာ မဟုတ်ဘူးဆိုတာပဲ'

'သမီး သိပါတယ် မေမေ'

'တစ်ခုတော့ရှိရဲ့၊ သမီးကို ကိုကိုကြီးနဲ့ စီစဉ်ရတာက ကိုကိုကြီးက သားအကြီးဆုံးလည်းဖြစ်ပြန်၊ ရိုးရိုးအေးအေးဆိုတော့ သူ့အမေ စိတ်ပူတယ်လေ၊ မအေရင်းကလည်း မရှိဘူး မဟုတ်လား၊ ခင်ခင်ကလည်း ကိုကိုကြီးကိုပဲ ဦးစားပေးချင်တယ်၊ ပြီးတော့'

www.burmeseclassic.com

www.burmeseclassic.com



'ပြီးတော့ ဘာဖြစ်လဲ မေမေ'

'မေမေကလည်း ကိုကိုကြီးကိုပဲသဘောကျတယ်'

လင်းလင်းက သက်ပြင်းလေးကို တိတ်တခိုးချမိ၏။

ယခင်က လေးလေးနက်နက် မထားခဲ့သောကိစ္စကို ယခုလို တွေတွေဆိုင်ဆိုင် စဉ်းစားလာရပြီဆိုတော့ ရင်ထဲမှာ လေးလံလာသလို ခံစားရ၏။ ကျောင်းမှာနေစဉ်ကာလအတွင်း မေမေ့ မှာစကားကို ခေါင်းထဲမှာ ထားကာ အသည်းနှလုံးကိစ္စကိုလည်း မေ့ထားခဲ့၏။ ယခုတော့လည်း စိတ်ထဲမှာ တွေဝေရပြန်သည်။ ငါဟာ တကယ်ပဲ လူကြီးတွေအကြိုက် လိုက်ပြီး နှလုံးသားရေးရာမှာ သတ္တိနည်းလွန်းနေပြီလား။ သို့သော် သေသေချာချာ စဉ်းစားတော့ သတ္တိရှိရအောင်ကလည်း သူ့မှာ ချစ်သူက မရှိ။ ဘာကြောင့် ချစ်သူမရှိခဲ့ရသလဲ။ မယူနိုင်မှာကို တွေးပြီး မချစ်ဘဲ နေခဲ့မိလေသလား။ ရင်ခုန်စရာလေး နည်းနည်းတော့ ရှိခဲ့ဖို့ကောင်းသည်။ ဘဲဥ ပြောသလို ချစ်ပြီးမှ အသည်းကွဲရင်လည်း ကွဲပေါ့။

'ဘာတွေ စဉ်းစားနေတာလဲသမီးရယ်'

မေမေသည် ခြေထောက်မသန်တော့သဖြင့် ကုလားထိုင်မြင့်မြင့်မှာ ထိုင်လေ့ရှိ၏။ ခြေထောက်တင်နိုင်ရန် ခုံနိမ့်လေးတစ်ခုကို အနားမှာချထားသည်။ အားလပ်သည့် အချိန်ဆိုလျှင် သည်နေရာမှာပင် မေမေ ထိုင်လေ့ရှိ၏။ ပြတင်းပေါက်နားမှာဖြစ်သဖြင့် ချမ်းသာကြီးဘုရားကို လှမ်း၍ ဖူးမြော်နိုင်သည်။ လင်းလင်းက ပြတင်းပေါက်တွင်ငေး၍ ရပ်နေရာမှ လှည့်ကြည့်၏။ မေမေ့ကို ပြုံးပြသော အပြုံးသည် ယခင်ကလောက် လန်းဆန်းခြင်း မရှိတော့သလိုပင်။

'သမီး မေမေ့စကားကို အမြဲတမ်း နားထောင်ခဲ့တာပဲ မေမေ ခုလည်း နားထောင်မှာပါပဲ'



'ဒါတော့ မေမေ သိပါတယ်လေ၊ မေမေက သမီးကိုလည်း စိတ်ချမ်းသာစေချင်လို့ပါ'

ဖေဖေဆုံးလျှင်တော့ သားအမိနှစ်ယောက် အလွမ်းသယ်နေပုံကို မည်သို့ပြောမည် မသိ။ လင်းလင်းက မေမေ့ခြေရင်းမှာ ထိုင်ချလိုက်သည်။

'သမီး စိတ်မချမ်းသာဘူးလို့ မေမေက ထင်လို့လား ဟင်'

လင်းလင်းက မေမေ့ဒူးပေါ်မှာ မျက်နှာအပ်၍ မေးသည်။

သမီးကြည့်ရတာ တစ်မျိုးပဲလေ၊ တစ်ခုခုကို တွေးနေသလိုပဲ'

သမီးအရိပ်အကဲကို အမြဲကြည့်နေတဲ့ မေမေ သည်လောက်တော့ သိမည်ပင်။

'သမီးတို့ကိစ္စက သိပ်ပြီး အရင်မလိုသေးဘူး မဟုတ်လား မေမေ ရယ်'

မေမေက လင်းလင်း၏ ခေါင်းလေးကို ပွတ်သပ်ပေး၏။ ထိုအခါ မေမေ့ရင်ခွင်မှာအိပ်စက်ခဲ့ရသော ကလေးဘဝကို သတိရမိသည်။ မေမေ သည် သိမ်မွေ့သော အိမ်ရှင်မတစ်ယောက်ဖြစ်သလို ညင်သာနူးညံ့သော မိခင်တစ်ယောက်လည်း ဖြစ်ခဲ့၏။ လင်းလင်း၏ ဘဝတစ်သက်တာတွင် မေမေက အပြင်းအထန် ရိုက်နှက်ဆုံးမသည်ကို မခံရဘူးခဲ့။ မေမေက အပျော့ဆွဲသမားဟု ဖေဖေက ပြော၏။ သို့သော် မေမေသည် ထိုသို့သော နည်းဖြင့်ပင် လင်နှင့် သမီးအပေါ် ဩဇာတည်ဆဲ ဖြစ်လေသည်။

'မေမေကလဲ သမီးကို ဘယ်ခွဲထုတ်ချင်ပါ့မလဲ၊ ဒါပေမဲ့လဲ အိမ်ထောင်ရေးဆိုတာ ခက်တယ် သမီး၊ အချိန်ကြာသွားရင် မမျှော်လင့်ဘဲ ပြောင်းလဲသွားတတ်တယ်'

'မေမေက သမီး စိတ်ပြောင်းသွားမှာ စိုးလို့လား ဟင်'

လင်းလင်းက ခေါင်းလေးမော့ကာ မေးမိ၏။

'လောကဓံတရားကို ပြောတာပါကွယ်၊ ဘာမဆို ဖြစ်နိုင်တယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



မေမေက စကားပြော လိုမှာ၏။

'သမီး တစ်ခုပဲစိုးရိမ်တယ် မေမေ'

လင်းလင်း၏ မျက်နှာသည် ပန်းနုရောင် သန်းလာသည်။

'ဘာများလဲ သမီးရယ်'

လင်းလင်းက မေမေ့ဒူးကြားမှာ မျက်နှာကို ဝှက်လိုက်၏။

'ကိုကိုကြီးက လင်းလင်းကို ချစ်လို့လားဟင်'

လင်းလင်း၏ အသံလေးက တုန်ယင်နေသည်။

မေမေက လင်းလင်း၏ ပခုံးလေးကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်မိလေသည်။

\+ \+ \+

ယခုမှ ဘာကြောင့် အချစ်အကြောင်းကို တတွေးထဲ တွေးမိနေရသလဲ။ ကျောင်းမှာနေစဉ်က လင်းလင်းကို စိတ်ဝင်စားသူတွေ များစွာရှိခဲ့ပါရဲ့။ လင်းလင်းကတော့ ဝါသနာပါရာ အားကစားမှာ မြုပ်နှံနိုင်ခဲ့သဖြင့် အများတကာလို အသည်းကွဲဇာတ်လမ်းတွေ မခင်းဖြစ်ခဲ့ပေ။

ဘဲဥတို့အတွဲ မကြာခဏ ရန်ဖြစ်ကြတာ၊ စိတ်ကောက်ကြတာ၊ ပြီးလျှင် သူ့ရည်းစားက ပြန်ချော့၍ တပြုံးပြုံး ကြည်နူးနေတတ်တာကိုလည်း အားကျရကောင်းမှန်း မသိခဲ့။ မလေးကိုလိုက်နေသော သမိုင်းအဓိကမှ ကိုစိုးကျော်ကြီးက လင်းလင်းတို့ အပေါင်းအသင်းတစ်စုကို မကြာခဏ မုန့်ခေါ်ခေါ်ကျွေးသည်ကို လိုက်စားပြီး သူတို့ကို စနောက်ရသည်ကိုလည်း စိတ်အားထက်သန်ခြင်း သိပ်မရှိ။ နောက်ဆုံးနှစ်မှာ သူတို့ ပြေလည်သွားကြတော့ တကယ်ချစ်သွားသည်ကို မယုံသလိုဖြစ်ကာ အံ့အားသင့်မိသေး၏။ သည်လိုပဲ နောက်နောက်ပြောင်ပြောင်နှင့် ပြီးသွားလိမ့်မည်ဟု သူ ထင်နေ



ခဲ့၏။ ဝေါက်တေးမကတော့ ပျော်တတ်ရွှင်တတ်၍ ယောကျ်ားလေးမိတ်ဆွေပေါသော်လည်း ရည်းစားမရှိ။ သို့သော် သူကလည်း သူ့ချစ်ရေးဆိုခြင်း မရှိသေးသော သူတို့မြို့မှ သူငယ်ချင်းတစ်ယောက်ကို စိတ်ဝင်စားနေသည်။ လသာသောညများတွင်ဝရန်တာတွင်ထွက်ကာ ခေးနေတတ်သည်။ စာမကျက်နိုင်၍ နှစ်ဝက်စာမေးပွဲတွင် တစ်ဘာသာကျလိုက်သေးသည်။

လင်းလင်းကတော့ သူခင်မင်သမျှ ယောကျ်ားလေးများတွင် ကိုခင်မောင်ဦး တစ်ယောက်ကိုသာ အထင်ကြီး၏။ ဤသည်မှာလည်း ဘတ်စကက်ဘောကစားရာတွင် တော်ပြီး တက္ကသိုလ်လက်ရွေးစင် နည်းပြဆရာတစ်ယောက် ဖြစ်နေသောကြောင့်ပင်။ သို့တိုင် ဖွဲ့ဖွဲ့နွဲ့နွဲ့နှင့် သူ့ကို ချစ်ရေးဆိုတော့ လေးစားကြည်ညိုသည့်စိတ် နည်းနည်းလျော့ပါးသွားလေသည်။

သူငယ်ချင်းများက ကိုခင်မောင်ဦးနှင့် သူ့ကို ကျွမ်းဝင်ချင်ကြသည်။ ကိုခင်မောင်ဦး၏ မိဘများက လူချမ်းသာများမဟုတ်သော်လည်း အရာရှိအရာခံများဖြစ်၍ ရည်ရည်မွန်မွန်ရှိသည်။ တစ်ခါက ကိုခင်မောင်ဦးက ဖိတ်သဖြင့် သူငယ်ချင်းများနှင့်အတူ သွားလည်ဖူးသည်။ သူ့မိဘများကပါ လိုလိုလားလား ဆက်ဆံကြတော့ ကြည်နူးသလိုလိုတော့ ဖြစ်မိသား။ နောက် ကိုခင်မောင်ဦးနှင့်အတူတူ ရုပ်ရှင်ကြည့်ဖူး၏။ သူတို့အသင်းက ဘတ်စကက်ဘောနိုင်သဖြင့် ကိုခင်မောင်ဦးက အမှတ်တရခေါ်ခြင်းဖြစ်၍ လိုက်သွားမိလေသည်။ သူငယ်ချင်းများက မအားလို့ဟု အကြောင်းပြသည်ကို တကယ်ပင်ထင်ခဲ့မိ၏။

ရုပ်ရှင်တစ်ဝက်လောက်မှာ ကိုခင်မောင်ဦးက သူ့လက်များကို ဖမ်းဆုပ်ထားတော့ အံ့ဩလှသည်နှင့်အမျှ ဒေါသလည်းဖြစ်မိလေသည်။ ရုပ်ရှင်ကထွက်လာပြီး မူလစီစဉ်ထားသည့်အတိုင်း ထမင်းလည်း စားဖြစ်ကြတော့။ ကျောင်းမတက်ဘဲ ကိုခင်မောင်ဦးကို တစ်ပတ်ခန့် ရှောင်နေခဲ့

www.burmeseclassic.com

www.burmeseclassic.com



မိသည်။ အဆောင်ကို ညနေတိုင်းလာပြီး ပြန်သွားသည်ကို ဘဲဥက သနားလှချည်ရဲ့ဟုဆိုကာ ဆင်းဆင်းတွေ့သည်။ ကျောင်းမှာ ပြန်တွေ့တော့လည်း စကားမပြောမိ။ နောက်တော့လည်း မိတ်ဆွေမပျက် ဆက်ဆံသည့် အခွင့်အရေးကိုပေးကာ ခင်ခင်မင်မင် နေခဲ့သည်။ နှစ်ယောက်တည်း ဘယ်ကိုမှ မသွားတော့။

ရန်ကုန်ဘူတာမှာ ကြေကွဲသော အမူအရာဖြင့် ငေးမောရပ်ကြည့်ကာ ကျန်ခဲ့သော ကိုခင်မောင်ဦး၏ မျက်နှာကို ယခုမှ ပြန်၍ မြင်ယောင်နေသည်။ အချစ်ကို ပြက်ရယ်ပြုခဲ့သည်မှာ သူ မှားလေပြီလား။

တစ်ကိုယ်လုံး မြုပ်နေအောင် ခြုံထားသော ဂွမ်းကပ်များကြားတွင် အိပ်မပျော်နိုင်သေးဘဲ အတွေးများ ယောက်ယက်ခတ်နေလေသည်။ သည်တစ်ခါ အိမ်ပြန်ရောက်မှ မေမေ့ရင်ခွင်တွင်လည်း မအိပ်ရတော့ပေ။ လှုပ်ရှားနေသော စိတ်ကို ငြိမ်သက်အောင်ကြိုးစားကာမျက်စိများကို မှိတ်ထားလိုက်ရသည်။ မကြာမီမှာပင် အပြစ်ကင်းသော ကလေးငယ်တစ်ယောက်လို အိပ်ပျော်၍ သွားလေတော့သည်။

* * *

# ၆

'ဟင်၊ ခင်ပါလား၊ လာလေ ကားသံမကြား ဘာမကြားနဲ့၊ ဘယ်ကလှည့်လာတာလဲ'

မေမေ့အသံကိုကြားသဖြင့် အိပ်ရာထဲမှ လူးလဲထလိုက်ရသည်။ နေမြင့်အောင် အိပ်မိသည်ကို လူသိမှာ ရှက်နေမိ၏။ ကမန်းကတန်းပြေး၍ မျက်နှာသစ်ရသည်။ အိမ်ရှေ့ထွက်မည်ပြုပြီးမှ ညကဝတ်အိပ်သော ရှပ်အင်္ကျီ ပွပွအောက်မှာ ဘာမှမရှိသည်ကို သတိရကာ အင်္ကျီပြေးလဲရ၏။ ဆံပင်ကိုတော့ ဘီးကျဲဖြင့် နှစ်ချက်လောက် သပ်ချလိုက်သည်။

မေမေနှင့် မေမေခင်တို့၏ ပြောလက်စ စကားတန်းလန်းကို ကြားရသည်။

'ဒါကြောင့်ပြောတာပေါ့ မမရဲ့၊ သူလုပ်ချင်တဲ့အလုပ်မျိုးက ဘယ်လုပ်လို့ ဖြစ်တော့မလဲ၊ ဒီအတွက် စိတ်ညစ်နေမယ့်အစား တစ်ခုခု စောက်ချ လုပ်စေချင်တယ်လေ၊ ဒီကားကလည်း သိပ်မကောင်းတော့တဲ့ အတူတူ ရောင်းပစ်ချင်တယ်၊ ကိုယ်လည်း ပစ္စည်းဖိုးမှ မတတ်နိုင်တော့၊ ဟုတ်ဘူးလား၊ ဒတ်ဆန်းတစ်စီး ဝယ်ပြီးပြေးရင် ငွေလည်းရ စိတ်လည်း မလေဘူးပေါ့'

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ပတ်သက်သည့်အကြောင်း မဟုတ်သဖြင့် စိတ်သက်သာရာ ရသွားသည်။

'ယော သမီးတောင်နိုးလာပြီ၊ သမီး မေမေခင်ဖို့ပါ ကော်ဖီတစ်ခွက် မုန့်နဲ့ယူခဲ့ပါ'

မေမေခင်က လင်းလင်းကို ပြုံးပြနှုတ်ဆက်သည်။ အိမ်ကိုဘာလို့ မလာတာလဲဟု လှမ်းမေး၏။

'လာမလို့ဘဲ မေမေခင်ရဲ့၊ ကိုဇော်ကားလည်း မကြုံလို့ အိမ်ကကားလည်း ဖေဖေပစ်ထားလို့ နှိုးလို့မရဘူး၊ လင်းလင်း ကော်ဖီသွားဖျော်လိုက်ဦးမယ်၊ မေမေလုပ်တာနဲ့ လင်း အအိပ်ကြီးတာ မေမေခင် သိသွားပြီ'

လင်းလင်းက နောက်ဖေးကို ပြေးဝင်ခဲ့သည်။ 'အဲဒါပဲကြည့်တော့ ခင်ရေ၊ ကလေးစိတ်က မကုန်သေးဘူး'ဟူသော မေမေ့ အသံကို ကြားလိုက်ရ၏။ ကော်ဖီနှစ်ခွက်ကို အကောင်းဆုံးဖျော်ကာ ပြန်ထွက်ခဲ့သည်။

'အားနာရမယ့်သူတွေမှ မဟုတ်တာ ခင်ရယ်၊ အတိုးစကားတွေ ဘာတွေ ပြောမနေပါနဲ့၊ လိုသလောက်ယူပါ၊ မမကလည်း ကိုဇော့်ကို အတည်တကျ အလုပ် လုပ်စေချင်ပါတယ်'

မေမေခင်က မေမေ့ထက် အသက်နည်းနည်းပိုကြီးသည်။ သို့သော် မေမေခင်က ဝတ်တတ် စားတတ်သဖြင့် ပို၍ နုပုံရ၏။ ယခုလည်း လင်းလင်း ဝယ်လာခဲ့သော အင်ဒိုနီးရှားပါတိတ်ကို အရောင်တူ ဖော့ရှုန်အင်္ကျီနှင့် လိုက်ဖက်အောင် ဝတ်ဆင်ထားသည်။ ကိုကိုကြီးက မေမေခင်ဟု ခေါ်ရာမှ အစပြု၍ ကိုဇော်တို့ လင်းလင်းတို့ကပါ မေမေခင်ဟု နှုတ်ကျိုးခဲ့ကြခြင်း ဖြစ်သည်။ လင်းလင်းက မေမေခင်ရှေ့သို့ စားပွဲဝိုင်းလေးတစ်ခု ရွှေ့ကာ ကော်ဖီဇန်းကို ချပေးလိုက်၏။

'မေမေကော သောက်ပြီးပြီလားဟင်'

'ပြီးပါပြီ သမီးရယ်'



'မမက သမီးကလေးတစ်ယောက်ရထားတာ ကံကောင်းပါတယ်ကွယ်၊ ခင်တော့ သားယောကျ်ားတွေချည်း မွေးထားပြီး အစစအရာရာ စိတ်ပူနေရတယ်၊ ကိုကိုကြီးကတော့ အေးပါတယ်လေ၊ ခုလည်း သူ့ခြံအလုပ်ကို စူးစူးစိုက်စိုက်လုပ်နေတာ အတော်ဖြစ်ပါတယ်'

မေမေခင်က လင်းလင်းကိုကြည့်ကာ ပြောလိုက်၏။ လင်းလင်းက ခေါင်းငုံ့ထားသည်။

'သမီးက ကျောင်းက ပြန်ရောက်လာမှ မအေကို ချွဲနေတယ် ခင်ရဲ့၊ တကယ်တမ်းကျတော့ မမကလည်း သမီးကို မခွဲနိုင်သေးဘူး'

မေမေ မည်သည့်အဓိပ္ပာယ်နှင့် ပြောသည်တော့ မသိ၊ မေမေခင်က ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။

'ဟုတ်တာပေါ့လေ၊ ခင်တောင်မှ ကိုကိုကြီးကို ဝမ်းနဲ့ လွယ်မမွေးရပေမယ့် သံယောဇဉ် အရှိဆုံးပါပဲ၊ ကိုကိုကြီးအတွက်လည်း တစ်ခါမှ မပူရဘူး။ ဒါကြောင့် သူ့ကို မြန်မြန်အခြေတကျ ဖြစ်စေချင်တာ၊ သူ့အသက်လည်း မငယ်တော့ဘူးလေ'

မေမေခင်ကလည်း သူ့ဆန္ဒကို သွယ်ဝိုက်၍ ပြော၏။

'မမကလည်း ကိုကိုကြီးကို ငယ်ငယ်ကတည်းက ပြုစုခဲ့ရလို့ သံယောဇဉ် မကင်းပါဘူး၊ ခု ကိုကိုကြီးအသက် ဘယ်လောက်ရှိပြီလဲ'

'အင်း သုံးဆယ်ကျော်ပြီ ထင်ပါရဲ့၊ ခင်လည်း ကောင်းကောင်း မသိဘူး၊ ကြွယ်ကြွယ်ဆုံးတော့ သူခြောက်နှစ်ရှိပြီလေ၊ အင်း ကြွယ်ကြွယ်ဟာ သူ့သားလေးကို အတော်ချစ်ရှာတာ၊ ညီမတွေထဲမှာလည်း ကြွယ်ကြွယ်က ခင့်ကို အချစ်ဆုံး၊ လူ့ဘဝများ ဆန်းကျယ်တယ်နော်၊ အစ်ကိုကြီး ကိုကျော်နဲ့ ယူရလိမ့်မယ်လို့ ဘယ်ထင်ခဲ့လိမ့်မလဲ၊ ဒါကြောင့် ဘဝသက်တမ်း မဆုံးခင် လုပ်စရာရှိတာလေးတွေ၊ လုပ်နေရတာ မမရေ၊ ခင်တို့ အသက်တွေလည်း မငယ်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



မေမေခင်က စကားကို အခက်အလက်နှင့် ပြောနေခြင်းဖြစ်၍ မေမေကတော့ တိတ်ဆိတ်ငြိမ်သက်နေသည်။ လင်းလင်းရင်ထဲမှ ခံစားမှုကို မေမေရိပ်စားမိ၍ ကိုကိုကြီးနှင့် လင်းလင်းတို့ကိစ္စကို နှုတ်နှေးနေပြီလားဟု လင်းလင်း တွေးမိသည်။ သူရှိနေသည့်အတွက် လူကြီးတွေ စကားပြောခက်မည်စိုး၍ လင်းလင်း ထလာခဲ့သည်။

အိမ်ပြန်ရောက်သည့်နေ့မှစ၍ မေမေပြုခိုင်းသော နေ့စဉ် ဝတ္တရားအဖြစ် ဘုရားပန်းအိုးများကို ရေလဲသည်။ ကြက်လည်ဆံပန်းပွင့် ဝါဝါကြီးများသည် လန်းလန်းစွင့်စွင့် လှပနေဆဲဖြစ်သည်။ အေးသောရာသီဉတုကြောင့် ပန်းများသည် တော်တော်နှင့် နွမ်းလေ့မရှိ။ ပန်းကြိုက်သော သူငယ်ချင်းများကို သတိရမိသည်။ တစ်ဆက်တည်းမှာပင် သူငယ်ချင်းများဆီ စာရေးရန် သတိရ၏။ လင်းလင်း မကြာခင် လက်ထပ်တော့မည်လား။ သူတို့ သိချင်ကြပေမည်။ သည်အတိုင်းဆိုလျှင်တော့ သမီး အရိပ်အကဲကို အစဉ်ကြည့်နေတတ်သော မေမေတစ်ယောက် လင်းလင်းတို့ကိစ္စကို အလျင်စလို စီမံဦးမည် မထင်ချေ။

'ဟော့ လင်းလင်း၊ အံမာ ဘုရားပန်းတွေ ဘာတွေလဲလို့၊ ခုမှ မိန်းမ ပီသနေလိုက်တာ၊ လင်းလင်းပုံနဲ့ ခုလိုလုပ်နေတာ ကြည့်မကောင်းပါဘူး'

'ဟင် ကိုဇော်၊ ဘုရားပန်းလဲတာပဲ ဘယ်လိုပုံနဲ့ လဲရမှာလဲ၊ ဘီးဆံထုံးလေး ထုံး ပဝါလေးချပြီး လဲရမှာလား၊ ပြောစမ်း၊ ကြည့်ပါဦး'

'အေး ဒါမှ သတို့သမီးကလေးနဲ့ တူမှာပေါ့'

လင်းလင်းက ကိုဇော့် ကျောပြင်ကို လှမ်းထုလိုက်သည်။

ကိုဇော်က တဟားဟားရယ်ရင်း ဧည့်ခန်းသို့ လျှောက်သွား၏။ မေမေနှင့် မေမေခင်သည် သူတို့ဆွေးနွေးပွဲကို ရပ်လိုက်သည်။

'ကိုဇော့်ဖို့လည်း ကော်ဖီတစ်ခွက် ဖျော်ခဲ့ပါ သမီးရေ'



'နေပါစေကြီးကြီး၊ ကျွန်တော် ကော်ဖီမသောက်တတ်ဘူး'

'ကိုဇော်က ကော်ဖီကြိုက်တာ မဟုတ်ဘူး မေမေရဲ့'

လင်းလင်းကို ကိုဇော်က လှမ်း၍ အံကြိတ်ပြသည်။

'ဟုတ်သားပဲ သားကလဲ သားပဲ၊ ကိုယ့်ထက် အငယ်တွေက ပြောစရာဖြစ်နေပြီ'

မေမေခင်က ကိုဇော့်ကို ပြုံး၍ကြည့်ရင်းပင် ပြောသည်။

'သူက အငယ်မဟုတ်ဘူး မေမေခင်ရဲ့၊ ဝါကြီးတယ်လေ၊ ဒါကြောင့် ကျွန်တော့်ကို ဆုံးမနေတာပေါ့'

'ကိုဇော်နော်'

လူကြီးနှစ်ယောက်က သဘောကျစွာ ရယ်မောကြသည်။ လင်းလင်းက လူကြီးတွေရှေ့မှာမို့ ရှက်သွေးမွှန်ကာ ကိုဇော့်ကို မကျေမချမ်းသော အမူအရာဖြင့် လက်သီးဆုပ်ပြလိုက်မိ၏။

'ကဲ စကားပြောလို့တော့ ကောင်းပါရဲ့၊ သွားမယ် မမရေ၊ သားက ဝင်ကြိုတာလေ၊ လင်းလင်းလဲ လာခဲ့ဦး၊ ကိုတာက ကစားချင်လို့ မျှော်နေတယ်၊ မမလဲ လာခဲ့ပါဦး၊ အစ်ကိုကြီးနဲ့လဲ တွေ့ရအောင်၊ ကိုဇော့်ကားနဲ့ လိုက်လာရင် ရတာပဲ'

'အင်း လာခဲ့ဦးမယ်'

'ကဲ သွားမယ် လင်းလင်းရေ'

'ဟုတ်ကဲ့ မေမေခင်၊ လင်း လာခဲ့ပါ့မယ်၊ ကိုဇော့်ကားနဲ့တော့ မလာဘူး၊ လင်း ဘာသာ ခြေလျင်လျှောက်လာခဲ့မယ်'

မေမေခင်က ကိုဇော့်ပခုံးကိုဖက်ကာ တံခါးဝသို့ လျှောက်လာ၏။

'ကောင်းတာပေါ့၊ သတိထား၊ ချောင်းထဲ လိမ့်ကျနေဦးမယ်၊ ဒါနဲ့ တို့တော့ ကော်ဖီမတိုက်နဲ့နော်၊ ရေခဲမုန့်ပဲကျွေး သိလား'

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်က လင်းလင်း၏ ခေါင်းကို လှမ်းပုတ်ကာပြောပြီး သားအမိနှစ်ယောက် ဆင်းသွားကြသည်။ လင်းလင်းက နှုတ်ခမ်းစူပြီး ကျန်ရစ်၏။

\+ \+ \+

'ခင်က သူတို့လက်ရှိ လင့်ရှိဗာကိုရောင်းပြီး ဒတ်ဆန်း ငါးချိတ်တစ်စင်း ဝယ်ချင်လို့တဲ့၊ ကိုဇော့်ကို မိုးကုတ် မန္တလေး ပြေးခိုင်းမလို့တဲ့လေ'

'အင်း ကောင်းသားပဲ'

မေမေက သိုးမွေးအပ်နှစ်ချောင်းဖြင့် ခြုံထည်တစ်ခုကို စိတ်ရှည်လက်ရှည် ထိုးနေ၏။ ဖေဖေက သည်နေ့ မိုးအေးလှသဖြင့် အပြင်မထွက်ဘဲ ပက်လက်ကုလားထိုင်တွင် ထိုင်ကာ သတင်းစာဖတ်နေသည်။ လက်တစ်ဖက်က အငွေ့သေနေသော ဆေးတံကို ကိုင်ထား၏။ မေမေ တစ်ခုခုကို တတွတ်တွတ် ပြောနေတတ်သည့်အခါ ဖေဖေက စိတ်မဝင်စားလျှင် ဤသို့ပင် ကောင်းသားပဲ၊ ဟုတ်တာပေါ့၊ အင်း အင်း၊ ဟူသော စကားများကိုသာ ရေလဲသုံးကာ အလိုက်သင့် ရေရွတ်နေတတ်သည်။ လူကတော့ သတင်းစာ မဂ္ဂဇင်း အဖတ်မပျက်။ မေမေကလည်း အရှိန်မပျက် ပြောနေတတ်၏။ ပြီးမှ သတိရ၍ ဖေဖေ့ကို ကြည့်လိုက်လျှင် သူ့စကားကို နားထောင်မနေမှန်း ရိပ်မိကာ ရန်တွေ့တော့သည်။ လင်းလင်းကတော့ မေမေ သိုးမွေးထိုးနေသည်ကို ခုသေအချာ စိုက်ကြည့်ရင်း တော်တော်လက်ဝင်တဲ့ အလုပ်ပဲဟု တွေးနေမိလေသည်။

'ကားကလည်း သိပ်မကောင်း၊ ကိုယ်မလိုချင်လို့ ရောင်းရတာဆိုတော့ ဘယ် ဈေးခေါ်လို့ ကောင်းမလဲလေ'

'အေးပေါ့'

'ဒတ်ဆန်းကလည်း ကိုယ်လိုချင်လို့ ဝယ်မှာဆိုတော့ ကြိုက်ဈေးပေးမှရမယ်'



'ဒါပေါ့'

'ဒီတော့ ရောင်းရငွေနဲ့ ပြန်ဝယ်မှာနဲ့ဆို ငွေက လိုမယ်လေ'

'အင်း'

'သူက တိုင်ပင်တဲ့အနေနဲ့ ပြောတာဆိုတော့ မမကလဲ ပြောလိုက်ပါတယ်၊ ငွေလိုရင် ယူပါလို့၊ အတိုးတွေဘာတွေလည်း ပေးစရာမလိုပါဘူးလို့'

ဖေဖေက ဘာမျှ ပြန်မပြော။

မေမေက ဖေဖေ့ကို မသကာသဖြင့် မော့ကြည့်တော့သည်။ လင်းလင်းသည် မေမေတို့ စကားများတော့မည်ကိုသိကာ တခစ်ခစ် ရယ်မောမိ၏။

'ဟင် ဘာတုန်း၊ အေး ကောင်းသားပဲ'

'တော်ပြီ တော်ပြီ၊ ကိုဟာလေ မမပြောတဲ့ စကားဆို ဘာမှ စိတ်မဝင်စားဘူး၊ အပြင်သွားရရင် သွားရ၊ မသွားရရင်လဲ စာတစ်အုပ်နဲ့ ငြိမ်နေတာပဲ၊ ဒီက သေသေချာချာ ပြောနေတာကို နားလည်း မထောင်ဘူး'

ဖေဖေက သတင်းစာကို စားပွဲပေါ်သို့ လှမ်းတင်လိုက်သည်။ မျက်မှန်ကိုချွတ်ပြီး လက်တစ်ဖက်က ဆေးတံကို ခါလိုက်သည်။ လင်းလင်းက မီးခြစ်ကို အလိုက်သင့်ယူပေး၏။

'အားလုံးကြားပါတယ် မမရယ်၊ ခင်ခင်က လင့်ရှိဗာရောင်းပြီး ဒတ်ဆန်းဝယ်မယ်၊ ကိုဇော့်ကို ဆွဲခိုင်းမယ်၊ ငွေနည်းနည်းလိုမယ်၊ မမက ချေးမယ်၊ အတိုးမယူဘူး၊ ယူလို့လည်း ဘယ်ဖြစ်မလဲ၊ တော်ကြာ ခမည်းခမက် တော်တော့မယ့်ဟာကို၊ သမီးတောင် ပေးလိုက်ရဦးမယ့်ဟာ'

ဖေဖေက ဆေးတံကို မီးညှိပြီး ပြန်ပြောလေသည်။

'အို ဒီသဘောမျိုး မဟုတ်ပါဘူး ကိုရဲ့၊ မမက စေတနာနဲ့ ကူညီတာပါ၊ သမီးလေးကို ဒီလို ပေးကမ်းပြီးမှ လင်ပေးစားရမှာ မဟုတ်ပါဘူး၊ မမက သူတို့ကိုညှာလို့သာ ပေးစားရမှာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်ကွာ၊ ငါကလည်း မင်း သမီးကို တန်ဖိုးမဖြတ်ပါဘူး၊ သဘောကို ပြောတာပါ၊ မဟုတ်ဘူးလား သမီးရယ်'

'ဟုတ်တာပေါ့ ဖေဖေ'

လင်းလင်းက ပြုံးပြီး ခေါင်းကိုပါ ညိတ်ပြ၏။

'အမယ် သားအဖက အတိုင်အဖောက် ညီနေလိုက်တာ'

'သမီးက သူ့မေမေစကား ပိုနားထောင်တာပါကွာ၊ မယုံရင် ခု ကိုကိုကြီးကို မယူပါနဲ့တော့ သမီးရယ်လို့ ပြောကြည့်ပါလား၊ ယူမှာ မဟုတ်တော့ဘူး'

'ဖေဖေက သမီးကို မူမရှိဘူးလို့ ဆိုလိုတာပေါ့လေ'

ဖေဖေက တဟဲဟဲရယ်နေ၏။ လင်းလင်း နှုတ်ခမ်းစူရပြန်ချေပြီ။

'ပညာရှိ သားအဖရယ် စကားနိုင်လုမနေပါနဲ့၊ သမီးကလဲဒီလို မဟုတ်ရှာပါဘူး၊ ခုတောင် သမီးတို့ ကိစ္စကို ဖြည်းဖြည်းစီစဉ်ဖို့ ခင့်ကို ပြောရသေးဘယ်'

'ဟော ဘာဖြစ်လို့'

မေမေက လင်းလင်းကို ကြည့်နေသည်။ သူတို့နှစ်ယောက်သာ နားလည်သောအကြည့် ဖြစ်၏။ ဖေဖေက ဆေးတံကို ပါးစပ်မှ ချွတ်လိုက်ကာ အံ့အားသင့်ဟန်ဖြင့် မေးသည်။

'ဘာမှမဖြစ်ပါဘူး၊ ဖြည်းဖြည်းစီစဉ်လဲ ဖြစ်တာပဲ'

'နို့ မင်းပဲ သမီးကို အရေးတကြီး ပြန်ခေါ်ပြီးတော့'

'ပြန်ခေါ်လည်း ဘာဖြစ်လည်း ကိုရဲ့၊ သမီးနဲ့အတူတူ ကြာကြာ နေရတာပေါ့'

'ကြာကြာနေချင်လဲ ဘာလို့ လင်ပေးစားသေးလဲကွာ၊ မမကလဲ တစ်မျိုးပါပဲ'

'ကို မသိပါဘူးရှင်'



မိန်းမချင်းသာနားလည်သော ကိစ္စပေတကား။

အိမ်တံခါးများကို စုံစေ့အောင်ပိတ်ထားသည့်တိုင် စိမ့်အေးသော အငွေ့အသက်က ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။ လင်းလင်းက မိုးတိတ်သွားမည့်အချိန်ကို စောင့်ဆိုင်း၍ နေမိသည်။ မိုးရွာပြီးစအချိန်တွင် တောင်တန်းတွေတစ်လျှောက် မြူခိုးများဆိုင်းနေသည်မှာ ကြည့်၍ ကောင်းလှသည်။ ဖေဖေသည်လည်း မိုးတိတ်ချိန်ကို စောင့်ဆိုင်းလျက်ရှိ၏။ ဖေဖေက ညနေရောက်လျှင် အပြင်မထွက်ဘဲ မနေနိုင်။ သူ့အပေါင်းအသင်းများနှင့် အစဉ်တွေ့ဆုံကာ အလုပ်အကိုင်အကြောင်း တိုင်ပင်ဆွေးနွေးရင်း သောက်လေ့ စားလေ့ ရှိသည်။ တစ်ခါတစ်ရံ ဝေါက်သွားရိုက်သည်။ တစ်ခါတစ်ရံတော့ ဖေဖေသည် မန္တလေးသို့ဆင်းကာ အရောင်းအဝယ် လုပ်၏။ ဖေဖေက ကုန်သည်ပွဲစားတစ်ယောက်သာ ဖြစ်သည်။ သို့သော် ဖေဖေက ရိုးသားသည်။ ထိုရိုးဂုဏ်ဖြင့် လူတွေက ဖေဖေ့ကို ယုံယုံကြည်ကြည် ဆက်ဆံကြခြင်း ဖြစ်၏။

မိုးစဲစ ပြုပေပြီ။ မေမေသည် သူ့ သိုးမွေးခြုံထည်ကို လက်စသတ် လိုက်သည်။ ဖေဖေက အိမ်ပြင်ထွက်ရန် အပေါ်အင်္ကျီကို ထပ်ဝတ်၏။

ပြတင်းတံခါးကို ဖွင့်လိုက်သောအခါ အလင်းရောင်ပျပျသည် တစ်အိမ်လုံးကို ပျံ့နှံ့သွား၏။ မိုးသားတို့ကင်းစင်၍ ကောင်းကင်ပြင်သည် ပြာလဲ့လဲ့ဖြစ်နေသည်။ မြူခိုးများသည် ရေစက် ရေမှုန်လေးများသဖွယ် တောင်တန်းကျင်တစ်ခွင်လုံး လွှမ်းခြုံရွေ့လျားနေ၏။

ဖေဖေက အပြင်သို့ ထွက်သွားသည်။

'သမီးတို့ကိစ္စကို တကယ်ပဲရွှေ့ဆိုင်းလိုက်ပြီလား မေမေ'

လင်းလင်းက မေမေ၏ မပြီးသေးသော ခြုံထည်အပိုင်းလေးကို ဆက်ဖဝါးပေါ်မှာ ဖြန့်ကြည့်ရင်း တိုးတိုးမေးမိသည်။

မေမေက လင်းလင်းကို ကရုဏာသက်စွာ စိုက်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



'အတိအလင်း ရွှေဆိုင်းတယ်လို့တော့ မဟုတ်ပါဘူး သမီးရယ်၊ အရေးတကြီး မလုပ်သေးတဲ့ သဘောပါ'

'ဘာဖြစ်လို့လည်း မေမေ၊ သမီးကြောင့်လား'

မေမေက လင်းလင်း၏ ပခုံးလေးကို အားပြု၍ မတ်တတ်ရပ်လိုက်သည်။ ပြတင်းပေါက်အပြင်သို့ ငေးမျှော်ကြည့်လိုက်၏။

'မိန်းမတိုင်းဟာ အချစ်ခံချင်ကြတယ်၊ ကိုယ့်ချစ်သူက ဂရုတစိုက်ပြုစု ယုယတာကို ခံချင်ကြတယ်၊ ဒါကို မေမေ နားလည်ပါတယ်၊ မေမေဟာ သမီးဖေဖေကို လူကြီးတွေပေးစားလို့ ယူခဲ့တာပဲ၊ မေမေ့မိဘများကလည်း သူ့ကို ချမ်းသာလို့ ပေးစားကြတာမဟုတ်ဘူး၊ ရိုးလို့ အလုပ်ကြိုးစားလို့၊ ဒါပေမဲ့ အစမှာတော့ မေမေ စိတ်ဆင်းရဲခဲ့ရတယ်'

'ဘာဖြစ်လို့လဲ မေမေ'

မေမေက အပြင်သို့ ငေးမောနေ၏။

'မေမေ့မှာ ချစ်သူရှိလို့ပေါ့ကွယ်'

'ဟင်'

'ဟုတ်တယ်သမီး၊ ဒါပေမဲ့ မကြာခင်မှာဘဲ မေမေ ဆုံးဖြတ်တာ မှန်တယ်လို့ ယုံကြည်လာတယ်၊ ဖေဖေက မေမေ့အပေါ် မှန်မှန်နဲ့ သစ္စာရှိရှိ ကြင်ကြင်နာနာနေခဲ့တာ သမီးအသိပါပဲကွယ်၊ ဒါပေမဲ့ မေမေက ဒီလိုလုပ်ခဲ့လို့ သမီးကိုလဲ ဒီလမ်းစဉ်လိုက်ရမယ်လို့ မေမေ အတင်းအကျပ် မပြောချင်ပါဘူး၊ တစ်ချိန်တုန်းက မေမေ ခံစားခဲ့ရတာကို မေမေ ကိုယ်ချင်းစာပါတယ်၊ ပြီးတော့ သမီးက ငယ်သေးတယ်လေ'

'ဒါပေမဲ့ မေမေ'

မေမေက လင်းလင်းကို လှည့်ကြည့်၏။



လင်းလင်းက မေမေ့ကို မကြည့်ဘဲ အပြင်သို့ငေး၍ ဆက်ပြောသည်။

'သမီးမှာတော့ ချစ်သူ မရှိသေးပါဘူး'

မေမေက သိမ်မွေ့စွာပင် ပြုံးပြလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၇

မြက်ခင်းနုနု စိမ်းစိမ်းကလေးများပေါ်တွင် ဖြူဖွေးနုနယ်သော ခြေထောက်လေးများသည် လျင်မြန်စွာ ပြေးလွှားနေကြ၏။ ညင်သာစွာတိုက်ခတ်နေသော လေနုအေးကြားတွင် ကြက်တောင်လေးသည် ဟိုမှသည် လွင့်စင်ပြေးလွှားနေ၏။ လင်းလင်း၏ ဆံတိုဆံစများသည် လေထဲမှာ မြူးပျံ့ဝဲနေသည်။ လက်မောင်းကို မြှောက်လိုက်တိုင်း ကျစ်လျစ်သော ခန္ဓာကိုယ်အထက်ပိုင်းသည် ငှက်တစ်ကောင်လို ပေါ့ပါးစွာ မြှောက်ကြွလာသည်။ ပြင်းထန်သော ရိုက်ချက်တစ်ခုအဆုံးဝယ် လင်းလင်းက ရွှင်လန်းစွာ ရယ်မောလိုက်သည်။

'ဟား ဟား ကိုတာကြီး သိပ်မောနေပြီလား၊ ခုမှ နှစ်ပွဲပဲရှိသေးတယ်၊ နှစ်ပွဲနဲ့ပဲ သိမ်းပေးမှာပါလေ'

'မလင်း၊ သိပ်ပြီးလဲအပြောမကြီးပါနဲ့၊ ဖိုင်နယ်တက်ရဦးမှာ'

'ခုထက်ထိ ဘဲဥ မကွဲသေးပဲနဲ့'

'လာလေ ဆက်ကစားမယ်'

'လေကတိုက်တော့ လိုက်ရတာ သိပ်မောတာပဲဟာ'



'ဟဲ ဟဲ စောစောက ကျွန်တော်က တမင် အလျှော့ပေးလိုက်တာကိုး'

'ကိုတာ အစုတ်ပလုပ်၊ အပိုတွေ သိပ်မပြောနဲ့၊ လာ ဆက်ကစားမယ်'

မြက်ခင်းပေါ်မှာ နားနေသော ကြက်တောင်လေးသည် လေထဲတွင် ပြေးလွှားရောင်တိမ်းရပြန်သည်။

ကိုကိုကြီးက ခုံတန်းတစ်ခုပေါ်တွင် အေးအေးဆေးဆေး ထိုင်ကြည့်နေ၏။ ငယ်စဉ်ကလည်း လင်းလင်းတို့နှစ်ယောက် ကစားလျှင် သည်သို့ပင် ထိုင်ကြည့်နေလေ့ရှိခဲ့သည်။ တစ်ခါတစ်ရံ သူတို့ တိုင်တန်းသည့် ပြဿနာများကို ဖြေရှင်းပေးရတတ်၏။ လင်းလင်း၏ အနိုင်မခံ အရှုံးမပေးတတ်သည့် စိတ်ကလေးကို ထိုစဉ်ကတည်းက သူ သိသည်။

လင်းလင်းက ဘောင်းဘီရှည်နှင့် ရှပ်အင်္ကျီကိုသာဝတ်လျက် ကိုတာက ဘောင်းဘီတိုနှင့် စပို့ရှပ်တစ်ထည်ကိုသာ ဝတ်ထားသော်လည်း ကိုကိုကြီးက သူ့ထုံးစံအတိုင်း ရှပ်အင်္ကျီလည်ပြတ်ကို လက်ရှည်ရှည်ချဝတ်ကာ အပေါ်က ဆွယ်တာလက်ပြတ်တစ်ထည်ကို ထပ်စွပ်ထားသေးသည်။ သူ့ဘေးမှ စားပွဲပေါ်တွင် ရေနွေးကြမ်းအိုးကို ချထား၏။

'ဟား ဟား ခုမှ နိုင်ငံတကာ လက်ရည်စမ်းပွဲကြီး ကျင်းပနေတာကိုး၊ ခင်းတို့ဟာ ကြက်တောင်ရိုက်နေတာလား၊ လေကို ရိုက်နေတာလား'

ကိုဇော်အသံ ကျယ်ကျယ်လောင်လောင်ကို ကြားလိုက်ရသဖြင့် သုံးယောက်လုံး လှည့်ကြည့်မိကြသည်။

'ဟော လင်း ကျသွားပြီ'

'အမယ် ဘာလဲ၊ ကိုဇော့်အသံကြားလို့ လှည့်ကြည့်တာ'

'အင် ဒီလို ဘယ်ရမလဲ'

'ဘာဖြစ်လို့ မရ ရမှာလဲ'

'လင်းက သိပ်ညစ်တာပဲ ကိုဇော်'

www.burmeseclassic.com

www.burmeseclassic.com



'ကိုတာ နင် ဒီလိုမပြောနဲ့နော်'

ကိုတာသည် ကွင်းထဲမှထွက်ကာ ကိုကိုကြီးတို့ဆီသို့ လျှောက်လာ၏။ ကိုဇော်က လင်းလင်း မခံချင်အောင် ရယ်မောရင်း အနားသို့ လျှောက်လာသည်။

'ကိုယ့်ထက်ငယ်တဲ့သူကို ညစ်ပြီး နိုင်အောင်ကစားတာတော့ ဘယ်ကောင်းမလဲ လင်းလင်းရယ်'

လင်းလင်းသည် ဒေါပွပွဖြင့် ကွင်းလယ်မှာ ခါးထောက်ကာ ရပ်နေ၏။

'ဘယ်သူက ငယ်လို့လဲ'

'ကိုတာက လင်းလင်းထက် ငယ်တာပဲဟာကို'

'အမယ် လပိုင်းလောက်ပဲငယ်တာပါ'

'ဘာပဲဖြစ်ဖြစ် လင်းလင်းက ကစားနေကျ လူကို'

'ဘတ်စ်ကက်ဘောသာ ကစားတာပါ၊ တစ်ခါမှ ကြက်တောင် မရိုက်ဘူး'

'ကိုဇော်လဲ မရိုက်ဖူးဘူး၊ လာ ကစားကြည့်မယ်လေ၊ မညစ်ရဘူး နော်'

'ကိုဇော်နော်၊ လင်းလင်းက ဘယ်တော့မှ မညစ်ဘူး၊ ကိုဇော်သာ ရှုံးရင် တောင်ပြော မြောက်ပြော မပြောနဲ့'

'နိုင်အောင်ပဲ ကစားကြည့်ပါဦးလေ'

ကိုဇော်က ကြက်တောင်ကို လှမ်းကောက်လိုက်သည်။ လင်းလင်းကလည်း လှမ်းယူသည်။ ကိုဇော့်လက်က လင်းလင်းလက်ကို အုပ်မိသွားသည်။ လင်းလင်းက လက်ကိုရုတ်လိုက်သော်လည်း ကိုဇော်က လွှတ်မပေးဘဲ ဖိထားသည်။ ပြီးတော့မှ တဟားဟားရယ်ကာ ကြက်တောင်ကို ယူသွား၏။ လင်းလင်းက မကျေမနပ် မျက်စောင်းထိုးလိုက်သည်။



'ကိုဇော်၊ လင်းကို နိုင်အောင်ကစားနော်၊ ကိုဇော့်ဘက်က ကျွန်တော် အားပေးမယ်'

'ကိုကိုကြီးကကော ဘယ်သူ့ကို အားပေးမှာလဲ'

ကိုဇော်က သူ့နေရာသို့ လျှောက်သွားရင်း လှမ်းမေးလိုက်၏။ ကိုဇော်က မျက်စိတစ်ဘက် မှိတ်ပြလိုက်သဖြင့် ကိုကိုကြီးက ရယ်ပြီး ပြောသည်။

'ကိုဇော့်ကိုပဲ အားပေးရမှာပေါ့ကွာ'

လင်းလင်းက နှုတ်ခမ်းစူနေ၏။

'အင်းပေါ့လေ သူတို့က ညီအစ်ကိုတစ်တွေဆိုတော့ သိပ်စည်းလုံးနေကြတာပေါ့၊ ရာဇူးမှာ လင်းတို့ ကစားရင် လင်းလင်းဝေဆိုတဲ့နာမည်ဟာ တစ်ကွင်းလုံး လျှံနေတာ သိလား'

'ညစ်လွန်းလို့ ကွင်းထဲကထွက်ပေးဖို့ အော်ကြတာ မဟုတ်လား'

ကိုဇော်က မထိတထိ စလိုက်ပြန်သည်။ ကြက်တောင်ကို လင်းလင်းဘက်သို့ စပေးလိုက်သည်။ လင်းလင်းက အမိအရ ဖမ်းရိုက်လိုက်၏။

'လင်း မပါရင် ဘယ်ပွဲမှ မဖြစ်ဘူးနော်'

'ကိုခင်မောင်ဦးက ပြောတာလား'

လင်းလင်း အံ့အားသင့်သွားသဖြင့် ကြက်တောင်သည် မြေပြင်သို့ ကျသွားသည်။ ကိုတာက လက်ခုပ်ကို တအားတီးလိုက်သည်။ သူတို့ကတော့ ကိုဇော်ပြောသည်ကို သေသေချာချာ ကြားဟန်မတူချေ။

'ကိုဇော် ဘာပြောတာလဲ'

'ကိုခင်မောင်ဦးက လင်းလင်းတို့ရဲ့ နည်းပြဆရာ မဟုတ်လား'

ကိုဇော်နှင့် ကိုခင်မောင်ဦးကို မိတ်ဆက်ပေးဖူးတာ သတိရ၏။ သို့သော် ကိုဇော်၏ အပြောက အနှောင့်အသွားမလွတ်သဖြင့် လင်းလင်းက

www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ပေ။ ကိုဇော် နောက်တတ် ပြောင်တတ်သည်ကို သိသော်လည်း ကိုကိုကြီး ကြားသွားလျှင် တစ်မျိုးထင်မည် စိုးရိမ်ရသည်။ နောက်မှ ကိုဇော့်ကို ပြေရှင်းရဦးမည်ဟု တွေးနေမိ၏။

ကြက်တောင်က လင်းလင်းဘက်မှာချည်း ကျနေသည်။ ကိုဇော် ကောင်းကောင်း ကစားတတ်ကြောင်း သိသာလှသည်။ လင်းလင်းက ဘတ်စကက်ဘော ကစားရာမှာသာ ကျွမ်းကျင်သော်လည်း ကြက်တောင်ကို သိပ်ကစားဖူးသည် မဟုတ်ချေ။ ပြီးတော့ ကိုဇော်က အဝေးတစ်လှည့် အနီးတစ်လှည့်ပေးနေသဖြင့် လင်းလင်းသည် မောနေအောင် လိုက်နေရလေသည်။ ကိုတာကတော့ သဘောကျစွာ လက်ခုပ်တဖြောင်းဖြောင်း တီးလျက်ရှိ၏။ ကိုကိုကြီးက ခပ်ပြုံးပြုံးပင် ကြည့်နေသည်။ ကိုတာနှင့် ကစားစဉ်တုန်းကလောက်တော့ ထက်သန်မှု မရှိ။

'မောင်နှမတစ်တွေ မမောကြသေးဘူးလား၊ နားကြဦးလေ၊ လက်ဖက်ရည် သောက်ကြဦး'

မေမေခင်က အိမ်ထဲမှ ထွက်လာကာ လှမ်းခေါ်၏။ လက်ဖက်ရည်ဗန်းကိုလည်း မ လာခဲ့သည်။ အိမ်မှာ လင်းလင်းတို့အတွက် ဆောက်လက်စ အိမ်ကြီးပင်ဖြစ်၏။ ပထမအိမ်နှင့် ကုန်းနိမ့်ဆင်ခြေလျှောမှာ ရှိသည်။ တစ်ထပ်အိမ် ပုပုလေးပင်ဖြစ်၍ ကိုဇော်ပြောသလို ပြတင်းပေါက်တွေ များများဖောက်ပြီး မှန်တံခါးတွေ တပ်ထားသည်။ တချို့နေရာများတွင် အင်္ဂတေ အချောမကိုင်ရသေးပေ။ ရေလောင်းအိမ်သာနှင့် ရေချိုးခန်း ပါသော်လည်း လင်းလင်းစိတ်ကြိုက် မီးလင်းဖိုတော့ မတွေ့ရသေးပေ။ ကိုကိုကြီး စုဆောင်းထားသော ငွေများဖြင့် ဆောက်ခြင်းဖြစ်ကြောင်း မေမေခင် ရှင်းပြ၏။ မြေရှိနေသည်မှာ ကြာပေပြီ။

'ဟား ဟား၊ လင်း ကိုဇော့်ကို မနိုင်တော့ဘူး မဟုတ်လား၊ ကိုဇော်က ကျောင်းမှာ လက်ရွေးစင်ဗျ၊ လင်းကို တမင်ချိုထားတာ'



ကိုဇော်က စီးပွားရေးတက္ကသိုလ်က ထွက်သူဖြစ်သည်။ ကျောင်းမှ ထွက်ပြီး တကယ့် စီးပွားရေးလောကထဲ ဝင်ရောက်ခဲ့သော်လည်း အခြေအနေက မပေး။ ယခုတော့ မေမေခင်၏ စီစဉ်ချက်အရ ကားသမားဘဝတွင် ကျင်လည်ပေဦးမည်။

'လင်းက နှစ်ခါဆက်တိုက် ကစားရတော့ မောနေလို့ပါနော်'

လင်းလင်းက ဆံပင်များကို လက်ဖြင့်ထိုးသပ်ရင်း ပြောလိုက်သည်။ ပြီးတော့ ကိုကိုကြီး၏ဘေး နေရာလွတ်မှာ ဝင်ထိုင်သည်။ ကိုကိုကြီးက ဘေးသို့ အနည်းငယ်တိုးပေးသည်။ ကိုဇော်က လင်းလင်း၏ဘေးမှာ နီးကပ်စွာ ဝင်ထိုင်၏။ မေမေခင်လာချပေးသော လက်ဖက်ရည်ကြမ်းနှင့် လက်ဖက်သုပ်ကို နှိုက်စားသည်။ လင်းလင်းက လက်ဖက်တစ်ဇွန်းကို ကော်စား၏။

'ရှုံးတာလဲမပြောနဲ့လေ မေမေခင်ရဲ့၊ လင်းလင်းဘက်က အားပေးမယ့်လူကို မရှိဘူး'

'အို ဟုတ်လား၊ ဒါတော့ ဘယ်တံရားမလဲ၊ ဒီတစ်ခါ ထပ်ကစားရင် မေမေခင် အားပေးမယ်'

'လင်း မကစားနဲ့တော့လေ၊ မောနေပြီ'

ကိုကိုကြီး၏ နှုတ်ဖျားမှ ရှားရှားပါးပါး ထွက်လာသောစကားကြောင့် မေမေခင်နှင့် ကိုတာက ပြုံးလိုက်ကြသော်လည်း ကိုဇော်ကတော့ လက်ဖက်ကိုသာ မဲ၍ စားနေသည်။

'အလကား အဲဒါ လင်း ထပ်ရှုံးမှာစိုးလို့ ကိုကိုကြီးက ပြောတာ'

ကိုတာက စ နေသေး၏။

'မရှုံးတော့ပါဘူးနော်၊ ဒီတစ်ခါ သေသေချာချာ ပြန်ကစားမယ်၊ စိမ်လိုက်'

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းက ရေနွေးကြမ်းကို တအားမှုတ်သောက်ဖို့ ပြင်သည်။

'ကစားတဲ့သူဆိုတာ သံပရာရည် သောက်ရတယ် လင်းရဲ့'

ကိုကိုကြီး၏ အပြောကြောင့် လင်းလင်းက ရေနွေးပန်းကန်ကို ပြန်ချထားလိုက်သည်။

'အင်း ဟုတ်ပါရဲ့၊ မမေခင်ကလဲ မေ့သွားတယ်၊ ခဏနေဦးလေ၊ သံပရာရည် သွားဖျော်လိုက်မယ်'

'အို နေပါစေ မမေခင်၊ အပေါ်ပြန်တက်ရမှာ မောနေပါ့မယ်၊ လင်း ရေပဲသောက်တော့မယ်'

အိမ်သစ်နှင့် အိမ်ဟောင်းကို အုတ်လှေကားထစ်လေးများဖြင့် ဆက်သွယ်ထား၏။ ကိုဇော်က ရေနွေးပန်းကန်ကိုချကာ နေရာမှ ထသည်။ ဘောင်းဘီရှည်ကို အချိုးကျအောင်ပြုပြင်ပြီး စောစောက ချွတ်ထားခဲ့သော ဂျင်းဂျာကင်ကို ကောက်ယူလိုက်၏။

'ကိုယ် မြို့မကိုသွားတော့မလို့၊ လင်း ပြန်လိုက်တော့မလား'

'မလိုက်သေးဘူး ကိုဇော်၊ မှောင်နေရင် မမျှော်နဲ့တော့လို့ မေမေ့ကို ဝင်ပြောလိုက်ပါ၊ လင်း ဒီည မကြည်ဝင်းတို့အိမ်မှာ အိပ်မလို့၊ မေမေ့ကိုလည်း ပြောတော့ ပြောပြီးသားပါ'

လင်းလင်းက ကိုကိုကြီးဘက်ကို လှည့်မကြည့်မိအောင် သတိထားရင်း ပြောသည်။ လူကြီးဆန်လှသော ကိုကိုကြီးက ညအိပ် ညနေ မနေဖို့ တားဦးမှာလားဟု စိုးရိမ်နေရသည်။ လင်းလင်း မိုးကုတ်ပြန်ရောက်ပြီး ကတည်းက သူငယ်ချင်းများနှင့် မတွေ့ရသေး။ အပေါင်းအသင်းများနှင့် ပျော်ပျော်နေတတ်သော လင်းလင်းက အိမ်ပြန်ရောက်မှ အဖော်မဲ့ကာ ပျင်းရိနေသည်။

'ညည်း မလိုက်တာလဲ ကောင်းပါတယ်၊ မဟုတ်ရင် လမ်းမှာ ငါ့ ကားပေါ်လိုက်ချင်တဲ့ ကောင်မလေးတွေ တွေ့ရင် မခေါ်ရပဲနေမယ်၊ မမေခင်



ကျွန်တော့်ကို ထမင်းစား မစောင့်နဲ့နော်၊ အေးအေးအောင်တို့အိမ်မှာ စားခဲ့မှာ'

'သားကတော့ လုပ်ပြီ၊ ဒါထက် ကားကိုစွလည်း ပြတ်အောင် စကား ပြောခဲ့ဦးနော် သား၊ ဒီကား ဈေးတည့်မှ ဟိုကို စရန်သတ်နိုင်မှာ'

ကိုဇော်က ဘာမျှပြန်မပြောဘဲထွက်သွား၏။ မကြာမီမှာ ကုန်းပေါ်မှ ကားကို ခပ်ပြင်းပြင်း မောင်းထွက်သွားသံ ကြားရသည်။

မမေခင်က သက်ပြင်းကို တိတ်တခိုးချ၍ ကျန်ရစ်၏။ လင်းလင်းက ကိုကိုကြီးဘက်ကို မသိမသာ လှည့်ကြည့်မိသည်။

ကိုကိုကြီးကတော့ ခပ်အေးအေးပင် ပြုံးလျက်ရှိ၏။

\+ \+ \+

'နင့်ကို ကြည့်ရတာ ဘာမှ မပြောင်းလဲဘူး လင်းလင်း၊ ကလေးဆန်တာကော၊ စကားပြောတာ ဆိုတာကော၊ ဝတ်တာစားတာကော၊ အဲ တစ်ခု တော့ ရှိတယ်'

'ဘာများလည်း ပြောစမ်းပါဦး'

'တစ်ချက် တစ်ချက်တော့ ငိုင် ငိုင်သွားတယ်'

'ဟယ် ထင်လို့ပါဟာ'

'ခါတိုင်းဆို နင့်မျက်နှာက အမြဲရွှင်နေတာပဲ'

'ခုကော မရွှင်လို့လား'

'ရွှင်တော့ ရွှင်ပါတယ်၊ အရင်လောက်တော့ မဟုတ်တော့ဘူးလေ'

'ဒါတော့ အသက်ကလည်း ကြီးလာပြီကိုးဟဲ့'

'အမယ် ကြီးကျယ်လိုက်တာ ဟိ ဟိ'

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းနှင့် မကြည်ဝင်းက ငယ်စဉ်က ကျောင်းနေဘက်များဖြစ်ခဲ့ကြ၏။ အိမ်ချင်းမနီးလှသော်လည်းကိုတာနှင့်လင်းလင်းကသူ့ကိုဝင်ခေါ်လေ့ရှိသည်။ ကိုတာနှင့် လင်းလင်းကို မောင်နှမဝမ်းကွဲများအဖြစ် သတ်မှတ်ထားသည်ဖြစ်၍ လင်းလင်းကို ယောက်မဟူ၍ နောက်ပြောင် ခေါ်လေ့ရှိသည်။ မကြည်ဝင်း၏အစ်မ မကြည်မြင့်နှင့် ကိုဇော်ကလည်း မရှင်းမလင်းဖြစ်ခဲ့ကြဘူးသည်။ မေမေခင်က မကြည်ဝင်းတို့ မိဘများနှင့် စီးပွားရေးကိစ္စ အဆင်မပြေဖြစ်ဖူးသဖြင့် ကောင်းကောင်းစကားမပြောကြပေ။ကိုတာနှင့်မကြည်ဝင်းတို့ကတော့အခင်မင်မပျက် နေခဲ့ကြသည်။ ယခုတော့ မကြည်ဝင်းလည်းကျောင်းမှထွက်ကာ အရောင်းအဝယ်လုပ်သည်။မုန့်ဖိုးပဲဖိုးလောက်ပင်ဖြစ်၏။

အပြင်တွင် စိမ့်၍အေးနေသဖြင့် စောစီးစွာ အိပ်ရာထဲဝင်၍ ကွေးနေကြရသည်။ ကြမ်းပြင်များသည် လမ်းလျှောက်တိုင်း အေးစက်နေတတ်၏။ မကြည်ဝင်းနှင့် လင်းလင်းက ဂွမ်းကပ်ကြီးများအောက်တွင် နှစ်ယောက်အတူ ကွေးရင်း ရှေးဟောင်းနှောင်းဖြစ်များကို ပြောနေကြသည်။

‘ဒါနဲ့ ကိုကိုကြီးနဲ့ မင်းတို့ကိစ္စက ဘယ်လိုလဲ လင်းလင်း’

‘အစကတော့ မေမေက ဒီနှစ်ထဲမှာ စီစဉ်မယ်ဆိုပြီး ကိုယ့်ကိုပြန်ခေါ်တာပဲ၊ ခုတော့ နောက်နှစ် သီတင်းကျွတ်လောက်မှ ဖြစ်မယ်ထင်တယ်၊ အိမ်ကလဲမပြီးသေးဘူးလေ’

ငယ်သူငယ်ချင်းများပီပီ လင်းလင်းကတော့ ပွင့်ပွင့်လင်းလင်းပင်ပြော၏။

‘ကိုဇော့်အကြောင်းကော သိပြီးပလား’

‘ဘာအကြောင်းလဲ ဟင်’

‘မိုးကုတ်က အမျိုးသမီးတစ်ယောက်နဲ့ ဖြစ်နေတာလေ’

‘ဒါများ အဆန်းလားကွာ၊ ကိုဇော်က တစ်ယောက်နဲ့မဟုတ် တစ်ယောက်နဲ့ ဖြစ်နေတာပဲ’



‘နည်းနည်းထူးတယ်လေ၊ အခု အမျိုးသမီးက တကယ့် ဂရိတ်ပဲကွ၊ အေးအေးအောင်လေ သိတယ်မဟုတ်လား၊ အရင်တုန်းကတော့ သူ့မိဘတွေက မိုးကုတ်မြို့မှာ နံပါတ်ဝမ်းပေါ့၊ အဘိုးကြီးဆုံးပြီးမှ ကျသွားတာ၊ ဆေးကျောင်းက မအောင်ဘဲနဲ့ ထွက်လာတာလေ၊ မင်းလိုပဲ အားကစားလဲလုပ်တယ်၊ ကြက်တောင်ရိုက်တယ်’

‘တယ်ဟုတ်ပါလား၊ ဒါကြောင့် ကိုဇော်ကလည်း ကြက်တောင်အရိုက်ကောင်းနေတာကိုး’

‘ဆန်းဒေးတိုင်း သူတို့ထွက်နေကျပဲ၊ ဒါပေမဲ့ ဒီတစ်ယောက်လဲ ကိုဇော့် အဘွားကြီးက သဘောကျပုံ မရဘူး’

လင်းလင်းသည် သူ မသိသေးသော အကြောင်းများကို စိတ်ဝင်စားစပြုလာသည်။ ကိုကိုကြီးတို့ မိသားစုထဲမှာ ကိုဇော်သည် စိတ်ဝင်စားစရာအကောင်းဆုံးပင် ဖြစ်၏။ ရွာထဲက မိန်းမပျိုလေးတွေကလည်း ကိုဇော့်အကြောင်းကို စိတ်ဝင်စားကြသည်သာ ဖြစ်သည်။ ကိုဇော်နှင့်တွဲသော မိန်းကလေးတိုင်းသည် ထင်ပေါ်တတ်၏။

‘မေမေခင်က ဘယ်သူနဲ့တုန်းကကော သဘောတူလို့လဲ’

‘အမယ် လင်းလင်း ယောက္ခမကြီးအကြောင်း မသိသေးလို့နော်၊ သူ့သားကို ဘယ်သူနဲ့မှ တူတယ်တန်တယ် ထင်တာမဟုတ်ဘူး၊ နှုတ်ချိုသလောက် သာသာနဲ့နာနာ ပြောတတ်တာ၊ ဆွေဆွေနဲ့တုန်းကကော၊ ဆွေဆွေတို့အဖေက သာမန်တွင်းသား ဆင်းဆင်းရဲရဲမဟုတ်လား၊ နောက်မှ ကျောက်အောင်သွားတာ၊ ခုလည်း သိပ်တော့ မရှိပါဘူး၊ အဲဒါ လက်အောက်ငယ်သားကို ခမည်းခမက် မတော်ချင်ပါဘူးလို့ ပြောတာကော၊ သူ့သားကတက္ကသိုလ်ကျောင်းထွက်မို့ ပညာတတ်အချင်းချင်းမှ ပေးစားမှာတဲ့၊ ဘကယ်တော့ အားလုံး ဘယ်ဘဝက တက်လာတာလဲ၊ သူ သိဖို့ကောင်းတယ်’

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းကတော့ မကြည်ဝင်း၏ နာကြည်းချက်ကို ရိပ်စားမိသလို ရှိသည်။ ကိုတာနှင့်ပတ်သက်၍ မေမေခင်နှင့် အဆင်မပြေဘူး ထင်ပါရဲ့။ လင်းလင်းတို့အပေါ်မှာတော့ လှိုက်လှိုက်လှဲလှဲ ရှိလှပေသည်။ မကြည်ဝင်း ပြောသလိုသာဆိုလျှင်ဖြင့် လင်းလင်းတို့၏ ဖေဖေသည်လည်း တွင်းသားဘဝက တက်လာတာပဲ။ တစ်ခုတော့ တွေးစရာရှိ၏။ မေမေခင်က ကိုကိုကြီးအပေါ် ဘယ်လောက်ပဲ သံယောဇဉ်ရှိသည်ဆိုဆို၊ ကိုဇော်တို့ ကိုတာတို့လောက်တော့ တယုတယ မရှိတာ အမှန်ပင်။ မေမေကပင် ကိုကိုကြီး ငယ်စဉ်က တစ်ယောက်တည်းနေရှရသည်ဟု ပြောခဲ့သေးသည် မဟုတ်ပါလား။ ပြီးတော့ မေမေခင်သည် ကိုကိုကြီးကို မည်သည့်အခါမျှ သားဟု မခေါ်ပေ။

လင်းလင်းသည် ခေါင်းကို နားရွက်နှစ်ဘက်လုံအောင် ဆွဲခြိုလိုက်သည်။

'အေးအေးအောင်ကိုကော မေမေခင်က ဘာလို့ သဘောမတူတာလဲ'

'အေးအေးအောင်တို့က ဟန်သာရှိတော့တာ လင်းလင်းရဲ့၊ ဘာမှ ရှိတာမဟုတ်ဘူး၊ လင်းလင်းရဲ့ မေမေခင်က သူ့သားတွေကို တကယ့် မီးလျှံနာနဲ့မှ ပေးစားချင်တာ'

လင်းလင်းက သက်ပြင်းကို တိုးတိုးချမိ၏။

'လင်းတို့ကတော့ ဒီလို မဟုတ်ပါဘူးကွယ်'

'လင်းလင်းတို့ကတော့ ဆွေမျိုးလည်းတော်တယ် မဟုတ်လား၊ ပြီးတော့ မေမေခင် ကျောက်တွေ အလိမ်ခံရတုန်းက လင်းလင်းတို့ ဖေဖေက အများကြီး စိုက်လျော်လိုက်ရတယ်ဆို'

'ဒါတွေ ကိုယ် မသိပါဘူးကွယ်'

လင်းလင်းသည် သူနားမလည်သေးသော လူတွေအကြောင်းကို သိရ ကြားရခြင်းအတွက် ရင်ထဲမှာ လေးလံသွားသည်။ လင်းလင်း၏



ဘဝတစ်သက်တာမှာတော့ မေမေ ဖေဖေတို့ ရင်ခွင်တွင် နွဲ့ဆိုးဆိုးကာ နေခဲ့ရခြင်းဖြင့် လူ့လောက၏ ရှုပ်ထွေးကျယ်ပြန့်ပုံကို သိနိုင်ခွင့် မရှိခဲ့။ ကျောင်းရောက်တော့လည်း အပူအပင်ကင်းသူပီပီ ပျော်ရွှင်ချမ်းမြေ့စရာ ကိုသာ ရှာကြံနေတတ်ခဲ့သည်။ သူတစ်ပါးလို အချစ်အတွက်နှင့်လည်း ရတက်မပွေခဲ့ရလေတော့ လူတွေ၏ ဆိုးသွမ်းရက်စက်မှုကိုလည်း မကြုံခဲ့ရ။ သူ မသိသေးသောလောကထဲက လူတွေအကြောင်းက များပြားလှပါကလား ဟု တွေးပြီး ပူပန်လာသည်။ တကယ်တမ်းပြောရလျှင် မကြည်ဝင်းတို့ လောက်မှ လူ့ဘဝအကြောင်းကို သိသူ မဟုတ်သေးပေ။ သည်လိုလူ တစ်ယောက်က ကျယ်ပြန့်သော အိမ်ထောင်ရေးလောကထဲသို့ ခေါစီးစွာ ဝင်ရောက်ဖို့ သင့်ပါမည်လား။

မေမေ့ စေတနာကို အကြွင်းမဲ့ ယုံကြည်သော်လည်း မေမေသည် လည်း အလွန် အေးဆေးငြိမ်သက်သော မိန်းမတစ်ယောက်သာဖြစ်၍ လောကပရိယာယ်ကို သိမည်မထင်ပေ။ ဖေဖေကတော့ ထာဝစဉ် အရိုးခံ အတိုင်းသာ တွေးတတ်သူဖြစ်၏။ သို့သော် တစ်ခုတော့ စိတ်ချစရာရှိသည်။ ကိုကိုကြီးကတော့ ပရိယာယ်ကင်းနိုင်ပါရဲ့ ကိုဇော်ကတော့ အင်း ကိုဇော် ကတော့။

'မေမေခင်တို့အကြောင်းပြောလို့ လင်းလင်း စိတ်ညစ်သွားပြီလား၊ မပူပါနဲ့ကွာ၊ မေမေခင်က လင်းလင်းကိုတော့ ချစ်ပါတယ်၊ ကိုယ်နဲ့တွေ့ ရင်တောင် လင်းလင်းအကြောင်း သတင်းပေးသလိုလိုနဲ့ ကြွားရတာ အမော'

'မင်းနဲ့ကော အဆင်မပြေဘူးလား'

'ဘာပြောစရာ လိုသလဲကွာ၊ လူကြီးချင်း မသင့်ပေမယ့် ကိုယ်က ရှိရိုသေသေ ဆက်ဆံပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူးလေ၊ ကိုတာနဲ့ပတ်သက်လို့ ပြောတာပါ'

မီးရောင်မှိန်မှိန်အောက်တွင် မကြည်ဝင်း၏ မျက်နှာလေး ညှိုးနွမ်းသွားသည်ကို လင်းလင်း သတိထားမိသည်။ ငယ်စဉ်ကတည်းက မကြည်ဝင်းသည် ကိုတာ၏ သည်းညည်းကို ခံခဲ့သူဖြစ်၏။ ကိုတာနှင့် လင်းလင်းက မုန့်ဖိုးကို ဖောဖောသီသီသုံးကြသော်လည်း မကြည်ဝင်းက မသုံးနိုင်။ ထိုကြားထဲကပင် မကြည်ဝင်းက သူ့အိမ်မှ ထည့်ပေးလိုက်သော ထမင်းကို ကိုတာ့အတွက် ခွဲဝေကျွေးလေ့ရှိသည်။ ကိုတာနှင့် လင်းလင်းတို့ မျောက်ရှုံးအောင်ဆော့သည်ကို သူကပင် လူကြီးဆန်စွာ ထိန်းကျောင်းပေးရသည်။ ကိုတာနှင့် လင်းလင်း ကစားရင်း အငြင်းသန်ကာ ရိုက်မောင်းပုတ်မောင်း ဖြစ်ကြလျှင်တော့ ကိုတာ့ကို ဆွဲသလိုလိုနှင့် အကာအကွယ်ပေးလေ့ရှိသည်။ မဟုတ်လျှင်လည်း လက်မြန်သော လင်းလင်းကြောင့် ကိုတာ နာရသည်ချည်းပင်။

'ကိုတာနဲ့ ကိုယ်က ပတ်သက်စရာအကြောင်းမရှိပါဘူး'

'အမယ် မသိရင်ခက်မယ်ကွာ၊ အချင်းချင်းတွေပဲ ဖုံးမနေပါနဲ့'

'တကယ်ပြောတာပါ၊ ရိုးရိုးသားသား ခင်ကြတာပဲ ရှိပါတယ်'

သို့သော် မကြည်ဝင်း၏ ရင်ထဲက ဝေဒနာကို လင်းလင်း ခံစားရသလိုပင်။

ညဉ့်နက်အောင် စကားပြောနေကြသဖြင့် နံနက်နေမြင့်မှ အိပ်ရာက နိုးကြသည်။ ခေါင်းရင်းမှ ပြတင်းတံခါးကို ဖွင့်လိုက်သောအခါ တောင်စွယ်များကြားမှာ ထွက်ပြူစ နေဝန်းနီနီကို တွေ့ရ၏။ ဆောင်းအခါများတွင် နေလုံးကို တော်တော်နှင့် မမြင်ရတတ်။ တစ်ခါတစ်ရံတော့လည်း တိမ်စိုင်တိမ်ခဲတွေကြားတွင် ရောက်နေရသလိုပင်။

မြူခိုးတွေကြားမှ လက်ညှိုးတောင်ကို ဝိုးတဝါးမြင်ရ၏။ သဘာဝအလျောက် လက်ညှိုးသဏ္ဌာန်ဖြစ်ပေါ်နေသော တောင်တန်းကြီးဖြစ်၏။



လှပအေးချမ်းသောနေရာလေးမှာ ဘဝကို အခြေချရမည့်အတွက်တော့ ရင်ထဲမှာ ကြည်နူးမိ၏။ သို့သော် ရှေ့ခရီးသည် မရေရာ။ ဘာကြောင့် မရေရာသည်ကိုလည်း သေချာစွာ မသိ။

မကြည်ဝင်းတို့ မေမေက အသင့်လုပ်ပေးထားသော ကောက်ညှင်းပေါင်းနှင့် ရေနွေးကြမ်းကို စားသောက်ကြသည်။ မကြည်ဝင်းတို့ မေမေသည် မေမေ့လိုလည်း ပျော့ပျောင်းလွန်းခြင်း မရှိ။ မေမေခင့်လိုလည်း စကားမကြွယ်။ ရိုးရိုးမှန်မှန်နေတတ်သူသာ ဖြစ်၏။ သူတို့အဖေကလည်း အလုပ်လုပ်ရာတွင် ရိုးသားသည်။ အများတကာတွေ ကျောက်လုပ်ငန်းမှာ အင်တိုက်အားတိုက် လုပ်ခဲ့စဉ်ကပင် ရိုးသားစွာဖြင့် သစ်တော်ခြံ၊ လက်ဖက်ခြံတို့ကိုသာ လုပ်ကိုင်ခဲ့သူဖြစ်၏။

'လင်းလင်း ဒီမှာ ထမင်းစားမှာလား၊ ဒေါ်ခင်ခင်တို့အိမ် ပြန်စားမှာလား'

မကြည်ဝင်း အမေက ဝတ္တရားအရ မေးသည်။

'ဒီမှာ ဘယ်စားမလဲအမေ၊ သူ့ ယောက္ခမလောင်းက ဒီမှာ အိပ်တာတောင် ကြိုက်ရဲ့လား မသိဘူး'

မကြည်ဝင်း၏ စကားက အဖျားခတ်နေ၏။

'ဒီလို မဟုတ်ပါဘူးကွာ၊ ဒီမနက် ကိုကိုကြီးရဲ့ခြံကို လိုက်ကြည့်မယ်လို့ ပြောထားလို့ပါ၊ ညနေကျရင် လာစားပါ့မယ်၊ ကိုတာ့ကိုပါ ခေါ်ခဲ့မယ်လေ'

မကြည်ဝင်း မျက်နှာလေး ပြုံးသွားသည်။

'ငါတို့ကတော့ ဘယ်သူ့ကိုမှ အာဃာတ မထားပါဘူးကွယ်၊ သူ့အမေနဲ့ ဖြစ်တဲ့ကိစ္စကလည်း ကြားလူမကောင်းလို့ အထင်လွဲစရာ ဖြစ်ရတာပါ၊ ဒါပေမဲ့ ကိုဇော်ကပါ အဆက်ဖြတ်တော့ တို့သမီးလေး အရှက်ရရတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်နှင့် မကြည်မြင့်ကိစ္စကို ဆိုလိုခြင်း ဖြစ်ဟန်တူသည်။ မမြင့်ကြည်မြင့်သည် လင်းလင်းတို့ မကြည်ဝင်းတို့ထက် အပျိုဖြစ်စောသူ ဖြစ်၍ မြင့်မားသောအရပ်နှင့် ကနွဲ့ကလျ လှသူဖြစ်သည်။ ရှမ်းသွေးစပ်၍ အသားက ဖြူသည်။ ရွာရှိ ကာလသားတိုင်းက စိတ်ဝင်စားကြသည်။ သို့သော် ကိုဇော့်ကို မယှဉ်နိုင်၍ နောက်ဆုတ်ကြရသည်။ ယခုတော့ မကြည်မြင့်သည် အိမ်ထောင်ကျပြီး မိုးမိတ်သို့ ရောက်နေလေပြီ။

'အမေက ကိုဇော်နဲ့ မမတို့ကိစ္စကို သူတို့ကြောင့်ပြတ်တာလို့ ထင်နေတယ်၊ တကယ်တော့ မဟုတ်ဘူးကွ၊ ကိုဇော်က မိန်းကလေးတွေနဲ့ ပျော်ပျော်နေတတ်တာကို မမကမကြိုက်လို့ အဆက်ဖြတ်လိုက်တာ၊ မမက သိပ်သဝန်တိုတတ်တယ်၊ ကိုဇော်က ရှင်းပြပေမယ့် လက်မခံဘူးလေ၊ အဲဒီအချိန်မှာ လူကြီးချင်းလည်း အဆင်မပြေတော့ ရောထွေးကုန်တာပေါ့'

မကြည်ဝင်းက တိုးတိုးရှင်းပြသည်။

'ကိုတာကတော့ ဒီလို မဟုတ်ပါဘူးကွယ်'

'ကာကွယ်မနေပါနဲ့ ယောက်မရယ်၊ ကိုယ်က သဝန်မတိုတတ်ပါဘူး၊ ဒါပေမဲ့ သူတို့ထဲမှာ ကိုကိုကြီးက သဘောအဖြောင့်ဆုံးပဲ၊ စိတ်ကူးမလွဲနဲ့'

'ဘာလဲ စိတ်ကူးမလွဲနဲ့ဆိုတာ'

'မင်း စိတ်ထဲမှာ ဘယ်လိုရှိမယ်ဆိုတာ မသိနိုင်ဘူးလေ ဟဲ ဟဲ'

'အိုကွာ'

မိန်းကလေးအချင်းချင်းသာ သိတတ်သောစိတ်ဖြင့် သူငယ်ချင်း မကြည်ဝင်းသည် သူ့ကို စွပ်စွဲနေပြီလား။ ပြန်လည် ဖြေရှင်းချင်သော်လည်း အချိန်က မရလိုက်။ အိမ်ရှေ့ကို ကိုတာ ရောက်လာသောကြောင့် ဖြစ်သည်။ မကြည်ဝင်းကလည်း ကိုတာကို မြင်မြင်ချင်း အိမ်ရှေ့သို့ ပြေးထွက်သွားသည်။ ကိုတာသည် ဘောင်းဘီရှည်နှင့် အနွေးထည်ပွပွကို



ဝတ်ထား၏။ လက်ထဲမှာ ဂန္ဓမာပန်းတွေကိုင်ထားသည်။ ပန်းများကို မကြည်ဝင်းက ဆီး၍ယူလိုက်၏။ သူတို့ကိုကြည့်ပြီး လင်းလင်းရင်ထဲမှာ ကြည်နူးသွားသည်။ အချစ်ဆိုတာ ဒါပဲထင်ပါရဲ့။ သူတို့ မျက်လုံးကလေးများ တောက်ပနေကြသည်။

'ခြံထဲသွားကြမယ်လေ၊ မေမေခင်က ခေါ်ခိုင်းလို့'

လင်းလင်းက အနွေးထည်ကို ထပ်ဝတ်လိုက်သည်။ နံရံတွင်ကပ်ထားသော မှန်ကိုကြည့်ကာ မျက်နှာကို လက်ဝါးဖြင့်ပင် ပွတ်သပ်လိုက်၏။

'ပေါင်ဒါလိမ်းဦးလေ လင်းလင်း'

'မလိုပါဘူးကွာ'

'မလိုပါဘူး၊ ဒီမျက်နှာကတော့ ပြောင်ပြောင်ပါပဲ'

လင်းလင်းက ကိုတာ့ကို မျက်စောင်းထိုးလိုက်သည်။

'သူများကို မျက်နှာပြောင်တယ်လို့ ပြောတာပေါ့လေ၊ သွား မလိုက်တော့ဘူး'

'ဒီက ရိုးရိုးပြောတာပါ လင်းကလဲ စိတ်မဆိုးပါနဲ့'

ကိုတာက တောင်းပန်သည်။

'ဟုတ်ပါတယ် လင်းလင်းရဲ့၊ ကိုတာက နောက်နေ ပြောင်နေကျ မဟုတ်လား၊ အကျင့်ပါနေပြီ'

'တော်ပါ၊ သူတို့နှစ်ယောက်က အတိုင်အဖောက် ညီနေလိုက်တာ၊ ကိုတာ အစုတ်ပလုတ် မေမေခင်နဲ့ တိုင်ပြောရမယ်'

'ကိုကိုကြီးနဲ့ တိုင်ပြောမယ်လို့ ပြောစမ်းပါ လင်းရယ်'

'မတိုင်ချင်ပါဘူး၊ ကျောက်ဆစ်ရုပ်ကြီး စကားသွားပြောရသလို ဖြစ်နေမှာပေါ့'

ကိုတာနှင့် မကြည်ဝင်းက သဘောကျစွာ ရယ်နေကြသည်။ လင်းလင်းကတော့ သူတို့ကိုကြည့်ပြီး မကျေနပ်စိတ်က ကြီးထွားလာ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကိုတာရယ် အိမ်ပေါ်များ ခဏလေး တက်ပါဦး'

'ကိုကိုကြီးက ခြံထဲက စောင့်နေမှာမို့ပါ၊ ညနေမှ လာမယ်လေ'

'ဒါဖြင့်လဲပြီးရော'

လင်းလင်းက ကိုတာ့ကို မစောင့်တော့ဘဲ ရှေ့မှ ထွက်လာခဲ့၏။ 'လင်းလင်းရေ ညနေ ထမင်းလာစားနော်'ဟု မကြည်ဝင်းက လှမ်းအော်ပြောသည်ကို လှည့်မကြည့်ဘဲ ခေါင်းညိတ်ပြခဲ့သည်။ ကိုတာ နောက်မှ လိုက်လာသည်ကို သိသော်လည်း ခြေကို သွက်သွက်လှမ်းခဲ့၏။

မေမေခင်တို့ အိမ်ရှေ့တွင် ကိုဇော်သည် ကားစက်ဖုံးကိုဖွင့်ကာ ဟိုနှိုက် သည်နှိုက် လုပ်နေသည်ကို တွေ့ရသည်။

'ကိုဇော် ကြက်တောင်သွားရိုက်မလို့လား'

ကိုဇော်က လင်းလင်းကို လှည့်ကြည့်၏။ ပြီးတော့ ဟက်ဟက် ပက်ပက် ရယ်သည်။

'နင်တို့ ငါ့အတင်းတွေ ဘာတွေ ပြောခဲ့ကြသလဲ'

လင်းလင်းက ကားနားတွင် ရပ်ကြည့်နေ၏။

'ကိုဇော် သိပ်စွံနေတဲ့ အကြောင်းတွေပေါ့'

'လူတွေက ထင်တာပါဟာ၊ တကယ်တမ်းကျတော့ ဒီက မောင်ကျန်ရစ်ပါ'

ကိုဇော်က ကားစက်ဖုံးကို ဂျိုင်းခနဲနေအောင် ပိတ်ချလိုက်သည်။

'ဒါကတော့ ကိုဇော်က ကျန်ရစ်ဖြစ်အောင် လုပ်တာကိုး'

'လူတစ်ယောက်အကြောင်းကို အပေါ်ယံကြည့်ပြီး ဆုံးဖြတ်လို့ ရသလား လင်း'

ကိုဇော်က ကားပေါ်ကိုတက်ကာ စက်နှိုး၏။

'စောစောစီးစီး အပြင်ထွက်တော့မလို့လား'

'အိမ်မှာနေစရာ အကြောင်းမှ မရှိတာ'



ကိုတာက နောက်မှ မီလာသည်။ ကိုဇော် ကားမထွက်နိုင်သည်ကို သိသဖြင့် နောက်မှနေ၍ တွန်းပေးသည်။ လင်းလင်းကပါ ဘေးတံခါးဘောင်ကိုကိုင်၍ တွန်းပေး၏။ ကိုဇော့်ကို ဘေးတိုက်မြင်နေရသည်။ နံနက်စောစောဖြစ်၍ ကိုဇော့်မျက်နှာသည် ဖြူဖွေးနေ၏။ ညနေစောင်းလျှင်တော့ ကိုဇော့်မျက်နှာက နီနေတတ်သည်။

'ဒီကားကို မြန်မြန်စွံအောင် ထုတ်ပစ်စမ်းပါ ကိုဇော်ရာ၊ ဒတ်ဆန်း ဝယ်နိုင်ရင် ကျွန်တော်ပါ မန္တလေးကို ခဏ ခဏ ရောက်မယ်'

'လူမှမစွံဘဲ ကားလဲဘယ်စွံမလဲ ငါ့ညီရ'

ကားက ဂူးခနဲစက်နိုးလာသည်။ ကိုဇော်သည် ကား စတီယာရင်ကို လက်ဖြင့်လှည့်ရင်း လင်းလင်းကို စိုက်ကြည့်သွားလေသည်။ လင်းလင်းက ဆံပင်များကို လက်ဖြင့်သပ်ရင်း ရပ်၍ ကျန်ရစ်၏။

* * *

'ဒီချောင်းရေတွေ နီနေသမျှ မိုးကုတ်မြို့ကြီး ထမင်းမငတ်သေးဘူးလို့ အဆိုရှိတယ် လင်းလင်းရဲ့၊ သဘာဝဆိုတာ ဆန်းကျယ်တယ်၊ ဒါကို လူတွေက အကျိုးရှိရှိ အသုံးချတတ်ဖို့ပဲလိုတာ'

ယနေ့ ကိုကိုကြီး ကြည့်ရသည်မှာ လန်းလန်းဆန်းဆန်း ရှိလှ၏။ ယခင်ရက်များက ဖြူလျော်လျော်ဖြစ်နေသော ကိုကိုကြီး၏ အသားများက နေရောင်အောက်မှာ ညိုရောင် သန်းလာသည်။ ရှမ်းဘောင်းဘီ ပွပွကို ဝတ်ထားသဖြင့် အသွင်က ထူးခြားနေသည်။ ရင့်ကျက်သော မျက်နှာကြောင့် သူပြောသော စကားများကို နားထောင်ရသည်မှာလည်း သင်ခန်းစာ တစ်ခုကို နာယူနေရသလိုပင်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ ချောင်းရေနီနီ နောက်လိုက်ရင် ခိုးတွင်းတွေ မိတာနော်'

နောက်နားမှာရပ်နေသော ကိုတာက ပြော၏။ မြေကြီးထဲမှရသော ဖြူးများကို ခန့်ဆေးရခြင်းဖြင့် ချောင်းရေသည် နီလာရ၏။ ကန့်သတ်နယ်မြေမှ လွတ်သော နေရာများတွင် မိုရီးဖလာအလုပ်ကို မစွန့်နိုင်သူတို့ အနည်းအကျဉ်းတူးကြသည်။ ထိုနေရာမျိုးတွင် ထောင်ကျောက် သောင်းကျောက် မရနိုင်။ ဆယ်ကျောက် ရာကျောက်မျှသာ။ သို့သော် သက်ဆိုင်ရာက အခွင့်မပြု။

'သယံဇာတဆိုတာ ရတနာတစ်မျိုးတည်း မဟုတ်ပါဘူးကွာ၊ သဘာဝက အစစအရာရာ ထုတ်ပေးနေတာပဲ'

ကိုကိုကြီးက သူ့စိုက်ခင်းတွေကိုကြည့်ကာ ပြော၏။ လင်းလင်းက ညက အိပ်ရေးပျက်ထားသဖြင့် သမ်းဝေလိုက်ပြီးမှ ကိုကိုကြီးကို အားနာကာ ပါးစပ်ကို လက်ဝါးဖြင့် ပိတ်လိုက်သည်။ ကိုတာက ရယ်သွမ်းသွေးသည်ကို မျက်စောင်းထိုးကာ ဟန့်တားရ၏။

ကိုကိုကြီးသည် ပန်းမှန်လာခင်းထဲ ဖြတ်လျှောက်သွားကာ ဟိုဟိုဒီဒီ စစ်ဆေးကြည့်ရှုနေ၏။ မြို့ထဲမှာ ရှားရှားပါးပါး ဝယ်စားရသော မှန်လာပွင့်ကြီး နှစ်ပွင့်ကို နုတ်ယူခဲ့သည်။ အမြစ်များကို မြေတွင်ခါပြီး လင်းလင်း ရှိရာသို့ လှမ်းပေးလိုက်၏။

'ကိုကိုကြီး ခြံက ပန်းပင်လည်း မရှိဘူး'

'အောက်ဘက်မှာ စိုက်ထားပါတယ်၊ ဆင်းကြည့်ပါလား၊ ကိုတာ လိုက်ပြလိုက်ပါ'

'ကိုကိုကြီး လိုက်ပြလိုက်ပါလားလို့'

ကိုတာက ပြောပြီး တဲပေါ်သို့တက်သွား၏။ လင်းလင်းကတော့ သစ်ငုတ်လေးတစ်ခုမှာထိုင်ရင်း ကျန်ရစ်သည်။ ကိုကိုကြီးသည် မုန်ညင်း



ပင်များကြားမှ ပေါင်းပင်များကို ကုန်းနုတ်နေ၏။ ပြီးတော့ လင်းလင်းကို လှည့်ကြည့်သည်။ သူတို့နှစ်ယောက်တည်း ကျန်ခဲ့သည့်အတွက် လင်းလင်းက ကိုတာ့ကို ကျိန်ဆဲနေမိသည်။ ကိုကိုကြီးနှင့် နှစ်ယောက်တည်း နေရမှာ သူ ကြောက်သည်။ အစ်ကိုကြီးတစ်ယောက်ရှေ့မှာ အရွယ်ရောက်သည့် ညီမတစ်ယောက်အနေကျဲ့သလို မျက်နှာအထားရ ခက်နေသည်။ ကိုကိုကြီးဟာ သူမကြာခင် လက်ထပ်ရတော့မည့်သူပါလားဟု တွေးကာ စိတ်ထဲမှာ ရှက်ရွံ့လာ၏။ ကိုကိုကြီးက လင်းလင်းလက်ထဲမှ မုန်လာပွင့် နှစ်ပွင့်ကို လှမ်းယူသည်။ လင်းလင်းက ဂရုတစိုက်ပေးလိုက်သဖြင့် သူတို့ လက်ချင်းမထိမိကြ။ ကိုကိုကြီးက မုန်လာပွင့်များကို တဲပေါ်ရှိ ကိုတာ့ထံသို့ လှမ်းပေးလိုက်ပြီး ပြန်လှည့်လာသည်။ အောက်ဘက်သို့ ဆင်းကြရန် အမူအရာဖြင့် ပြ၏။

'ကိုတာကြီး လိုက်ခဲ့လေဟာ'

လင်းလင်းက လှမ်းခေါ်သေးသည်။ ကိုတာက မကြားချင်ယောင် ဆောင်နေ၏။ လင်းလင်း ဒေါပွသွားသည်။ အမြဲတမ်း ပွင့်ပွင့်လင်းလင်း နေထိုင်လာခဲ့ကြသူတွေမို့ ကိုကိုကြီးနှင့် လင်းလင်းကို နီးစပ်စေလိုသော သဘောဖြင့် မည်သူကမျှ လွှတ်ပေးသည့် အပြုအမူမျိုး မပြုဘူးပေ။ ကိုကိုကြီးက ရှေ့မှ ဆင်းသွားနှင့်၏။ လင်းလင်းစိတ်ထဲက 'ငါ ဘာတွေ တွေးနေမိပါလိမ့်၊ ကိုတာက သူ့ဟာသူ နေခဲ့တာလဲဖြစ်နိုင်တာပဲ'ဟု တွေးကာ နောက်မှ လိုက်ဆင်းသွားရသည်။ လမ်းသည် မတ်စောက်ပြီး မိုးရေတိုက်စား ထားသဖြင့် အဖုအထစ်များ ပေါ်နေသည်။

'ချော်လဲမယ် လင်း၊ ဖြည်းဖြည်းဆင်း'

ကိုကိုကြီးက လှည့်မကြည့်ဘဲ လှမ်း သတိပေး၏။ သူကတော့ ရှေ့မှ ကျွမ်းကျင်စွာ သွားနှင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



သားတစ်ဖက်တစ်ချက်ဆီမှ ရေများတဝေါဝေါစီးဆင်းသံကို ကြားနေရ၏။ တောင်စောင်းများတွင် သစ်ပင်ရိုင်းများ ထူထပ်စွာ ပေါက်နေကြသည်။ နေရာတချို့တွင် တစ်ချိန်က တွင်းဟောင်းများကို လှမ်းမြင်ရ၏။ ကျောက်ထွက်သောနေရာတွင် မြေကြီး နီစွေးစွေးကို တောင်စောင်းအတိုင်း မတ်စောက်ညီညာစွာ တွေ့ရသည်။ ရေနှင့် မျောတိုက်ထားသဖြင့် မြေစိုင်များသည် ပြန့်ပြူးနေ၏။ နိုင်ငံပိုင်တွင်းများ ဖြစ်သည်။

'ဟာ ပန်းပင်တွေ မနည်းပါလား၊ လှလိုက်တာ'

ဂန္ဓမာပန်းနှင့် သစ္စာပန်းပင်များကိုကြည့်ကာ လင်းလင်းက အော်လိုက်သည်။ ခြေချော်ကျမည် ဖြစ်သွားသော်လည်း အချိန်မီ ထိန်းလိုက်နိုင်၏။

ကိုကိုကြီးက ပန်းပွင့်လှလှများကို ရွေးခူးသည်။

'ဒါတွေမခူးဘဲ ဒီအတိုင်းထားတာလားဟင် ကိုကိုကြီး'

'တော်တော်နဲ့ မနွမ်းကြပါဘူး လင်းရဲ့၊ များလာတော့လည်း ဦးကြွယ်ဝက ခူးပြီး ရောင်းတာပေါ့'

ဦးကြွယ်ဝက ကိုကိုကြီး၏ ခြံစောင့်ဖြစ်သည်။

လင်းလင်း အောက်ကို ရောက်သွားချိန်မှာ ကိုကိုကြီးက ပန်းပွင့်အတော်များများကို ခူးပြီး ဖြစ်လေသည်။

'တော်ရောပေါ့ ကိုကိုကြီး၊ ပန်းတွေ နမြောစရာ'

ကိုကိုကြီး လှမ်းမပေးမီကပင် လင်းလင်းက ပန်းတွေကို လှမ်းယူလိုက်၏။

'ဘုရားတင်ရတာပေါ့ လင်းရဲ့'

ကိုကိုကြီးရဲ့ အပြောကြောင့် လင်းလင်း၏လက်များ တန့်သွားရသည်။



'ပိုတာ လင်းလဲ ပန်ပေါ့'

ထိုစကားကိုပြောစဉ် ကိုကိုကြီးသည် လင်းလင်းကို မကြည့်ပေ။ လင်းလင်းက သက်ပြင်းလေးကိုသာ တိတ်တခိုးချမိ၏။ ကိုကိုကြီးသည် သူ့ဇနီးလောင်းဖြစ်သူ လင်းလင်းအတွက် ပန်းကလေးတစ်ပွင့်ကိုသော်မှ ပန်မပေးထိုက်ဘူးလား။ အင်းလေ ဒါကလည်း ချစ်သူတွေမှ ပြုမူတတ်ကြတာမျိုးပဲ။ ကိုကိုကြီးနှင့် သူက ချစ်သူတွေမှ မဟုတ်ပါပဲ။

အတက်လမ်းသည် အဆင်းထက်ပို၍ ခက်၏။ ဖိနပ်ကထူ၍ မိမိရရ မနင်းနိုင်။ ကိုကိုကြီးသည် တစ်ဆင့်တက်ကာ လင်းလင်းကို ရပ်စောင့်နေသည်။ လင်းလင်း ဒယီးဒယိုင်ဖြစ်နေသည်ကို ကြည့်ကာ လက်တစ်ဘက်ကို ကမ်းပေး၏။ ကိုကိုကြီး၏လက်ကို လှမ်းဆွဲပြီး အတော်ပင်အားစိုက်၍ တက်ရသေးသည်။ ကိုကိုကြီးက လက်များက ခိုင်ခံ့မြဲမြံလှသည်။ မျက်နှာက တည်ကြည်သန့်စင်လျက်ပင်။ လင်းလင်း၏ ရင်ထဲမှာ နွေးနေ၏။

'ပန်းတွေ ပေးလေ'

အပေါ်ရောက်တော့ ကိုကိုကြီးက ပန်းများကို လှမ်းယူကာ ရှေ့မှ သွားနှင့်သည်။ ကိုတာသည် တဲပေါ်မှနေ၍ သူတို့ကို လှမ်းကြည့်နေလေသည်။

'လာကြပေါ့ လက်ဖက်ရည် သောက်ဦး'

ဦးကြွယ်ဝက ရေနွေးကြမ်းနှင့် ကောက်ညှင်းပေါင်းပူပူကို ပြင်ဆင်ထား၏။

'ကိုကိုကြီးရဲ့ ခြံကို သဘောကျရဲ့လား လင်း'

ကိုတာက ပန်းများနှင့် ပန်းမုန်လာပွင့်များကို အသင့်ယူလာသော အိတ်တစ်ခုတွင် ထည့်ရင်းမေးသည်။ လင်းလင်းသည် ကိုတာ့ကို စကား

www.burmeseclassic.com

www.burmeseclassic.com



မပြောနိုင်သေးပေ။ ရွှံ့ထဲမှ တက်လာရသဖြင့် ခြေထောက်များပေနေသည်ကို ငုံ့ကြည့်နေရ၏။

‘အောက်မှာ-ရေရှိတယ်လေ၊ သွားဆေးလိုက်ပါလား’

လင်းလင်းက တဲအောက်သို့ ပြန်ဆင်းမည်ပြုသည်။

‘အခုပဲ ပြန်ကြတော့မှာ’

ကိုကိုကြီး၏ အပြောကြောင့် မဆင်းဖြစ်တော့။ တဲပေါ်သို့ လုံးလုံးလျားလျား မတက်ဘဲ ခြေထောက်ကို ကပြင်သို့ချကာ ထိုင်၏။

‘အေးအေးဆေးဆေး နေပါဦးလား ကိုကိုကြီးရဲ့၊ ကောက်ညှင်းပေါင်း စားကြပါဦး’

‘လင်း မစားနိုင်တော့ဘူး၊ မကြည်ဝင်းတို့အိမ်က စားခဲ့ပြီးပြီ’

လင်းလင်းသည် ပေကျံနေသော သူ့ခြေထောက်များကို ငုံ့ကာ တကြည့်ကြည့်ဖြစ်နေလေသည်။

‘ဒီလိုဆိုလည်း ပြန်ကြမယ်လေ၊ ကျွန်တော်သဘက်ခါမှ လာခဲ့တော့မယ် ဦးကြွယ်ဝ၊ မုန်ညင်းတွေ ခူးထားလိုက်ပါ’

‘အေးအေး၊ ကိုတာရေ ကောက်ညှင်းပေါင်းတွေ အိမ်ဖို့ထည့်ယူသွားဦး’

လင်းလင်းသည် ရှေ့ဆုံးမှ ဆင်းလာခဲ့၏။ ရွှံ့ပေရေထဲကို ပြန်လျှောက်ရမည် ဖြစ်သော်လည်း မနေနိုင်သဖြင့် ဝါးရေတံလျှောက်အောက်တွင် ခြေထောက်ကိုခံကာ ဆေးချပစ်သည်။ စောစောက ကိုကိုကြီး အပြောကြောင့် မဆေးဘဲ အောင့်ထားခဲ့ရခြင်း ဖြစ်၏။ လင်းလင်းသည် သူ့ကို ကြည့်နေသော ကိုကိုကြီးကို မလုံမလဲပြန်ကြည့်ကာ “မနေတတ်ဘူး ကိုကိုကြီးရဲ့၊ ယားတယ်”ဟု ပြောလိုက်မိသည်။ ကိုကိုကြီးက ကလေးဆန်သော လင်းလင်း၏ အမူအရာလေးကို စိုက်ကြည့်နေ၏။



‘လင်းလင်းက တက္ကသိုလ်ကျောင်းသူကြီးကိုး၊ ခြံစိုက်စားလို့တော့ မဖြစ်တော့ဘူး ထင်တယ်’

သူတို့နှစ်ယောက်၏ အနာဂတ်ဘဝကို ရည်ရွယ်ပြီး ပြောလေသည်လားဟု တွေးကာ လင်းလင်း၏ မျက်နှာက နီရဲသွားသည်။ အထူးသဖြင့် ကိုကိုကြီး၏ နှုတ်ဖျားမှ သည်သို့သော စကားမျိုးပြောသည်ကို လင်းလင်း နားမထောင်ရဲပေ။ ရှက်လည်း ရှက်လှသည်။ ကြောက်လည်း ကြောက်လှသည်။ သူ့အဖြစ်ကိုလည်း သူတွေးကာ ရယ်ချင်မိ၏။ ကိုကိုကြီးနှင့် သူတို့သည် များမကြာမီ လက်ထပ်ကြတော့မည့် သူတွေပဲ။ သည့်နောက်တော့ အတူပေါင်းသင်း နေထိုင်ကြရမည်။ ဘဝကို အတူရင်ဆိုင်ကြရမည်။

‘ခြံ စိုက်စားလို့ရပါတယ် ကိုကိုကြီးရဲ့၊ ခြံထဲဆင်းတဲ့အခါ ဆင်းလိုက်၊ ပြီးတော့ ခြေထောက်ဆေး၊ အဲဒါ ဘာဖြစ်လို့လဲ’

လင်းလင်းက သူ့အလေ့အတိုင်း လက်ဖြင့် ဆံပင်များကို ထိုးသပ်ရင်း ပြောသည်။ နဖူးပေါ်မှ ဆံစလေးများသည် အထက်သို့ လန်နေ၏။ နနယ်သောမျက်နှာက ပိုမို ပေါ်လွင်လာသည်။

‘ဘာမှပူမနေနဲ့ ကိုကိုကြီးရေ၊ ကိုကိုကြီးက ခြံထဲမှာ တကုန်းကုန်းနဲ့ လုပ်၊ လင်းက ကားတစ်စင်းနဲ့လျှောက်လည်၊ ကြက်တောင်ရိုက် ရေကူး ဒီလိုပဲဖြစ်မှာပဲ’

ကိုတာက နောက်မှဝင်၍ နောက်လိုက်သဖြင့် လင်းလင်း စိတ်ထဲက ကျိန်ဆဲလိုက်မိသည်။ ကိုတာပြောတာနဲ့ ကိုကိုကြီးကတော့ ပိုပြီး အထင်သေးသွားမှာပဲဟု တွေးပူလိုက်မိ၏။ ငါ့နှယ်နော် ဘာကြောင့်များ မိန်းကလေးပီသအောင် အနေအထိုင်အပြောအဆို မတတ်ပါလိမ့်ဟု စဉ်းစားနေမိ၏။

‘ဟော မိုးရွာတော့မယ်၊ ထီးက တစ်လက်တည်း၊ ကျွန်တော်တော့ မိုးကာဆောင်းပြီး ပြေးတော့မယ်’

www.burmeseclassic.com

www.burmeseclassic.com



ကိုတာသည် ပြောပြောဆိုဆို ရှေ့မှ သုတ်သုတ်လျှောက်သွားလေသည်။ မိုးက တစ်ဖွဲဖွဲနှစ်ဖွဲ ကျလာ၏။

'ဒီလောက်မိုးများတော့ မမှုပါဘူး၊ တစ်ခါတလေ လင်းတို့သူငယ်ချင်းတွေနဲ့ မိုးရေထဲမှာ လျှောက်နေကျ ကိုကိုကြီးရဲ့၊ သိပ်ပျော်စရာကောင်းတာ'

ကိုကိုကြီးက သူ၏ ယောကျ်ားဆောင်း ခေါက်ထီးကြီးကို ကိုင်ထားသော်လည်း မဖွင့်သေးဘဲ ဆက်လျှောက်လာခဲ့ကြ၏။ လင်းလင်းသည် မိုးရေစက်များကို မော့ကြည့်ကာ ကလေးငယ်တစ်ယောက်လို သွက်သွက်လက်လက် ပြေးလျှောက်၍ သွား၏။ ကိုကိုကြီးကတော့ အုပ်ထိန်းသူလူကြီးတစ်ယောက်လို နောက်မှ သဘောကျစွာ လိုက်လာခဲ့လေသည်။ သူတို့နှစ်ယောက်ကို ကြည့်ရသည်မှာ ချုပ်ချယ်တတ်သော အစ်ကိုကြီးတစ်ယောက်နှင့် နွဲ့ဆိုးဆိုးတတ်သော ညီမလေးတစ်ယောက်ကဲ့သို့ပင်။ သည်ကနေ့အဖို့ လင်းလင်းသည် ခါတိုင်းထက် ပျော်ရွှင်မြူးထူးနေသည်ကတော့ အမှန်ပင်။ လန်းလန်းဆန်းဆန်း ပျော်ပျော်ရွှင်ရွှင် နေတတ်သော ဗီဇကလေးသည် အလိုအလျောက် ပြန်လည်ခိုဝင်လာကြ၏။

'ဒီလို သဘာဝရှုခင်းတွေကို မြင်ရရင် သူငယ်ချင်းတွေက သိပ်သဘောကျမှာ ကိုကိုကြီးရဲ့၊ အေးအေးခင်ဆိုတဲ့ သူငယ်ချင်းကလေ သိပ်ကဗျာဆန်ချင်တာ၊ လင်းတို့ကတော့ သူ့ကို ဘဲဥလို့ပဲ ခေါ်တယ်၊ ကိုကိုကြီး သူ့ကို တစ်ခါတွေ့ဖူးတယ် မဟုတ်လား ဟင်'

လင်းလင်းက ပတ်ဝန်းကျင်ကို ကြည့်ရင်း ကိုကိုကြီးဘက်သို့ လှည့်မေးလိုက်၏။

'ဟို အသားညိုညို ကောင်မလေးလား'။

လင်းလင်းက ကိုကိုကြီးပြောပုံကို သဘောကျစွာ ရယ်မိသေး၏။ ဘဲဥကိုများ ကောင်မလေးတဲ့။ သည်လိုဆို လင်းလင်းလည်း ကောင်မလေးပဲ



ပေါ့။ ဒါကြောင့် သူငယ်ချင်းတွေက ကိုကိုကြီးကို ဝါတော်ရှစ်ဆယ်ပုဂ္ဂိုလ်ကြီးလို့ ပြောကြတာပဲ၊ ပျင်းစရာကောင်းသည်ဟုလည်း သတ်မှတ်ကြသေးသည်။ ကိုကိုကြီးကကော ဘာကြောင့် သည်လောက်တောင် ဣန္ဒြေကြီးနေရတာလဲ။ သူတို့ပြောလည်း ပြောစရာ။ သို့သော် ကိုကိုကြီး၏ ရှားရှားပါးပါး အပြုံးမျိုးကိုတော့ လင်းလင်း နှစ်သက်၏။

'ကိုကိုကြီး၊ လင်းတို့ ချောင်းကြီးဘက် သွားကြရအောင်လား ဟင်'

'ဒီနေ့ မိုးရွာတယ် လင်းရဲ့၊ သွားလို့ မကောင်းဘူး'

မိုးစက်များက ပိုမို သိပ်သည်းလာ၏။ ကိုကိုကြီးသည် သူ၏ ကြီးမားကျယ်ပြန့်သော ထီးကြီးကို ခလုတ်နှိပ်၍ ဖွင့်လိုက်သည်။ လင်းလင်း ပေါင်းသင်းခဲ့ဖူးသည့် ယောကျ်ားလေး မိတ်ဆွေများထဲတွင် ထီးဆောင်းလေ့ရှိသူ တစ်ယောက်မျှ မမြင်ဘူးပေ။ ကိုခင်မောင်ဦးကိုဆိုလျှင် မိုးရေထဲမှာ လမ်းလျှောက်နေသည်ကို မကြာခဏ မြင်ရဘူး၏။ ထီးသည် ယောကျ်ားတို့၏ အဆင်တန်ဆာပလာ မဟုတ်သလိုပင်။

သွက်သွက်လျှောက်နေသော လင်းလင်း၏ နောက်သို့ ကိုကိုကြီးက အမီလိုက်၍ ထီးကို မိုးပေးလေသည်။ လင်းလင်းကို လုံခြုံအောင် ဆောင်းပေးရသဖြင့် ကိုကိုကြီး ကိုယ်တစ်ခြမ်းသည် မိုးရေများဖြင့် စိုရွှဲလာ၏။

'ကိုကိုကြီးကို စိုကုန်ပြီ'

ကိုကိုကြီးကို လုံခြုံစေသောငှာ လင်းလင်းက လှုချင်းတိုးကပ်ပေးလိုက်ရသည်။ ကိုကိုကြီး၏ လက်တစ်ဖက်က လင်းလင်းပခုံးပေါ်သို့ အလိုအလျောက် ရောက်လာကြသည်။ ကိုကိုကြီး၏ မျက်နှာက မည်သို့မျှ မပြောင်းလဲ။ လင်းလင်း၏ ပခုံးစွန်းပေါ်မှာ တင်ထားသော ကိုကိုကြီး၏ လက်ခုံပေါ်သို့ မိုးစက်တို့ တဖြောက်ဖြောက်ကျနေ၏။ ရွာထဲသို့ ဝင်သောအခါ ကိုကိုကြီးသည် သူ့လက်ကို မသိမသာ ဖြုတ်ချလိုက်၏။ မိုးရွာခိုက်ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်မှာ လူသူကင်းရှင်းလျက်ရှိ၏။ ရွာ၏ ပတ်ဝန်းကျင်မှ တောင်စွယ် တောင်တန်းတို့သည် မိုးရေမှုန်များအကြားတွင် ကွယ်ပျောက်လုလု ဖြစ်နေ၏။

အိမ်ရှေ့ရောက်တော့ လင်းလင်းက ထီးရိပ်မှထွက်ကာ အိမ်ထဲသို့ အပြေးကလေးခိုဝင်လိုက်၏။ လုံချည်အောက်နားတွင် ရေများ စီးကျနေသည်ကိုကြည့်ကာ အမှတ်တမဲ့ လုံချည်စကို လိမ်၍ညှစ်ချလိုက်သည်။ ပြီးမှ ကိုကိုကြီး မော့ကြည့်ကာ ပြုံးဖြဲဖြဲ လုပ်ပြမိ၏။ ကိုကိုကြီးက ခပ်အေးအေးပင် ကြည့်နေသည်။

'အိမ်ထဲရောက်တော့ လဲလိုက်ပေါ့ လင်းရဲ့'

'ဟုတ်ကဲ့'

လင်းလင်းက ရှိုရှိုသေသေဖြေကာ အိမ်ထဲသို့ ကျွန္ဒြေရရ လှမ်းဝင်ခဲ့သည်။

'ဟော မောင်နှမတစ်တွေ မိုးမိလာကြပြီ၊ ခုပဲ ကိုတာ့ကို ထီးတစ်လက်နဲ့ အကြိုလွှတ်မလို့'

'ရပါတယ် မေမေခင်'

လင်းလင်း၏ မျက်နှာမှာ ရှက်ရိပ်ရှက်သွေးမွှန်လျက်ရှိသည်။ မည်သူကမျှ သူ့ကို ဂရုတစိုက် အကဲခတ်နေသည် မဟုတ်ပါဘဲ အဘယ်ကြောင့် ရှက်ရှက်နေရသည် မသိ။ အပေါ်ထပ်သို့ပြေးတက်ခဲ့ပြီး အင်္ကျီလုံချည်လဲ၏။ ဆံပင်များကြားတွင် မိုးစက်တို့ ခိုမှီလျက်ရှိသော်လည်း မသုတ်တော့ဘဲ ပြန်ပြေးဆင်းခဲ့၏။ အောက်တွင်တော့ မေမေခင်သည် မီးသွေးဖိုကို စားပွဲဝိုင်းနားသို့ ရွှေ့လျက်ရှိသည်။ ကိုကိုကြီးသည် ခေါင်းစွပ်အနွေးထည်တစ်ထည်ကို စွပ်ချနေရင်း လျှင်မြန်စွာ ဆင်းလာသော လင်းလင်းကို လှည့်ကြည့်၏။

'ထမင်းဆာလိုက်တာ မေမေခင်ရယ်'



လင်းလင်းက ကုလားထိုင်မှာ ဝင်မထိုင်သေးဘဲပြောလိုက်သည်။

'အားလုံး အဆင်သင့်ပဲလေ၊ နွေးသွားအောင် ခဏထိုင်လိုက်ဦး'

ကိုကိုကြီး အနားသို့ ရောက်လာသည်။ လင်းလင်း၏ မျက်နှာလေးကို အသေအချာကြည့်သည်။ လင်းလင်းက ရင်များခုန်လာတော့မည်သို့ ရှိဆဲ ကိုကိုကြီးက အေးဆေးသော လေသံဖြင့် ပြော၏။

'မျက်နှာပေါ်က ရေစက်တွေ သုတ်ပစ်လိုက်ဦးလေ လင်း'

* * *

www.burmeseclassic.com

www.burmeseclassic.com

၈

ညက သူငယ်ချင်းတွေဆီ အမှတ်တရ စာရေးဖြစ်၏။

သူသည် ယခုတိုင်ပင် လွတ်လွတ်လပ်လပ်ရှိသေးကြောင်း၊ ကိုကိုကြီးနှင့် မင်္ဂလာကိစ္စကို နောက်နှစ် သီတင်းကျွတ်မှ စီစဉ်မည်ဖြစ်ကြောင်း စီကာပတ်ကုံး ရေးလိုက်၏။ စာရေးရင်း ကျောင်းသူဘဝမှာ ပျော်ပျော်ရွှင်ရွှင်နေခဲ့ရသည်ကိုတွေးကာ လွမ်းလွမ်းတတ ဖြစ်မိသေး၏။ မိဘရိပ်အောက်ကို ပြန်လာရသော်လည်း သူ့မှာ တစ်စုံတစ်ရာအတွက်တွေးကာ ဝန်ထုပ်ဝန်ပိုးကြီး ပိနေသလိုဖြစ်နေ၍ ငယ်စဉ်ကလို မပျော်ပိုက်တော့ပေ။ ပျော်ရွှင်မှုသည်လည်း တဒင်္ဂသာ ဖြစ် ဖြစ် နေတတ်၏။ ထိုအကြောင်းကို သူငယ်ချင်းတွေဆီရေးသော စာထဲတွင် ထည့်ရေးချင်သော်လည်း ဘယ်လိုဖော်ထုတ် ရေးသားရမည်မသိ ဖြစ်နေ၏။

ငါတော့ ဘယ်လိုဖြစ်နေတယ် မသိပါဘူး ဘဲဥမရယ်၊ မေမေကတော့ အရိပ်တကြည့်ကြည့်နဲ့ ရှိနေလေရဲ့၊ လက်ထပ်ဖို့ကိစ္စကိုလည်း လင်းကြောင့် နောက်ကိုရွှေ့လိုက်တာပဲ၊ ကိုကိုကြီးကတော့ အရင်အတိုင်းပဲလေ၊ အင်း အရင်ထက်စာရင်တော့ ပိုဂရုတစိုက် ရှိသလိုပါပဲ။ လင်းလင်းလေ ဘဲဥတို့လို ရည်းစား



မထားခဲ့မိတာ မှားပြီထင်ပါရဲ့။ ရင်ထဲမှာ တစ်ခုခုလိုနေသလိုပဲခံစားရတယ်။

ကိုဇော်ကတော့ ခပ်ပျော်ပျော်ပဲ။ သူ့မှာ မိန်းကလေးမိတ်ဆွေတွေကလည်း သိပ်ပေါတာ။

စာရေးနေရင်းမှ ငါ ဘာတွေ လျှောက်ရေးနေမိပါလိမ့်ဟုတွေးကာ ရေးလက်စ စာကို ဆုတ်ပစ်ဖို့ စဉ်းစားမိသေး၏။ ပြီးမှ နှမြောစရာကောင်းလှပါတယ်ဟုတွေးကာ သည်အတိုင်း ထားလိုက်သည်။ ကိုဇော့် အကြောင်းကိုလည်း ဘာ့ကြောင့် ထည့်ရေးမိသည် မသိ။ အင်းလေ သူတို့က ကိုကိုကြီးထက် ကိုဇော့်ကို ပိုစိတ်ဝင်စားကြတယ် မဟုတ်လား၊ ဒါကြောင့် ရေးမိတာ ဖြစ်မှာပါပဲ။

အိမ်ပြန်ရောက်ကတည်းက စာတစ်စောင်မှ မရေးဖြစ်သေးသည်မို့ သူငယ်ချင်းတွေက မျှော်ကြရှာမည်။ စာကို နောက်ထပ်တစ်ရက် ထပ်ထားလျှင် မထည့်ဖြစ်မှာစိုး၍ ချက်ချင်း ထည့်ခိုင်းလိုက်လေသည်။ ပြီးတော့မှ သူ့စာကို သူငယ်ချင်းတွေဖတ်ပြီး ဘယ်လို ဝေဖန်ကြမည်လဲဟု တွေးကာ ပူပန်မိသေး၏။

မိုးသည် တစ်စတစ်စ ပါးလျားစ ပြုပြီ။

သို့သော် အအေးဓာတ်ကတော့ ပိုမိုလွန်ကဲ၍ လာလေပြီ။ ဆောင်းရောက်လျှင် နေရောင်ခြည်ကိုပင် မြင်ရဖို့ မလွယ်။ တောင်စွယ်တောင်တန်းများကြားမှ နေဝန်းကြီး ပြူထွက်လာပုံကို ကြည့်ရသည်မှာ တစ်မျိုးတော့ ကြည်နူးစရာ ကောင်း၏။

မေမေသည် ဘုရားကို အချိန်အတန်ကြာအောင်ပင် ရှိခိုး ဝတ်ပြုသျှက်ရှိသည်။ ဖေဖေ ခရီးထွက်သွား၏။ ထိုသို့သွားတိုင်းလည်း မေမေ၏ ဘုရားရှိခိုးချိန်သည် ပိုမိုကြာမြင့်မြဲပင် ဖြစ်၏။

လင်းလင်းက အနွေးထည်တစ်ထည်ကို ကောက်ဝတ်ကာ အိမ်ပြင်သို့ထွက်ရန် ခြေကို ခပ်ဖွဖွလေး နင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သွားမလို့လဲ လင်းလင်း'

ဒေါ်ဒေါ်မြိုင့်အသံကို ကြားလိုက်ရ၍ လှမ်းလက်စ ခြေလှမ်းများ တုံ့နေးသွားသည်။ လက်ထဲမှ ကားသော့ကိုလည်း နောက်သို့ အသာ ဖွက်လိုက်မိ၏။ သည်ကြားထဲက အသံက မြည်ဖြစ်အောင် မြည်သွားသေးသည်။

'ထင်းရှူးခြံဘက် ခဏသွားမလို့ပါ၊ ဆရာမကြီးကို သွားနှုတ်ဆက်မလို့'

ပြောပြောဆိုဆို ခြေတစ်ဖက်က အောက်သို့လှမ်းပြီး ဖြစ်နေသည်။

'ကား ယူသွားမလို့လား'

'ခဏလေးပါ ဒေါ်ဒေါ်ရဲ့'

'ကားက သေသေချာချာပြင်ရသေးလို့လား လင်းလင်းရယ်'

'ဖေဖေကိုယ်တိုင် စမ်းပြီးသားပါ၊ မကြာပါဘူး၊ ကားလည်း စမ်းရင်း မြို့တစ်ပတ်ပဲမောင်းမှာပါ'

ဆက်လက် ကန့်ကွက်နေမည်စိုး၍ အိမ်အောက်သို့ ပြေးဆင်းခဲ့သည်။

ကားကို ဖြည်းဖြည်းမှန်မှန်ပင် ဘီးလိမ့်၍ မောင်းထွက်ခဲ့၏။ လမ်းကြမ်းသောဒေသမို့ အကြမ်းခံအောင်ဆိုပြီး ဖေဖေက ဂျစ်ကားကိုပဲ ဝယ်သုံးခဲ့သည်။ တစ်ခါတစ်ရံ ဖေဖေသည် ဂျစ်ကားနှင့်ပင် ခရီးထွက်လေ့ရှိသည်။ လေတဖြူးဖြူးတိုက်သော ကားရှေ့ခန်းမှာ ဆံပင်တွေ လေမှာဝဲအောင် ကားမောင်းရခြင်းကို လင်းလင်းနှစ်သက်၏။

ဆင်ခြေလျှောအတိုင်း အောက်ဘက်သို့ဆင်းကာ အင်းကြီးကို တစ်ပတ်ပတ်၍ မောင်းကြည့်သည်။ မိုးကုတ်မြို့သည် တောင်ပတ်လည် ဝန်းရံလျက် ဒယ်အိုးကြီးတစ်ခုလို တည်ရှိနေလေသည်။ ဘီးတောင်၊ မြို့ပြင်တောင်၊ တောင်မင်းတောင်တို့ကိုလည်း အထင်ကရ မြင်ရ၏။



မြို့တစ်ပတ်မောင်းကြည့်ပြီးမှ ထင်းရှူးခြံဘက်ကို ထွက်ခဲ့သည်။ လင်းလင်းတို့ ငယ်စဉ်ကတည်းကစ၍ ခင်မင်တွယ်တာခဲ့သော ဆရာမကြီး ဒေါ်နန်းအောင်၏ ခြံထဲသို့ ရှေ့ရှုလာခဲ့သည်။ လင်းလင်း တက္ကသိုလ် မရောက်မီက သူငယ်ချင်းများ စုပေါင်း၍ ဆရာမကြီး၏ ခြံထဲမှာ စာအတူကျက်ခဲ့ကြသည်။ ဆရာမကြီး၏ ခြံသည် သစ်ပင်ပန်းပင်တွေစုံ၍ အေးချမ်းဆိတ်ငြိမ်၏။ သစ်တော်ပင်ရိပ် မက်မန်းပင်ရိပ်တို့တွင် စာထိုင် ကျက်ကြရင်း အိပ်ချင်ပြေအောင် ချဉ်စော်ကားသီးတွေကို မရှုံ့မမဲ့ စားခဲ့ကြတာ သတိရသည်။ ဆရာမကြီးသည် သူ့တပည့်များကို အလွန် သံယောဇဉ် ကြီးလေသည်။ တစ်မြို့လုံး သူ့တပည့် မဖြစ်ဘူးသူ လည်း မရှိပေ။ အရောင်းအဝယ်တွင်သာ ကျင်လည်စိတ်ဝင်စားကြသော မြို့ပေါ်မှ လူကြီးများကို လူငယ် ပညာတတ်တွေ ထွန်းကားစေလိုသော စေတနာဖြင့် ရန်ကုန်တက္ကသိုလ်သို့ ပို့ရန် အစဉ် တိုက်တွန်းခဲ့သည်မှာလည်း ဆရာမကြီးပင် ဖြစ်၏။

ထင်းရှူးမြိုင်ဟု ရေးထားသော ခြံလေးထဲသို့ ကားကို ကွေ့ဝင်လိုက်သည်ဆိုလျှင်ပင် လတ်ဆတ်သော ပန်းရနံ့လေးများဖြင့် ထုံကြိုင်နေ၏။ တစ်ထပ်တိုက်ပုလေးသည် ဆိတ်ငြိမ်စွာ ပြာပြာဝပ်ဝပ် တည်ရှိနေ၏။ ဆရာမကြီး၏ မြေးငယ်လေးတစ်ယောက်သည် ခြံတံခါးကိုလာဖွင့်ပေးပြီး အိမ်ထဲသို့ ပြန်လည်ပြေးဝင်သွားသည်။ မြီးကောင်ပေါက်မလေး၏ ဂျင်းဘောင်းဘီအောက်မှ တင်သားလုံးလုံးလေးကိုကြည့်ပြီး လင်းလင်းက သဘောကျစွာ ပြုံးမိသည်။ ဆရာမကြီးသည် ရိုးသားတည်ကြည်သော ရှမ်းအမျိုးသမီးကြီးတစ်ယောက် ဖြစ်သော်လည်း လူငယ်များကို အလွန် နားလည်ခွင့်လွှတ်တတ်သူ ဖြစ်သည်။

'ဟယ် လင်းလင်းပါလား၊ မတွေ့ရတာ ကြာပကော'

ဖြူဝါသော ဆရာမကြီး၏ မျက်နှာတွင် အရေးအကြောင်းတို့ထင်စ ရှိနေလေပြီ။ ဆရာမကြီး၏ လက်တစ်ဖက် မြှောက်ထားသည်ကို ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြင့် မုန့်ညင်းအိုးကို နှိုက်လာသည်မှာ ထင်ရှားသည်။ ဆရာမကြီး၏ လက်ရာ ဝက်သားချဉ်နှင့် မုန့်ညင်းကို တပည့်တိုင်း စွဲလမ်းတတ်ကြပေသည်။

လင်းလင်းသည် ကားပေါ်မှဆင်းလာကာ ပြေး၍ ဆရာမကြီး၏ ပါးပြင်တစ်ဖက်ကို မွှေးမွှေးပေးလိုက်သည်။ ဆရာမကြီးသည် သန့်ရှင်းသော သူ၏ လက်တစ်ဘက်ဖြင့် လင်းလင်း၏ လည်ပင်းကို ဖက်လိုက်သည်။

'သမီး တစ်ခေါက်မှ ပြန်မလာဘူးနော်'

ဆရာမကြီးက ဧည့်ခန်းဆီသို့ ဦးဆောင်ခေါ်လာခဲ့သည်။ ဆရာမကြီးသည် သားသမီး မြေးများနှင့် သိုက်သိုက်ဝန်းဝန်း နေသူဖြစ်သည်။ လားရှိုးမှ ပြောင်းလာသူဖြစ်၍ အိမ်၏ အဆင်အပြင်သည် ရှမ်းတရုတ်နွှယ်သည်။ နံရံပေါ်တွင် တရုတ်စာလုံးများပါသော ပန်းချီကားနီနီများကို တွေ့ရသည်။ စားပွဲတစ်ခုပေါ်တွင် ပန်းအိုးများ အမွှေးတိုင်များပြည့်နေ၏။ သို့သော် ဆရာမကြီးက စာတတ် ပေတတ်ဖြစ်၍ စကားပြောသွက်လက်သည်။ ရှမ်းသံဝဲသော်လည်း နားထောင်၍ ကောင်း၏။ စာအသင်အပြ ကောင်းသူ တစ်ယောက်ပင်။

'လက်ဖက်ရည်ဗန်းနဲ့ မုန့်ယူခဲ့ဟေ့'

ဆရာမကြီးက သူ့မြေးကို လှမ်းပြောလိုက်ပြီး လင်းလင်းကို ဖက်လျက်ပင် နှစ်ယောက်ထိုင် ကုလားထိုင်ပေါ်မှာ ထိုင်ကြ၏။

'ကြည့်စမ်း မတွေ့တာကြာလို့ထင်တယ်၊ ထွားလာလိုက်တာ၊ အရပ်ကြီးမြင့်လာသလိုပဲ၊ ခု ဘွဲ့တွေဘာတွေ ရလာပြီပေါ့လေ'

'ဘီအက်စီ အောင်ရုံပါပဲဆရာမကြီးရယ်'

ဆရာမကြီးက လင်းလင်းတို့ကို ဆရာဝန်တွေ ဘာတွေ ဖြစ်စေချင်သူဖြစ်သည်။ ဆရာမကြီး၏ သားတစ်ယောက်သည် ဆရာဝန်ဘွဲ့ရပြီး လားရှိုးတွင် တာဝန်ကျနေ၏။



'အမ်အက်စီတွေ ဘာတွေ ဆက်မတက်ဘူးလား၊ ခုချိန်မှာ ကုန်သည်တွေ ဘာတွေ မလုပ်ချင်ပါနဲ့၊ အေးအေးဆေးဆေးပဲ ကောင်းပါတယ်'

လင်းလင်းက သူ အိမ်ပြန်လာရခြင်းအကြောင်းကို ပွင့်ပွင့်လင်းလင်း ဝင် ပြောပြလိုက်မိသည်။ ဆရာမကြီးသည် သူ့တပည့်၏ နုနယ်သော မျက်နှာလေးကို စိုက်ကြည့်နေသေး၏။

'သမီးက ကျောင်းကထွက်ထွက်ချင်း အိမ်ထောင်ပြုမယ်ဆိုတော့ သင်ထားတဲ့ပညာတွေ နှမြောစရာကြီးပေါ့ကွယ်၊ တီချာက သမီးတို့ကို ပညာတွေတတ်စေချင်တာ ဂုဏ်ရှိရုံသက်သက် မဟုတ်ဘူး၊ အိမ်ထောင်သားမွေးပြုဖို့လဲမဟုတ်၊ တတ်နိုင်သလောက် အလုပ်လုပ်စေချင်တယ်၊ သမီး စဉ်းစားကြည့်စမ်း၊ တီချာတို့အရပ်ဒေသဟာ တကယ်ဆိုရင် အင်မတန် တောကျတဲ့အရပ်ပဲ။ သဘာဝက ရတနာတွေ ထုတ်ပေးနေလို့သာ ထင်ရှားပြီး လူသူအရောက်အပေါက် များနေတာ၊ ရတနာတွေသာမရှိရင် တောကြီး မျက်မည်းပေါ့၊ လူငယ်တွေ ပညာတတ်မှ ဘယ်နေရာမဆို တိုးတက်တာ'

ဆရာမကြီးကတော့ သူ့စေတနာ အရင်းခံအတိုင်းပင် ပြောနေသေး၏။ တကယ်ပင် အားမလိုအားမရ ဖြစ်နေသည့်အသွင်ကလည်း ပေါ်နေသည်။

'လင်းလင်းကတော့ အလုပ်တစ်ခုခု လုပ်ချင်ပါတယ် ဆရာမကြီး ရယ်၊ ဒါပေမဲ့ မေမေတို့ကိုလဲ စိတ်ချမ်းသာစေချင်တယ်'

'အင်းလေ သူတို့အဖို့တော့ တစ်ဦးတည်းသော သမီးဆိုတော့ အလုပ်လုပ်ခိုင်းဖို့ မလိုဘူးပေါ့၊ မြို့ပေါ်ကလူအတော်များများဟာ ဒီလိုချည်း ပါပဲ၊ တစ်ခုတော့ရှိတယ်၊ သမီး လက်ထပ်ပြီးရင်လဲ အလုပ်လုပ်ခိုင်း ရတာပါပဲ၊ အစစအရာရာပြည့်စုံတဲ့ အိမ်ထောင်ကြီးမှာ အိမ်ရှင်မ လုပ်ရ ဘာလောက် ပျင်းစရာကောင်းတာ မရှိဘူး သမီး'

www.burmeseclassic.com



ဆရာမကြီး၏ အဘိဓမ္မာသစ်ကိုကြားရသဖြင့် လင်းလင်း အံ့ဩသွားလေသည်။ အင်း ဟုတ်ပါရဲ့၊ မေမေတို့ မေမေခင်တို့ ဘဝကိုကြည့်ပါလား။ သားရေး သမီးရေးကလွဲလို့ ဘာမျှ စိတ်ဝင်စားစရာ မရှိ။

'သမီး စိတ်ဝင်စားရင် ကျောင်းမှာ ဝင်လုပ်ပါလား၊ တီချာ ရအောင်လုပ်ပေးပါ့မယ်၊ သမီး ခင်ပွန်းကလဲ သဘောတူမှာပါ၊ တီချာဝိုင်းပြောပေးမယ်၊ သူလဲ ပညာတတ်တစ်ယောက်ပဲ နားလည်မှာပေါ့၊ အင်း မောင်ဇော်အောင်တစ်ယောက်လဲ မတွေ့တာကြာပြီ၊ အရောင်းအဝယ်ပဲ လုပ်နေတယ်ထင်ပါရဲ့'

ဆရာမကြီး မှားနေပြီဟု စိတ်ထဲမှာ ကျယ်လောင်စွာ ရေရွတ်လိုက်မိ၏။ သူက ဦးကျော်၏သားဟုသာ ပြောခဲ့မိသည်။ နာမည်ကို မပြောမိ။ ဆရာမကြီးက သူ့တပည့် ကိုဇော်နှင့်ဟု အထင်ရောက်သွားပုံရသည်။

'လင်း လက်ထပ်ရမှာ ကိုဇော် အဲ ကိုဇော်အောင်နဲ့ မဟုတ်ဘူး ဆရာမကြီးရဲ့၊ ကိုဇော့်အစ်ကိုကြီး ကိုမျိုးအောင်နဲ့ပါ'

'ဟေ မောင်ဇော့်မှာ အစ်ကိုရှိသေးလို့လား'

အချို့သောသူတွေက ဘဘဦးကျော်မှာ မေမေခင်နှင့် မရခင်က သားတစ်ယောက်ရှိခဲ့ဖူးသည်ကို မသိကြပေ။

'ရှိတယ် ဆရာမကြီး၊ ကိုဇော်တို့ ဖေဖေဘက်က ပါတာ'

'ဪ ဒီလိုလား၊ ဒါဆို လင်းလင်းထက် ကြီးတာပေါ့၊ သမီးတို့ချင်းကတော့ မေတ္တာရှိကြလို့လားကွယ်'

ဆရာမကြီး၏ ပွင့်လင်းသောအမေးကြောင့် လင်းလင်း ငိုင်သွားရသည်။ ရေစုန်ကို မလိုက်ဘဲ ဆန်တက်လေ့ရှိသော သူတို့သည် ချစ်ခြင်းမေတ္တာကိုလည်း အလေးထားတတ်ကြလေလား။ မိမိကတော့ သမားရိုးကျဘောင်အတွင်းမှ လုပ်ရှားရုန်းကန်ဖို့ သတိမရခဲ့။ အချစ်သည် လူတိုင်းအတွက် အရေးပါသည်ဆိုခြင်းကိုလည်း မေ့လျော့၍ နေမိလေသည်။



'ကဲ ကဲ သမီး၊ မုန့်တွေ စားဦးကွယ်၊ တီချာ့ကို အမှတ်တရ လာနှုတ်ဆက်တာ ဝမ်းသာလို့မဆုံးဘူး၊ သမီးမေမေနဲ့တွေ့ရင်လဲ သမီးကို အလုပ်လုပ်ခိုင်းဖို့ တီချာပြောကြည့်ဦးမယ်၊ သူ့တို့လဲ သင့်တော်တယ်ထင်လို့ စီမံတာပေါ့ကွယ်၊ သမီး ကံကောင်းမှာပါ'

ဆရာမကြီးက ပြေရာပြေကြောင်းပြောကာ ချော့မော့၏။ ငယ်စဉ်ကလည်း လင်းလင်း ဖေဖေ၊ မေမေတို့နှင့် စိတ်ကောက်ပြီး ရောက်လာလျှင် ဆရာမကြီးက ချော့မော့ပြီး ပြန်လွှတ်စမြဲ။

'ဆရာမကြီး မေမေနဲ့ မတွေ့နိုင်ပါဘူး၊ မေမေက အပြင်မှ မထွက်နိုင်တော့တာ'

'အေး ဟုတ်သားပဲ၊ တစ်ချိန်ချိန်တော့ တွေ့ဦးမှာပေါ့ကွယ်'

'သမီး ပြန်ပါဦးမယ် ဆရာမကြီးရယ်'

လင်းလင်းသည် ဆရာမကြီးရှေ့တွင်ထိုင်ချကာ ကန်တော့လိုက်၏။ ပြီးတော့ လေးကန်စွာထကာ အိမ်ရှေ့သို့ ပြန်ထွက်ခဲ့လေသည်၊ အိမ်ရှေ့တွင် ဆရာမကြီး၏ မြေးငယ်များသည် ပြေးလွှားခုန်ပေါက်၍ ဆော့ကစားနေကြလေသည်။ အရွယ်ကြီးရင့်ခြင်းသည် အရာရာကို သတ္တိနည်းစေပါသလား။

ဆရာမကြီးသည် လင်းလင်းကို ကားအနားထိ လိုက်ပို့၏။ လင်းလင်းက လက်ပြကာ ကားကို စက်နှိုးလိုက်သည်။

'ဖြည်းဖြည်းမောင်းနော် သမီး၊ လမ်းတွေက ချော်တယ်'

ငယ်စဉ်က သူငယ်ချင်းများနှင့် စာအတူကျက်ခဲ့သော ထင်းရှူးပင်ရိပ်သည် ဝေး၍ ကျန်ရစ်၏။

\+ \+ \+

မေမေတော့ မျှော်နေမှာပဲဟု တွေးမိရင်းကပင် ရေကူးကန်ဘက်ကို ဆက်ထွက်ခဲ့မိသည်။ သူ့စိတ်များကလည်း မှုမှန်သည် မရှိပေ။ ယခင်က

www.burmeseclassic.com

www.burmeseclassic.com



တည်တည်ငြိမ်ငြိမ် ထားနိုင်ခဲ့ပါလျက် ယခုမှ ဘာ့ကြောင့် ကယောက်ကယက် ဖြစ်နေရသည်ကို သူလည်း တွေး၍မရ။ ကိုကိုကြီးနှင့် ခွဲထဲသွားသည့် နေ့ကတော့ ပျော်သလိုလို ရှိသား။ သို့သော် အုန်းကိုင်းကို မကြာခဏ သွားရမှာ သူ့ဟာသူ လိပ်ပြာမသန့် ဖြစ်နေမိသည်။ ယခင်ကတော့ အိမ်ဦးနှင့် ကြမ်းပြင်ပမာ တစ်နေ့နှစ်ခေါက်၊ သုံးခေါက်ပင် ကူးချင် ကူးနေခဲ့သူ ဖြစ်၏။ ယခုတလော ကိုဇော်ကလည်း အိမ်ကို မဝင်သည်မှာ ကြာပြီ။ ကိုတာလည်း ရောက်မလာ။ ကိုကိုကြီးအကြောင်းကို တွေးမိလိုက်လျှင် လင်းလင်း ရင်ထဲက အလိုလိုလေးလံသွားသည်။ သူ့ကို ကလေးတစ်ယောက် လိုပင် သဘောထားဆဲရှိသည်ကို အခံရခက်လှ၏။ ယခင်က ကိုကိုကြီးနှင့် လက်ထပ်ဖို့ပြောသည်ကို ဘာကြောင့် အလွယ်တကူခေါင်းညိတ်ခဲ့မိပါလိမ့်။

အတွေးများ အဆုံးမသတ်သေးမီမှာပင် ရေကူးကန်ထဲကို ရောက် ခဲ့၏။

ကားသော့ကို လက်မှ တရမ်းရမ်း ဝှေ့ယမ်းလာဆဲ ရှေ့မှ မြင်ကွင်း ကြောင့် ခြေလှမ်းများ တုံ့ဆိုင်းသွားရသည်။ ချက်ချင်းပင် နောက်ပြန်လှည့်ဖို့ သတိရလေသည်။

'ဟေး လင်းလင်း'

ကိုဇော်သည် သူ့နောက်မှ ပြေးလိုက်လာ၏။

မလွှဲသာ၍ လှည့်ကြည့်လိုက်ရသော်လည်း ခြေလှမ်းကတော့ နောက်ပြန်လှည့်သည့် အနေအထားမှ မရွေ့။

'နေပါဦး လင်းရဲ့၊ ဝင်လာကတည်းက တွေ့ပါတယ်လို့ကြည့်နေတာ၊ ရေလာကူးတာလား၊ တစ်ယောက်တည်းလား'

သူ့ကို အရွဲ့တိုက်မေးလေသည်ဟု စိတ်ထဲမှ အောက်မေ့မိလေသည်။

'လင်းက ဘယ်တုန်းကများ နှစ်ယောက်လျှောက်သွားဖူးလို့လဲ၊ မေမေက တစ်ယောက်တည်းမွေးထားတာ တစ်ယောက်တည်းပဲပေါ့'



ဘာကြောင့် အငေါ်တူးလိုက်မိသည် မသိ။ ကိုဇော်သည် ရေကူး ဘောင်းဘီကို ဝတ်ထားသဖြင့် ခန္ဓာကိုယ်အထက်ပိုင်း ဗလာကျင်းနေသည်။ သာမန်ထက်ပို၍ဝနေပုံရ၏။ လက်မောင်းများကတော့ကျစ်ကျစ်လျစ်လျစ်ပင်။

'ဟား ဟား လင်းကတော့ တွေ့လိုက်ရင် ရန်တွေ့ဖို့ပဲ၊ ရေကူးချင်ရင် ပြောပေါ့၊ ကိုယ်ဝင်ခေါ်ပါတယ်'

'မလိုပါဘူးနော်၊ အိမ်ကကားလည်း ကောင်းသွားပါပြီ'

'သိပါတယ်ဗျာ၊ လင်းလင်းတို့က သူများကားကို ကပ်စီးဖို့မလိုဘူး ဆိုတာ၊ ကိုယ့် လင့်ရိုဗာကြီးလည်း ထွက်သွားပြီ၊ နောက်ဆို ကိုယ်က ကားသမားဖြစ်တော့မှာ၊ သူများလို သူဌေးသမက် မဖြစ်ရတော့လည်း အေးအေးဆေးဆေး ဘယ်နေရမလဲလေ'

'ကိုဇော်နော် လင်းကို ဒီလို ထေ့တဲ့ ငေါ့တဲ့ စကားတွေ မပြောနဲ့၊ ကဲ လင်း ပြန်တော့မယ်'

'နေပါဦးဗျာ ရေမကူးတော့ဘူးလား၊ ဟိုမှာ မိန်းကလေးတွေ ကူးနေလို့ ကိုယ်တို့စောင့်နေတာ'

'မကူးသေးပါဘူး၊ ရေပြည့်ရဲ့လားလို့ လာကြည့်တာ'

လင်းလင်းက ကိုဇော်၏ ခန္ဓာကိုယ်တစ်ခုလုံးကို မျက်စိမရောက် အောင် လွှဲရှောင်နေဆဲမှာပင် သူတို့နှစ်ယောက်ရှိရာသို့ မိန်းကလေး တစ်ယောက် လျှောက်လာနေသည်ကို တွေ့ရ၏။ ယခုမှပင် ရေထဲမှ တက်လာဟန်တူပြီး မျက်နှာသုတ်ပဝါအကြီးစားကြီးတစ်ခုကို တစ်ကိုယ်လုံး လုံအောင် ပခုံးမှ သိုင်းခြုံထား၏။ ပေါင်လယ်လောက်မှစ၍ ပေါ်နေသော ခန္ဓာကိုယ် အောက်ပိုင်းကို ကြည့်ရုံနှင့် အချိုးအစား ပြေပြစ်သူဖြစ်ကြောင်း သိသာလှသည်။ အမျိုးသမီးက ခပ်လှမ်းလှမ်းမှ ပြုံး၍ လျှောက်လာခြင်း ဖြစ်ရာ လင်းလင်းက ယဉ်ကျေးမှုအရ မျက်နှာကို ခပ်ပြုံးပြုံး အနေအထား နှင့်ပင် စောင့်နေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ ရေကူးလို့သိပ်ကောင်းတယ် ကိုဇော်၊ သူက လင်းလင်း မဟုတ်လားဟင်၊ ရေလာကူးတာလား'

လင်းလင်းက ခေါင်းညိတ်ပြလိုက်မိ၏။ သူတို့က အချင်းချင်း မျက်မှန်းတန်းမိပြီးသူများဖြစ်၍ အထူးမိတ်ဆက်ပေးစရာ မလိုတော့။ မိုးကုတ်မြို့၏ နံပါတ်ဝမ်းစာရင်းမှာပါသူ အေးအေးအောင်တို့ကို အကျွမ်းတဝင် မရှိသော်လည်း အဝေးမှတော့ မြင်ဖူးသည်ပင်။ လင်းလင်းတို့ထက် စီနီယာကျသူများလည်း ဖြစ်၏။ တစ်ချိန်ကတော့ မာနခဲအလှဘုရင်မအဖြစ် တော်ရုံလူကိုလည်း အပေါင်းအသင်း မလုပ်ခဲ့။ ယခုတော့ ကိုဇော်နှင့် မည်သို့ မည်ပုံ ဆက်မိသည်မသိ။ အတော်ပင် ရင်းနှီးကျွမ်းဝင်နေပုံရ၏။

'မကူးတော့ပါဘူး၊ လင်း ခုပဲပြန်တော့မလို့'

ယဉ်ကျေးအောင်ကြိုးစားပြီး ပြောလိုက်သော်လည်း လေသံက အနည်းငယ်မာနေသလား မသိ။ ကိုဇော်က အမျိုးသမီးနှစ်ယောက်ကို ပြုံး၍သာကြည့်ရင်း ဘာပြောရမှန်းမသိ ဖြစ်နေပုံရသည်။

'ရောက်တဲ့နောက် ကူးသွားပါလား လင်းရဲ့'

'ဟင့်အင်း ရေကူးဝတ်စုံလဲ ပါမလာဘူးလေ၊ ဆရာမကြီးအိမ် လာရင်းနဲ့ ဆက်ထွက်လာတာ၊ ပြန်တော့မယ် ကိုဇော်၊ ပြန်တော့မယ်နော် မမ'

'အို နေပါဦးလားကွယ်၊ မမတို့လဲ ခုပဲပြန်မှာ အဝတ်အစားလဲရုံပဲ၊ ဟုတ်တယ်မဟုတ်လား ကိုဇော်'

'အင်းလေ၊ ဟုတ်သားပဲ လင်းရဲ့'

ကိုဇော်က သံယောင်လိုက်၍ ပြောသည်။

လင်းလင်းက မကောင်းတတ်၍ ရပ်စောင့်နေလိုက်ရ၏။ အေးအေးအောင် အဝတ်အစားသွားလဲနေစဉ် ကိုဇော်သည် နေရာမှာပင် အကျီလုံချည်များကို ကောက်ဝတ်လေသည်။ အေးအေးအောင်သည် ဘလောက်စ် အကျီ



ပွပွကို ဝတ်ကာ ပြန်ရောက်လာ၏။ ရေစိုနေသော ဆံပင်များကိုနောက်သို့ လှန်ဖြီးထားသဖြင့် မျက်နှာအလှက အခြယ်အသကင်းမဲ့စွာ အထင်းသား ပေါ်နေပြန်သည်။ နိုင်ငံခြား ရုပ်ရှင်မင်းသမီး တစ်ယောက်ယောက်နှင့် တူသလိုလို။

'ကဲ လာ သွားကြမယ်'

အလာတုန်းက ကားတစ်စင်း ရပ်ထားသည်ကို သတိမပြုမိခဲ့ပေ။ အေးအေးအောင်သည် သူ၏ ကိုယ်ပိုင် ဝီလီဂျစ်ကားဆီသို့ ဦးဆောင် ခေါ်သွား၏။

'လင်းလင်းမှာ ကားပါလာသလား၊ ကိုယ်တို့ကတော့ သူများကားပဲ ကပ်စီးရတော့မှာပဲ'

ကိုဇော်က မလုံသလို ပြောသေး၏။

'သူများကားလဲ ကိုယ့်ကားလို့ပဲသဘောထားလိုက်ပေါ့ ကိုဇော်ရာ'

စိတ်ထဲက ချဉ်ချဉ်ဖြစ်သဖြင့် လင်းလင်းက တမင်ရွဲ့၍ ပြောလိုက်မိသည်။

'ကိုဇော် ဘယ်ကားနဲ့ လိုက်မှာလဲ၊ တစ်ခုခု သွားစားကြရအောင်'

အေးအေးအောင်က သူ့ကား ရှေ့ခန်းနားမှာ ရပ်ရင်း ပြောသည်။ လင်းလင်းကတော့ ကားပေါ် ရောက်နေလေပြီ။

'လင်းရဲ့ကားက ပြင်ထားတာ မကြာသေးလို့ လူပိုတင်လို့ မရသေးဘူး မမအေးရဲ့၊ ခုတောင် ကားစမ်းရင်း ထွက်လာတာ'

လင်းလင်းက ကားစက်နှိုးရင်း ပြောသည်။ ကိုဇော်က နောက်ထပ် ပြောနေလျှင် လင်းလင်းက တစ်စုံတစ်ရာ ပြန်ပြောနေမည်စိုးသဖြင့် အေးအေးအောင်၏ ကားပေါ်မှာပင် ဝင်ထိုင်လိုက်၏။

'ဘယ်ကိုသွားရရင် ကောင်းမလဲ လင်းလင်း'

www.burmeseclassic.com

www.burmeseclassic.com



အေးအေးအောင်က ကားပေါ်မတက်သေးဘဲ လှမ်းမေးနေသေးသည်။ သည်အမျိုးသမီးသည် သူ့ကိုဘာကြောင့် လိုလိုလားလား အဖော်ညှိနေရပါသနည်း။

'မမတို့ ကောင်းမယ်ထင်တဲ့နေရာပဲ သွားပါ၊ လင်း နောက်က လိုက်ခဲ့မယ်'

ထိုအခါ အေးအေးအောင်က ကားပေါ်တက်ကာ မောင်းသူနေရာတွင် ထိုင်လိုက်သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် ကားကို ကျင်လည်စွာ မောင်းထွက်သွားသည်။ ကိုဇော်သည် လင်းလင်းကို လှမ်း၍ လက်ပြသွားသေးသည်။ လင်းလင်းကလည်း ကားကို တစ်ရှိန်ထိုး မောင်းထွက်ကာ လိုက်ခဲ့လေသည်။ သို့သော် လင်းလင်း၏ကားက အေးအေးအောင်၏ ကားကို မီအောင်လိုက်ဖို့မလွယ်။ အေးအေးအောင်၏ ဘေးမှ ကိုဇော်၏ စပို့ရှပ်အင်္ကျီနက်ပြာကို လှမ်းမြင်ရရုံသာ တတ်နိုင်လေသည်။

ကားနှစ်စင်းက မြို့ပြင်ဘက်သို့ ဆက်ထွက်ခဲ့ခြင်း ဖြစ်၏။

မိုးသားမြူတိမ် ကင်းစင်နေသဖြင့် ပတ်ဝန်းကျင်သည် သာတောင့်သာယာ ရှိလှသည်။ လင်းလင်းသည် ကားမောင်းနေရင်းမှ မေမေ့ကို အသိမပေးခဲ့ရသည်ကို သတိရ၏။ တစ်ဖန် ချက်ချင်းပင် လွတ်လွတ်လပ်လပ် လှုပ်ရှားသွားလာချင်သေးသော စိတ်က လွှမ်းမိုးလာပြန်သည်။ သူ့ဘဝသည် များမကြာမီ အချုပ်အနှောင်အတွင်းသို့ ကျရောက်သွားဖွယ်ရာရှိ၏။ တကယ်တမ်း တွေးကြည့်လျှင် လူ့ဘဝတွင် လွတ်လွတ်လပ်လပ်နေရသည့် ဘဝက အင်မတန် နည်းနေသေးသည်။

ကြပ်ပြင် နာရီစင်နားရောက်မှ အေးအေးအောင်၏ ကားကို မီလာသည်။ ခေါက်ဆွဲဆိုင်ရှေ့တွင် ရှေ့ဆင့်နောက်ဆင့် ရပ်မိကြ၏။

'ကားမောင်းလို့ သိပ်ကောင်းတာပဲ'



အေးအေးအောင်က ခြောက်သွေ့စပြုသော ဆံပင်များကို ပခုံးပေါ်သို့ ခါယမ်းပစ်ရင်း ပြော၏။

'လင်းလင်းကားက သိပ်မကောင်းသေးဘူးဆို၊ ဘာဖြစ်လို့ အမြန်မောင်းလာရတာလဲ၊ လင်းက ကားမောင်းသိပ်ကြမ်းတာ အေးရဲ့၊ သူ့ကို မြှောက်မပေးနဲ့'

ကိုဇော်က စိုးရိမ်သံတစ်ဝက်ဖြင့်ပြောသည်။ လင်းလင်းက မမှုသလိုနေကာ အေးအေးအောင်၏လက်ညှိုးရင်းမှ အစိမ်းရောင်လွှင်လွှင် လက်စွပ်ကို စိတ်ဝင်စားစွာ ကြည့်နေမိ၏။ မိုးကုတ်သူများသည် အနီနှင့် အပြာကိုသာ ဂုဏ်ယူစွာဝတ်ဆင်ကြမြဲ။ အရောင်းအဝယ်သမားအချို့က အစိမ်းကို ကိုင်ကြသည်။ အေးအေးအောင်သည် သာမန် မိန်းမတစ်ယောက် မဟုတ်သည်ကတော့ အမှန်ပင်။ အထက်တန်းစား ဟန်ပန်ကိုဆောင်ထားသော်လည်း သူ့မျက်လုံးများကို မကြိုက်။ ထက်မြက်သည်နှင့်အမျှ အလေးအနက်မထားတတ်သည့် အသွင်ကဲ့ ပေါ်နေ၏။ သို့သော် လင်းလင်းအနေဖြင့် ကိုဇော်၏ မိန်းကလေးမိတ်ဆွေတစ်ယောက်ကိုသည်မျှစိတ်ဝင်စားနေစရာအကြောင်းမရှိ။

အေးအေးအောင်က စားစရာများကို ကိုယ်တိုင်မှာယူကာ လင်းလင်းအတွက် ဂရုတစိုက် ထည့်ကျွေးသည်။ ကိုဇော်ကိုလည်း လိုတာထက်ပို၍ ဂရုစိုက်နေသည်ဟု ထင်၏။

'စားလေ လင်းလင်း၊ ကိုဇော်က လင်းလင်းအကြောင်းကို ခဏခဏ ပြောနေတာ၊ လင်းလင်းက ကြက်တောင်ရိုက်လည်း သိပ်တော်တာဆို တစ်ခါလောက်ချိန်းပြီး အတူတူကစားကြရအောင်'

'လင်း မကစားတတ်ပါဘူး၊ ပြီးတော့ လင်းက တစ်ယောက်ချင်း နှစ်ယောက်ချင်း အနိုင်ယူရတဲ့ ပွဲမျိုးကိုလဲ မကြိုက်ဘူး'

လင်းလင်းက ရိုးရိုးပြောသော်လည်း ကိုဇော်က မျက်နှာပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူက ဘတ်စ်ကက်ဘော ချန်ပီယံလေ အေးရဲ့'

'အို ဟုတ်လား၊ လင်းလင်းက အေးတို့ထက် ဂျူနီယာကျတယ်နော်၊ ဘာမေဂျာလဲ'

'ဖိစစ်ပါ၊ ဒါပေမဲ့ အလကားပါပဲ'

'အို ဘာဖြစ်လို့ အလကားရမှာလဲ လင်းလင်းရဲ့၊ အသက်ငယ်ငယ်လေးနဲ့ ဘွဲ့ရလာတာ ကောင်းတာပေါ့၊ မမတို့သာ ဟိုမရောက် ဒီမရောက် ဖြစ်နေတာ၊ လူကြီးတွေက ကျောင်းကို အတင်းနေခိုင်းလို့သာ နေရတာလေ၊ ကျောင်းရောက်တော့လဲ ပွေနေတာနဲ့ပဲ ဟင်း ဟင်း'

အေးအေးအောင်က ကိုဇော်ဘက်ကိုကြည့်ကာ ခပ်သွက်သွက်လေး ရယ်လိုက်သည်။ ကိုဇော်သည် ပြုံးနေ၏။

'အဲဒါကောင်းတယ် မမအေးရဲ့၊ ပညာတွေသင်ပြီးတော့လဲနောက်ဆုံး ကျတော့ လင်ယူဖို့ပဲ ဖြစ်နေတာပဲ၊ မထူးပါဘူး'

အေးအေးအောင်က သဘောကျစွာ ရယ်သည်။ ကိုဇော်ကတော့ လင်းလင်းကို နားမလည်သလို ကြည့်၍နေ၏။

'လင်းလင်းက ယောကျ်ားမယူချင်သေးဘူး ထင်တယ်၊ မယူချင်လဲ မယူနဲ့ဦးပေါ့ လင်းလင်းရဲ့၊ ကိုယ်ယူချင်မှ ဖြစ်တာပဲ၊ မဟုတ်ဘူးလား ကိုဇော်ရာ'

'မလုပ်ပါနဲ့ဗျာ၊ ကျွန်တော့်အစ်ကိုကြီး အသည်းကွဲနေပါဦးမယ်'

'ဟင်း ကိုကိုကြီးလား အသည်းကွဲမှာ၊ ဝေးပါသေးရဲ့'

အေးအေးအောင်ကတော့ လင်းလင်းကိုကြည့်ကာ ခပ်မျှဦးမျှဦးလေး ရယ်လျက်ရှိ၏။ လင်းလင်း၏ စိတ်ထဲမှာတော့ ဘာကြောင့်မှန်းမသိဘဲ မခံချိမခံသာ ဖြစ်၍နေလေသည်။ ကိုဇော်နှင့် အေးအေးအောင်တို့၏ ရွှင်မြူးတက်ကြွသော အကြည့်များသည် သူ့ကို လှောင်နေသလို ထင်မိသည်။ သူကိုယ်တိုင်ကလည်း တစ်ပါးသူတွေ၏ ပျော်ရွှင်ကြည်နူးမှုကို မနာလို



မရှုစိမ့်တတ်သောသူဖြစ်နေပြီလား။

'လင်း ရှေ့က သွားနှင့်မယ်၊ ထွက်လာတာကြာသွားပြီ၊ မေမေ မျှော်နေလိမ့်မယ်'

'နေပါဦး လင်းရဲ့၊ ကိုယ်လဲ ကြီးကြီးနဲ့တွေ့စရာရှိလို့ လိုက်ခဲ့ချင်လို့ပါ'

'မမအေးနဲ့ နောက်က လိုက်ခဲ့ပေါ့'

'လင်းလင်းပဲ ခေါ်သွားလိုက်ပါကွယ်၊ မမအေးက စည်ပင်သာယာကို သွားဦးမှာ'

လင်းလင်းသည် ကိုဇော်ကို မခေါ်ချင်ပါဘဲနှင့် ကားပေါ် ခေါ်တင်ခဲ့ရလေသည်။ လမ်းမှာ လင်းလင်းက စကားတစ်ခွန်းမျှ မပြောဘဲ ကားကိုလည်း တတ်နိုင်သမျှ အမြန်ဆုံး မောင်းချလာခဲ့တော့သည်။ ကိုဇော်က ဂရုမစိုက်သလို လေကိုချွန်ရင်း လိုက်ပါလာ၏။ ရာသီဥတုက အလွန်ပင် ကောင်းလျက်ရှိသည်။ နေခြည်လဲ့လဲ့အောက်တွင် ညီညာသော သွပ်မိုးအိမ်ကလေးများသည် ပြားဝပ်လျက် ကျန်ရစ်၏။

'မြန်တာကတော့ ကြိုက်လောက်မြန်ပါ လင်းရယ်၊ ရှေ့ကလာတဲ့ ကားကိုတော့ ကြည့်ပါဦး'

အကွေ့ကြားမှ ဘွားခနဲထွက်လာတတ်သော ကားများကို ရင်ဆိုင်တိုးရတတ်သဖြင့် ကိုဇော်က တိုးတိုး သတိပေးသည်။ လင်းလင်းသည် သူ၏ စိတ်မတည်ငြိမ်မှုကို တွေးမိကာ ကားစက်ရှိန်ကိုလျှော့ချလိုက်သည်။ ကားက အလွန်ပင် နှေးကွေးသွားပြန်သည်။ လေပြည်လေညင်းကြောင့် ဆံစများ ပခုံးပေါ်သို့ လွင့်ပျံ့ကျလာ၏။ အေးအေးအောင်၏ အလှကို မြင်ယောင်မိသည်။ လှသောမိန်းကလေးများသည် မနာလိုစရာ ကောင်းလေသလား။

'အင်း ဒီလောက်နှေးတော့လဲ အားမရပြန်ဘူး၊ ဒါပေမဲ့ ကောင်းပါတယ်လေ၊ ဒါနဲ့ လင်း ဆရာမကြီးဆီ ဘာသွားလုပ်တာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဆရာမလုပ်မလို့ သွားပြောတာ'

'အို တယ်ဟုတ်ပါလား၊ ပိုက်ဆံချမ်းသာတဲ့ တစ်ဦးတည်းသော သမီးပဲ အလုပ်လုပ်ဖို့ လိုသေးသလား'

ရှေ့မှ ကားတစ်စီးကွေ့ချလာသဖြင့် သားကို မြန်မြန်ဆွဲကပ်လိုက်ရသည်။

'ဘာမှ မလုပ်ရင် သင်ထားတဲ့ပညာတွေ အလကားဖြစ်ကုန်မှာပေါ့'

'အင်းလေ အပျင်းပြေလုပ်နိုင်ရင်တော့ ကောင်းတာပေါ့၊ ကိုယ်တို့အဖို့တော့ ဒီလောက်နဲ့ မရဘူး၊ မြေကြီးထဲမှာ ယက်ရှာရမယ့် ဘဝပဲ'

'အပိုတွေပြောမနေစမ်းပါနဲ့ ကိုဇော်ရာ၊ မိုးကုတ်မြို့ရဲ့ နံပါတ်ဝမ်း အမျိုးသမီးတစ်ယောက်နဲ့ အပေါင်းအသင်းဖြစ်နေတဲ့ လူတစ်ယောက်ကများ မြေကြီးထဲယက်ဖို့ နေနေသာသာ တော်ကြာ မြေကြီးပေါ်တောင်ဆင်းရမှာ မဟုတ်တော့ဘူး'

ကိုဇော်က သဘောကျစွာ ရယ်မောလိုက်သည်။

'ဒါက သားကမြင်ကြတာပါ လင်းရာ၊ ကိုယ်တို့က အရောင်းအဝယ် ကိစ္စလေးတွေကြောင့် ဆက်ဆံနေကြတာပါ၊ ကိုယ်လိုလူကို ဘယ်သူက အထင်ကြီးပြီး ယူမှာလဲ'

လင်းလင်း နည်းနည်းတော့ တွေဝေသွားသည်။ ကိုဇော်က သူနှင့် အေးအေးအောင်မည်သို့မျှ မပတ်သက်ကြောင်း ဖြေရှင်းနေသည်လား။ တကယ်တော့လည်း လင်းလင်းနှင့်ဆိုင်သည့် ကိစ္စကား မဟုတ်။

မေမေသည် အိမ်ရှေ့ ပြတင်းပေါက်မှနေ၍ စိတ်ပူစွာ မျှော်ကြည့်နေသည်ကို တွေ့ရသည်။ ကိုဇော်ပါလာသည်ကို မြင်ရတော့ နည်းနည်း စိတ်သက်သာသွားပုံ ရသည်။

လင်းလင်းက ကားသော့ကိုယူပြီး ရှေ့မှ ဆင်းလာခဲ့၏။ ကိုဇော်က သူ့ကို မဖိတ်ခေါ်သော်လည်း နောက်မှ လိုက်လာခဲ့သည်။



'စိတ်ပူနေလား မေမေ၊ ဆရာမကြီးအိမ်သွားရင်းနဲ့ ကိုဇော်တို့နဲ့ တွေ့လို့ ကြာသွားတာ'

'ကားကမကောင်းတော့ ဘာများဖြစ်နေသလဲလို့ သမီးရယ်၊ ကိုဇော် ဘယ်သူနဲ့လာတာလဲ၊ ခင်ခင်ရောပါလား'

'မေမေခင် မပါဘူး မေမေရေ့၊ ကိုဇော်က အမျိုးသမီးနဲ့ လျှောက်လည်နေတာ၊ သမီးက ကန့်လန့်ကန့်လန့်နဲ့ ကြပ်ပြင်ဈေးအထိ ပါသွားသေးတယ်'

'အလကားပါ ကြီးကြီးရယ်'

ကိုဇော် အိမ်ရှေ့ခန်းသို့သွားပြီး မေမေ့နားမှာ ထိုင်လေသည်။ ကိုဇော်သည် အရက်မသောက်ထားသည့်အချိန်တွင် လူကြီးသူမများနှင့် တရိုတသေ နေလေ့ရှိသည်။ မေမေက ကိုဇော့်ကို တစ်စုံတစ်ရာ ပြောလိုဟန်ဖြင့် ချိန်ဆနေသည်။ လင်းလင်း အဝတ်လဲပြီး ပြန်ထွက်လာတော့ မေမေ၏ တိုးတိတ်သောစကားသံကို သဲ့သဲ့ကြားရသည်။

'အရောင်းအဝယ်လုပ်တာလဲ လုပ်တာပေါ့ကွယ်၊ ဒါပေမဲ့ မင်း အမေက ဒီမိန်းကလေးနဲ့အလုပ်လုပ်တာကို သိပ်ကြိုက်ပုံမရဘူး၊ သတိထားပေါ့ကွယ်၊ ပြီးတော့ ကားဝယ်ဖို့ကိစ္စကော ပြတ်ပြီလား၊ ဝယ်ဖြစ်အောင် မြန်မြန်ဝယ်လိုက်လေ၊ တော်ကြာ ငွေခေါင်းကွဲမယ်၊ လိုတဲ့ငွေလဲလာယူချည်လို့ ခင်ခင့်ကို ပြောလိုက်ဦး'

'ဟုတ်ကဲ့၊ သိပ်တော့ မလိုပါဘူး'

'သြော် သမီးရေ၊ ကိုဇော့်ကို ကော်ဖီလေး ဘာလေး တိုက်ပါဦးလားကွယ်'

'ကိုဇော်က ဝလာပြီ မေမေရဲ့'

'သြော် သမီးကလဲ'

'နေပါစေ ကြီးကြီး၊ ကျွန်တော်လဲ ပြန်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟော မင်း ဘာနဲ့ပြန်မှာလဲ'

'ကုန်းကြောင်းပေါ့ ကြီးကြီးရယ်၊ ကျွန်တော့်ကို စေတနာနဲ့ လိုက်ပို့ချင်တဲ့သူမှ မရှိတာ'

ကိုဇော်က လင်းလင်းဘက်သို့ကြည့်ကာ ပြောလိုက်သည်။

'အမယ် မိုးကုတ်မြို့ပေါ်မှာ အကောင်းဆုံးဂျစ်ကားကို စီးတဲ့သူကများ'

'အလကား ကျွန်တော့်ကို သိက္ခာချနေတာ ကြီးကြီးရဲ့၊ ကဲ ကျွန်တော် ပြန်တော့မယ်'

'အေး အေး'

ကိုဇော်သည် တံခါးနားတွင်ရပ်နေသော လင်းလင်း၏ ခေါင်းကို တစ်ချက် လှမ်းပုတ်လိုက်သည်။

'သြော် ဒါနဲ့ ကိုဇော်ရေ'

မေမေက တစ်စုံတစ်ခု သတိရဟန်ဖြင့် လှမ်းခေါ်သည်။

ကိုဇော်က ရပ်၍ နားထောင်၏။

'ကိုကိုကြီးကော နေကောင်းရင် လာလည်ပါဦးလို့ကွယ်၊ ခြံထဲချည်းပဲ သိပ်ဆင်းမနေနဲ့၊ အပြင်လေး ဘာလေးလဲ ထွက်လည်ဦးလို့ ပြောလိုက်ပါကွယ်'

သြော် ဟုတ်ကဲ့ကြီးကြီး၊ ကျွန်တော့်အစ်ကိုကတော့ ကျွန်တော်နဲ့ တခြားစီပဲ ကြီးကြီးရေ'

လင်းလင်းက နှုတ်ခမ်းကို တမင်ရွဲ့ပြလိုက်သည်။

'ခုလည်း အိမ်ကို တန်းတန်းမတ်မတ် ပြန်နော်၊ ကလပ်ကို ဝင်မနေနဲ့'

လင်းလင်းက တိုးတိုး ခနဲ့လိုက်သေးသည်။ ပြီးတော့ အောက်သို့ ပြေးဆင်းသွားသည့် ကိုဇော့် ကျောပြင်ကို ငေးကြည့်နေမိလေသည်။



သွက်လက်ချက်ချာသော အပြုံးပိုင်ရှင် အေးအေးအောင်ကိုပါ မျက်စိထဲမှာ မြင်ယောင်လာသည်။ သက်ပြင်းကို တိတ်တခိုးချမိ၏။

'ဟဲ့ လင်းလင်း၊ မမက ဘုရားပန်းတွေ လဲလိုက်တော့လို့ ပြောနေတာ ကြားရဲ့လား'

ဒေါ်ဒေါ်မြိုင့်အသံကို ကြားတော့ ရုတ်တရက် လန့်သွားမိပြီး မလှုံမလဲနှင့် ပြုံးပြမိလျက်သား ဖြစ်နေလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၉

'ကို့ သမီးကတော့ ဘာတွေ ရောဂါထပြန်ပြီလဲ မသိဘူး၊ ကျောင်းဆရာမဝင်လုပ်ချင်လို့တဲ့ ပူဆာနေပြန်ပြီ'

'အေး ကောင်းသားပဲ'

ဖေဖေက ထုံးစံအတိုင်း ဆေးတံကိုခဲကာ မေမေပြောသမျှကို အင်းလိုက်ရန် ပြင်လေသည်။

'အို ဘယ့်နှယ် ကောင်းသားပဲလဲ၊ ကိုက ပြီးစလွယ် မပြောပါနဲ့'

'တကယ်ကောင်းလို့ ကောင်းတယ်ပြောတာပါကွ၊ အစကတည်းက အဲဒါပြောမလို့ပဲ၊ မမက ချက်ချင်းပဲ လင်ပေးစားတော့မလိုလို လုပ်နေလို့ကို မပြောတာ'

မေမေက သက်ပြင်းကို ခပ်လေးလေးချသည်။

'အင်းလေ၊ ခင်ခင်နဲ့ကလဲ စကားလွန်ထားတယ် မဟုတ်လား၊ ကိုကိုကြီးကိုလဲ သင့်တော်မယ်ထင်လို့ပါ၊ ခုတော့လဲသမီးကို စောစောစီးစီး အိမ်ထောင်ပြုပေးရမှာ နှမြောတယ်၊ ခင်ခင်ကတော့ မြန်မြန်ဖြစ်စေချင်



တာပေါ့လေ၊ ကိုကိုကြီးအသက်ကလဲ မငယ်တော့ဘူး မဟုတ်လား၊ မမအနေနဲ့ကလဲသူတို့ ငွေရေးကြေးရေး အဆင်မပြေလို့ နှောင့်နှေးနေတာလို့ ထင်မှာစိုးတယ်'

'မမဟာကလည်း ဘာမှ မပြတ်သားပါလားကွာ'

'မဟုတ်ဘူးလေ မမပြောတာကိုလဲ နားထောင်ပါဦး'

'အင်း ပြော'

'ဒီလိုပါ သူတို့ကိစ္စကို နောင်နှစ်သီတင်းကျွတ်ထက်တော့ ပိုရွှေ့လို့ မကောင်းဘူးလေ'

'ဟုတ်တာပေါ့'

'သူတို့အကြောင်းက ရင်းနှီးတဲ့ မိတ်ဆွေတွေကလဲသိနေကြပြီ မဟုတ်လား၊ အချိန်ကြာလို့ တလွဲတချော်ဖြစ်သွားရင် မိန်းကလေးဘက်က နစ်နာတယ်'

'မှန်တာပေါ့'

'ကြည့် ဒီက စိတ်ဝင်စားနေတယ်မှတ်တာ'

ဖေဖေက ဆေးတံကိုချွတ်လျက် ရယ်သည်။

အခန်းတွင်းမှ နားထောင်နေသော လင်းလင်းကတော့ မေမေသည် ညည်သည့်စကားကို ပြောလို၍ အစပျိုးနေသည်ကို ဖေဖေ့လိုပင် စိတ်မရှည်စွာ စောင့်ဆိုင်းနေရသည်။

'စိတ်ဝင်စားပါတယ် မမရယ်၊ ကိုယ့်သမီးအကြောင်း ကိုယ်စိတ်မဝင်စားဘဲ နေပါ့မလား၊ မမက သမီးအလုပ်လုပ်ချင်တာကို ပြောရင်းသာနေ ဘယ့်နှယ်ဘယ်လို လင်ပေးစားဖို့အကြောင်း ရောက်သွားတာလဲ'

'ကို မသိပါဘူးလေ'

'အေး ဟုတ်တယ်၊ ကို ဘာမှ မသိဘူး'

'ကြည့် လုပ်ပြန်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူးလေ၊ မမ ဘာပြောချင်တယ်ဆိုတာကို ကို မသိဘူး။ အဲဒါကိုပြောတာ'

'သမီးက အလုပ်လုပ်ချင်တယ်ဆိုတာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား လို့'

'ဟေ'

ဖေဖေ၏ အာမေဋိတ်သံနှင့်အတူ လင်းလင်းပါ မျက်လုံးပြူး သွားသည်။ မေမေသည် ခြေထောက်ဒဏ်ရာရပြီး အိမ်ပြင်ကို မထွက်နိုင် သည်မှစ၍ အစစအရာရာကို လေးလေးနက်နက် စဉ်းစားနေတတ်ခဲ့သည်။ ပြဿနာတိုင်းကို မေမေသည် အစမှအဆုံးတိုင် အပြန်ပြန်အလှန်လှန် သုံးသပ်နေတတ်သည်။ မေမေသည် သူတစ်ပါး၏ အတွင်းစိတ်ကိုလည်း ယခင်ကထက်ပို၍ ထွင်းဖောက်ကြည့်မြင်သည့် အလေ့ကို ရနေလေပြီ။ မေမေဘာတွေများ ပြောဦးမည်လဲ။

'ဟုတ်တယ် ကို၊ မမစိတ်ထဲမှာ သမီးဟာ မမ စကားကို အရင်က နားထောင်ခဲ့ပေမယ့် ခုတော့ နားထောင်ရမှာ ဝန်လေးနေပြီလို့ ထင်တယ်'

'ဘာဖြစ်လို့လဲမမရယ်၊ သမီးက ခုလဲ ဘာများပြောလို့လဲ၊ သူအလုပ် လုပ်ချင်တာကတော့ ခေတ်လူငယ်ပဲကွာ၊ ပညာတွေသင်ထားရတာ နမြော မှာပေါ့၊ သမီးက သူများလို အရောင်းအဝယ်လည်း ဝါသနာပါတာ မဟုတ်ဘူး'

'ဟင့်အင်း မမကတော့ ဒီလို မထင်ဘူး'

ဖေဖေရော မေမေပါ အတန်ကြာ တိတ်ဆိတ်နေကြ၏။ ဖေဖေက မေမေ့စကားကို အလေးထား၍ စဉ်းစားလာပုံရသည်။ လင်းလင်းသည် အိပ်ရာထက်မှ ထထိုင်မိ၏။



မေမေက တစ်စုံတစ်ရာ ဆက်ပြောနေသော်လည်း မေမေ့အသံက တိုးတိတ်လှ၍ သဲကွဲစွာ မကြားရပေ။

'သူ ကိုကိုကြီးကို မချစ်ဘူးထင်တယ်'

သည်တစ်ခွန်းကိုတော့ အားလုံးကို ဆက်စပ်၍ နားလည်လိုက်သည်။ လင်းလင်း ရင်ထဲမှာ တဒိတ်ဒိတ်ခုန်လာသည်။ မေမေ ဘာတွေဆက်ပြော နေသည်လည်း မကြားရပြန်။

'မမကလဲကွာ၊ ပူစရာမရှိ ပူမနေပါနဲ့'

ဖေဖေက ပြောသည်။

လင်းလင်းသည် အိပ်ရာပေါ်သို့ နွမ်းလျစွာ လှဲချလိုက်မိ၏။

ညသည် တိတ်ဆိတ်လွန်းလှသည်။ အအေးပိုလာသဖြင့် စောစီး စွာပင် မြို့သည် တိတ်ဆိတ်နေလေပြီ။ အနွေးထည်တစ်ထည် ထပ်ဝတ်ရန် စိတ်ကူးသော်လည်း အိပ်ရာထဲမှကို မထချင်သဖြင့် ဂွမ်းကပ်တစ်ထည်ကိုသာ ထပ်ခြုံဖြစ်သည်။ ကျောင်းစတက်သည့်နှစ်က ဂွမ်းစောင်တွေ အဆောင်ကို သယ်သွားမိသည်ကို သတိရ၏။ ရန်ကုန်ဆောင်းသည် နေလို့ကောင်း ရုံသာ ရှိသည်။ နှင်းတွေကျတတ်သည့် ဆောင်းညများတွင် အင်းလျားဆောင် ၏ အတွင်းမြက်ခင်းပြင်မှာ ဘဲဥမနှင့် စကားတွေ ထိုင်ပြောကြသည်ကို စွဲစွဲမြဲမြဲမှတ်မိနေ၏။ ဘဲဥက အချစ်အကြောင်းတွေ တဖွဖွ တနွဲ့နွဲ့ ပြောနေခဲ့ သော်လည်း လင်းလင်းက ခံစားရကောင်းမှန်း မသိခဲ့။ မိန်းကလေး တစ်ယောက် အချစ်အတွက် အိပ်ဆေးသောက်ပြီး ဆေးရုံရောက်ရသည်ကို ဘဝတူမိန်းကလေးတွေက သနားလွန်းလှသည် ဆိုသော်လည်း လင်းလင်း ကတော့ ဘာမှ မဟုတ်တာလေးအတွက် အသက်စွန့်ဝံ့သည်ကို များစွာ အံ့သြခြင်း ဖြစ်မိ၏။ ဘဲဥမကို သူသည် မိဘသဘောတူ စေ့စပ်ထားသူကို ယူရမည်ဖြစ်ကြောင်း ပြောပြစဉ် ဘဲဥမကလည်း သူ့ကို သနားစရာ မိန်းကလေးတစ်ယောက်အဖြစ် မြင်သည်ကို သူမသိ။ 'ဒီလိုဆို မင်း

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ ချစ်လို့ မရတော့ဘူးပေါ့’ဟု နှမြောတသစွာ ပြောသည်ကိုလည်း အစိပ္ပာယ် မပေါက်ခဲ့ပေ။

ယောကျ်ားလေးပေါင်း များစွာနှင့် အားကစား လေ့ကျင့်ရင်း တရင်းတနှီး နေခဲ့ရသည့်တိုင် ရင်ခုန်ခြင်း၊ စိတ်လှုပ်ရှားခြင်း အလျှင်း မရှိခဲ့တာလည်း အမှန်ပင်။

ယခုတော့ သူ့ရင်ထဲမှာ လှုပ်ရှားတတ်သလို ဖြစ်လာပေပြီ။ သို့သော် ဘာအတွက်လည်းဆိုတာ ရေရေရာရာမသိ။ သူသည် ယခုမှ လူလားမြောက်ရသူလို ဖြစ်နေလေသည်။ ရယ်စရာတော့ အကောင်းသား။ မိန်းကလေးတစ်ယောက်ဟာ လက်ထပ်ခါနီးမှာမှ အချစ်အကြောင်းကို လေ့လာ စူးစမ်းနေချင်သည်တဲ့။ သူ အထင်သေးခဲ့မိသော အချစ်သည် သူ့ကို ဒုက္ခပေးနေလေပြီ။

\+ + +

‘လင်းလင်း နေမကောင်းဘူးဆို’

ရင်းနှီးသော အသံတစ်သံဖြစ်၍ အိပ်ရာထဲမှ ခေါင်းထောင်ထမိသည်။တစ်နေ့ညက အနွေးထည် ထပ်မဝတ်သဖြင့် ရင်ဘတ်ကို အအေးမိသလို ဖြစ်သွားသည်။ အိပ်မက်တွေများစွာမက်ပြီး ထမင်းလုံး တစ္ဆေခြောက်သလို ကယောင်ကတမ်းတွေ ဖြစ်သည်ကိုလည်း သတိရ၏။ နံနက်မိုးလင်းတော့ ခါတိုင်းထက်နောက်ကျပြီးမှနိုးသည်။ အခန်းထဲကို ဒေါ်ဒေါ်မြိုင် ဝင်လာမှ ညက ပြတင်းတံခါး ဟနေသည်ကို တွေ့သွားကာ နဖူးကို လာစမ်းကြည့်လေသည်။ ထိုအခါမှ သူ့ကိုယ်သူ ဖျားနေပြီဟု သိလိုက်ရ၏။

‘ဟုတ်တယ်ကွယ်၊ မင်းတို့ သူငယ်ချင်းကို သွားကြည့်လိုက်ဦး’



ကိုတာနှင့် မကြည်ဝင်းတို့နှစ်ယောက်ကို အခန်းဝမှာ မြင်လိုက်ရမှ ကိုတာနှင့် ကိုဇော်သည် လူကိုမတွေ့ရလျှင် အသံချင်းဆင်လှကြောင်း သတိထားမိ၏။

‘ဟင် ကိုတာတို့ပါလား၊ လင်း နေမကောင်းဘူးလို့ ဘယ်သူက ပြောလဲ’

‘ဘယ်သူမှ မပြောဘူး၊ ကိုယ်တို့က မြို့ထဲလာရင်း ဝင်လာတာ၊ အောက်ရောက်မှ ဒေါ်ဒေါ်မြိုင်ပြောလို့ သိတာ’

လင်းလင်းက သူတို့နှစ်ယောက်ကို အကဲခတ်ကြည့်ရှုရင်း အိပ်ရာထက်မှ ထထိုင်လိုက်ရသည်။ ကိုတာနှင့် မကြည်ဝင်းသည် လင်းလင်း အိပ်ရာအေားမှ တစ်ယောက်ထိုင်ခုံလေးပေါ်တွင် နှစ်ယောက် ကပ်ကပ်သတ်သတ် ပူးကပ်၍ ထိုင်ကြလေသည်။ ကိုတာ၏ မျက်နှာက ရွှင်နေသလို မကြည်ဝင်း၏ မျက်နှာကလည်း ပြုံးလို့ပါလား။

‘ဘယ်လိုလဲ၊ သိပ်ပြေလည်နေ့ကြပါလား’

လင်းလင်းက မနာလိုခြင်းကင်းအောင် သတိထားရင်း ပြောလိုက်၏။

‘ရှူး တိုးတိုး၊ ကြီးကြီး ကြားသွားဦးမယ်၊ ကိုယ့်ကိစ္စနဲ့ကိုယ်လာရင်း မြို့ထဲမှာ ဆုံကြတာပါ’

ကိုတာက နှုတ်ခမ်းဝတွင် လက်ညှိုးနှင့် တေ့ရင်း ပြော၏။

‘အမယ် တမင်ချိန်းလာရင်လဲ လာတယ်ပေါ့ ဘာဖြစ်လဲ၊ မေမေ မကြားလည်း ရိုပ်မိမှာပါပဲ၊ ပြီးတော့ လင်းတို့ မေမေက သိပ်အကင်းပါးတာနော်’

‘အိမ်ကို ပြန်မတိုင်ရင် ပြီးတာပါပဲဟာ’

‘အဲဒါတော့ စိတ်ချ၊ မေမေက ဘယ်မှသွားနိုင်တာမှ မဟုတ်တာ၊ မေမေခင်လာလဲ တမင်တော့ မပြောပါဘူး’

www.burmeseclassic.com

www.burmeseclassic.com



မကြည်ဝင်းက ကိုတာ့ကို မကျေနပ်သလို မျက်စောင်းထိုး၍ ကြည့်သည်။

'ဘာလဲ သူက သူ့အမေသိမှာ သိပ်ကြောက်နေတယ်ပေါ့၊ သိသွားတော့လည်း အဆက်ဖြတ်လိုက်ရုံပေါ့'

'မဟုတ်ပါဘူးဗျာ၊ ရည်မှန်းချက်မရောက်ခင် ပျက်သွားမှာစိုးလို့ပါ၊ အဆက်မဖြတ်ရဲပါဘူး၊ ဒီက ရာဇဝင်ကြွေးဆပ်ရဦးမှာ'

မကြည်မြင့်နှင့် ကိုဇော်တို့ကိစ္စကို ရည်ညွှန်းခြင်းဖြစ်၏။ မကြည်ဝင်းက ကိုတာ့ကို ပခုံးစွန်းနှင့် တွန်းထုတ်လိုက်သဖြင့် ကိုတာက တဟဲဟဲ ရယ်သည်။ ငယ်သူငယ်ချင်းနှစ်ယောက်၏ ရင်းနှီးကျွမ်းဝင်လှပုံကို ကြည့်ကာ ကြည်နူးဝမ်းသာမိသလိုလိုတော့ ရှိသား။ နှစ်ယောက်လုံးက မိဘများ၏ ဆန္ဒကို ဆန့်ကျင်ဝံ့သော သတ္တိတွေရှိနေသည်ကိုလည်း အံ့သြသလို ဖြစ်မိသည်။

ဒေါ်ဒေါ်မြိုင်က ကော်ဖီနှစ်ခွက်လာပို့ရင်း ကိုတာနှင့် မကြည်ဝင်းတို့ ထိုင်နေပုံကို မသိမသာ ငဲ့စောင်းကြည့်သွား၏။ သူတို့ကတော့ အနေအထား မပျက်ကြပေ။

'လင်း နေကောင်းသွားရင် အုန်းကိုင်းကို လာခဲ့ဦးနော်၊ ကိုကိုကြီး ကလည်း မျှော်နေတယ်'

မကြည်ဝင်းက တခစ်ခစ် ရယ်၏။ ပျော်ရွှင်ကြည်နူးနေသူတို့၏ ဘာဝ အလကားနေရင်း ရယ်နေသလားတော့ မသိ။ သူ့ကို လှောင်ပြောင်ခြင်းတော့ မဟုတ်တန်ရာဟု လင်းလင်းက တွေး၏။

'ကိုကိုကြီးက လင်းကို မျှော်နေတယ်ဆိုတာ မဖြစ်နိုင်ပါဘူး ကိုတာရယ်၊ ကိုကိုကြီးက သူ့သစ်ပင်တွေကလွဲလို့ ဘာကိုမှ စိတ်ဝင်စားတာမှ မဟုတ်တာ'



'အမယ် ဒီလိုတော့ မပြောနဲ့ လင်း၊ လင်း ပြန်ရောက်ရောက်ချင်း ခြံထဲမှာ ကြက်တောင်ကစားချင်တယ်ဆိုလို့ နေမကောင်းတဲ့ကြားက ချက်ချင်း ရှင်းပေးထားတာ မတွေ့ဘူးလား'

'ဟုတ်လား၊ ကိုတာတို့ ရှင်းတာမှတ်လို့'

'ပြီးတော့ လင်းက အိမ်အသစ်မှာ မီးလင်းဖိုထည့်ချင်တယ်လို့ ပြောတယ်ဆို'

'ဟင့်အင်း၊ မပြောမိပါဘူး'

'လင်း ပြောပါတယ်'

'ကိုဇော့်ကို ပြောမိတယ် ထင်ပါရဲ့'

'ကိုကိုကြီးက သူ သိတယ်ဆိုရင် လုပ်ပေးတာပါပဲ၊ ခုလဲ နဂိုပုံစံထဲမှာ မပါတဲ့ မီးလင်းဖိုထည့်ဖို့ စီစဉ်နေတယ်၊ ကိုကိုကြီးက ကျွန်တော်တို့ အပေါ်မှာလဲ ဒီလိုပဲ သိပ် အလိုလိုက်တာ'

လင်းလင်းကတော့ ခပ်တွေတွေလေး ငေးနေသည်။ ကိုကိုကြီးသည် အားလုံးအပေါ် အနစ်နာခံတတ်သူသာ ဖြစ်ချေ၏။

'ဒါပေမဲ့ ကိုကိုကြီးက မထုံတက်တေးကြီးပါကွာ၊ ကိုဇော့်လို သွက်သွက်လက်လက် မရှိဘူး'

မကြည်ဝင်းက မနေနိုင် မထိုင်နိုင် ဝင်ပြောသည်။

'ဒါပဲ၊ မိန်းကလေးတွေက အပေါ်ယံတင်ကြည့်တာ၊ အဝင်းလဲ ကိုဇော့်ကို ကျိတ်သဘောကျနေတာ မဟုတ်လား၊ ဒါဆို ရာဇဝင်ကြွေးကို အဝင်းပဲ ဆပ်လိုက်တော့'

'ကိုတာနော် သူများကို ဒီလိုမပြောနဲ့'

မကြည်ဝင်းက ကိုဘာ၏ ပေါင်ကို လိမ်ဆွဲသည်။ ကျေ[illegible] ဝှသည်။ ကိုတာက တဟဲဟဲရယ်၏။ လင်းလင်းမှာ မျက်နှာ[illegible]ရ ခက်နေသည်။ သူ့ဘဝတွင် မည်သည့် ယောကျ်ားလေးနှင့်မျှ လက်ပွန်း

www.burmeseclassic.com

www.burmeseclassic.com



တာတီး မနေဘူးပေ။ အင်းလျား၏ အလှဆည်းဆာအောက်မှာ အနမ်းချင်း ဖလှယ်တတ်ကြသော ချစ်သူတွေကို တွေ့ခဲ့ရဖူးပါရဲ့။ သည်တုန်းကတော့ စိတ်လှုပ်ရှားရမှန်း ရှက်ရ ရွံ့ရမှန်း မသိခဲ့ပေ။ ယခုကာမှ ဘာ့ကြောင့် မလုံမလဲနှင့် ရင်တွေ ခုန်နေတတ်ပါသလဲ။

'ကိုယ်တို့ ပြန်မှဖြစ်မယ် သူငယ်ချင်း၊ နောက်မှ အေးအေးဆေးဆေး လာခဲ့ဦးမယ်၊ မင်းလည်းနေကောင်းရင် အိမ်ကိုလာခဲ့ဦး၊ စကားပြောစရာတွေ အများကြီးရှိတယ် သိလား'

လင်းလင်းက ခေါင်းကို ညိတ်ပြမိ၏။

သူတို့နှစ်ယောက် ပခုံးချင်းတိုက်၍ ထွက်သွားသည်ကို မျက်စိတဆုံး ကြည့်ကာ ရင်ထဲမှာ ဟာ၍ ကျန်ရစ်သည်။

\+ \+ \+

လင်းလင်း

ပတ္တမြားမြေမှာ လင်းလင်းတစ်ယောက် ပျော်ရွှင်မှုအပေါင်းနဲ့ ပြည့်စုံနေပြီလို့ ကျွန်တော်ထင်ပါတယ်။ လင်းလင်းက အဆက် အသွယ် မလုပ်စေချင်တာကို သိသော်လည်း အေးအေးခင်တို့ဆီက လိပ်စာကို မရမက တောင်းပြီး စာရေးလိုက်မိတဲ့ ကျွန်တော့်ကို ခွင့်လွှတ်ပါ။

လင်းလင်းက စကားကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောတတ်တဲ့ ယောကျ်ား တွေကို အထင်မကြီးဘူး၊ ရယ်စရာလို့ အောက်မေ့တတ်တယ် ဆိုတာသိရလို့ ကျွန်တော် စာကိုလည်း ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးမနေတော့ ပါဘူး လင်းလင်းရယ်၊ ကျွန်တော် လင်းလင်းကို သိပ်သတိရတယ်၊ အထူးသဖြင့် ကျွန်တော်တို့ အာရှိစီမှာ ကစားရတဲ့ အခါပေါ့။



ကျွန်တော်ကတော့ ကျွန်တော့်အတွက် စိုပြည်လန်းဆန်းမှု မရှိ တော့တဲ့ နယ်မြေမှာဆက်ပြီး အခြေချရတော့မယ်။ ကျွန်တော် အချိန်ပိုင်း ကျူတာရတယ် လင်းလင်း။

တက္ကသိုလ်နယ်မြေကနေ နိုင်ငံသိ အားကစားသမားတွေ နောက်ထပ် ပေါ်ထွက်လာအောင် ကျွန်တော် တတ်နိုင်သမျှ ကူညီ ဆောင်ရွက်နေပါတယ်။ တစ်ချိန်က ကျွန်တော်တို့တစ်တွေ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးနဲ့ လှုပ်ရှား ရုန်းကန်ခဲ့ရတဲ့ ဘဝလေးကိုတော့ ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး လင်းလင်း။

ကျွန်တော့်ကို နောက်ဆုံးတစ်ခုတော့ ပြောခွင့်ပြုပါ။ လင်း လင်းဟာ လွတ်လပ်တဲ့ မိန်းကလေးတစ်ယောက်အဖြစ် ရှိနေသမျှ ကာလပတ်လုံး အချစ်ဆိုတာ ပတ်ဝန်းကျင်ရဲ့ ဖန်တီးပြုပြင်မှုကို မခံယူဘူးဆိုတာ သဘောပေါက်လာတဲ့တစ်နေ့ ကျွန်တော် လင်း လင်းကို ပြန်တွေ့ချင်ပါသေးတယ်လို့ မျှော်လင့်နေပါရစေ။

ထာဝရ
ကျွန်တော်

ကိုခင်မောင်ဦး၏ စာတွင် နာမည်ကိုသော်လည်းကောင်း၊ လိပ်စာ ကိုသော်လည်းကောင်း ထည့်ရေးမထားပေ။ ကေ္တ ဘဲဥမက သူရေးလိုက် သည့် စာကို စေတနာပိုပြီး ကိုခင်မောင်ဦးကို သွားပြသည် ထင်ပါရဲ့။ ထို့ကြောင့်သာ သူက မျှော်လင့်ချက်ထားသော အကြောင်းကို ပြောလာခြင်း ဖြစ်ပေမည်။ လင်းလင်းရဲ့စာကို သူငယ်ချင်းတွေက အဓိပ္ပာယ်တစ်မျိုး ပေါက်သွားကြဟန် တူသည်။ လင်းလင်းက ပြုံးလိုက်မိ၏။ သူ၏ မတည်ငြိမ်သော စိတ်များသည် သူများကို ဒုက္ခသံသရာရှည်အောင် ဖန်တီးပေးသလို ဖြစ်နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူ့ဆီကစာလဲ သမီး'

ရုတ်တရက်လန့်သွားကာ စာကို ခေါင်းအုံးအောက်ထဲ ထိုးထည့်လိုက်မိသည်။ မေမေသည် တုတ်ကောက်ကိုကိုင်လျက် အခန်းဝတွင် ရပ်နေလေသည်။ လင်းလင်းက မေမေ့ကိုတွဲခေါ်ဖို့ သတိရကာ အခန်းဝသို့သွားပြီး မေမေ့လက်မောင်းကို ဖေးမ၍ တွဲခေါ်ခဲ့သည်။ မေမေသည် လင်းလင်း၏ အိပ်ရာပေါ်မှာ အားယူ၍ ထိုင်ချလိုက်၏။

'သူငယ်ချင်းတစ်ယောက်ဆီက စာပါ မေမေ'

မေမေသည် အကင်းပါးသူတစ်ယောက်ဖြစ်ကြောင်း လင်းလင်းသိသည်။ မေမေက လင်းလင်းကို ကရုဏာသက်စွာ ကြည့်နေ၏။ မေမေ၏ မျက်လုံးများက နူးညံ့လှသည်။ မေမေ့တွင် တစ်ဖက်သားအပေါ် ညင်ညင်သာသာနှင့် လွှမ်းမိုးနိုင်သော သတ္တိထူးရှိပေသည်။

'သမီးက ကျောင်းကို စိတ်မကုန်သေးဘူးနဲ့ တူပါရဲ့ကွယ်'

လင်းလင်း တိတ်ဆိတ်နေသည်။ မေမေ့ကို ဘယ်လိုပြောရမည်မသိပေ။ အထူးသဖြင့် မငြိမ်မသက်ဖြစ်နေသော သူ့စိတ်တွေကို မေမေက ရိပ်စားမိမှာ စိုးလှသည်။

'သမီး မေမေတို့နဲ့အတူနေရတာကိုလဲ စိတ်ချမ်းသာပါတယ်မေမေ၊ သမီးအတွက် အားလုံး စိတ်ချမ်းသာစေချင်တယ်'

သတိထားသည့်ကြားမှပင် မေမေ့အတွက် စဉ်းစား တွေးတောစရာ စကားမျိုးကို ပြောမိပြန်သည်။

'မေမေသိတာပေါ့ကွယ်၊ ဒါကြောင့်လဲမေမေက သမီးကို ပိုလို့တောင် စိတ်ချမ်းသာစေချင်သေးတယ်၊ လူ့ဘဝဆိုတာ တိုတိုလေး သမီးရဲ့၊ နေရသမျှအချိန်လေးမှာ စိတ်ချမ်းချမ်းသာသာနဲ့ နေသွားရဖို့ အရေးကြီးတယ်၊ ဒါပေမဲ့လဲ တစ်ခါတစ်ခါတော့ လူတွေဟာ ဆန္ဒစောတတ်တယ်'



လင်းလင်းသည် မေမေ့စကားကို နားထောင်ရင်း အနေရအထိုင်ရခက်လာသလိုရှိလာသဖြင့် ခေါင်းရင်း ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ တောင်တန်းညိုညိုပေါ်တွင် တိမ်စိုင်များ ပြေးလွှားနေကြလေသည်။

သည်ရက်များမှာ လင်းလင်း နေမကောင်းသဖြင့် အနည်းငယ်ပိန်သွားသည်။ ကျောင်းမှာတုန်းကလို အားကစားလည်း မှန်မှန် မလေ့ကျင့်ရတော့သဖြင့် ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေသည်။ စိတ်ဝင်စားစရာ နည်းပါးသွား၍ သူ့စိတ်တွေ လွင့်ပါးလာတတ်သည်ကိုလည်း သတိပြုမိပြန်၏။

မေမေက လင်းလင်း၏ လက်မောင်းကလေးများကို ဆုပ်ကိုင်လိုက်သည်။ ပြီးတော့ စကားကို အေးအေးဆေးဆေးပင် ဆက်ပြောသည်။

'စဉ်းစားကြည့်တော့ မေမေတို့ဘဝ လောလောဆယ် အခြေအနေဟာ ဘာမှ ပူစရာမရှိပါဘူးကွယ်၊ မိသားစုလေးယောက် အေးအေးချမ်းချမ်းနေနေတာပဲ၊ ဒါပေမဲ့ လူဆိုတာအမြဲတမ်း အေးအေးနေရတတ်တာမဟုတ်ဘူး၊ အနာဂတ်ကို ကြိုတင်တွက်ဆပြီး အဘင့်ပြင်ဆင်ထားရတယ်၊ ဒါကြောင့်လဲ မေမေက သမီးအိမ်ထောင်ရေးကို စီစဉ်ပေးခဲ့မိတာပါ၊ မေမေတို့မရှိရင် လောကကြီးမှာ သမီးတစ်ယောက်တည်း ဘယ်လိုနေမလဲကွယ်'

ဖေဖေသာ အနားမှာရှိလျှင်တော့ တိုတိုပြတ်ပြတ်ဖြစ်အောင် ဝင်ပြောပစ်မည်သာ ဖြစ်သည်။ မေမေကတော့ သူလိုချင်သည့်နေရာ မရောက်မချင်း တန်ဆာဆင်လျက် ပြောနေလေသည်။

'မေမေတို့ စီစဉ်တာကို သမီး နားလည်ပါတယ် မေမေ၊ ခုလဲ သမီး အလုပ်လုပ်ချင်တယ်ဆိုတာက'

ပြောပြီးမှ မှားသွားမှန်း သတိရ၏။ ထိုသို့ပြောလိုက်ခြင်းဖြင့် တစ်နေ့ညက မေမေနှင့် ဖေဖေတို့ ပြောနေသည့် စကားများကို ကြားခဲ့ရကြောင်း သိသာစေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေက လင်းလင်း၏ လက်ချောင်းကလေးများကို ဆုပ်ကာ စကားပြောသည်။

'အလုပ်လုပ်တာ ကောင်းပါတယ် သမီးရယ်၊ မေမေလဲဒီလောက် ခေတ်နောက်မကျပါဘူး၊ သမီး လုပ်ချင်ရင် လုပ်ပေါ့၊ ဒါပေမဲ့ သမီးရယ်'

လင်းလင်းက ခေါင်းအုံးပေါ်တွင် ခပ်စောင်းစောင်းလေး လှဲချလိုက်သည်။ စိတ်၏ လှုပ်ရှားမှုများကို တည်ငြိမ်အောင် ကြိုးစားကာ မေမေ့စကားကို နားထောင်ရသည်။

'ဒါပေမဲ့ ဘာဖြစ်လဲမေမေ'

သမီး သိပြီးသားပဲလေ၊ သမီးနဲ့ ကိုကိုကြီးနဲ့ လက်ထပ်ဖို့ကိစ္စက ရှိနေတယ် မဟုတ်လား၊ မေမေကတော့ သမီးနဲ့ နေရတာ အားမရသေးလို့ တစ်နှစ်လောက်နေပါဦးလို့ ပြောထားတာပဲ၊ ခင်ခင်ကတော့ မြန်မြန်ဖြစ်စေချင်တယ်၊ ဒီ့ထက်ပိုပြီး အချိန်ဆွဲထားလို့လဲ မကောင်းဘူး'

'အဲဒါ သမီး သိပါတယ် မေမေရယ်၊ သမီး အလုပ်လုပ်လဲ အိမ်ထောင်ပြုလို့ရတာပဲ မဟုတ်လား'

'ဒါပေမဲ့ သူတို့ကို တိုင်ပင်ဖို့တော့ ကောင်းတယ် မဟုတ်လား ကွယ်၊ အရှည်သဖြင့် ပေါင်းသင်းရမယ့်သူတွေဆိုတာ လေးစားသမှု ရှိရတယ်လေ'

'မေမေခင်ကို တိုင်ပင်ရမှာလား၊ ကိုကိုကြီးကို တိုင်ပင်ရမှာလား မေမေ'

မေမေသည် သမီးဖြစ်သူကို သနားကရုဏာသက်စွာ ကြည့်လေ၏။ လင်းလင်း မေးလိုက်ပုံကလည်း အပြစ်ကင်းစင်လှသည်။ လောကအကြောင်းကို ဘာမျှမသိသေးသည့် အသွင်က ထင်ရှား၏။

'ကိုကိုကြီးကို ပြောရမှာပေါ့ သမီးရယ်၊ ကိုကိုကြီးဟာ သမီးနဲ့ တစ်သက်လုံး လက်တွဲသွားရမယ့်သူပဲ'



အတန်ကြာ တိတ်ဆိတ်သွားကြသည်။ မေမေသည် လင်းလင်း၏ ခေါင်းကို ပွတ်သပ်ပေးရင်း အပြင်သို့ မျှော်၍ ကြည့်၏။

'သမီး'

မေမေက တိုးတိုးခေါ်သည်။

'ရှင်'

မေမေ ဘာပြောဦးမည်လည်းဟု စိုက်ကြည့်နေမိ၏။

'သမီးမှာ ချစ်သူရှိနေပြီလား ကွယ်'

မေမေ သည်မေးခွန်းကို မေးဖူးခဲ့ပြီ။ သို့သော် စကားလုံးချင်းက ကွာခြား၏။ ချစ်သူရှိနေပြီလားတဲ့။ ချစ်သူရှိနေပြီလားတဲ့။

'မရှိသေးပါဘူး မေမေရယ်၊ ရှိလဲ မရှိနိုင်တော့ပါဘူး၊ သမီးက ကိုကိုကြီးကိုပဲ ယူမှာပါ၊ ကိုကိုကြီးကိုပဲ ယူမှာပါ မေမေရယ်'

လင်းလင်းသည် မေမေ့ ရင်ခွင်ကြားတွင် ခေါင်းကိုထိုးဝှက်ကာ လှိုက်လှဲသောအသံဖြင့် တုန်ယင်စွာပြောမိလေသည်။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ၁၀

'သမီးရေ ဒီမှာ ဧည့်သည်ရောက်နေတယ် ယော့'

အားတက်သံရောရှိလှသော မေမေ့ အသံကြောင့် အိပ်ရာထဲမှ လူးလဲထလိုက်ရသည်။ မှန်တစ်ချက်ကြည့်ကာ ဆံပင်များကို ဘီးကျဲဖြင့် ခပ်ဖွဖွလေး သပ်လိုက်၏။ မျက်နှာကိုတော့ လက်ဝါးနှစ်ဘက်ဖြင့်ပင် ပွတ်သပ်ကာ ဘလောက်စ်အင်္ကျီကို ခါးဆွဲဆန့်ပြီး အိမ်ရှေ့သို့ ထွက်ခဲ့ရသည်။ မေမေ၏ အရောင်းအဝယ် ကိစ္စနှင့် ဧည့်သည်များလာလျှင်လည်း ဧည့်ဝတ်ကျေပွန်အောင် ဧည့်ခံရန်ရှိလေသည်။

အိမ်ရှေ့ခန်းသို့ရောက်ရောက်ချင်း ဧည့်သည်ကို သတိမထားမိသေး။ မေမေ့နားမှာ ရှိသေစွာ စကားပြောနေသူကို အနားရောက်မှ ကိုကိုကြီးမှန်း သိသည်။ ကိုကိုကြီးသည် ခါတိုင်းလို ရှပ်အင်္ကျီလက်ရှည် ပွပွကြီးကို ဝတ်မထားဘဲ ဂျင်းရှပ်ကို ဝတ်ထားသဖြင့် အသွင်ဆန်းနေသည်။ ဘောင်းဘီရှည်နှင့်ဆိုလျှင် ပိုကြည့်ကောင်းမှာပဲဟု တွေးကာ အနားမှ ကုလားထိုင်တွင် ထိုင်မိ၏။ ဘာမျှလိမ်းမလာခဲ့မိသော မျက်နှာကို လက်ဝါး



ဖြင့် ထပ်ပွတ်မိသည်။ ကိုကိုကြီးသည် မေမေ မေးလက်စ စကားကို ပြတ်အောင်ပြောပြီးမှ လင်းလင်းဘက်သို့ လှည့်ကြည့်သည်။

'လင်း နေမကောင်းဘူးဆို'

'ဟုတ်ကဲ့ နည်းနည်းပါးပါးပါ'

ကိုကိုကြီးသည် လင်းလင်းကို မေးပြီး ချက်ချင်း မျက်နှာလှည့်သွားသည်။

'မင်း ညီမက နေတာထိုင်တာ သိပ်ရဲတယ်၊ အခု အေးလာပြီ မဟုတ်လားကွယ်၊ သူက ညအိပ်ရင်လဲအနွေးထည်တွေ ဘာတွေ ဝတ်ချင်မှ ဝတ်တာ၊ ရန်ကုန်မှာလိုမဟုတ်တော့ ဘယ်ခံနိုင်မလဲ'

'လှုပ်လှုပ်ရှားရှားနေရင်တော့ ကောင်းပါတယ်၊ ကြက်တောင်ကစားကွင်းကို သေသေချာချာ ပြန်လုပ်ထားတယ်၊ လာကစားဦးလေ လင်းလင်း'

လင်းလင်းက ပြုံး၍ ခေါင်းညိတ်ပြသည်။ မေမေ့ရှေ့မှာဆိုတော့ အနေအထိုင်ကျဉ်းကျပ်သလို ဖြစ်လာသည်။ စကားမှားမည်ကိုလဲ စိုးလာ၏။

'မင်း ညီမကို သိပ်လဲအလိုမလိုက်နဲ့ကွဲ့၊ သူက ကစားရမယ်ဆိုရင် နေ့မှန်း ညမှန်းသိတာ မဟုတ်ဘူး၊ ခုလည်း ဘယ်မှမသွားရတော့ ကားတစ်စင်းနဲ့ လျှောက်သွားနေတာ၊ ခုတစ်ခါ အလုပ်လုပ်ချင်လို့တဲ့ ပြောနေပြန်ပြီလေ'

မေမေသည် ကိုကိုကြီးကို လူကြီးတစ်ယောက်လိုပင် အရေးတယူ စကားပြောသည်။ ကိုကိုကြီးကို ငယ်စဉ်က ထိန်းကျောင်းခဲ့ရ၍ ပိုပြီးတော့လည်း သံယောဇဉ်ရှိပုံ ရသည်။ ကိုကိုကြီးကလည်း မေမေ့အပေါ်တွင် မေမေခင်ထက်ပင် ရှိသေလေးစားပုံရ၏။

'ဟုတ်လား၊ ဆရာမ လုပ်မလို့ဆိုတာလား'

'ဟုတ်တယ် ကိုကိုကြီး၊ ဆရာမကြီးဆီရောက်လို့ ဆရာကြီးကလဲ လုပ်စေချင်တယ်၊ ကျောင်းမှာလဲ ဆရာလိုနေတယ်တဲ့၊ လင်းလင်းတို့

www.burmeseclassic.com



မြို့ကို စရိတ်စကကြီးတော့ ရပ်ဝေးက လူတွေကလဲမနေနိုင်ကြဘူး မဟုတ်လား၊ ဒီက လူငယ်တွေကလဲ လခစားအလုပ်ကို စိတ်မဝင်စားကြဘူးလေ’

လင်းလင်းက ရှည်ရှည်လျားလျားပင် ပြောပြမိ၏။ ကိုကိုကြီးသည် သူ့ထုံးစံအတိုင်း ပြုံး၍ နားထောင်သည်။ သူသည် တစ်စုံတစ်ယောက်ကို ဆန့်ကျင်၍လည်း ပြောခဲလှသည်။

‘လုပ်ချင် လုပ်ကြည့်ပါလား လင်းလင်းရဲ့၊ လခစားအလုပ်ဆိုတာလဲ အတွေ့အကြုံရတာပဲ၊ ကောင်းပါတယ်’

လင်းလင်းက မေမေ့ကို လှမ်းကြည့်မိသည်။ မေမေသည် ကိုကိုကြီးကို ရှုးစိုက်ကြည့်နေရာမှ မျက်နှာလွှဲလိုက်၏။

‘သားရဲ့ ခြံအလုပ်ကကော ဟန်ကျရဲ့လား’

လင်းလင်း အံ့သြသွားသည်။ မေမေက ကိုကိုကြီးကို သားဟု ခေါ်ပါကလား၊ မေမေသည် ကိုဇော်တို့၊ ကိုတာတို့ကို တစ်ခါမျှသားဟု ခေါ်သည်ကို မကြားခဲ့ရပေ။ မေမေသည် ကိုကိုကြီးကို ခုကတည်းကပင် သားတစ်ယောက်လို သဘောထားနေပြီလား။

ကိုကိုကြီးကတော့ ထူးခြားအံ့သြဟန်ကို မပြပေ။

‘အသင့်အတင့်ပါပဲ ကြီးကြီးမေ’

ကိုကိုကြီးကလည်း မေမေ့ကို ကြီးကြီးမေဟု ပြန်ခေါ်နေသည်။ ဒါကြောင့်လည်း ကိုဇော်က ကိုကိုကြီးကို လူကြီးတွေအကြိုက် လိုက်နိုင်သူဟု ပြောပေတာပဲ။

‘အေးလေ လူငယ်တွေက မိရိုးဖလာအလုပ်ကို မစွန့်နိုင်ပေမယ့် ခုလိုအခါမှာ အေးအေးဆေးဆေးနေတာ အန္တရာယ်ကင်းပါတယ်၊ ကြီးကြီးမေကတော့ စိတ်နှလုံး အေးအေးချမ်းချမ်းနဲ့ ရသမျှလေးနဲ့ပဲ နေချင်တော့တယ်၊ လူတွေဟာ လောဘတက်လာလေလေ ပူလောင်ရလေပဲကွယ့်’



‘မေမေ၊ သမီး ကော်ဖီသွားဖျော်လိုက်ဦးမယ်နော်’

‘အေး ဟုတ်သား၊ စကားပြောကောင်းနေတာနဲ့ပဲကွယ်’

‘နေပါစေ ကြီးကြီးမေ၊ နေပါစေတော့ လင်း၊ ကိုကိုကြီးဈေးက မြီးရှည် စားလာခဲ့ပြီ’

‘ဟင်း ကိုကိုကြီးက လင်းကိုတော့ ခေါ်မကျွေးဘူး’

လင်းလင်း၏ ကလေးစိတ်က ပွင့်ထွက်သွားသည်။ ပြီးတော့မှ မိန်းကလေးတစ်ယောက်အနေနှင့် မာန ထားသင့်သလားဟု စဉ်းစားရ၏။ ကိုကိုကြီးက ဟန်ဆောင်ရမယ့်သူမှ မဟုတ်ပဲလေဟု တစ်ဆက်တည်း တွေးမိပြန်၏။

‘ခေါ်မလို့ဘဲ၊ လင်း နေမကောင်းဘူးဆိုလို့ပါ’

မေမေသည် ပြုံး၍ နားထောင်နေ၏။ လင်းလင်းက မလုံမလဲဖြစ်ကာ ခေါင်းကို ငုံ့ပစ်လိုက်သည်။

‘ကိုကိုကြီးလာတုန်း သမီး သွားချင်တဲ့နေရာ သွားပါလားကွယ်’

မေမေသည် သာမန် မိန်းမတစ်ယောက်လိုပင် အတွေး ဝင်နေပြီလား။ ကိုကိုကြီးနှင့် လင်းလင်းကို နီးစပ်အောင် လုပ်ပေးဖို့ လိုသည်ဟု ယူဆ ဟန်ရှိသည်။ လင်းလင်းကတော့ ရိုးလှသော ထိုဇာတ်လမ်းမျိုးကို မဖန်တီးချင်ပေ။ ကိုကိုကြီးနှင့် သူသည် နီးမယောင်ယောင်နှင့် ဝေးဝေးသွားတတ်၏။

‘သမီး ဘယ်မှမသွားပါဘူး မေမေ၊ အလုပ်လုပ်ရမယ်ဆိုရင်တော့ စာတွေ ပြန်သတိရအောင် ပြန်ဖတ်တော့မယ်’

မေမေ မျက်နှာပျက်သွားသော်လည်း အပြုံးရိပ်ဖြင့် ဖုံးလိုက်၏။

‘ကိုကိုကြီး ဘာနဲ့လာတာလဲ’

‘ကုန်းကြောင်းပဲ၊ ပန်းမျိုးစေ့တွေ မှာထားတာလဲ လာယူရင်းနဲ့ လှည့်ဝင်လာတာ’

www.burmeseclassic.com

www.burmeseclassic.com



မေမေသည် သက်ပြင်းကို ခိုး၍ ရှိုက်လေပြီ။ ကိုကိုကြီးသည် မိန်းကလေးတစ်ယောက် သဘောကျအောင် စကားပြောတတ်သူမဟုတ်ဆိုတာ အစကတည်းက သိကြပြီးသားပင်။ ယခုမှ သူ့ကို တစ်နည်းတစ်ဖုံ မျှော်လင့်ခြင်းသည် အဓိပ္ပာယ်တော့ မရှိလှပေ။

'ကိုကိုကြီးပြန်ရင် ကားယူသွားပါလား၊ ကိုဇော်ကော ကားမဝယ်သေးဘူးလား ဟင်'

'နေပါစေ လင်းရယ်၊ ကိုဇော့်ကားက စိတ်ကြိုက်မတွေ့သေးလို့တဲ့၊ မေမေခင်ကလဲ မနက်ဖြန်လောက် မြို့မကိုလာဦးမယ်ပြောတာပဲ၊ ပြန်ဦးမယ် ကြီးကြီးမေ၊ မေမေခင်ဆီ ဘာမှာဦးမလဲ'

'မမှာတော့ပါဘူးကွယ်'

'ကိုကိုကြီး ပြန်တော့မယ် လင်း'

'ဟုတ်ကဲ့'

ကိုကိုကြီးသည် သူ၏ မြင့်မားသော အရပ်ကြီးကိုကိုင်းကာ မေမေ့ရှေ့မှ ထရပ်လိုက်သည်။ လင်းလင်းသည် အလိုလိုရပ်မိလျက်သားဖြစ်သွားသည်။ ကိုကိုကြီးသည် သူ၏ လက်စွဲတော်ထီးကြီးကို လှမ်းယူ၏။ လင်းလင်းက မိုးရွာသော နေ့လေးတစ်နေ့ကို သတိရမိသည်။ ကိုကိုကြီးဟာ ကြင်နာတတ်သူပါပဲ။

လင်းလင်းသည် ကိုကိုကြီးကို လှေကားမှဆင်းကာ ခြံဝအထိလိုက်ပို့မိ၏။ ကိုကိုကြီးသည် ခြံတံခါးဝမှာ ခေတ္တရပ်ကာ လင်းလင်းကိုလှည့်ကြည့်သည်။ ဘာများပြောလေမည်လဲဟု လင်းလင်းက ရပ်စောင့်နေ၏။ ကိုကိုကြီးသည် ခြံတံခါးကို ပြန်ပိတ်ပေးသည်။ ပြီးတော့မှ အပြင်က လှမ်းပြောသည်။

'ကိုကိုကြီးတို့ရဲ့အိမ်ကို လာကြည့်ပါဦး လင်း၊ မီးလင်းဖိုလေး ထည့်ထားတယ်'

\+ \+ \+



ရေထဲမှာ ခပ်ကြာကြာလေး ငုပ်နေမိသည်။

ရေမျက်နှာပြင်ပေါ်သို့ ဘွားခနဲပြန်ပေါ်လာပြီး လက်နှစ်ဘက်ကို နောက်သို့တွန်းဖယ်ကာ ဖားသဏ္ဌာန်ဖြင့် တစ်ဖက်ရောက်အောင် ကူးလာခဲ့၏။ ရေကူးဝတ်စုံနီနီဖြင့် အေးအေးအောင်သည် သူ့ကို ပြုံး၍ကြည့်နေသည်။ လင်းလင်းသည် မျက်နှာပေါ်မှ ရေစက်များကို လက်နှစ်ဘက်ဖြင့် သပ်ချလိုက်သည်။

'မကူးတာကြာလို့ သိပ်မကူးနိုင်ဘူး မမအေးရဲ့၊ ချမ်းလာပြီ၊ လင်း အပေါ်တက်တော့မယ်'

'ကောင်းပြီလေ တက်နှင့်တော့၊ ခဏနေရင် မမအေးလဲ တက်ခဲ့မယ်'

လင်းလင်းက ကန်ပေါင်ပေါ်တက်ပြီး အဝတ်လဲခန်းဆီသို့ ပြေးလာခဲ့၏။ ကိုဇော်သည် ခပ်လှမ်းလှမ်းတွင် စောင့်နေရာမှ လင်းလင်းပြေးသွားသည်ကို မျက်စိတစ်ဆုံး လိုက်ကြည့်နေသည်။ လင်းလင်း၏ ကိုယ်လုံးက ကျစ်လျစ်သဖြင့် ပေါ့ပါးနေသည်။ အေးအေးအောင်လိုတော့ ရင်ခုန်စရာ မကောင်းလှပေ။ လင်းလင်း၏ ခြေရာတစ်လျှောက် ရေစက် ရေပေါက်ကလေးများ ကျကျန်ရစ်၏။ အေးအေးအောင်က ကိုဇော်ရှိရာသို့ ရေဖြင့်လှမ်း၍ ပက်ဟန်ပြုပြီး လက်ညှိုးတစ်ချောင်းကို ကွေးချည်ဆန့်ချည်လုပ်ကာ လှောင်သည်။ ကိုဇော်သည် သဘောကျဟန်ဖြင့် ရယ်ရယ်မောမောပင် တုံ့ပြန်လိုက်သည်။

လင်းလင်းက ရှပ်အင်္ကျီပွပွတစ်ထည်ဝတ်ပြီး ပြန်ထွက်လာချိန်တွင်မှ အေးအေးအောင်က ရေကန်ထဲမှ တက်လာသည်။ အေးအေးအောင်၏ အသားက ရှမ်းအမျိုးသမီး အများစုလို ဖြူဝါပြီး ပါးပြင်က နီနေသည်။ ပေါင်တံများက ဖြောင့်စင်း ပြည့်ဖြိုး၏။ ဗိုက်သားကတော့ နည်းနည်း အိနေသည်။

'ကိုဇော် စောင့်နေရတာ ပျင်းနေပြီလား'

www.burmeseclassic.com



အေးအေးအောင်သည် အဝတ်အစား မလဲသေးဘဲ ကိုဇော်ကို လှမ်းစကားပြော၏။

'ကြည့်စရာတွေများလို့ မပျင်းပါဘူး'

ကိုဇော်က ရေကန်ထဲမှာ ရှိနေသေးသော မိန်းကလေးအချို့ဆီ လှမ်းကြည့်ရင်း ပြောလိုက်၏။ အေးအေးအောင်က မျက်စောင်းကလေး ထိုးပြပြီး အဝတ်လဲခန်းဆီသို့ လျှောက်သွားလေသည်။

'မမအေးက တော်တော်လှတယ်နော် ကိုဇော်'

'အင်း ထင်တာပဲ'

'ထင်ရုံပဲလား ကိုဇော်ရဲ့'

'ထင်ရုံပါပဲ၊ ကိုယ်လှတယ်လို့ထင်တဲ့ မိန်းကလေးတွေ အများကြီးပဲ၊ လင်းလင်းလဲ လှတာပဲ'

'ဒီတစ်ခါ လင်းက ကျေးပါ့မယ် ကိုဇော်ရယ်'

'ကျေးရင်လဲစားဖို့ အဆင်သင့်ပါပဲ ခင်ဗျာ'

အေးအေးအောင်သည် အဝတ်အစားလဲပြီး ပြန်ထွက်လာ၏။ စပို့ရှပ် အကျီအစင်းအောက်မှာ ခန္ဓာကိုယ်အထက်ပိုင်းသည် လှလှပပ ပေါ်လွင်နေ၏။ ဆံပင်ကို သူ့ထုံးစံအတိုင်း အားလုံး နောက်ကို လှန်ချထားသည်။

'ဒီနေ့ နည်းနည်းအေးတယ်နော်'

အေးအေးအောင်သည် စကားပြောရင်း အပြင်သို့ဆက်လျှောက်သွားသည်။ ကိုဇော်နှင့် လင်းလင်းက နောက်မှလိုက်ခဲ့ကြသည်။ အေးအေးအောင်နှင့် ကိုဇော်က အိမ်သို့ဝင်ကာ အတင်းခေါ်သဖြင့်သာ လင်းလင်းက လိုက်လာခဲ့ခြင်း ဖြစ်သည်။

သူတို့နှစ်ယောက်ကြားတွင် သိပ်ပြီး မလိုက်လိုချေ။ ရေကူးရသည်ကိုတော့ ပျော်၏။

'ကဲ ဘယ်ကိုသွားကြရင် ကောင်းမလဲ လင်းလင်းရေ'



အေးအေးအောင်က သူ၏ ကားမောင်းသူနေရာမှာ ဝင်ထိုင်သည်။ ကိုဇော်ကလည်း ရှေ့ခန်းမှာထိုင်တော့ လင်းလင်းက အလိုအလျောက် နောက်သို့ရောက်သွား၏။ အေးအေးအောင်က လိမ္မာယဉ်ကျေးစွာ လင်းလင်းကို ဦးစားပေးတတ်သော်လည်း ကလေးတစ်ယောက်ကို ဂရုစိုက်သည့်ပုံမျိုးသာဟု လင်းလင်းက ယူဆသည်။

'မမအေးတို့ ကြိုက်တဲ့နေရာကိုသွားပါ၊ လင်းလင်းက ဘေးကလူပဲ'

'ဘေးလူမဟုတ်ပါဘူးကွယ်၊ လင်းလင်းတို့က မောင်နှမ၊ မမအေးက သူစိမ်းပါ'

အေးအေးအောင်က ကားကို စတင် မောင်းထွက်ရင်း ပြောလိုက်သည်။

'အစားအသောက် ကောင်းတဲ့နေရာကိုပဲသွားပေါ့ အေးရယ်'

ကိုဇော်က စကားဖြတ်ပေးလိုက်၏။

အေးအေးအောင်က ကားမောင်းမြန်သော်လည်း ကျွမ်းကျင်ပိုင်နိုင်၏။ ထင်ရှားခြင်ရှိ စားသောက်ဆိုင်တစ်ဆိုင်သို့ ဦးတည်၍ မောင်းလာခဲ့သည်။ ကိုဇော်သည် အေးအေးအောင်၏ ဘေးတွင် ခပ်ခွာခွာပင် ထိုင်လျက် သီချင်းတစ်ပုဒ်ကို လေချွန်ကာ လိုက်ပါလာလေသည်။

'လင်း အလုပ်လုပ်မယ့်ကိစ္စကို ကိုကိုကြီးက ဘာပြောလဲ လင်း'

ကိုဇော်က နောက်လှည့်ကာ မေး၏။

'ကောင်းပါတယ်၊ လုပ်တဲ့'

ကိုဇော်က တစ်ချက်ရယ်သည်။

'အင်း ကိုကိုကြီးကတော့ အမြဲတမ်း လင်းကို အလိုလိုက်မယ့် ပုံပါပဲ'

'အင်း၊ လင်း ကံကောင်းတယ်လို့ ဆိုရမှာပေါ့ နော်'

လင်းလင်း၏ လေသံက ထေ့ငေါ့သံ ပါသွားလေသည်လား။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်ထက် အသက်ကြီးတဲ့သူကို ယူရတာကောင်းတယ်၊ ဒါမှ ကိုယ့်ကိုချစ်တာ၊ မဟုတ်ဘူးလား ကိုဇော်'

အေးအေးအောင်က ကားစတီယာရင်ကို လှလှပပ ကိုင်ကာ ကွေ့ရင်းမှ မေး၏။ အေးအေးအောင်သည် ကားမောင်းကျွမ်းကျင်ရုံသာမက ဟန်ပန်ကလည်း လှအောင်နေတတ် မောင်းတတ်သူ ဖြစ်လေသည်။

အေးအေးအောင်၏ စကားကိုမူ ရိုးရိုးပြောသည်လား၊ လင်းလင်းကို လှောင်နေသည်လား သံသယဖြစ်မိ၏။

'ဟုတ်တာပေါ့ဗျာ၊ ကျွန်တော့်မှာလဲ ဒီအစ်ကိုကြီးတစ်ယောက်ပဲ ရှိလေတော့ လိုချင်ရင်တော့ တခြားကပဲ ရှာယူပေတော့ဗျာ'

'အို ရှာစရာလိုသေးလို့လား၊ ကိုဇော်တစ်ယောက်လုံး ရှိနေတာ'

လင်းလင်းက ကလေးဆန်ဆန်ပင် တဲ့တိုးပြောသည်ကို ကိုဇော်ကရော အေးအေးအောင်ကပါ ရယ်ရယ်မောမော တုံ့ပြန်ကြ၏။

'လင်းလင်းကတော့ အေးတို့ကို တစ်မျိုးထင်နေပြီ ကိုဇော်ရေ့၊ လင်းလင်း အစ်ကိုက မမအေးကို မကြိုက်ပါဘူးကွ၊ ကိုဇော့်ကို မြို့ပေါ်က အချမ်းသာဆုံး၊ ဂုဏ်သိက္ခာအရှိဆုံး မိန်းကလေးရှင်တွေက သဘောကျနေကြတာ လင်းလင်းရဲ့၊ ဟင်း ဟင်း'

လင်းလင်းက နည်းနည်းတော့ အားနာသွားသည်။

'မမအေးလဲ ချောပါတယ်၊ လင်းလင်းက မမအေးနဲ့ပဲ သဘောတူတယ်'

'ဟား ဟား၊ ကာယကံရှင်ကမှ မကြိုက်ဘဲ လင်းလင်းရယ်၊ လင်းလင်း အစ်ကို အသည်းကွဲနေတာကို မမအေးက ဖျော်ဖြေမှုနဲ့ ကုစားပေးရုံ သက်သက်ပါ၊ ဒီထက်မပိုပါဘူး၊ ကဲ မမအေးကို ချောတယ်လို့ ပြောတဲ့အတွက်တော့ မမအေးက အဝကျွေးပါ့မယ်'

စားသောက်ဆိုင်ရှေ့တွင် ကားကို ထိုးရပ်လေသည်။



'ဒီတစ်ခါတော့ လင်းပဲ ကျွေးပါရစေ မမအေးရယ်'

မိန်းကလေးနှစ်ယောက်သည် သင့်မြတ်သွားကြပြန်လေသည်။ အေးအေးအောင်၏ ပေါ့ပါးသော စကားများကို ကြားရ၍ ထူးဆန်းသလို ရှိသော်လည်း သူ၏ ကလေးဆန်သော စိတ်အတွက်မူ လင်းလင်း ရှက်သွားမိသည်။

'ကဲ ကျွေးချင်တဲ့သူ ကျွေးပေါ့၊ တို့ကတော့ အချောင်စားမှာပဲ'

လင်းလင်းနှင့် အေးအေးအောင်တို့ ဆိုင်ထဲဝင်လာသည့်အချိန်တွင် ကိုဇော်တစ်ယောက် ခေတ္တ ကိုယ်ရောင်ပျောက်သွား၏။ အစားအသောက်များ ရောက်ပြီးမှ ကိုဇော် ပြန်ရောက်လာသည်။ အေးအေးအောင်က အကြောင်းသိပြီးသူလို ခပ်ပြုံးပြုံး ကြည့်လိုက်၏။

'နည်းနည်းအေးလို့ အေးရဲ့'

သည်တော့မှ ကိုဇော် အရည်တစ်ခွက်ကို အပြေးအလွှားသွားဖြည့်လာမှန်း လင်းလင်းက ရိပ်မိလိုက်သည်။ ကိုဇော်၏ မျက်နှာသည် ရီဝေစပြုပြီ။

အစားအသောက်ဝိုင်းတွင် ကိုဇော်၏ အသံက သွက်လက်လာသည်။

'လင်းလင်းက ကိုယ့်ထက်ငယ်ပေမယ့် ကိုယ့်ရဲ့ အစ်မပဲ အေးရဲ့၊ ကိုယ်က သူ့ကို ရိုသေရမှာ'

ကိုဇော်သည် သူ ပြောဖူးသော စကားများကို အစပြန်ကောက်နေလေပြီ။ ယောကျာ်းများသည် ရီဝေ မူးယစ်ခြင်းဖြင့် စိတ်ကို လွှတ်ပေးတတ်ပါသလား။ ကိုဇော်သည် တခြားအချိန်များမှာ စကားကို သတိထား ပြောတတ်သလောက် ရီဝေနေသောအခါများတွင် စကားများ ကျွံကျလာတတ်သည်။

ယခုအခါ အေးအေးအောင် ကိုယ်တိုင်ပင် နှုတ်ဆိတ်ကာ အစား အသောက်များကိုသာ ဆာလောင် မွတ်သိပ်ဟန်ဖြင့် ငုံ့စားနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်သာ ဆိုရင်တော့ လင်းလင်း အလုပ်လုပ်မှာကို သဘော မတူဘူး၊ ကိုကိုကြီးက မိန်းကလေးတွေကို အလိုလိုက်ရင် သူတို့က သဘောကျမယ်လို့ ထင်နေတာ၊ အမှန်တော့ မိန်းကလေးဆိုတာ အတိုက်အခံ လုပ်ရမှ ကျေနပ်တာ'

'ကိုဇော်က မိန်းမကျမ်း ကြေနေပြီပေါ့လေ'

လင်းလင်းကတော့ ကိုဇော်၏ စကားကို မကျေနပ်လှပေ။

'ကိုကိုကြီးကတော့ သူ့ကို သဘောကျအောင် တမင်လုပ်တာ မဟုတ်ပါဘူး ကိုဇော်ရယ်'

ကိုဇော်က ပြုံးလေပြီ။ သူ့အလှည့်ပေပဲ။

'အဲဒါပေါ့ လူကြီးတွေအားလုံးက ကိုကိုကြီးကိုပဲ အရိုးဖြောင့်ဆုံး အတော်ဆုံးလို့ ထင်ကြတယ်၊ လောကမှာ အငြိမ်သက်ဆုံးနေတဲ့သူတွေဟာ စိတ်အလှုပ်ရှားဆုံး ဖြစ်ချင်ဖြစ်နေမှာပေါ့'

'ကိုကိုကြီးက တည်ငြိမ်တဲ့ လူတစ်ယောက်ပါ'

'လင်းက ဘာဖြစ်လို့ ကိုကိုကြီးဘက်က ဒီလောက်ထောင် ကာကွယ်နေရတာလဲ၊ ကိုယ်က ကိုကိုကြီးကို ပုတ်ခတ်နေတာမှ မဟုတ်ဘဲ ဖြစ်တတ်တဲ့သဘောကို ပြောနေတာ'

'ဒါပေမဲ့ ကိုဇော်ပြောပုံက ကိုကိုကြီးက လူကြီးတွေ သဘောကျ အောင် နေပြပြီး သူလိုချင်တာကို ရအောင်လုပ်တဲ့သဘော ဖြစ်မနေဘူးလား'

'ဒီလိုတော့ မဆိုလိုပါဘူးဗျာ၊ ဒါပေမဲ့ ကိုကိုကြီးက လူကြီးတွေ သဘောကျအောင် နေတတ်တာတော့ အမှန်ပဲ'

'ဒါတော့ သူ နေတတ်သလိုနေတာပဲ ကိုဇော်ရယ်'

ကိုကိုကြီးဘက်ကလိုက်ပြီး ပြောခြင်းမဟုတ်သည်ကတော့ အမှန်ပင်။ သို့သော် ကိုကိုကြီး၏ ရိုးသားတည်ကြည်မှုကိုတော့ လင်းလင်း သံသယမရှိ။



ထို့ကြောင့်သာ ကိုကိုကြီးဘက်က လိုက်ပြောပေးမိခြင်း ဖြစ်သည်။ အခြားအကြောင်း မရှိလှပေ။ ကိုဇော်ကတော့ ယုံချင်မှ ယုံမည်။

အေးအေးအောင်ကတော့ ဘာမျှ ဝင်မပြောဘဲ ပွဲကြည့်ပရိသတ် လုပ်နေ၏။ ကိုဇော်က ကျေနပ်သေးဟန်မတူ။ အငြင်းအခုံ ဆက်မလုပ် တော့သော်လည်း မျက်နှာက တင်းမာနေ၏။ သည်တစ်ခါ ကိုဇော် ကလေးဆန်နေပြီ။

'ကဲ ကိုဇော်၊ လင်းလင်းတို့အိမ်ကို ဝင်ဦးမှာလား၊ ဘယ်ကိုလိုက်ပို့ ရမလဲ ပြော'

အေးအေးအောင်က အစားအသောက်များကို လက်စသပ်ရင်း ပြော၏။ လင်းလင်းက ပိုက်ဆံသွားရှင်းနေသည်ကိုလည်း ကြည့်နေလိုက် သည်။ အေးအေးအောင်၏ အသွင်က တက်တက်ကြွကြွ သိပ်မရှိတော့။ လင်းလင်းကတော့ နောက်ကို သူတို့နှစ်ယောက်နှင့် အတူမလိုက်တော့ရန် ဆုံးဖြတ်မိသည်။

'ဘယ်မှလိုက်မပို့နဲ့တော့ အေး၊ ကိုယ့်ကို လမ်းပေါ်မှာပဲချပေးခဲ့'

'ကိုဇော်က သိပ်ကလေးဆန်တာပဲကွယ်၊ မူးလည်း မမူးဘဲနဲ့၊ ဆိုးနေလိုက်တာ'

လင်းလင်းသည် ဆိုင်ထဲမှ ဦးစွာထွက်ကာ ကားနောက်ခန်းမှာ သွားထိုင်နေလိုက်လေသည်။

အေးအေးအောင်နှင့် ကိုဇော်သည် စကားအခြေအတင် ပြောပြီးမှ ထွက်လာကြသည်။

'အေးကို အိမ်မှာပဲချပေးခဲ့တော့ ကိုဇော်၊ ကားကို ကိုဇော်ထားချင်တဲ့ နေရာမှာသာ ထားခဲ့၊ အေး လာယူမယ်'

ကိုဇော်သည် မောင်းသူနေရာမှာထိုင်ကာ ခပ်ပြင်းပြင်းလေး စက် နှိုးကာ ထွက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်စလုံးမှာ အလာတုန်းကလောက် စည်းစည်းလုံးလုံး လန်းလန်းဆန်းဆန်း မရှိကြတော့။

အတွေးကိုယ်စီဖြင့် တိတ်ဆိတ်ငြိမ်သက်နေကြသည်။

\+ \+ \+

'ကိုဇော် မူးနေတဲ့အချိန်မှာ လင်း ကိုဇော်နဲ့ စကားမပြောချင်ဘူး၊ ကိုဇော်'

'ဒီလိုအချိန်မျိုးမှာ ဒီလောက်လေးသောက်ရုံနဲ့ မူးရမယ်ဆိုရင် အမိပွာယ်မရှိပါဘူး လင်းလင်းရယ်'

အေးအေးအောင်ကို အိမ်အရောက်ပို့ပေးပြီး ကားကို မိုးမိတ်လမ်းဘက် ဆက်မောင်းခဲ့သည်။ ရှုခင်းသာမှာ ရပ်သည်။ သူ့ကိုတားလျှင် ဖွတ်လုပ်တတ်မှန်းသိ၍ လင်းလင်းက ကိုဇော့်ကို မတားတော့ဘဲ လိုက်ခဲ့သည်။ ကမ်းပါးစွန်းမှာ ကားကို ထိုးရပ်လိုက်သည်အထိ လင်းလင်းက ကြည့်နေသည်။ ကျောက်တုံးဖြူဖြူလေးများပေါ်တွင် ကားဘီးများ တက်ကြိတ်မိကြ၏။ အောက်ဘက်တစ်ခွင်ကို မျှော်ကြည့်လိုက်သော် မိုးကုတ်မြို့၏ ဆန်းပြားသော သဘာဝကို ထင်ထင်ရှားရှား မြင်ရသည်။ ညို့မှိုင်းသော တောင်တန်းကြီးများ၊ ရစ်ခွေစီးဆင်းနေသော ရေနီချောင်း။ ကွေ့ကောက်ဝေ့ဝိုက်သော လမ်းများ။ နီစွေးမတ်စောက်သော ရတနာတွင်းများ။

'အင်းလေ လင်းက ကိုဇော်နဲ့ အမြဲတွဲနေတဲ့သူ မဟုတ်တော့ ကိုဇော့် အထာကို ဘယ်သိပါ့မလဲ'

ကိုဇော်က ကားပေါ်မှ မဆင်းပေ။ လင်းလင်းကတော့ အောက်သို့ ဆင်းကာ မမြင်ရတာကြာပြီဖြစ်သော ရှုခင်းကို ကြည်နူးစွာ ကြည့်လိုက်မိ



သေး၏။ လမ်းကို ကွေ့ဝိုက်၍ကာထားသော အုတ်တံတိုင်း ဖြူဖြူလေးပေါ်မှာ ထိုင်သည်။ ဆံစများသည် လေထဲမှာ လွင့်ပျံနေ၏။

'လင်းက အေးအေးအောင်ကို ရှေ့မှာထားပြီး ကိုဇော်နဲ့ စွပ်စွဲတာ မှားတယ်၊ ကိုယ်တို့က ဘာမှ ဖြစ်ကြတာမှ မဟုတ်တာ'

'ဒီတစ်ခါ မမအေးကိုတွေ့ရင် တောင်းပန်လိုက်ပါမယ် ကိုဇော်'

'လင်းက သိပ်ကလေးဆန်တာပဲ'

'ကိုဇော်ကလဲ ကလေးဆန်တာပဲ'

ကိုဇော်က ရယ်သည်။

'ဟုတ်တယ်၊ ကိုယ်က တစ်ခါတစ်ခါ ကလေးဆန်တတ်တယ်၊ လင်းရဲ့ ကိုကိုကြီးလိုတော့ လူကြီးမဆန်ဘူးပေါ့လေ'

'ကိုဇော်က ဘာဖြစ်လို့ ကိုကိုကြီးကို ဒီလောက်တောင် မကျေနပ်နေရတာလဲ လင်း နားမလည်ဘူး၊ ကိုယ့်အစ်ကိုရင်း မဟုတ်လို့လား'

ကိုဇော် ကားပေါ်မှ ဆင်းလာသည်။ လင်းလင်း၏ ဘေးမှာ ထိုင်၏။ ထိုမှတစ်ဆင့် ချောက်ကမ်းပါးဘက်ကို ခြေနှစ်ချောင်းချ၍ လှည့်ထိုင်လိုက်သည်။ လင်းလင်းစိတ်ထဲမှာ လိမ့်ကျသွားမည်ကို စိုးလှသော်လည်း မတားမြစ်။ မတားချင်။

'ကိုယ် ဒီလောက်တော့လဲ သဘောထား မသေးသိမ်ပါဘူး လင်းရယ်'

'ဆောရီးပဲ ကိုဇော်၊ ဒီနေ့ လင်းတို့ စကားပြောရတာ အဆင်မပြေဘူး၊ ပြန်ကြရအောင်၊ မမအေးလည်း တစ်မျိုးဖြစ်သွားတယ်၊ နောက်တစ်ခါ ကိုဇော်တို့ အတူသွားရင် လင်းကို ဝင်မခေါ်ပါနဲ့နော်၊ မမအေးဆီတော့ လင်း သပ်သပ်တစ်ခေါက် သွားပြီး တောင်းပန်လိုက်ပါ့မယ်'

လင်းလင်းက အုတ်တံတိုင်းလေးပေါ်မှ ထမည့်ဟန်ပြင်သည်။

'လင်း'

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်က လင်းလင်း၏ လက်မောင်းတစ်ဖက်ကို လှမ်း၍ ဆွဲလိုက်သဖြင့် ပြန်ထိုင်မိလျက်သား ဖြစ်သွားသည်။ ကိုဇော့်ကို အံ့သြစွာ စိုက်ကြည့်မိ၏။ ကိုဇော်က လင်းလင်း၏ လက်မောင်းကို မလွှတ်။ လင်းလင်းက နှုတ်က ဘာမျှမပြောဘဲ ကိုဇော့်လက်များကို ဖြည်းလေးစွာ ဖြေချလိုက်သည်။ ကိုဇော်က သူ့လက်များကို ဖြေလွှတ်လိုက်၏။

'ခဏလေးထိုင်ပါဦး လင်းရယ်'

'လင်း ပြန်ချင်ပြီ၊ ကြာကြာနေရင် မေမေက စိတ်ပူနေမယ်၊ မေမေက သူကိုယ်တိုင် ဘယ်မှမသွားနိုင်တဲ့သူဆိုတော့ သူများသွားရင် အိမ်ကနေပြီး စိတ်ပူနေတတ်တယ်'

'အင်းလေ၊ ရှင်ပြုတော့မယ့် ရှင်လောင်းလိုပဲ အတိမ်းအစောင်း မရှိအောင် စောင့်ကြည့်နေချင်မှာပေါ့'

လင်းလင်း၏ ရင်ထဲမှာ တဒိတ်ဒိတ် ခုန်လာသလို ရှိသည်။

ယခင်က သည်လိုတစ်ခါမျှ ရင်မခုန်ဘူးပါကလား။

သည်နေရာမှာ ဆက်ပြီးတော့လည်း ထိုင်နေချင်သည်။ ထပြီးတော့လည်း ပြေးထွက်သွားချင်သည်။ စိတ်သည် မတည်ငြိမ်။

'လင်း'

ကိုဇော်၏ ခေါ်သံသည် တိုးတိတ်လှ၏။

လင်းလင်းက ပြန်လည်မထူးဘဲ ကိုဇော့်မျက်နှာကိုသာ ငုံ့စောင်း၍ ကြည့်မိသည်။

'လင်း ကိုကိုကြီးကို ချစ်လားဟင်'

တစ်ယောက်မျက်နှာကို တစ်ယောက် အတန်ကြာအောင် စိုက်ကြည့်နေမိကြလေ၏။

'လင်း မသိဘူး ကိုဇော်'

'ကိုကိုကြီးကကော လင်းကို ချစ်လား'



'အဲဒါလဲ လင်း မသိဘူး'

ကိုဇော်က လင်းလင်းကို ကရုဏာသက်စွာကြည့်သည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အချိန်အတော်ကြာကြာ ထိုင်နေမိကြ၏။ လင်းလင်း မျက်လုံးအိမ်တွင် မျက်ရည်တွေ ဝဲလာသည်။ ကိုဇော့် မျက်လုံးများ ရီဝေနေသည်။

'ကဲ လာ ပြန်မယ်'

ကိုဇော်သည် ရုတ်တရက် နေရာမှ ထလိုက်သည်။ ကားပေါ်ကို တက်နှင့်၏။ လင်းလင်းက ရှေ့ခန်းမှာ ပြောင်းထိုင်သည်။ တောင်ကမ်းပါးယံမှ နောက်ပြန်ဆုတ်ကာ ကားကိုကွေ့ပြီး မောင်းထွက်ခဲ့၏။

ကွေ့ဝိုက်သော တောင်စောင်းသည် တရိပ်ရိပ် ဝေးကျန်ရစ်သည်။

\+ \+ \+

မေမေ့ မျက်လုံးများကို လွှဲဖယ်ပြီး အိမ်ထဲသို့ ဝင်ခဲ့၏။ ကိုဇော်က အောက်မှနေ၍ မေမေ့ကို လှမ်းနှုတ်ဆက်သံ ကြားရသည်။ အိပ်ရာပေါ်မှာ ခေတ္တလှဲနေမိသည်။

မေမေ သူ့အခန်းဘက်သို့ လျှောက်လာနေသည်ကို အလိုလိုသိကာ အိပ်ရာမှ လူးလဲထပြီး အဝတ်အစားလဲရလေသည်။ စိတ်လှုပ်ရှားမှု တစ်စုံတစ်ရာကို မပေါ်လွင်အောင် သတိထားနေရလေ၏။

မေမေ အခန်းဝသို့ ရောက်မလာခင် အပြင်သို့ထွက်ကာ ကြိုနေလိုက်သည်။ မျက်နှာကို အရွှင်ဆုံး ပြုံး၍ထား၏။ ဘလောက်စ်အင်္ကျီ ရင်ဘတ်ကြယ်သီးလွဲနေသည်ကို ပြင်တပ်နေရသေးသည်။

'မေမေ မျှော်နေတယ်လား ဟင်၊ ရေကူးတာလဲ ကြာသွားတယ် မေမေ၊ ခေါက်ဆွဲလဲ သွားစားနေကြသေးတယ်'

ထိန်ချန်ခြင်းသည် လိမ်ညာခြင်း မဟုတ်ဟု ဖြေသိမ့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'သမီး'

မေမေက ညင်ညင်သာသာပင် ခေါ်၏။

'ရှင် မေမေ၊ သမီး ဘုရားပန်းတွေ လဲလိုက်ရတော့မလား'

မေမေက လင်းလင်းကို မကြည့်ဘဲ ပြောသည်။

'ခုနပဲ အေးအေးအောင် လာသွားတယ်၊ ကိုဇော် ကားထားခဲ့သလားလို့ လာကြည့်တာတဲ့'

လင်းလင်း ခေါင်းကို ငုံ့လိုက်မိလေသည်။

'သမီးတို့က ဆရာမကြီးအိမ်ကို ဝင်နေကြသေးတာ မေမေ'

မေမေ့ကို ပထမဆုံးအကြိမ် လိမ်လိုက်မိလေသည်။

* * *

၁၁

'လူငယ်တွေများ သိပ်ခက်တယ် မမရယ်၊ ကိုယ်ဖြစ်စေချင်တာက တခြား သူတို့ဟာသူတို့ ဖြစ်နေကြတာက တစ်မျိုး'

မေမေ့ မျက်နှာသည် ရုတ်တရက် အုံ့ဆိုင်းသွား၏။ စာအုပ်စင်ကို ရှင်းလင်းနေသော လင်းလင်း၏ လက်များသည်လည်း ရပ်တန့်သွားသည်။

'အစကတည်းက ထင်တော့ ထင်သား'

မေမေခင်၏ စကားများကို စောင့်ဆိုင်းရင်း ရင်ထဲမှာ ထိတ်လာသည်။ နောက်ဖေးကို ဝင်ပြေးရမလားဟု ခြေလှမ်းကို ပြင်မိ၏။ မေမေ့ အသံကလည်း တိတ်ဆိတ်လွန်းလှသည်။

'ဒီကို လာသွားကြသေးတယ်ဆို'

'ဟင် ဘယ်သူတွေလဲ ခင်'

မေမေ သတိရှိ၍ တော်သေး၏။

'ကိုတာတို့လေ မမရယ်၊ ကိုတာနဲ့ ဟိုကောင်မလေး မကြည်ဝင်းပေါ့'

'သြော် သူတို့ လင်းလင်း နေမကောင်းတာကို လာကြည့်ကြတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းက လက်ထဲမှ စာအုပ်များကို စင်ပေါ်သို့ သေသေသပ်သပ် တင်လိုက်သည်။

'ခုတလော သူတို့ တွဲတွဲနေတာ မမရဲ့၊ မေးတော့လဲသူငယ်ချင်းလိုပါ ဘာညာနဲ့ ပြောတာပဲ၊ ခင်တော့ မယုံပါဘူး၊ ကိုဇော်နဲ့ သူ့အစ်မတုန်းကလဲ မနည်းဖျက်လိုက်ရတာ၊ သူ့မိဘတွေကို မကြိုက်ဘူးလေ၊ မမလဲ သိသားပဲ၊ ခင်တို့တစ်တွေဟာ သစ္စာတရားကို လက်ကိုင်ထားပြီး အလုပ်လုပ်ခဲ့ကြတာ၊ သစ္စာမရှိတဲ့သူကို ဘယ်လို ကိုးစားလို့ ဖြစ်မလဲ'

မေမေခင်က မကြည်ဝင်း၏ အဖေနှင့် ပတ်သက်သော အကြောင်းအရာကို ရည်ညွှန်း၍ ပြောနေခြင်း ဖြစ်၏။ မကြည်ဝင်း၏ အဖေသည် သစ္စာမဲ့သူတစ်ယောက်ဟု မေမေခင်က အသေအချာ စွပ်စွဲလေသည်။ မိုးကုတ်မြို့၏ ယုံကြည်ချက်ပြင်းထန်သော အလေ့တစ်ခုမှာ ကျောက်တူးရာတွင် သစ္စာရှိမှသာ ကျောက်ထွက်ကောင်း၏။ တွင်းသားက သစ္စာမရှိလျှင် အဖိုးထိုက်သော ရတနာကို မရနိုင်။ မကြည်ဝင်းတို့အဖေသည် မေမေခင်တို့၏ တွင်းသားတစ်ယောက် ဖြစ်ခဲ့ဖူးသည်။

သူငယ်ချင်းဖြစ်သူဘက်မှ ဝင်ရောက်ကာကွယ်ဖြေရှင်းချင်သော်လည်း လင်းလင်းစိတ်က မဝံ့မရဲသော အကြောင်းတစ်ခုကြောင့် ဘာမျှ မပြောဖြစ်။

'တကယ်တော့ လူငယ်တွေရဲ့ ကိစ္စတွေကို ရှေးရိုးအယူအဆအတိုင်း ကိုယ်လိုသလို ဖန်တီးလို့ရမယ်ထင်တာလဲ မှားတာပဲ ခင်ရဲ့'

မေမေ၏ စကားတစ်ခွန်း နောက်ကွယ်တွင် အဓိပ္ပာယ်ပေါင်းများစွာ ရှိနေတတ်သည်ကို လင်းလင်း အသိဆုံးပင်။

'ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ကိုဇော်တုန်းကလဲ ခင်ပဲ ကန့်ကွက်ခဲ့တာ၊ ကိုတာက အေးမလိုလိုနဲ့ ဖွတ်လုပ်မယ့်ပုံပဲ မမရဲ့၊ ကိုဇော်ထ



ဆိုးပေမယ့် မိဘစကားကိုနားထောင်တယ်၊ အင်းလေ အရင်က နားထောင်ခဲ့တယ် ဆိုရမှာပေါ့'

'ကိုဇော်ကြီးကိုကော အိမ်ထောင်ချမပေးသေးဘူးလား ခင်ရဲ့'

လင်းလင်းရင်ထဲမှာ ထိတ်ခနဲခုန်သွားမိသည်။ မေမေ့ဆီမှ ကုလားထိုင်တွင်ကပ်ထိုင်ရင်း သူတို့စကားကို စိတ်ဝင်စားဟန် မပြဘဲ အပြင်ကို ငေးနေလိုက်၏။

'အဲဒါ ပြောဦးမလို့ပဲ၊ ကိုဇော်က မိန်းကလေးတစ်ယောက်နဲ့ အသွားအလာ များနေတာ မမလဲသိမှာပေါ့၊ သူက နဂိုကလဲ မိန်းကလေး မိတ်ဆွေများတယ်လေ၊ လူစွံကိုး၊ အဲဒါ ခင်က မေးတော့ ဘယ်လိုမှ မပတ်သက်ပါဘူးလို့ ငြင်းတာပဲ မမရေ၊ သူက သူကြိုက်တဲ့ မိန်းကလေးကို သူ မရနိုင်တော့ဘူးတဲ့၊ နောက်ထပ်လဲ မတွေ့သေးဘူးတဲ့၊ ဟင်း ဟင်း လူကသာရှုပ်တယ် သူကလဲ အစွဲအလမ်းကြီးသား'

ရင်ထဲမှာ တဒိတ်ဒိတ် ခုန်လာပြန်သည်။ မေမေကတော့ တွေ၍ စဉ်းစားနေ၏။ မေမေခင်ကသာ သူထင်ရာကို ဆက်ပြောနေသည်။

'စွဲလမ်းတယ်ဆိုတာ ခဏပါပဲ မမရယ်၊ မဟုတ်ဘူးလား၊ မမတို့ ခင်တို့လဲ သင့်တော်ရာကို ယူခဲ့ကြရတာပဲ၊ နောက်တော့လဲ ဒါတွေဟာ မေ့ပျောက်သွားကြတာပါပဲ မဟုတ်ဘူးလား'

'သူက ဘယ်သူ့ကို စွဲလမ်းနေလို့လဲ ခင်ရဲ့'

မေမေသည် မထင်သောမေးခွန်းကို မေးပေ၏ဟု စိတ်ထဲက အောက်မေ့လိုက်မိ၏။

'ဘယ်သူရှိမလဲ မမရယ်၊ မကြည်မြင့်ပဲ ဖြစ်မှာပေါ့၊ ခုဆို ဟိုက ကလေးတွဲလောင်းနဲ့ သတိမရတော့ပါဘူး'

'လူငယ်တွေရဲ့စိတ်ကို ဒီလိုပြောလို့ မရဘူး ခင်ရယ်၊ သူတို့က မမတို့ထက် အတွေးအခေါ် ရင့်ကျက်တဲ့ နေရာတွေ ရှိသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



မေမေခင်ကတော့ မေမေ့စကားကို သိပ်ပြီး အလေးအနက်ထားပုံ မရပေ။ လင်းလင်းကိုကြည့်ကာ ပြုံးရယ်ပြီး ပြောသည်။

'လင်းလင်းတို့ကျတော့လဲကြည့်လေ ခင်တို့တုန်းကလိုပဲ မဟုတ်လား၊ လူကြီးတွေစကား နားထောင်တာ ဘယ်တော့မှ မဆင်းရဲပါဘူးကွယ်၊ ကိုယ့်သားသမီးကို မကောင်းတာ ဘယ်ဖြစ်စေချင်ပါ့မလဲ မဟုတ်ဘူးလား'

လင်းလင်းက ခေါင်းကိုသာ ယောင်ရမ်း၍ ညိတ်ပြလိုက်မိ၏။

'ခင် ငွေတစ်ခါတည်း ယူသွားမလား'

မေမေခင်က ခေါင်းညိတ်သည်။

'စရန်ပေးပြီးသားဆိုတော့ အဆင်မပြေရင် အကျေပေးလိုက်တော့မယ်လေ၊ မမ ရက်ကိုမှတ်ထားနော်၊ သားအလုပ် အဆင်ပြေတာနဲ့ အရစ်ကျ ပြန်ပေးသွားမယ်'

'ဒါတွေ ပြောရမယ့်သူတွေ မဟုတ်ပါဘူး ခင်ရယ်၊ ဒီအကြောင်းကို နောက် မပြောနဲ့တော့၊ ခင်တို့ ကျေးဇူးတွေ မမတို့အပေါ်မှာ အများကြီး'

'အမလေး မမကျေးဇူးတွေလဲ ခင်တို့အပေါ်မှာ အများကြီးပါ၊ ဒါကြောင့် ကိုကိုကြီးကိုလဲ ပြောရတယ်၊ လင်းလင်းဟာ ကိုကိုကြီးအတွက် သာမန်ဇနီးလိုသာမက မောင်နှမအရင်းလိုပဲ ခင်မင်တွယ်တာစိတ် ထားရမယ်လို့'

မေမေ့ စကားကိုတော့ ရင်ထဲက ရှိသည့်အတိုင်း အရိုးခံဖြင့် ပြောခြင်းသာဟု လင်းလင်းယုံကြည်၏။ မေမေခင်၏ စကားတွေကတော့ ပရိယာယ်များလွန်းလှသည်။ လင်းလင်းက အနေကျုံ့လာသဖြင့် နေရာမှ ထမည်ပြုဆဲမှာပင် မေမေက လှမ်းပြောလိုက်သည်။

'သမီးရေ၊ မေမေတို့ အခန်းထဲက ဗီရိုထဲမှာ စက္ကူအိတ်လေးနဲ့ ဖယ်ထားတဲ့ငွေ ရှိတယ်၊ သွားယူလိုက်ပါ'

လင်းလင်း ပေါ့ပါးစွာပင် အခန်းထဲသို့ ထလာခဲ့သည်။



မေမေခင်၏ စကားသံများ ဝေဝါး၍ ကျန်ခဲ့သည်။

\+ \+ \+

ထင်းရှူးရိပ်မှာ တစ်ယောက်တည်း ထိုင်နေမိ၏။

ဆရာမကြီး အပြင်သွားနေ၍ မတွေ့ရသေး။

ထင်းရှူးမြိုင်တွင် တစ်ယောက်တည်း ထိုင်နေရသည်ကို အလိုလို စိတ်ချမ်းမြေ့လာသည်။ ပတ်ဝန်းကျင်သည် ဆိတ်ငြိမ်အေးချမ်းလှ၏။ သဘာဝသည် လူသား၏စိတ်အလျဉ်ကို ဖမ်းယူသိမ်းဆည်းထားသည်။ လင်းလင်းသည် ထင်းရှူးရိပ်မှာ ကိုင်ရင်း မတည်ငြိမ်သောစိတ်၏ ပြေးလွှားမှုကို လိုက်လံစုစည်းနေမိသည်။ ဆောင်းနှင်းမှုန်တို့သည် ပတ်ဝန်းကျင်ကို မဝှမရဲလွှမ်းခြုံထား၏။ မြက်ခင်းစိမ်းစိမ်းတို့အပေါ်တွင် နှင်းစက်တို့ မှိုခိုနေသည်။

ထင်းရှူးမြိုင်ထဲကို ကားတစ်စီးဝင်လာတော့ စိတ်က ထူးဆန်းသလိုလို ဖြစ်မိသား။ ဆရာမကြီး၏ ဧည့်သည်တစ်ယောက်ယောက်ဟု ထင်လိုက်မိ၏။

ဒတ်ဆန်းကားသစ်ကို မြင်ရတော့ ရင်ထဲမှ ထိတ်ခနဲဖြစ်သွားသည်။

ထင်သည့်အတိုင်းပင်။

ကိုဇော်သည် နှင်းတွေ ခိုတွဲနေသော မြက်ခင်းပြင်ပေါ်သို့ ဖြတ်နင်းကာ သူ့ဆီ လျှောက်လာနေ၏။ နေရာမှ ထပြေးရ ကောင်းမလားဟု စိတ်ကူးမိပြန်လေသည်။ သူ့အတွေးအားလုံးသည် ဘာမျှ အဓိပ္ပာယ်မရှိသည်ကိုလည်း ချက်ချင်းပင် သတိရ၏။

'ကိုဇော် ဘာလာလုပ်တာလဲဟင်'

'တစ်ယောက်တည်း ဘာလုပ်နေတာလဲ လင်း'

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းနှစ်ခုက တစ်ပြိုင်တည်း ထွက်သွားသည်။

'အိမ်ကို ဝင်ခဲ့တယ်လေ၊ လင်း ထင်းရှူးမြိုင်ကို သွားတယ်ဆိုလို့ လိုက်လာတာ'

'မေမေက ပြောလိုက်တာလား'

'မဟုတ်ဘူး၊ အောက်မှာ ဒေါ်ဒေါ်မြိုင်နဲ့တွေ့လို့ ပြောလိုက်တာ၊ လင်းလင်း မရှိဘူးဆိုတာနဲ့ အပေါ်တောင် မရောက်ခဲ့ပါဘူး'

'ကားအသစ်ကို မေမေ့ကို မပြခဲ့ဘူးလား ကိုဇော်'

ကိုဇော်သည် သူ၏ ဂျင်းဘောင်းဘီရှည်ကိုမကာ လင်းလင်း ထိုင်နေသော သစ်ငုတ်၏ တစ်ဘက်စွန်းမှာ ဝင်ထိုင်၏။ လင်းလင်း၏ နဖူးပြင်သည် ကိုဇော့်ပခုံးကို ထိလုလုဖြစ်သည်။

'လာတုန်းကတော့ ပြမလို့ပါပဲ၊ ဘာကြောင့်မှန်း မသိဘူး ချက်ချင်း ပြန်ထွက်လာမိတယ်'

'လင်းလင်းလဲ ဆရာမကြီး အပြင်သွားနေလို့ ထိုင်စောင့်နေတာ'

'ဘာလဲ အလုပ်လျှောက်လွှာ တင်တော့မလို့လား'

လင်းလင်းက ခေါင်းညိတ်ပြလိုက်၏။

မြူနှင်းတို့ ကွဲစပြု၍ နေရောင်လဲ့လဲ့ကို မြင်ရ၏။ ထင်းရှူးရွက်များသည် တိမ်ခိုးငွေ့များကြားသို့ ထိုးတက်လျက်ရှိသည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေ၏။

'လင်း လင်း'

'ရှင်'

'ကိုကိုကြီးနဲ့ လင်းလင်းတို့ကိစ္စက ဘယ်တော့ဖြစ်မှာလဲ'

'မေမေတို့ စီစဉ်နေကြတာပဲလေ၊ တစ်နှစ်လောက်တော့ ကြာဦးမှာပေါ့၊ မကြာချင်လဲ မကြာဘူး၊ ဘာဖြစ်လို့ မေးတာလဲ ကိုဇော်'



ဆိတ်ငြိမ်သော သဘာဝအလှကြားမှာ လင်းလင်း၏ စိတ်များ လှုပ်ရှားစပြုလာကြပြန်သည်။

'ဘာမှမဖြစ်ပါဘူး လင်းရယ်၊ ကိုယ်လဲ အလုပ် စလုပ်တော့မယ် ဆိုတော့ အခြေအနေကို သိထားချင်လို့ပါ၊ ကားအတွက် ကြီးကြီးဆီက ငွေယူထားရတာဆိုတော့ ကိုယ်က အချိန်မီ ပြန်ရှာပေးဖို့လိုတယ်၊ ပြီးတော့ အိမ်မှာ ကိုယ်က အမြဲတမ်း အခွင့်အရေးယူတဲ့ကောင်ဆိုတော့ ဒီတစ်ခါ ကိုယ့်အလှည့်ပဲ၊ ကိုကိုကြီးက ကိုယ့်အပေါ် ညာခဲ့တာတွေများပြီ၊ သူတောင် ပညာမသင်ဘဲ ကိုယ့်ကို ကျောင်းထားပေးခဲ့တာ၊ ကိုယ်တစ်ယောက်တည်း သုံးဖြုန်းနေခဲ့တာ'

ကိုဇော်၏ စိတ်ထား အပြောင်းအလဲမြန်ပုံကို အံ့အားသင့်မိရပြန်သည်။ တစ်နေ့ကပင် ကိုဇော် ကိုကိုကြီးကို မကျေနပ်သည့် အသွင်တွေ ထုတ်ဖော်ပြခဲ့သည်။ ယခုတော့ တစ်မျိုးဖြစ်နေပြန်သည်။

'လင်းတို့ ကိစ္စက ငွေမလိုပါဘူး ကိုဇော်၊ လက်ထပ်တယ်ဆိုတာလဲ လူကြီးတွေ အသိအမှတ်ပြုရုံဆို ပြီးတာပါပဲ၊ လင်းက ကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင်ရတာတွေလဲ မကြိုက်ဘူး'

သည်အကြောင်းတွေ ပြောရသည်ကို ရင်ထဲမှာ ဝမ်းနည်းသလိုလို ဖြစ်မိပြန်သည်။ ကိုဇော်က တည်တည်ငြိမ်ငြိမ် ဖြစ်နေပြန်တော့ ပို၍ ရင်နာ၏။ ကိုဇော်နှင့် သူသည် တစ်ယောက်က ပြေးလိုက်၊ တစ်ယောက်က လိုက်လိုက် ပုံစံမျိုးဖြစ်နေကြသည်။ တကယ်တော့လည်း ဒီလိုဖြစ်စရာ အကြောင်းမရှိပေ။ သူတို့နှစ်ယောက်လုံးသည် လေရူးလို ငြိမ်သက်ခြင်း မရှိကြ။ ဘာကြောင့် ထိုသို့ဖြစ်နေသည် မသိ။

'ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုကိုကြီးက အပြင်ပုံပန်းက အေးဆေးသလောက် အရာရာကို လေးလေးနက်နက်ပုံစံချပြီး လုပ်တတ်တာ လင်းရဲ့၊ ခုလဲ လင်းနဲ့ သူ နေဖို့အတွက် အိမ်တစ်လုံးကို စိတ်ကူးကောင်း

www.burmeseclassic.com

www.burmeseclassic.com



တောင်းနဲ့ ဆောက်နေတာကြည့်လေ၊ ကိုကိုကြီးစိတ်ထဲမှာ ဘယ်လောက် စိတ်ကူးယဉ် ကြည်နူးနေမယ်ဆိုတာ ကိုယ်သိတယ်၊ ခု ငွေမရှိလို့ အိမ်ကိုလဲ ရပ်ထားရတယ်'

'ဒါကြောင့် ကိုကိုကြီးရဲ့ ဆန္ဒတွေ မြန်မြန် အကောင်အထည် ဖော်နိုင်အောင် ကိုဇော်က ငွေရှာပေးမယ်ပေါ့'

'ကိုယ်က သိပ်တော့လဲ အစွမ်းအစရှိလှလို့ မဟုတ်ပါဘူး လင်းရယ်၊ ကိုယ် ကားမောင်းရမှာကိုလဲ ဝါသနာမပါဘူး၊ မေမေခင်က မောင်းခိုင်းလို့သာ မောင်းရမှာ'

'ကိုဇော်က ဘာလုပ်ချင်လို့လဲ'

'ကိုယ်က ကုန်သည်ပဲ လုပ်ချင်တာ'

'အန္တရာယ်များလှပါတယ် ကိုဇော်ရယ်'

'မတတ်နိုင်ဘူး လင်း၊ တံငါသည်ဟာ ငါးပဲဖမ်းတတ်တယ်လေ'

'ဒီအကြောင်းတွေပြောဖို့ လင်းရဲ့ နောက်ကို လိုက်လာတာလား ကိုဇော်'

ကိုဇော်သည် လင်းလင်းကို လှည့်ကြည့်၏။ လင်းလင်း၏ဆံစ များနှင့် သူ့ပခုံးစွန်းတို့ ပွတ်သပ်မိကြသည်။ လင်းလင်း၏ ပါးပြင်များသည် ဆောင်းလေ၏ လျှက်နမ်းမှုကြောင့် နီမြန်းစပြုပြီ။ မပြုမပြင်ဘဲ အပြစ်ကင်းစွာ နေတတ်သောအလှသည် ကလေးဆန်၍ မြတ်နိုးစဖွယ်ပင်။ လင်းလင်း၏ မျက်လုံးများသည်ကား ယခင်ကလောက် ကြည်လင်တောက်ပခြင်း မရှိတော့ဟု ထင်မိ၏။ ထိခိုက်လွယ်သော နှလုံးသားကို သံသယတွေ စွန်းထင်းအောင် မိုက်မဲစွာ ပြုမူခဲ့မိသည်။

'ကိုယ် တောင်းပန်ချင်တာရှိလို့ပါ လင်းရယ်'

ကိုဇော်က မတ်တတ်ရပ်လိုက်၏။ ပြူထွက်စနေရောင်အောက်မှာ မားမားမတ်မတ် ရပ်လိုက်တော့ မိန်းကလေးတစ်ယောက်အတွက် နှစ်သက်ဖွယ် အသွင်အပြင်ကို မြင်ရသည်။ သို့သော် ကိုကိုကြီးလိုတော့ အေးချမ်းမှု မရှိဟု လင်းလင်းက တွေးလိုက်မိ၏။ သူ့ အတွေးထဲမှာ ကိုကိုကြီးနှင့် ကိုဇော်ကို ဘာကြောင့် ယှဉ်ပြီးတွေးမိရသလဲ။ အင်းလေ သူနဲ့ ကိုကိုကြီးနဲ့က လက်ထပ်ရသေးတာမှ မဟုတ်တာ၊ အပြစ်မရှိနိုင်ပါဘူးဟု အားပေးလိုက်၏။

'ဘာကို တောင်းပန်မှာလဲ ကိုဇော်၊ ဘာများ တောင်းပန်စရာရှိသေးလို့လဲ'

လင်းလင်း၏ မျက်နှာသည် အပေါ်သို့ မော့ထား၏။ ထင်းရှူးပင်များ ကြားမှ နေရောင်ခြည်သည် ကိုယ်တစ်ခြမ်းပေါ်သို့ဖြာကျနေသည်။ နှင်းတို့ ကွဲစပြုပြီ။

'တစ်ခါ တစ်ခါတော့ ကိုဇော်က အဓိပ္ပာယ်မရှိတာတွေကို ပြောတတ် လုပ်တတ်တယ်၊ လင်းတို့ပြောသလို နည်းနည်းလေး ထွေလာတဲ့ အခါမျိုးပေါ့'

'ဒါနဲ့ ကိုဇော်ပြောတော့ ကိုဇော်က ဘယ်တော့မှ မမူးတတ်ဘူးဆို'

'ဟုတ်တယ်၊ ဘယ်တော့မှ မမူးဘူး၊ ဒါကြောင့် ကိုယ် ဘာတွေ ပြောခဲ့တယ်ဆိုတာကို သတိရနေတာပေါ့၊ အဲဒီလို သတိရတဲ့အခါမှာတော့ နောင်တရတယ်'

'ခု ဘာကို နောင်တရနေလို့လဲ ဟင်'

ကိုဇော်သည် လင်းလင်းကို ငုံ့ကြည့်ပြီး ချက်ချင်း မျက်နှာလွှဲ လိုက်သည်။ လင်းလင်းက သူ့မျက်နှာကို အမိအရ မော့ကြည့်လိုက်သည်။ ပြီးတော့ နေရာမှထကာ ပခုံးချင်းယှဉ်၍ ရပ်သည်။

'ကိုယ်ပြောခဲ့တဲ့ စကားတွေဟာ လင်းအတွက် အဓိပ္ပာယ်တစ်မျိုး သက်ရောက်စေခဲ့တယ်ဆိုရင် ကိုယ့်ကို ခွင့်လွှတ်ပါ'

လင်းလင်း မျက်နှာ နီမြန်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာအဓိပ္ပာယ်လဲ ကိုဇော်၊ လင်းလင်းက ရှင်းရှင်းပဲကြိုက်တယ်၊ ကိုဇော်တို့ ညီအစ်ကိုနဲ့ ပတ်သက်မှ လင်းလင်းမှာ အမျိုးမျိုး စိတ်ထွေပြားရတယ်၊ ကိုကိုကြီးရော၊ ကိုဇော်ရော တစ်ယောက်မှ မကောင်းဘူး၊ ကိုကိုကြီးကလဲမိန်းကလေးတစ်ယောက်ကို လူကြီးတွေ သဘောတူတာနဲ့ ပြည့်စုံပြီလို့ ထင်နေတယ်၊ ကိုဇော်ကျတော့လည်း အရိပ်အယောင်တွေပြပြီး အမျိုးမျိုးလှည့်စားတယ်'

လင်းလင်း၏ ပြတ်သားသောစကားများကြောင့် ကိုဇော်သည် ကြက်သေသေ၍ ငေးကြည့်နေသည်။

လင်းလင်းသည် နှုတ်ခမ်းများကို တင်းတင်းစေ့လျက် ကိုဇော်အပါးမှ ထွက်ခွာခဲ့၏။ သူပြောမိသည့် စကားတွေကို တွေးကာ သူ့ဘာသာ ရှက်လွန်းသဖြင့် မျက်နှာက နီရဲနေသည်။ ကိုဇော်သည် ထင်းရှူးရိပ်မှာ ရပ်လျက် ကျန်ရစ်၏။ ပြီးတော့မှ သတိရကာ လင်းလင်းနောက်သို့ လိုက်ခဲ့သည်။ လင်းလင်းသည် ကိုဇော်လိုက်လာသည်ကို မြင်သဖြင့် သူ့ကားဆီသို့ အပြေးကလေးလာကာ ကားပေါ်တက်လိုက်သည်။

'လင်းလင်း နေပါဦး ကိုဇော်ပြောပြမယ်၊ နားထောင်ပါဦး'

'ဟင့်အင်း၊ ဘာမှမပြောနဲ့ နားမထောင်ချင်ဘူး'

လင်းလင်းက ကားကို စက်နှိုးပြီး မောင်းထွက်သည်။ ကိုဇော်ကလည်း သူ့ကားဆီသို့သွားကာ နောက်မှလိုက်ဖို့ပြင်၏။ ပြီးတော့မှ သူက နောက်ကလိုက်လျှင် လင်းလင်းက ကားကို အတင်းမောင်းသွားမည်ကို စိုးရိမ်ကာ မလိုက်တော့ဘဲ ရပ်နေလိုက်သည်။ သူကိုယ်တိုင်လည်း ဘာတွေပြောမိ၍ ဘာတွေဖြစ်ကုန်သည်ကို မတွေးတတ်တော့ပေ။

'ဟဲ့ မောင်ဇော်အောင်၊ လင်းလင်းတစ်ယောက် ခြံထဲက ကားမောင်းထွက်သွားတာ လှမ်းမြင်လိုက်တယ် ဘာဖြစ်တာလဲ'

'ဩော် ဆရာမကြီး'



ရုတ်တရက် ဘာပြောရမည် မသိ။

'ကျွန်တော့်ကို စိတ်ကောက်သွားတယ် ဆရာမကြီး'

'ဟော'

'ကျွန်တော် ပြန်ဦးမယ် ဆရာမကြီး၊ နောက်မှလာခဲ့မယ်'

'ဟင် အင်း အင်း၊ လင်းလင်းကို ပြောလိုက်စမ်းပါကွယ်၊ လျှောက်လွှာတင်မယ်ဆို တင်ထားတော့လို့'

'ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျွန်တော်သွားမယ်နော်'

'အေး အေး၊ မင်းတို့ကလဲကွယ် ဘာတွေမှန်းတောင် မသိဘူး'

ကိုဇော် ထင်းရှူးမြိုင်မှ ခေါင်းငိုက်စိုက်ချ၍ ထွက်ခဲ့သည်။ ဘာတွေဖြစ်ကုန်ပြီနည်း။ သူလည်း မသိ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

ဘဲဥမ

ငါ သိပ်စိတ်ညစ်တယ်။

ဘာကြောင့် စိတ်ညစ်တယ်ဆိုတာလဲ ငါ မပြောတတ်ဘူး၊ နင်တို့ ပြောပြောနေတဲ့ အချစ်ကြောင့်ပဲထင်တယ်၊ ဒါပေမဲ့ ငါ ဘယ်သူ့ကို ချစ်နေတယ်ဆိုတာလဲ မသိလဲ မသိဘူး၊ သိလဲ မသိချင်ဘူး။

ကိုခင်မောင်ဦး ဆီကလဲ စာလာတယ်၊ နင်တို့ သူ့ကို လိပ်စာပေးလိုက်တယ်ဆို၊ ငါရေးတဲ့စာထဲက အကြောင်းတွေကိုတော့ သွားမပြောလိုက်ပါနဲ့ဟာ၊ ငါ သူများကို မနှိပ်စက်ချင်ပါဘူး။

ငါ့ရင်ထဲမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာလဲမပြောတတ်တော့ဘူး၊ ငါသာ အဆောင်မှာ ရှိနေမယ်ဆိုရင် ဂေါက်တေးမလို အဆောင်မြက်ခင်းပြင်က နှင်းတွေကြားထဲမှာ တစ်ယောက်တည်း



ထိုင်နေမိမှာပဲထင်တယ်၊ သူများကို အဓိပ္ပာယ်မရှိဘူးလို့ ပြောတတ်ခဲ့တဲ့ ငါဟာ ခုတော့ အဓိပ္ပာယ် မရှိတာတွေကို လုပ်ချင်နေမိတယ်၊ အဲဒါ ဘာကြောင့်လဲဟင်။

နင်ကော နင့်ရည်းစားနဲ့ ဘယ်တော့ လက်ထပ်မှာလဲ၊ နင်တို့လက်ထပ်ပြီးရင် ပတ္တမြားမြေကို လာခဲ့စမ်းပါ၊ နင်တို့အတွက် အံ့မခန်းဖြစ်မယ့် တောင်တန်းကြီးတွေရဲ့အလှကို ပြချင်လို့။

မလေးတို့ဆီကို နောက်မှ စာသပ်သပ်ရေးမယ်လို့ ပြောလိုက်ပါ၊ ခုစာကတော့ စိတ်ထဲမှာ ခပ်ပေါက်ပေါက်ရှိတာနဲ့ ရေးလိုက်တာပဲ၊ ဘယ်သူ့ကိုမှ မပြောပါနဲ့။

အချစ်အကြောင်း မသိသေးတဲ့

လင်းလင်း

စာကိုပြန်ဖတ်ပြီး ကိုယ့်ဘာသာ ပြုံးမိလေ၏။

သူ့ရင်ထဲမှာ ဖြစ်ပေါ်လှုပ်ရှားနေတာတွေကို တစ်စုံတစ်ယောက်ကို ရင်ဖွင့်ချင်သည့် စိတ်ဆန္ဒက ပြင်းပြလာသည်။ ထို့ကြောင့် ထည့်ဖြစ်သည် မထည့်ဖြစ်သည် အပထား စာတစ်စောင်ကို ကောက်ရေးမိ၏။ ဤသို့ဖြင့် လေလွင့်နေသော စိတ်များသည် တစ်ခဏတာ ငြိမ်သက်သွားသည်။

အခန်းပြတင်းဝကို ဖွင့်လိုက်တိုင်း မြူနှင်းတို့သည် ဝေသီမှုန်ဝါးစွာ ကျရောက်နေသည်ကိုသာ မြင်ရ၏။ သည်နှစ် ဆောင်းသည် အေးလွန်းလှသည်ဟု ထင်မိသည်။ လွန်ခဲ့သည့်နှစ်များက ရန်ကုန်မှာ နေခဲ့ရသောကြောင့်လား မပြောနိုင်။ အင်းလျားဆောင်မှာနေစဉ်က ဆောင်းနံနက်များကို မြင်ဖူးချင်လှ၍ တနင်္ဂနွေနေ့ နံနက်စောစော အဆောင်ဖွင့်ဖွင့်ချင်း အင်းလျားကန်ပေါင်ရိုးမှာ လမ်းလျှောက်ထွက်ကြ၏။ တောင်တန်းပြာပြာကြီးများကို မမြင်ရသော်လည်း ရေပြင်မှာ မြူနှင်းတွေဆိုင်းပြီး ရေပြင်နှင့် မြူနှင့် တစ်သားတည်းဖြစ်နေသည်ကို ကြည့်ရသည်မှာ တစ်မျိုးချစ်စရာကောင်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်တုန်းကတော့ နှလုံးသားသည် လွင့်ပါး လှုပ်ရှားကောင်းမှန်း မသိခဲ့။ လမ်းလျှောက်ရင်း အင်းလျားကန်ပေါင်ရိုးမှာ ကိုခင်မောင်ဦးတို့ လူသိုက်နှင့် တွေ့လျှင်လည်း နောက်ပြောင်ကျီစယ်ဖို့သာ သတိရကာ စိတ်လှုပ်ရှားခြင်း အလျှင်းမရှိခဲ့တာ အမှန်ပင်။

ပြတင်းတံခါးကို ပြန်ပိတ်ကာ အိမ်အောက်သို့ ဆင်းခဲ့သည်။

မြေကွက်အနည်းငယ်သာကျန်သော ခြံထဲတွင် ဒေါ်ဒေါ်မြိုင်က ဂန္ဓာပန်းအချို့ စိုက်ပျိုးထားလေသည်။ ကိုကိုကြီး၏ ခြံထဲက ပန်းတွေလောက်တော့ သန့်မာလှပခြင်း မရှိလှပေ။ ကိုကိုကြီးသည် သစ်ပင်များ၊ ပန်းများကိုတော့ အလွန် ဂရုစိုက်သူဖြစ်၏။ သူသည် ပန်းများကိုသာ ချစ်တတ်ပါသလား။

'ဒေါ်ဒေါ် ဘာတွေလုပ်နေတာလဲဟင်၊ လင်းလဲ လုပ်ပါရစေ'

ဒေါ်ဒေါ်မြိုင်သည် တူရွင်းတစ်ချောင်းနှင့် မြေများကို တူးဆွလျက်ရှိ၏။ ပိန်းပန်း လှလှလေးများကိုစိုက်ရန် ချထားသည်။

'ဒေါ်ဒေါ်ကလဲ မိုးကုန်မှ ပန်းပင်စိုက်မလို့လား'

ဒေါ်ဒေါ်မြိုင်က လက်မှ မြေကြီးများကို ခါပြီး လင်းလင်းကို မော့ကြည့်သည်။ ဒေါ်ဒေါ်မြိုင်သည် မေမေ့ညီမ ဝမ်းကွဲတစ်ယောက်ဖြစ်၍ မေမေ ခြေထောက်မသန့်သည့်အချိန်မှစကာ အိမ်တွင် အစောင့်အရှောက်အဖြစ် လာရောက်နေထိုင်ပေးသူဖြစ်၏။ ဖေဖေက မကြာ မကြာ ခရီးထွက်တတ်သဖြင့် အိမ်တွင် မေမေတစ်ယောက်တည်း နေတတ်သည်ကို စိတ်မချ၍ လာနေခြင်းဖြစ်သည်။ မေမေသည် အိမ်တွင် အိမ်ဖော်ထားလေ့မရှိပေ။ အိမ်အလုပ်ကလည်း ကရိကထ သိပ်မများလှ။ မေမေက တခြားမိန်းမများလို ဇိဇာကြောင်တတ်သူမဟုတ်။ အေးအေးဆေးဆေး စိတ်ကူးနှင့် လုပ်စရာရှိတာ လုပ်နေတတ်သူဖြစ်သည်။ ဒေါ်ဒေါ်မြိုင်ကလည်း



အလုပ်နှင့် လက်နှင့် မပြတ်အောင် လုပ်နေတတ်သော်လည်း စကားနည်းသည်။ အခြား အပျိုကြီးများနှင့် မတူပေ။

'မိုးကုန်မှရယ် ဘာရယ် မဟုတ်ပါဘူးအေ၊ စိတ်ကူးရရာ ကောက်လုပ်တဲ့ သဘောပါ၊ တစ်နေ့က ပိတ်စွယ်ဘက်က ပန်းပင်လှလှလေးတွေ ရလာလို့'

လင်းလင်းက ဒေါ်ဒေါ်မြိုင့်ဘေးထိုင်ချကာ ပန်းပင်များကို ကူစိုက်ပေးသည်။

'ကိုကိုကြီးရဲ့ ခြံက ပန်းပင်တွေ တော်တော်လှတယ် ဒေါ်ဒေါ်၊ ဒေါ်ဒေါ်ရောက်ဘူးလား'

'မရောက်ဘူးပေါင်အေ၊ အုန်းကိုင်းကိုတောင် မမတို့ရှိတုန်းက တစ်ခေါက် နှစ်ခေါက် ရောက်ဘူးတာ၊ တော်တော်တော့သာယာသား'

'ခြံဘက်ကိုသွားတော့ ပိုတောင် သာယာသေးတယ် ဒေါ်ဒေါ်ရဲ့၊ လင်းလင်းတော့ အသက်ကြီးလာရင်လဲ အုန်းကိုင်းမှာပဲ နေချင်တယ်၊ အေးချမ်းတယ်'

'အမယ်တော် ကျုပ်တို့ဆီကကော မအေးချမ်းလို့လား'

လင်းလင်းက သည်လိုဆိုတော့လည်း ဒေါ်ဒေါ်မြိုင်က အပျိုကြီးနဲ့ တူသားပဲဟု တွေးမိကာ ရယ်သည်။

'ဘာရယ်တာတုန်း ညည်းက ဟင်း၊ မိန်းကလေးတွေများ ဒီအချိန်ကျရင် ဒီလိုပဲစိတ်က သိပ်မှန်တာ မဟုတ်ဘူး၊ ငိုချင် ရယ်ချင်နဲ့'

လင်းလင်းက ပို၍ သဘောကျသွားကာ လက်ခုပ်လက်ဝါးတီး၍ ရယ်သည်။

'ဟား ဟား ကြည့်စမ်း၊ လင်းက ဒေါ်ဒေါ်မြိုင့်ကို အပျိုကြီးဆိုပြီး ဘာမှ မသိဘူး အောက်မေ့နေတာ၊ ဒေါ်ဒေါ်မြိုင်ပြောပုံက သိပ်ရယ်ရတာပဲ ဟား ဟား'

www.burmeseclassic.com

www.burmeseclassic.com



'အမှန်တွေပြောလို့ ညည်းက သဘောကျနေတယ်ဆိုပါတော့'

'ဟား ဟား ဟုတ်တယ် ဟုတ်တယ်၊ ဒေါ်ဒေါ်မြိုင်ရေ့၊ သိပ် ဟုတ်တာပဲ၊ လင်းကိုယ်လင်းတောင် မသိဘူး၊ ဒေါ်ဒေါ်မြိုင်ပြောမှပဲ သိတော့တယ်'

လင်းလင်းသည် ပန်းပင်များကိုကိုင်ရင်း ကလေးတစ်ယောက်လိုပင် ပေါ့ပါးစွာ ရယ်မောလိုက်လေသည်။ အိမ်ပေါ် ပြတင်းပေါက်ဝတွင် ထိုင်နေသော မေမေသည်ပင် လင်းလင်းတို့ တူဝရီးနှစ်ယောက် ပြောဆိုရယ်မောနေသည်ကို ငုံ့ကြည့်ကာ ပြုံးနေလေသည်။ လင်းလင်းက အပေါ်သို့ လှမ်းကာ မေမေ့ကို လက်ဝှေ့ယမ်းပြလိုက်၏။ စိတ်သွားတိုင်း ကိုယ်မပါတဲ့ မေမေ့ ဘဝပါပဲ။ မေမေ စိတ်မသက်မသာဖြစ်အောင် ငါ မလုပ်တော့ပါဘူးဟုလည်း စိတ်ထဲမှ တွေးလိုက်မိ၏။ ဒေါ်ဒေါ်မြိုင် ပြော သလိုပင် သူ့စိတ်တွေသည် မှုမမှန်ကာ ငိုချင် ရယ်ချင် ဖြစ်နေခဲ့ခြင်းသာ ဖြစ်နိုင်သည်။

'ဒေါ်ဒေါ်မြိုင်ကကော ဘာဖြစ်လို့ အပျိုကြီးဖြစ်နေရတာလဲဟင်'

'မသိချင်စမ်းပါနဲ့ အေ'

ဒေါ်ဒေါ်မြိုင့် လေသံသည် ချက်ချင်း ပျော့ကျသွား၏။

'မသိချင်ပါနဲ့ဆိုလေ ပိုသိချင်လေပေါ့ ဒေါ်ဒေါ်မြိုင်ရဲ့၊ ပြောပြစမ်းပါ လင်းလင်းလည်း အပျိုကြီးလုပ်ရ ကောင်းမလားလို့'

'ခုမှတော့ လုပ်မနေနဲ့တော့'

'ဟင်း ဟင်း၊ ဒေါ်ဒေါ်မြိုင်က သိပ် ပြောတတ်တာပဲ၊ ကဲပါ ပြောပြစမ်းပါ၊ ဒေါ်ဒေါ် အပျိုကြီး ဖြစ်ရခြင်းအကြောင်း'

ဒေါ်ဒေါ်မြိုင်က ပန်းအိုးများကို ရွှေ့နေလိုက်သေးသည်။



'အပျိုကြီးဖြစ်ရတာများ ဘာဆန်းသလဲအေ၊ ရတာမလို လိုတာမရ ဆိုသလိုပေါ့၊ ကိုယ်ကြိုက်တာကျ အိမ်ကသဘောမတူ၊ သဘောတူတာကျ တော့လဲ ကိုယ်ကမကြိုက်'

'ဟင် ဒေါ်ဒေါ်မြိုင့်မှာလဲ ကြိုက်တဲ့လူရှိတယ်'

လင်းလင်းက တအံ့တသြ ရေရွတ်လိုက်သည်။

'ငယ်ငယ်က ရှိတာပေါ့အေ့၊ ဒါ ဆန်းလား'

လင်းလင်းက ပန်းပင်များကိုကိုင်ရင်း ငိုင်သွားမိပြန်သည်။

'ဆန်းတယ်နော်၊ မေမေ့မှာလဲ ချစ်သူရှိတယ်၊ ဒေါ်ဒေါ့်မှာလဲ ချစ်သူရှိဖူးတယ်တဲ့၊ ဒေါ်ဒေါ်ကကော ကိုယ့်ချစ်သူကို ဘာလို့မယူတာလဲဟင်၊ လူကြီးတွေ သဘောမတူလဲယူပါလား ဘာဖြစ်လဲ'

'စိတ်ဆင်းရဲမခံချင်လို့ပေါ့အေ့၊ ညည်းအမေလဲ စိတ်ဆင်းရဲမခံချင်လို့ မိဘ သဘောတူတာ ယူလိုက်တာပေါ့၊ ဒါပေမဲ့ သူဆုံးဖြတ်တာတော့ မှန်တယ်အေ့၊ ဟိုလူက သူကသာကြိုက်နေတာ ကောင်းတာ မဟုတ်ဘူး၊ မောင်လှဝေက လူကောင်းပဲ'

'ဒေါ်ဒေါ့်ကျတော့ကော'

'ငါကတော့ ဘယ်ဟာမှားလို့ ဘယ်ဟာမှန်မှန်းတောင် မသိတော့ ပါဘူး၊ ခုတော့လဲ ဒါတွေ မတွေးနိုင်တော့ပါဘူးလေ၊ လွန်ခဲ့ပြီပဲ'

'အင်း လင်းမှာတော့ ဘယ်ဟာ ကောင်းတယ်၊ မကောင်းဘူး နှိုင်းယှဉ်စရာကို မရှိတာက ခက်တယ်၊ လင်းက မေမေတို့ ဒေါ်ဒေါ်တို့ လောက်တောင်မှ မစွံဘူး ဖြစ်နေတယ်'

'အဲဒါ ဆုံးဖြတ်ရ လွယ်တာပေါ့၊ ကိုကိုကြီးက လူကောင်းပါအေ'

ဒေါ်ဒေါ်မြိုင်သည် ပစ္စည်းများကို သိမ်းဆည်းပြီး အိမ်ပေါ်သို့ တက်သွားလေသည်။ လင်းလင်းက ခဏထိုင်ဦးမည်ဟု အကြောင်းပြကာ

www.burmeseclassic.com

www.burmeseclassic.com



ပန်းအိုးလေးတွေကြားက မြက်ခင်းပြင်မှာ တစ်ယောက်တည်းထိုင်ရင်း ကျန်ရစ်သည်။

'ငါ့မှာ ကိုကိုကြီးနဲ့ စံနှိုင်းစရာ ချစ်သူလေး တစ်ယောက်လောက်တောင် မရှိပါကလားနော်'ဟု ကလေးဆန်စွာ တွေးတောမိပြန်လေသည်။ မေမေသည် ပြတင်းပေါက်မှနေ၍ လင်းလင်းကို ငုံ့ကြည့်နေပြန်လေသည်။ မေမေ့အသွင်သဏ္ဌာန်ကို မြင်ရပြန်တော့ ယောက်ယက်ခတ်နေသော သူ့စိတ်များ ငြိမ်သက်သွားသလိုလိုရှိကာ မြက်ခင်းပြင်ပေါ်မှာ ပေါ့ပါးစွာ လှဲ၍ အိပ်ချလိုက်မိ၏။ တောင်တန်းပြာပြာကြီးများကို ကောင်းကင်ပြာပြာအောက်တွင် ကြည်နူးဖွယ် မြင်တွေ့ရလေသည်။ လောကအားလုံးဟာ သာယာနေတာပဲ၊ ဘာကို မကျေနပ်စရာရှိသလဲ။

ဒေါ်ဒေါ်မြိုင် ဂရုတစိုက်ရှင်းလင်းထားသော မြက်ခင်းစိမ်းစိမ်းသည် ခြံအဝင် လမ်း၏ တစ်ဘက်တွင် အုတ်တံတိုင်း နိမ့်နိမ့်လေးနှင့် ကွယ်လျက်ရှိသည်။ ထို့ကြောင့် အပြင်မှ ရုတ်တရက် ကားဝင်လာလျှင် မမြင်ရ။ ကားတစ်စီး လိမ့်ဝင်လာတာကို မြင်ရတော့ လင်းလင်းက နေရာမှ မထသေးဘဲ ပန်းအိုးလေးတွေ ကွယ်၍ ထိုင်နေမိသည်။ ကိုဇော်ကို သူ မတွေ့ချင်။

အတန်ကြာတော့ ဖြည်းဖြည်းချင်း လျှောက်လာနေသော ခြေသံသဲ့သဲ့ကို ကြားရသည်။ လှည့်မကြည့်ချင်။ သူ့စိတ်တွေ တည်ငြိမ်ချင်လှပြီ။

'လင်း'

ကိုဇော့်အသံ မဟုတ်ပေ။

'ဟင် ကိုကိုကြီး'

လင်းလင်း၏ မျက်နှာတွင် ရှက်သွေးများဖြင့် လျှမ်း၍သွားသည်။ မလုံမလဲလည်း ဖြစ်မိ၏။ သူသည် အချိန်တိုင်းမှာ ကိုဇော့်အကြောင်းသာ စဉ်းစားနေမိပါသလား။



'လင်းက ပန်းပင်တွေစိုက်နေတယ်လို့ ဒေါ်ဒေါ်မြိုင်က ပြောတယ်'

လင်းလင်းက ဘာမှမရှိတော့သော သူ့လက်များကိုခါလျက် ရယ်၏။ ကိုကိုကြီးရှေ့ရောက်လျှင် သူသည် အလိုအလျောက် ကလေးတစ်ယောက်လို ဖြစ်သွားတတ်သည်။ သိမ်ငယ်သွားခြင်းတော့ မဟုတ်၊ ကိုကိုကြီးကပဲ လူကြီးဆန်၍ပဲလား၊ သူကပဲ ကိုကိုကြီးရှေ့မှာ ပိုပြီး ငယ်သွားချင်နေမိသလားတော့ မသိ။

ကိုကိုကြီးကတော့ ရှမ်းဘောင်းဘီရှည်ကို မ ကာ သူ့ဆားမှာ ထိုင်ချသည်။

အတူယှဉ်ထိုင်ပြန်တော့လည်း ကိုကိုကြီး၏ ပခုံးစွန်းက သူ့ခေါင်းနှင့် တန်းတူ ဖြစ်နေ၏။ ကိုကိုကြီးက ကိုဇော်ထက် ပို၍ အရပ်မြင့်သည်။ သို့သော် ကိုကိုကြီးက ပိန်လွန်းပြီး အသားက ဖြူလွန်းသည်။ အို ဘာ့ကြောင့် ကိုဇော်နှင့် ကိုကိုကြီးကို နှိုင်းနေမိရသလဲ။

'လင်းက ပန်းပင်စိုက်တာ မဟုတ်ဘူး၊ ဒေါ်ဒေါ်မြိုင့်ကို စနေတာ ကိုကိုကြီးရဲ့၊ သိပ်ရယ်ရတာပဲ ဟင်း ဟင်း'

လင်းလင်းက မြက်ပင်လေးများကို လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ရင်း ရယ်မောပြောဆိုလိုက်သည်။ သည်တစ်ခါတော့ ကိုကိုကြီးကလည်း ကလေးဆန်သော လင်းလင်း၏ အမူအရာလေးကိုကြည့်ကာ အလိုက်သင့် ရယ်မောဖော်ရ၏။

'ဘာတွေ သွားစ နေတာလဲ လင်းရဲ့'

'ဒေါ်ဒေါ့်ကို ဘာဖြစ်လို့ အပျိုကြီးဖြစ်နေတာလဲလို့ လင်းက မေးတယ်လေ၊ အဲဒါ ဒေါ်ဒေါ်က သူ့မှာ ရည်းစားရှိတယ်တဲ့ ကိုကိုကြီးရဲ့၊ သူကြိုက်တာကို မိဘက သဘောမတူလို့ မယူဘူးတဲ့၊ မိဘ သဘောတူတာကျတော့လဲ သူ မကြိုက်ဘူးတဲ့လေ ရယ်ရတယ်နော်'

သည်တစ်ခါတော့ ကိုကိုကြီးက မရယ်။

www.burmeseclassic.com



'ကိုကိုကြီးမှာကော ရည်းစားရှိလား ဟင်'

မေးပြီးတော့မှ ချက်ချင်း နောင်တရသွား၏။ ဘာကြောင့်များ သည်လောက်တောင် နှုတ်သွက်နေမိရသလဲ။

ဖြူဖွေးသော ကိုကိုကြီး၏ မျက်နှာက နီလာသည်။ ပိပြားသော နှုတ်ခမ်းများကတော့ စေ့လျက်ပင်။ ကိုကိုကြီး စိတ်ဆိုးသွားလေပြီလား။ ကိုကိုကြီး စိတ်ဆိုးသွားလေပြီလား၊ ကိုကိုကြီး စိတ်ဆိုးမှာတော့ ချ ကြောက်သည်။

'ဘာလို့မေးတာလဲ လင်းရယ်'

မထင်မှတ်ဘဲ ကိုကိုကြီး၏ နှုတ်ဖျားမှ အလွန် နူးညံ့ ညင်သာသော ရင်ကိုလည်း ထိခိုက်စေနိုင်စွမ်းသော စကားတစ်ခွန်း ထွက်လာသည်။ ကိုကိုကြီးဟာ ကိုဇော်လို အဓိပ္ပာယ်တစ်မျိုးထွက်ပြီး ရင်ခုန်စေနိုင်တဲ့ စကားမျိုးတွေ မပြောချင်နေပါစေ၊ ခုလို ညင်သာပျော့ပျောင်းတဲ့ စကားလေး တွေ အမြဲပြောနေရင်လည်း ကောင်းမှာပဲဟု တွေးမိပြန်လေသည်။

'လင်း မထင်မှတ်တဲ့လူတွေက ရည်းစားထားတဲ့လူတွေချည်း ဖြစ်ဖြစ်နေလို့ ကိုကိုကြီးရဲ့၊ လင်းက လွဲရင်ပေါ့လေ'

သည်တစ်ခါလည်း ကိုကိုကြီးက မရယ်ပေ၊ မြက်ခင်းပြင်ပေါ်မှာ လက်နှစ်ဘက်ကို နောက်ပြန်ထောက်လိုက်၏။ တောင်တန်းပြာပြာကြီးများ ဆီ မျှော်ကြည့်သည်။ သည်တစ်ခါ ကိုကိုကြီးက လင်းလင်းနှင့် အနီးကပ် ဆုံးနှင့် အအေးဆေးဆုံး ထိုင်၍ စကားပြောခြင်း ဖြစ်၏။ သစ်ရွက်လို လှုပ်ရှားနေသော လင်းလင်း၏ စိတ်များကို တဒင်္ဂငြိမ်သက်စေသည်ကတော့ အမှန်ပင်။ သည်အတွက် ကိုကိုကြီးကို ကျေးဇူးတင်ရ၏။ မဟုတ်လျှင် သူ့စိတ်များကို သူ့ဘာသာ ပြန်လည်ဖမ်းယူနေရသည်နှင့်ပင် ရင်မောလှပြီ။

'လင်းက ရည်းစားမထားတာ အကြောင်းရှိလို့နေမှာပေါ့'



လင်းလင်းက ဆံပင်များကြားသို့ လက်ကိုထိုးသပ်ရင်း ရယ်သည်။ ဘာကြောင့် ခဏ ခဏ ရယ်နေမိသလဲ မသိပြန်ပေ။

'ကိုကိုကြီးကို မေးတာကျတော့ မဖြေဘူးလေ'

'ကိုကိုကြီးက မထားချင်လို့ မထားတာပဲ'

ကိုကိုကြီးက လင်းလင်းဘက်ကို လှည့်မကြည့်။ လင်းလင်းကသာ ကိုကိုကြီး၏ မျက်လုံးများကို လိုက်လံဖမ်းယူကြည့်ရှုနေမိသည်။

'ဘာဖြစ်လို့ မထားချင်တာလဲ၊ အကြောင်းရှိလို့ပဲလား'

'ဟုတ်တယ်၊ အကြောင်းရှိလို့၊ ဒါပေမဲ့ လင်းရဲ့အကြောင်းနဲ့တော့ တူမယ် မထင်ပါဘူး'

'ဘယ်လို မတူတာလဲဟင်'

'လင်းလင်းက မိဘစကားကို နားထောင်ရမှာမို့ မထားတာ၊ ကိုကိုကြီးက မထားချင်လို့ မထားတာ'

'ဘာဖြစ်လို့ မထားချင်တာလဲ ကိုကိုကြီးရယ်' ဟု မေးချင်သော်လည်း ဆက်မမေးဖြစ်တော့ပေ။ ကိုကိုကြီး၏ စကားကိုလည်း မဖြေရှင်းဖြစ်တော့။ လင်းလင်းက တကယ်ပဲ မိဘစကားကို နားထောင်ရမှာမို့သာ ရည်းစား မထားခဲ့တာလား၊ ချစ်သူကိုပဲ မတွေ့ခဲ့လို့လား၊ လင်းလင်းကိုယ် လင်းလင်း လည်း တကယ်ပင် မသိ။ ထိုအတွက် ယခုလည်း စိတ်တွေညစ်ညူးနေရသည် မဟုတ်လား။ ကိုကိုကြီးကကော မိဘစကား နားထောင်ရမှာကြောင့် မဟုတ်ရင် လင်းလင်းကို ချစ်လို့လား သိချင်လှသည်။ ချစ်တယ်ဆိုလျှင် လည်း ဖွင့်ပြောဖို့ သင့်လှ၏။ ကိုယ်လက်ထပ်ရမယ့် မိန်းကလေး တစ်ယောက်ကို ချစ်တယ်လို့ပြောရမှာ သိပ်ဝန်လေးသလား ကိုကိုကြီးရယ်၊ မိန်းကလေးတိုင်းဟာ ကိုယ်က မချစ်သော်မှ ကိုယ့်ကိုချစ်တယ်လို့ပြောတာ ကြားချင်ကြတယ်ဆိုတာ သိဖို့ကောင်းပါရဲ့၊ သည်အတွေးကို တွေးတတ် လာတာလည်း ကိုယ့်ကိုယ်ကို အံ့သြမိပြန်သည်။

www.burmeseclassic.com



အတန်ကြာ တိတ်ဆိတ်နေမိကြပြန်တော့ မနေတတ် မထိုင်တတ် ဖြစ်လာရသည်။ ကိုကိုကြီးကတော့ အေးအေးဆေးဆေး ရှိလှ၏။ လင်းလင်း မျက်နှာလေးကို ငဲ့စောင်း၍ကြည့်တော့ စိတ်ထဲမှာ လှုပ်ရှားကာ မျက်နှာကို ငုံ့ထားမိသည်။

'ကိုကိုကြီး မြို့မကို ဘာကိစ္စနဲ့လာတာလဲဟင်၊ ပန်းမျိုးစေ့တွေ လာဝယ်တာလား'

ထင်သည့်အတိုင်းမေးမိပြန်တော့ ကိုကိုကြီးက ပြုံးသည်။

'မဟုတ်ပါဘူး လင်းရယ်၊ လင်းဆီ တမင်လာတာပါ'

ဝမ်းသာမည်ဟု ကြံမိဆဲ

'ကိုဇော်ကလဲ ပြောတယ်၊ သွားလိုက်ပါဦးတဲ့၊ ဘယ်မှမသွားရလို့ လင်း စိတ်ကောက်နေတယ်တဲ့'

နောက်ဆက်တွဲစကားကြောင့် ရင်ထဲမှာ အောင့်သွားသည်။

'ကိုဇော်က ဒီလိုပဲပြောလား၊ လင်းက ဘယ်သူ့ကို စိတ်ကောက် ရမှာလဲ'

'ကိုကိုကြီးကို ကောက်နေတယ်လို့ ပြောတာပဲ'

ကိုဇော့်ကိုတွေးကာ ဒေါသဖြစ်မိသည်။ ကိုကိုကြီးကို သူ့ဆီကို တမင်တွန်းလွှတ်တာပဲ။ တစ်နည်းအားဖြင့် လင်းလင်းကို အရွဲ့တိုက်တာလား နားလည်ရခက်သော ကိုဇော်က သူ့စိတ်ကို အမျိုးမျိုး လှည့်စားလျက်ရှိသည်။

'ကိုကိုကြီးကို လင်းက ဘာလို့ စိတ်ကောက်ရမှာလဲ'

'မသိဘူးလေ၊ မေမေကလည်း ပြောတယ်'

'ဘာပြောလဲ'

'မသိဘူး လင်းရယ်၊ သူတို့ထင်ရာတွေ ပြောကြတာပါ၊ ဒါက ကိစ္စမရှိပါဘူး၊ လင်း ဘယ်သွားစရာရှိလဲ ကိုကိုကြီး လိုက်ပို့မလို့'



သိပ်ရယ်စရာကောင်းတဲ့ ကိုကိုကြီးပဲ။ သူများတကာတွေက တိုက်တွန်းလို့ ကိုယ်နဲ့လက်ထပ်မယ့် မိန်းကလေးကို အလည်အပတ်သွားဖို့ လာခေါ်ရရှာတယ်။

လင်းလင်းက ရယ်နေမိ၏။ ကိုကိုကြီးက တည်ငြိမ်သော်လည်း မျက်နှာ နည်းနည်းနီလာသည်။ လင်းလင်းက မြက်ခင်းပေါ်တွင်ရပ်ပြီး ကောင်းကင်ကို မော့ကြည့်သည်။ ကိုကိုကြီးသည် ထိုင်နေဆဲ။ လင်းလင်းကို ကလေးလေးတစ်ယောက်ကို ကြည့်သလို ငေးကြည့်နေသည်။

'လင်းကို ဟိုဟိုဒီဒီ လိုက်ပို့လိုက်ပါလို့ကော ကိုဇော်က မှာလိုက်သေးလား ဟင်'

ကိုကိုကြီးက အဓိပ္ပာယ်ကို ကောင်းစွာ နားလည်ဟန်ဖြင့် ရယ်သည်။ သည်တော့ လင်းလင်းကပါ လိုက်၍ ရယ်မိသည်။

'ကိုဇော်က မမှာပါဘူး၊ မေမေခင်က မှာတာ'

'ဒီလိုတော့လဲကိုကိုကြီးက ရယ်စရာ ပြောတတ်သားပဲနော်၊ ဟင်း ဟင်း'

လင်းလင်းက ကိုကိုကြီးကို အပြစ်မတင်ချင်တော့ပေ။ ကိုကိုကြီးက ဟန်မဆောင်တတ်တာပဲ၊ ကိုကိုကြီးရဲ့ မျက်နှာပေါ်မှာ သူတစ်ပါးအပေါ် အနိုင်ယူချင်တဲ့စိတ်၊ နိုင်လိုမင်းထက်ပြုချင်တဲ့သဘောမျိုး ဘယ်တော့မှ မတွေ့ရဘူးဟု တွေးမိ၏။

လင်းလင်း အိမ်ပေါ်ကိုတက်လာတော့ ကိုကိုကြီးက နောက်မှ အေးဆေးစွာ လိုက်လာသည်။ မေမေသည် သူတို့နှစ်ယောက်ကို အသေအချာ ကြည့်နေ၏။ မေမေ့ မျက်နှာကိုတော့ အကဲခတ်ရ ခက်လှသည်။ နှစ်ခြိုက် သဘောကျနေသည်လား၊ စိုးရိမ်ပူပန်နေသည်လား မသိတတ်နိုင်။

'ဟောဒီမှာ မေမေရေ ကိုကိုကြီးက သမီးကို ကားနဲ့လျှောက်လည် မလို့တဲ့ လာခေါ်နေတယ်၊ သမီး လိုက်သွားမယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းရဲ့ အမူအရာတွေက အရွဲ့တိုက်သည့် သဏ္ဍာန်များပေါ်နေသည်လားတော့ မသိ။ မေမေ့ရဲ့ အမူအရာကလည်း လိုက်လိုက်လှဲလှဲ မရှိပြန်ပေ။ လင်းလင်းက အခန်းထဲသို့ဝင်ကာ မျက်နှာကို စိတ်လိုလက်ရ ပြင်ဆင်လိုက်၏။ သနပ်ခါးကိုတော့ လိမ်းလိုစိတ်မရှိ၍ မလိမ်းတော့ဘဲ ပါးပေါ်မှာ ပေါင်ဒါနီနီကိုထည့်ပြီး နှုတ်ခမ်းနီ ပါးပါးဆိုးလိုက်သည်။ မျက်ခုံးမွေးညိုညိုကို ဆွဲသည်။ ဆံပင်ကိုတော့ ပြင်စရာမလို၍ မပြင်တော့ပေ။ ဤသည်မှာ အစွမ်းကုန်ခြယ်သလိုက်ခြင်းပင် ဖြစ်တော့၏။ တောက်ပသော လိမ္မော်ရောင်ဝတ်စုံကိုရွေး၍ ဝတ်လိုက်ပြီး စိတ်လိုလက်ရ ခေါင်းစည်းပဝါနှင့် နေကာမျက်မှန်ကိုလည်း ယူခဲ့သေးသည်။

'မေမေရေ၊ သမီးတို့ နောက်ကျရင် စိတ်ပူမနေနဲ့နော်၊ ကိုကိုကြီးတို့ ကျောက်ဖားဘက် လိုက်ပို့ခိုင်းမလို့'

'ကိုကိုကြီးရေ မင်းညီမကို ကြည့်ခေါ်သွားနော်၊ အဝေးကြီး လျှောက်မသွားကြနဲ့၊ ကားကိုလဲ သူ မမောင်းစေနဲ့'

အိမ်ပေါ်က အတူတူဆင်းလာကြတော့ ဒေါ်ဒေါ်မြိုင်က အံ့ဩစွာ လှမ်းကြည့်နေသည်။ ပြီးတော့ တူဝရီးနှစ်ယောက် အဓိပ္ပာယ်ပါစွာ ပြုံးကြလေ၏။

'ကိုဇော်က ကားပါ ပေးလိုက်တယ်လား'

လင်းလင်းက ဒတ်ဆန်းကားအသစ်ပေါ်ထိုင်ရင်း မေး၏။

'ကိုကိုကြီးဟာ အစစအရာရာ သူများပြောမှ လုပ်တတ်တယ်လို့ လင်း စိတ်ထဲမှာ ထင်နေသလား ညီမရယ်'

ရှားရှားပါးပါးပြောတတ်သော ကိုကိုကြီး၏ စကားများသည် ညင်သာနူးညံ့သည်နှင့်အမျှ ထိရောက်လှသည်မှာလည်း အမှန်ပင်။ လင်းလင်းက ခေါင်းကိုငုံ့၍ ငြိမ်သက်နေမိသည်။

ကိုကိုကြီးသည် ကားကို အေးအေးဆေးဆေးပင် မောင်းထွက်ခဲ့၏။

* * *

၁၃

'လင်းလင်း'

'ရှင်'

'လင်းရဲ့စိတ်ထဲမှာ ကိုကိုကြီးနဲ့ လက်ထပ်ရမှာကို ဝန်လေးနေလား ဟင်'

'ရှင်'

'လင်းရဲ့ စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေသလား ညီမရယ်'

'အို မဟုတ်ပါဘူး ကိုကိုကြီးရယ်၊ မဟုတ်ပါဘူး'

'ကိုကိုကြီးတို့ ပြန်ကြရအောင်နော်'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့'

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၄

ပဝါစလေးသည် လေထဲမှာ တလူလူလွင့်နေ၏။

မြင့်မားဝေသီသော တောင်စွယ် တောင်တန်းများသည် တရိပ်ရိပ် ဝေး၍ ကျန်ရစ်သည်။ တောင်ကမ်းပါးယံများကြားမှ အိမ်လေးများကို ဟိုသည် ပြန့်နှံ့လျက် ပြားပြားဝပ်ဝပ် မြင်ရသည်။ တောင်စောင်းမှ သစ်ပင်များသည် မြက်ပင်လေးများသဖွယ် သေးမွှား ဝေဝါး၍နေသည်။ မြူခိုးများသည် တရွေ့ရွေ့ ရွေ့လျားသွားနေကြ၏။

ကိုကိုကြီးက ကားကို ကျောက်ဖားမှ မြို့ထဲဘက်သို့ ပြန်မောင်းလာခဲ့သည်။ ကိုကိုကြီး၏ အသွင်သည် တည်ငြိမ်အေးဆေးလျက်ပင်။ လင်းလင်း၏ ရင်ထဲမှာတော့ အမျိုးအမည် မသိနိုင်စွမ်းသော ဝေဒနာကို ခံစားနေရသည်။ ကိုကိုကြီးက တိုတိုနှင့် ထိရောက်သော မေးခွန်းတစ်ခုကို မေးခဲ့ပြီ။ မတည်ငြိမ်သော သူ့စိတ်တွေကို ရိပ်စားမိလေပြီထင့်။ ရှက်စရာ ကောင်းလိုက်တာ၊ ကိုကိုကြီးကတော့ သူ့ကို အထင်သေးသွားတော့မှာပဲဟု တွေးမိ၏။ ငါ့နှယ်နော် အစကတော့ ကိုကိုကြီးကိုပဲလက်ထပ်ရမှာဆိုပြီး



ထိန်းထိန်းသိမ်းသိမ်း နေပါလျက် ခုမှ ဘာကြောင့် ဟိုဟိုသည်သည် လွင့်ပါးနေရပါလိမ့်။

‘လင်း ရေကူးကန်ကို သွားဦးမလား’

သူနှင့်ပတ်သက်ပြီး ကိုဇော်က အကုန်များပြောခဲ့လေသလား။

‘မသွားတော့ပါဘူး ကိုကိုကြီးရယ်၊ ရေကူးဝတ်စုံလဲ မပါဘူး’

‘လင်း ဘာစားချင်လဲ’

‘ကိုကိုကြီးစားတာ စားမယ်လေ’

ယခုတော့ လင်းလင်းသည် ကိုကိုကြီးရှေ့မှာ ကျိုးနွံ ရိုသေနေမိပြန်သည်။

‘လင်း အုန်းကိုင်းကို လိုက်ခဲ့ဦးမလား’

‘မေမေ့ကို ဝင်ပြောပြီးရင် လိုက်မယ်လေ’

ကိုကိုကြီးသည် စားသောက်ဆိုင်တစ်ခုကို ဦးဆောင်ခေါ်ငင်သွား၏။

‘ကိုဇော် မှာလိုက်တာတွေ အကုန်လုပ်တာပဲလား’ ဟု မေးချင်သော်လည်း မမေးဝံ့တော့ပေ။

လင်းလင်းသည် အပြစ်ကင်းစင်သော ကလေးတစ်ယောက်လိုပင် အစားကို အေးဆေးစွာ ထိုင်စား၏။

‘ကိုကိုကြီးက အရက်မသောက်ဘူးနော်’

သတိထားသည့်ကြားက စကားတစ်ခွန်း ထွက်သွားပြန်သည်။

‘သောက်လို့လဲမရဘူး လင်း၊ အစာအိမ်မကောင်းဘူးလေ၊ ဆရာဝန်က ပြောတယ်၊ အရက်သောက်ရင် သေမှာပဲတဲ့’

‘ကိုကိုကြီး အသားတွေ သိပ်ဖြူတာပဲနော်၊ နေလို့ကောင်းရဲ့လား’

‘မိန်းမ မရခင်တော့ မသေသေးဘူးလို့ ထင်တာပဲ’

‘အို ကိုကိုကြီးကလဲ’

ပြောပြန်တော့လည်း စကားတွေက အဆင်မပြေလှ။

www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲကိုရောက်တော့ အိမ်ကိုဝင်ပြီး အဝတ်အစားတစ်စုံ ထပ်ရှ သည်။ မေမေက လင်းလင်းကို အရိပ်ကြည့်နေသော်လည်း ဘာမှ ဝင်မပြောပေ။

‘သမီး မနက်စောစော ပြန်လာမယ်နော် မေမေ’

‘ဪ အေး၊ စောစောက သမီးရဲ့ ဆရာမကြီး လာသေးတယ်ကွယ် သမီး အလုပ်လျှောက်လွှာကိစ္စ လာပြောတာတဲ့’

‘ဟုတ်လား မေမေ၊ အင်း အဲဒီကိစ္စတောင် ကိုကိုကြီးနဲ့ ထပ်ပြီး တိုင်ပင်ရဦးမယ်၊ ကိုကိုကြီး သဘောမတူရင် မလုပ်တော့ဘူး မေမေ’

သည်တစ်ခါတော့ မေမေ့ အမူအရာက လှုပ်ရှားသွားသည်။ အပြ ဟန်ဆောင်မှုကင်းခဲ့သော သူ့သမီးမျက်နှာကို ငေးစိုက်၍ ကြည့်၏။

‘ကိုကိုကြီးက ကားထဲမှာ စောင့်နေတယ် မေမေ၊ သွားတော့မယ်နော်’

‘အေး အေး၊ သမီး မကြည်ဝင်းတို့အိမ်မှာ အိပ်မှာလား’

‘ဟုတ်ကဲ့ မေမေ’

လင်းလင်း အိမ်ပေါ်က ခပ်သွက်သွက်လေး ပြေးဆင်းခဲ့သည်။

အောက်တွင် အပြင်မှ ပြန်လာသော ဖေဖေနှင့် တွေ့ရ၏။ ကိုကိုကြီးနှင့် စကားပြောပြီး ကားနားမှ ထွက်လာသည်။

‘သိပ်အေးတယ် သမီး၊ အနွေးထည်ယူသွား’

ဖေဖေက ထိုမျှသာ လှမ်းပြောလေ၏။

သည်တစ်ခါ ကိုကိုကြီး ကားမောင်းတာ လျင်မြန်သွက်လက် လှသည်။

\+ \+ \+

‘ကြည့်စမ်း လင်းလင်းက သူ့အစ်ကိုကြီးကိုယ်တိုင် သွားခေါ်မှပဲ ပါလာ တော့တယ်’



ပိုပိုသာသာပြောတတ်သော မေမေခင်၏ စကားကို ဘယ်လိုမှ တွေးမနေတော့။ ကိုကိုကြီးကလည်း လင်းလင်းဆီကို သည်တစ်ခါပဲ စိတ်လို လက်ရလာလို့ တစ်ခါတည်းနဲ့ ပါလာတာပေါ့ဟု ပြောလိုက်ရမှာလည်း မကောင်းလှပေ။ သည်ကိစ္စတွေနှင့် ပတ်သက်ပြီး ရှည်ရှည်ဝေးဝေး တွေး မနေချင်တော့တာလည်း အမှန်ပင်။ ယခုတလော ကိုဇော် မြို့မထဲကို ရောက်မလာတော့တာကိုတော့ တစ်မိုးတစ်မည် တွေးမိလာရ၏။ မေမေခင့် ကြောင့်များလေလား။ ယခုလည်း ကိုဇော့်ကို မတွေ့ရ။ လင်းလင်းကလည်း တမင်မမေးဘဲနေတော့သည်။ ကိုကိုကြီး၏ သံသယ မေးခွန်းကိုလည်း ကြောက်လှသည်။

‘သမီးသူငယ်ချင်းကို ကြည့်ပြောပါဦး သမီးရယ်’

မီးသွေးမီးဖိုဘေးမှာ ဝိုင်းထိုင်နေကြတော့ မေမေခင်က အရေးကြီး ဟန်ဖြင့် အနားကပ်၍ တိုးတိုးဆိုပြန်သည်။

‘ဘယ်သူလဲ မေမေခင်’

တကယ်ပင် မသေချာ၍ မေးမိ၏။

‘ကိုတာလေကွယ်၊ ဘယ်လိုမှ ပြောမရဘူး၊ ဟိုကောင်မလေးနဲ့ ပြန်ဆက်နေပြန်ပြီလေ’

‘ဪ’

အရေးမကြီးဘူးဟူသည့် လေသံ မသိမသာ ပါသွားသည်။

‘ကြည့်စမ်း၊ သားကြီးတွေအတွက် တစ်ယောက်မှ မပြောရဘူး၊ သူ့အတွက်ပဲ စိတ်ညစ်နေရတယ်၊ နောက်ဆုံး မေမေခင်က ပြောတယ်လေ၊ ဒီကောင်မလေးသာဆိုရင်တော့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး၊ အပြတ်ပဲလို့၊ ခုလဲ မနက်ကတည်းက မနန်းရွာကို ထွက်သွားတာ ခုထိ ပြန်မလာသေးဘူး၊ ဟိုကောင်မလေးနဲ့ အတူတူသွားတာနေမှာပဲ၊ မေမေခင်က

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဒီလို အရောင်းအဝယ်မျိုးတွေလဲအားမပေးပါဘူး၊ သူက အဖော်ရှိတော့ ဒါပဲလုပ်ချင်နေတယ်'

မေမေခင်က မလုပ်စေချင်သည်မှာ မဖြစ်စလောက်မို့လား၊ မကြည်ဝင်းနှင့် နီးစပ်မှာ မလိုလား၍လား၊ အတိအကျမပြောနိုင်။

ကိုကိုကြီးက ဆွယ်တာထူထူကို ဝတ်၍ အောက်သို့ ပြန်ဆင်းလာသည်။

'ဟော ကိုကိုကြီး နေမကောင်းပြန်ဘူးလား'

မေမေခင်က စိုးရိမ်သံဖြင့် မေးလိုက်၏။

'ကောင်းပါတယ် မေမေခင်'

ကိုကိုကြီးက လင်းလင်းဆောမှာ ထိုင်ချလိုက်စဉ် လင်းလင်းက ရေနွေးကြမ်းတစ်ခွက်ကို အလိုက်သင့် ငှဲ့ပေးလိုက်သည်။ ရှည်လျားသော ကိုကိုကြီး၏ လက်ချောင်းများ အေးနေသည်။

'လင်းကို လျှော့ပို့နေရတာနဲ့ ပင်ပန်းသွားပြီထင်တယ်'

'အိုကွယ် တစ်ခါတလေလဲ အပြင်လေးဘာလေး ထွက်ပေးဦးမှပေါ့၊ အလုပ်ချည်းပဲ ဖိလုပ်နေလို့ ဘယ်ဖြစ်မလဲ၊ ဘယ့်နှယ်လဲ ကိုဇော်ရဲ့ကားက စီးလို့ကောင်းရဲ့လား'

'ကိုကိုကြီးက ဖြည်းဖြည်းပဲမောင်းတော့ စီးလို့ကောင်းတာပေါ့'

ကိုဇော်နှင့် တစ်ခေါက်စီးဘူးတာကိုတော့ မပြောလိုက်တော့ပေ။ သူတို့ သိမှာပါပဲ။

'ကိုဇော်လဲ မနက်ကတည်းက ထွက်သွားတာ ပြန်မလာသေးဘူး၊ ဒီညတောင် ပြန်လာချင်မှလာမှာ၊ ကားက တနင်္ဂနွေနေ့ စထွက်တော့မှာ'

ကိုဇော် သူတို့ကို တမင်ရှောင်နေပြန်ပြီလား။ ကိုဇော် ဘယ်သွားလဲ မေးချင်လှသော်လည်း စောင့်စည်းနေလိုက်ရပြန်သည်။ ရင်ထဲမှာ ကျဉ်းကျပ်လာ၏။



'ကိုဇော် ဘာနဲ့သွားလဲ မေမေခင်'

'အေးအေးအောင် လာခေါ်သွားတယ်လေ'

မေမေခင်၏ နှုတ်မှ ကိုဇော့်အပေါ် အပြစ်တင်သံ မကြားရ။ မကြည်ဝင်း ပြောသလို အေးအေးအောင်ကို သဘောမကျကြောင်းလည်း ဖွင့်မပြောပေ။ တကယ်တော့ ကိုဇော် အေးအေးအောင်နှင့် တွဲနေခြင်းမှာလည်း အလုပ်တစ်ခုနှင့် ပတ်သက်သည်သာ။ သူတို့ အခြေအနေကတော့ အစစအရာရာ ကိုတာတို့ မကြည်ဝင်းတို့ထက် သာသည်။ အေးအေးအောင်ကလည်း သေးသေးဖွဲ့ဖွဲ့ကို ကိုင်တွယ်တတ်သူမဟုတ်။ ဒါကြောင့်လည်း မေမေခင်က သဘောမကျသည့်တိုင် ဘာမျှမပြောခြင်းဖြစ်ရမည်။ သူနှင့် ကိုကိုကြီးအပေါ်ထားရှိသော မေမေခင်၏ သဘောထားများကကော ဘယ်လို ရှိပါ့မလဲ။

'လင်းလင်း မောနေပြီလား ဟင်၊ အိမ်ဘက်သွားရအောင်'

ကိုကိုကြီး၏အသွင်က တရင်းတနှီးရှိလာ၍ မေမေခင်က သဘောကျစွာ ပြုံးနေသည်။

'အင်္ကျီလဲလိုက်ဦးမယ်'

'ဒီည ဒီမှာပဲအိပ်နော် သမီး'

မေမေခင်က မကြည်ဝင်းဆီမှာ မအိပ်စေချင်၍ပဲလား၊ လင်းလင်းက ခေါင်းကိုသာ ညိတ်ပြလိုက်မိသည်။

ပေါ့ပါးသော အင်္ကျီလေးကို လဲလှယ်ဝတ်ဆင်ပြီး ပြန်ဆင်းလာတော့ ကိုကိုကြီးသည် သူ့ကို ခြံပြင်မှာ ရပ်စောင့်နေသည်ကို တွေ့ရ၏။ အိမ်သစ်ဘက်ကို ဆင်းလာစဉ် ကိုကိုကြီးက လင်းလင်း၏ လက်များကို ဆုပ်၍ ဆုပ်ကိုင်ရင်း ရှေ့မှဆင်းသွားသည်။

ကိုကိုကြီး၏ လက်များက နွေးထွေးလို့ပါလား။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုကြီးကို ဒီလောက် စိတ်ကူးကောင်းလိမ့်မယ်လို့ လင်း မထင်ဘူး ကိုကိုကြီးရယ်၊ ကြည့်စမ်း မီးလင်းဖိုလေးက သပ်သပ်ရပ်ရပ်လေးနဲ့ သိပ်လှတာပဲ၊ ညည့်ခန်းနဲ့လဲလိုက်တယ်၊ အစီအစဉ်မရှိဘဲ ထည့်လိုက်ရတော့ ပုံစံပျက်သွားလိမ့်မယ် ထင်နေတာ'

'အပြင်မှာလဲကစားကွင်းကို သေသေချာချာ ပြန်လုပ်ထားတယ်'

'ဟုတ်လား ကိုကိုကြီးက လင်းလင်းကို သိပ်ဂရုစိုက်တာပဲနော်'

အမှတ်တမဲ့ပြောပြီး လင်းလင်း၏ မျက်နှာများ နီမြန်းလာသည်။

ကိုကိုကြီးက ပြတင်းပေါက်များကို လိုက်၍ ဖွင့်နေ၏။ လက်ညှိုးတောင်ခေါ်သော တောင်တန်းကြီးကို နီးကပ်စွာ မြင်ရသည်။ တောင်စောင်းမှ သစ်ပင်ကြီးများသည် မြင့်မားလှ၏။ ဆောင်းညနေဖြစ်သည့်အလျောက် မြူခိုးတွေက ပိုမိုထူထပ်စွာ အုံ့ဆိုင်းနေသည်။

'ကိုကိုကြီးဟာ သိပ်စိတ်ကူးယဉ်တတ်တယ်တဲ့'

မှန်တံခါးများကို လိုက်၍စစ်ဆေးရင်း ကိုကိုကြီးက ပြောသည်။

'ဘယ်သူက ပြောတာလဲ ဟင်'

'ကိုဇော်လေ'

'ဘာဖြစ်လို့တဲ့လဲဟင်'

'မသိပါဘူးကွယ်၊ ကိုကိုကြီးက ကိုယ့်စိတ်ကူးနဲ့ကိုယ် လျှောက်လုပ်နေတတ်လို့ပဲ ထင်ပါရဲ့၊ ကိုကိုကြီး ဒီအိမ်ကို စဆောက်တာ လင်းကျောင်းစတက်တဲ့ နှစ်ကပဲလေ'

ကိုကိုကြီးဟာ လင်းလင်းနဲ့ နှစ်ယောက်အတူနေဖို့ တစ်ချိန်လုံး စိတ်ကူးနဲ့ ရူးနေခဲ့ရတယ်လို့ ဆိုလိုလေသလား။ ဘာမဆို လင်းလင်း၏ အလိုဆန္ဒများကို တစ်ဆင့်ကြားစကားနှင့်ပင် ဖြည့်စွမ်းပေးခဲ့တာ အမှန်ကိုယ်နှုတ် အမူအရာများက အေးစက်လွန်းပြီး စိတ်ထဲမှကျိတ်ပြီး စိုးရိမ်



ပူပန်နေတတ်တာကိုလည်း ရိပ်စားမိသည်။ ဒေါ်ဒေါ်မြိုင်ပြောသလို ကိုကိုကြီးဟာ လူကောင်းတစ်ယောက်ပါပဲ။

ကိုကိုကြီးက အိမ်ပြင်သို့ထွက်၍ ထင်းစများကို ကောက်လာခဲ့သည်။

'မီးလင်းဖိုကို မွှေးကြည့်ကြရအောင်'

'ဟင်း ဟင်း ဒါကြောင့် ကိုဇော်က စိတ်ကူးယဉ်တယ်လို့ ပြောတာနေမှာပေါ့၊ လင်းလင်းကိုလည်း ပြောသေးတယ်လေ၊ အုန်းကိုင်းလို နေရာမျိုးမှာ အနောက်တိုင်းဆန်ဆန် အခြေချမလို့လားတဲ့ ဘာပဲဖြစ်ဖြစ် ပျော်စရာ ကောင်းတယ်နော်'

ကလေးဆန်သော ငယ်မူငယ်သွေးများ ပြန်လည်ဝင်ရောက်လာကာ ကိုကိုကြီးလက်ထဲမှ ထင်းစများကိုယူပြီး မီးမွှေးဖို့ ဝိုင်းဝန်းပြင်ဆင်ပေး၏။

'ဟုတ်တယ်လေ၊ အုန်းကိုင်းက မိုးကုတ်လောက်အအေးမကဲဘူး၊ သည်တော့ မီးလင်းဖိုလဲ မလိုလှဘူးပေါ့'

မီးစ မီးစွယ်လေးတစ်ခု တက်လာသည်။ လင်းလင်းက ပျော်ရွှင်ကြည်နူးစွာ ထိုင်ကြည့်နေမိ၏။ ကိုကိုကြီးကို ကြည့်ရတာလဲပျော်ရွှင်နေတဲ့ ပုံပါပဲ။ တစ်ခါမှ သည်နေ့လောက် တက်တက်ကြွကြွရှိတာ မမြင်ခဲ့ဘူးပေ။ ကိုဇော်တို့ မေမေခင်တို့ကြောင့်ပဲဖြစ်ဖြစ် သူတို့ကို ကျေးဇူးတင်ရဦးမည်။ သို့တိုင်အောင် အေးအေးအောင်နှင့်ပါသွားသော ကိုဇော့်အကြောင်းကို တွေးမိပြီး ရင်ထဲမှာ မနာလိုစိတ် ဖြစ်လိုက်မိသေး၏။

လင်းလင်းက ခြေနှစ်ချောင်းဆင်းကာ ဒူးနှစ်ခုကိုကွေးပြီး လက်နှစ်ဘက်နှင့်ချိတ်ကာ ထိုင်သည်။ ခေါင်းငုံ့ထားသဖြင့် ဆံပင်များက ပခုံးပေါ်သို့ ဝဲကျနေကြသည်။

ကိုကိုကြီးက မီးဖိုကို တုတ်တစ်ချောင်းဖြင့် ထိုးဆွရင်း လင်းလင်းကို ကြင်နာစွာ ငေးကြည့်နေသည်။ သည်လို အေးဆေးတည်ငြိမ်တဲ့ လူတစ်ယောက်၊ သာယာတဲ့ရွာလေးမှာ လှပသပ်ရပ်တဲ့အိမ်လေးနဲ့ ဘာကိုစရမှာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ကျေနပ်စရာ ကောင်းသလဲ။ လင်းလင်း၏ ရင်ထဲမှာ ကြည်နူးမှုနှင့် လှုပ်ရှားစပြုလာသည်။ ကိုဇော်နှင့် စကားပြောရတာလောက်ကို ရင်ထဲမှာ ပူလောင်ခြင်း မရှိတာလည်း အမှန်ပင်။ ယခင် ဒါတွေကို ဘာကြောင့် မတွေးမိရသလဲ။

ဖြူဖွေးသော ကိုကိုကြီး၏ မျက်နှာသည် မီးရောင်အောက်မှာ နီမြန်းစပြုလာသည်။ ယနေ့အထိကိုကိုကြီးက သူ့ဇနီးလောင်းကို ချစ်တယ်လို့ မပြောသေးတာ သတိရပြီး ရယ်လည်း ရယ်ချင်မိသည်။ ဘာရည်ရွယ်ချက်မှမရှိဘဲ ကိုကိုကြီးနှင့် သူတို့နှစ်ယောက်သည် မီးလင်းဖိုရှေ့မှာ စိတ်အေးလက်အေး ထိုင်နေမိကြသည်။ စကားလည်း ပြောစရာ မရှိကြသလိုပင်။ သို့သော် ရင်ထဲမှာတော့ နွေးနေသည်။ ကိုကိုကြီးကို ကြည့်ရသည်မှာလည်း ခံစားချက်တွေဖြင့် ပြည့်လျှမ်းနေသလို ထင်ရသည်။ တကယ်ပဲ ကိုကိုကြီးဟာ စိတ်ကူးယဉ်တတ်သူပေပဲလား။ ကိုကိုကြီးရဲ့ စိတ်ကူးထဲမှာ လင်းလင်းတစ်ယောက်သာ အမြဲရှိနေသည်ဆိုလျှင်တော့ ကြည်နူးစရာပါပဲ။

'မှောင်စပျိုးလာပြီ၊ အပေါ် ပြန်တက်ကြရအောင်'

ဆိတ်ငြိမ်သည့် ကမ္ဘာလေး ပျက်ပြယ်သွားသည်။

ကိုကိုကြီးက ထင်းစကုန်နေပြီဖြစ်သော မီးလင်းဖိုကို ငြိမ်းသတ်လိုက်၏။ ပြီးတော့ မှန်ပြတင်းတံခါးများကို လိုက်၍ ပိတ်၏။ လင်းလင်းကလည်း တံခါးများကို ကူ၍ ပိတ်ပေးသည်။ ပြတင်းပေါက်များအား ဖောက်ထား၍ နွေအခါတွင် လတ်ဆတ်သော လေနုအေးကို တစ်ဝကြီး ရှုနိုင်မည် ဖြစ်သည်။

လင်းလင်းနှင့် ကိုကိုကြီးသည် ပြတင်းဝတစ်ခုမှာ နှစ်ယောက်အတူ ဆုံမိကြသည်။ ကိုကိုကြီးက တံခါးပိတ်နေသော လင်းလင်းကို ကူညီ ပိတ်ပေး၏။ နောက်ဆုံးအဖြစ် ပိတ်လိုက်သော ပြတင်းတံခါးချပ်နှင့်အတူ



သူတို့နှစ်ယောက် ရပ်နေမိသည်။ လင်းလင်းက နေရာမှထွက်ခွာမည်ပြုတော့ ကိုကိုကြီးက သူ့ခန္ဓာကိုယ်နှင့် ကွယ်လျက်သားဖြစ်နေသည်။ ကိုကိုကြီးက နေရာမှ မခွာသေး။ နီးကပ်လှသော အနေအထားမှာ အတန်ကြာ ရပ်နေမိကြ၏။ တိတ်ဆိတ်ငြိမ်သက်သော ပတ်ဝန်းကျင်သည် စိတ်လှုပ်ရှားဖွယ်ပင်။

'လင်း'

မြင့်မားသော ကိုကိုကြီး၏ အရပ်ကြောင့် လင်းလင်းက မော့ကြည့်လိုက်သောအခါ ကိုကိုကြီး၏ ရင်ခွင်ထဲသို့ အလိုလိုရောက်သွားသည်။

'ကိုကိုကြီး'

ကိုကိုကြီးသည် လင်းလင်း၏ ပခုံးနှစ်ဘက်ကို ဆုပ်ကိုင်လိုက်၏။ ပြင်းပြင်းပြပြမဟုတ်။ ညင်ညင်သာသာပင်။

'ကိုကိုကြီးနဲ့ လက်ထပ်ဖို့ကိစ္စကို ဘာဖြစ်လို့ အဝေးကြီးကို ရွှေ့ထားချင်ရတာလဲ ညီမရယ်'

လင်းလင်း ဘာပြောရမည်မသိ။ ကိုကိုကြီး၏ ရင်ခွင်တွင်သာ မျက်နှာကို အတန်ကြာ အပ်ထားမိလေသည်။

\+ + +

ကိုဇော်ပြန်အလာကိုစောင့်ရင်း ညဘက် လက်ဖက်ရည်ကြမ်းဝိုင်းသည် ကြာသွား၏။ မေမေခင်တစ်ယောက်သာ စကားတွေကို လှိုင်အောင် ပြောနေသည်။ ဘဘက ဆေးတံကိုရှိုက်ရင်း ခါတိုင်းလိုပင် အေးဆေးဆေး ထိုင်နေ၏။ ကိုတာ့ မျက်နှာကတော့ သိပ်မကြည်လင်လှပေ။ လင်းလင်းတို့ ချိန်ခင် မေမေခင်နှင့် သားအမိနှစ်ယောက် စကားအခြေအတင်ဖြစ်ထားကြသည်ဟု သိရသည်။ ကိုတာသည် လင်းလင်းကို နောက်ပြောင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



သတိမရတော့ဘဲ အပြင်ဘက် ညမှောင်မှောင်တွင်ထိုင်ကာ အပေါင်းအသင်းများနှင့် ဂစ်တာတီးနေ၏။ ကိုကိုကြီးနှင့် လင်းလင်းက မေမေခင်၏ စကားများကို စိတ်ဝင်စားဟန်ဆောင်ကာ ငြိမ်သက်နေကြလေသည်။ လင်းလင်း၏ ရင်ထဲမှာတော့ ရှိန်းမြမြ ဖြစ်နေသည်။ ပူလောင်ခြင်းတော့ မဟုတ်။ စိတ်လှုပ်ရှားခြင်းလား၊ ကြည်နူးခြင်းလား မသိတတ်နိုင်။

'ဒါနဲ့ သမီး လင်းလင်းက အလုပ် လုပ်ဦးမှာဆို၊ ဘယ်လောက်ကြာကြာ လုပ်မှာလဲ'

'အလုပ်ပဲကွာ ဘယ်လောက်ကြာကြာလုပ်မယ်လို့ ပြောလို့ရမလား ကလေးကစားစရာမှ မဟုတ်တာ၊ ချက်ချင်းလုပ် ချက်ချင်းထွက်လို့တော့ ဘယ်ရမလဲ'

ဘဘက ဝင်ပြော၏။

လင်းလင်းက ကိုကိုကြီးကို မော့ကြည့်သည်။ ခွင့်တောင်းသည့် သဘောကို ကိုကိုကြီး နားလည်ဟန်တူ၏။ ခေါင်းကို ညိတ်ပြသည်။

'လင်း လုပ်ချင်စိတ်ရှိသလောက် လုပ်ပေါ့'

'အေးလေ၊ ပညာလေးတတ်ထားတော့လဲ အလုပ်ကလေး လုပ်ချင်သေးတာပေါ့၊ ကောင်းပါတယ်လေ၊ အုန်းကိုင်းနဲ့ ကျောင်းနဲ့ သိပ်ဝေးတာမှ မဟုတ်တာ၊ သမီးက လုပ်မယ်ဆိုရင် အထက်တန်းပြဆရာမ ဖြစ်မှာနော်'

'မသိသေးပါဘူး မေမေခင်ရယ်'

'ဟော သား ကိုဇော် ပြန်လာပြီ'

အိမ်ရှေ့ကို အားလုံး တစ်ပြိုင်နက်တည်း လှမ်းကြည့်လိုက်မိကြသည်။ ကိုဇော်သည် ကားဖြင့်ပြန်လာခြင်း မဟုတ်။ ကိုဇော်က သူတို့ဝိုင်းကို တစ်ချက်သာလှမ်းကြည့်ပြီး အိမ်ပေါ်ကို တန်းတက်မည့်ဟန် ပြင်သည်။

'သားရေ လာပါဦးလေကွယ်၊ ဒီမှာ လင်းလင်းလဲ ရောက်နေတယ်'



လင်းလင်းကတော့ ကိုဇော် သည်လိုအချိန်မှာ ဘဘရှေ့သို့ လာချင်မည် မဟုတ်ကြောင်း သိနေသည်။ မေမေခင်ကလည်း မကောင်းတတ်၍ ခေါ်လိုက်ရဟန် တူ၏။

'လင်းလင်းရောက်နေမယ်ဆိုတာ သား သိပါတယ် မေမေခင်ရဲ့'

ခုလိုအခါမျိုးမှာ ကိုဇော်၏စကားများ မှုမမှန်တတ်တာကို သတိရပြီး လင်းလင်းစိတ်ထဲမှာ ပူသွားမိသည်။

'ခဏ မထိုင်တော့ဘူးလား'

'မေမေခင်တို့ ဝိုင်းက ကျွန်တော်ရှိစရာ လိုလို့လား'

ကိုကိုကြီးသည်လည်း ကိုဇော့် အကြောင်းကို သိဟန်ဖြင့် လှည့်ကြည့်တော့ပေ။

ကိုဇော် အိမ်ပေါ်သို့တက်သွား၏။ သူတို့ဝိုင်းသည် ပိုမို သေ့ခြောက်သွားသည်။ ပြောစရာစကားလည်း ရှာမရတော့။ လင်းလင်းက မသိမသာ သမ်းဝေလိုက်သည်။

'လင်း အိပ်ချင်အိပ်တော့လေ၊ မေမေခင်နဲ့ လိုက်သွား'

'အင်း ဟုတ်ပါရဲ့၊ လာကွယ် အိပ်ကြစို့၊ မနက်ကျရင် ခြံဘက် သွားကြဦးမှာလား'

ကိုကိုကြီးက လင်းလင်းကို လှမ်းကြည့်သည်။ လင်းလင်းက မျက်လွှာကို ချပစ်သည်။

'မနက် စောစောပြန်မယ် မေမေခင်၊ မေမေက သိပ်နေမကောင်းဘူး'

'အေး အေး'

အပေါ်ထပ်တွင် အိပ်ခန်းများကို ကန့်သတ်ထား၏။ မေမေခင်တို့က တစ်ခန်း၊ ကိုဇော်က တစ်ခန်း၊ ကိုကိုကြီးနှင့် ကိုတာတို့က အောက်ထပ်မှာ အိပ်ကြသည်။ မေမေခင်က လင်းလင်းအတွက် သနပ်ခါးခန်းလေးထဲမှာ သပ်သပ်ရပ်ရပ် ပြင်ပေးသည်။

www.burmeseclassic.com



'ကိုဇော်အတွက်လဲ စိတ်ညစ်တယ် လင်းလင်းရေ၊ သူ့အဖေ အရက်သောက်တာကို သိပ်ကြိုက်တာမဟုတ်ဘူး၊ သူကလဲတစ်နေ့တ တောင် မသောက်ဘဲမနေဘူး၊ ကားကိုလဲသိပ်မောင်းချင်တာ မဟုတ်ဘူး လင်းလင်းရဲ့၊ ခက်ပါတယ်ကွယ်'

'ကိုဇော်က အရက်သောက်လေမယ့် အေးအေးဆေးဆေး နေတယ် မဟုတ်လား မေမေခင်ရယ်'

လင်းလင်းက ပြန်ပြောစရာ စကားမရှိ၍ အားပေးစကား ပြောလိုက် ရသည်။

'အင်း၊ သူ့အဖေကိုတော့ ကြောက်တယ်လေ၊ ဒါနဲ့ သမီးတို့ ကော တိုင်ပင်ကြသေးလား၊ ကိုကိုကြီးနဲ့ မင်္ဂလာကိစ္စလေ၊ မေမေခင်က လူငယ်ချင်း ညှိနှိုင်းစေချင်တယ်၊ လူကြီးတွေ သဘောချည်းပဲလဲ မဖြစ် ဘူးလေ'

မေမေခင်က လှည့်ပတ်မေးသော်လည်း လင်းလင်းမျက်နှာ မလုံမလဲဖြစ်ကာ နီမြန်းလာသည်။

'ကိုကိုကြီး သဘောပါပဲ မေမေခင်ရယ်'

မေမေခင်က ပြုံးလျက် အပြင်သို့ ပြန်ထွက်သွား၏။

ကိုဇော်၏ အခန်းဆီမှ သားအမိနှစ်ယောက် တိုးတိုးကျိတ်ကျိတ် စကားပြောနေသံကို ကြားရသည်။ လင်းလင်းက ပြတင်းတံခါးကို လိုက်၏။ ညက မှောင်မိုက်လှသည်။ ပတ်ဝန်းကျင်သည် တော မျက်မည်း ဖြစ်နေ၏။ လေကအေးလှသဖြင့် တံခါးကို ပြန်ပိတ်လိုက်ရသည်။

ကိုတာတို့လှသိုက်၏ သီချင်းသံ သဲ့သဲ့ကို ကြားနေရသေးသည်။

*    *    *

# ၁၅

'တကယ်ပဲလား မကြည်ဝင်းရယ်'

'မဟုတ်ဘဲနဲ့ ကိုတာက ပြောမလား လင်းလင်းရဲ့'

လင်းလင်းက စိတ်ရှုပ်ထွေးစွာ ခေါင်းကို ခါယမ်းမိ၏။

'အင်းလေ ဖြစ်နိုင်ပါတယ်'

'ဖြစ်နိုင်ပါတယ် မဟုတ်ဘူး၊ တကယ် လင်းလင်းရဲ့၊ ကိုဇော့် အကြောင်း သိတယ်မဟုတ်လား၊ မူးရင် စကားတွေ လျှောက်လျှောက်ပြော တာလေ၊ အမယ် ကိုကိုကြီးကိုလဲ အထင်မသေးနဲ့ ဆရာ၊ သူကလဲ ပြတ်ပြတ်သားသား ပြောတာပဲ၊ လင်းလင်းကို လက်ထပ်ဖို့ စီစဉ်ခဲ့တာ လူကြီးတွေ သဘောကြောင့်ချည်း မဟုတ်ဘူးတဲ့၊ သူကိုယ်တိုင်ကလည်း စိတ်ဝင်စားလို့တဲ့၊ အခုမှတော့ နောက်မဆုတ်နိုင်ဘူးတဲ့'

'ဒါပေမဲ့ ကိုကိုကြီးက ကနေ့ထိ ကိုယ့်ကို ချစ်တယ်လို့ မပြောသေး ဘာတော့ အမှန်ပဲ'

'ကိုကိုကြီးက သိုသိုသိပ်သိပ်နဲ့ ချစ်နေသလားမှ မသိတာ၊ ဒါကြောင့်လဲ ကိုဇော်က လင်းလင်းကို မချစ်ဘဲနဲ့ မယူသင့်ဘူး ဘာညာ ပြောတော့ မခံမရပ်နိုင် ဖြစ်နေတာ နေမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းက စိတ်မောစွာ သက်ပြင်းကို ချလိုက်မိသည်။ ဒါကြောင့် ကိုကိုကြီးရဲ့အမူအရာတွေ ထူးထူးခြားခြား ပြောင်းလဲနေတာကိုး၊ မကြည်ဝင်း ပြောသမျှကတော့ မဖြစ်နိုင်စရာ အကြောင်းမရှိ။

ကိုကိုကြီးနှင့် ကိုဇော်တို့ စကားများကြသည်တဲ့။ ထုံးစံအတိုင်း ကိုဇော်က မူးတော့ သူပြောချင်ရာကို မထိန်းမသိမ်းဘဲ ပြောသည်။ လင်းလင်းကို မချစ်ဘဲနှင့် လက်ထပ်ဖို့ မသင့်ဟု ဆိုသည်တဲ့။ ကိုကိုကြီး ကလည်း သူချစ်သလား မချစ်သလား ဘယ်လိုလုပ် သိသလဲဟု ပြောသည် ဆိုပဲ။ သည်တော့ ကိုဇော်က ကိုကိုကြီးကသာ ချစ်ချင် ချစ်မည်၊ လင်းလင်းကတော့ လူကြီးတွေ စီမံလို့သာ ခေါင်းညိတ်ရပြီး ကိုကိုကြီး ကိုတော့ စိတ်ဝင်စားမှုရှိမည် မထင်ဟု ပြောသည်တဲ့။

'ဒီလောက်ထိတောင်ဖြစ်သလား မကြည်ဝင်းရယ်၊ ဒါတွေ မမအောင် ကော သိသလားဟင်'

'သိမှာပေါ့၊ ကိုဇော်က နောက်ထပ်စကားတွေ များနေ[illegible] ကိုကိုကြီးက ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းဘာမှ ထပ်မပြောနဲ့ဆိုပြီး ကိုဇော့်[illegible] ထိုးမယ် ကြိတ်မယ်တောင် လုပ်သေးတယ်ဆိုပဲ'

'ဟင် ဟုတ်လား၊ ဒီလိုမှန်းသိ ကိုယ် လိုက်မလာပါဘူး[illegible] မျက်နှာပူလိုက်တာ'

'ပူမနေနဲ့ ယောက်မရေ၊ မေမေခင်ကတော့ မင်းကို လက်လွှတ် မခံပါဘူး စိတ်ချ၊ ကိုကိုကြီးနဲ့ပဲဖြစ်အောင်စီစဉ်မှာပဲ၊ ကိုဇော် ကားဝယ်ဖို့ မင်းတို့က ငွေထုတ်ပေးထားရတယ်ဆို'

'ဒါက ကိုယ့်မေမေ သဘောရိုးနဲ့ ကူညီတာပါကွာ'

'ဒါပေမဲ့ မေမေခင်က အကွက်စေ့တယ်နော်၊ ခုတောင် ကိုဇော်[illegible] အေးအေးအောင်တို့ တွဲနေတာကို ဘာမှ မပြောတော့တာ ကြည့်ပါလား[illegible] ကိုယ်တို့ကိစ္စလဲ လုံးဝ ကျေနပ်တာ မဟုတ်ဘူး၊ ကိုယ်ကတော့ ကို[illegible]



ပြောလိုက်ပါတယ်၊ ကိုဇော့်ကြောင့် မမ အသည်းကွဲရပေမယ့် ကိုယ်ကတော့ ကိုတာ့အတွက် အသည်းမကွဲချင်ဘူးလို့၊ ဒါပေမဲ့လဲ ကိုတာ့ သဘောပါပဲ လို့၊ ကိုယ်တို့ ယူဖြစ်ရင်လဲ သူ ကိုယ်တို့အိမ်ကို ဆင်းလာမှ ဖြစ်မယ်လို့ ပြတ်ပြတ်သားသားပဲ ပြောထားတယ်'

'စိတ်တွေညစ်လာပြီ မကြည်ဝင်းရယ်၊ မနေ့ကတော့ ပျော်သလိုလို ရှိသား'

'ဘာလို့ ပျော်တာလဲဟင်'

'မသိပါဘူးကွာ'

မကြည်ဝင်းက လင်းလင်းကို စူးစမ်းသည့် မျက်လုံးများဖြင့် ကြည့်သည်။

'ဒါနဲ့ ကိုယ် တစ်ခု မေးပါရစေဦး၊ ကိုယ့်ကို မကွယ်မဝှက်ဘဲ ပြောစမ်းပါဦး၊ မင်းကကော ကိုကိုကြီးကို မချစ်ဘဲနဲ့ ဘာလို့ ဖွတ်မှိတ်ပြီး ယူမှာလဲ ဟင်'

'အို'

'ဟုတ်တယ်၊ ကိုယ်သာဆိုရင်တော့ ကိုယ်ချစ်တဲ့သူကိုပဲ ယူမှာပဲ၊ ရှင်းရှင်းပဲ'

'ကိုယ်က ဘယ်သူ့ကို ချစ်နေလို့လဲကွယ်'

'အေးလေ အဲဒါကို မေးတာပေါ့၊ မင်းကိုယ်မင်း မသိဘူးလား'

'ကိုယ်တို့ကတော့ မင်း ကိုဇော့်ကို ချစ်နေတယ်လို့ပဲ ထင်တယ်'

'အို'

'ဟုတ်တယ်လေ၊ ကိုဇော်ကလဲ အဲဒီလိုပဲ ထင်နေတာ'

'ကိုကိုကြီးကကော ဒီလိုပဲ ထင်နေသလားဟင်'

'ဒါတော့ ဘယ်သိမလဲ၊ ဒါပေမဲ့ သူက နောက်မဆုတ်ဘူးလို့ ပြောပြီးပြီပဲ'

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ စူးစူးရှရှ ဖြစ်သွားသည်။ ခံစားချက်၏ အနက်အဓိပ္ပာယ်ကို သေချာစွာ ခွဲခြား မပြတတ်။ တစ်သက်တာတွင် ရင်ထဲမှာ အထိခိုက်ရဆုံး ဆိုတာကိုတော့ သိ၏။

'ဟင်း'

သက်ပြင်းချသံသည် ကျယ်လောင်လွန်းလှ၏။

'ကိုဇော်နဲ့ ပတ်သက်ပြီး ကိုယ့်စိတ်တွေ လှုပ်ရှားမိတာတော့ အမှန်ပါပဲ မကြည်ဝင်းရယ်၊ ဒါပေမဲ့ ကိုယ် မှားမှန်း ချက်ချင်း သိပါတယ်'

'မင်းနဲ့ ကိုကိုကြီးက အသက်ချင်း သိပ်ကွာတယ်နော်'

'ဆယ်နှစ်လောက်ပါ'

'အင်းလေ၊ တစ်သက်လုံး လက်တွဲရမယ့်ကိစ္စ၊ စဉ်းစားပေါ့ကွာ'

'စဉ်းစားဖို့မလိုပါဘူး၊ ကိုကိုကြီးကိုပဲယူမှာ'

မကြည်ဝင်းက လင်းလင်းကို စူးစမ်းသော မျက်လုံးများနှင့် ငေးကြည့်နေသည်။

'အေးလေ၊ တစ်ရွာလုံးလိုလို သိထားတဲ့ကိစ္စဆိုတော့ ဒီလိုပဲဖြစ်သင့်တာပေါ့လေ'

'ဒါကြောင့်ချည်းပဲလဲ မဟုတ်ပါဘူး မကြည်ဝင်းရယ်'

* * *

## ၁၆

'အေးတဲ့အရပ်ဆိုတော့ ခန်းဆီ အရောင်တောက်တောက်လေးတွေနဲ့မှ လှမှာပေါ့နော် မေမေ'

'မေမေတို့ မျက်စိက သမီးတို့လို ဘယ်ခေတ်မီတော့မလဲကွယ်၊ သမီးက ဘာအရောင်ကြိုက်လို့လဲ'

'အစိမ်းနုလေး မကောင်းဘူးလား မေမေ'

'အင်း ကောင်းသားပဲ'

'ကိုကိုကြီးအိမ်က သိပ်လင်းတာပဲမေမေရဲ့၊ ပြတင်းပေါက်တွေလဲ များတယ်၊ ပြတင်းပေါက်တိုင်းမှာ ခန်းစီး တစ်ဝက်စီ တပ်ရမယ်'

'အင်း ကောင်းတာပေါ့'

'မေမေကလဲ ကောင်းတယ်ချည်းပဲပြောနေ၊ မေမေလဲ ဖေဖေ့လို ဖြစ်လာပြီ'

မေမေက ရယ်သည်။ ရွှင်လန်းတက်ကြွနေသော သမီးကို ကြည့်ကာ မေမေ့ ရင်ထဲမှာ ကြည်နူးနေဟန်ရှိသော်လည်း လင်းလင်း၏ အမူအရာများကို မေမေက သံသယဖြစ်နေလေပြီ ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



မေမေခင်တို့ဘက်မှ မင်္ဂလာရက်ကို သတ်မှတ်လာသည်။

တစ်နှစ်ကြာအောင် စောင့်ဆိုင်းမနေစေချင်တော့။ ရာထားသည့် ရက်အတိုင်းဆိုလျှင် သုံးလခန့်သာ လိုတော့သည်။ မေမေက လင်းလင်း သဘောအတိုင်းပါဟုလွှဲပေးလိုက်သည်။ လင်းလင်းက ကိုကိုကြီး သဘောပါဟု ပြန်လွှဲသည်။

အရာရာသည် အဆင်ပြေ ချောမွေ့လျက်ရှိသည်။

ကိုကိုကြီးက သူ့အိမ်ကို အပြီးသတ် မွမ်းမံပြင်ဆင်နေသည့်နည်းတူ လင်းလင်းကလည်း လိုအပ်သည်ထင်သမျှကို စုဆောင်းဖြည့်ဆည်းနေ၏။

ကိုဇော်တစ်ယောက်တော့ အဝေးပြေးကားကို စတင်ပြေးဆွဲလျက် ရှိလေပြီ။ တစ်ရက်ခြားတစ်ခါ မန္တလေးမှာ ညအိပ်ရသော ကိုဇော်ကို သိပ်လည်း မတွေ့ရတော့။ ကိုဇော် သူ့အလုပ်မှာစိတ်ပါဝင်စားမှု ရှိသည် မရှိသည်တော့ မသိရ။ မေမေခင်ကတော့ သဘောကျ ကျေနပ်လျက်ရှိသည်။ အားလုံးသည် နေသားတကျ ဖြစ်နေကြ၏။

'ဒီဇင်ဘာဆိုတော့ သိပ်အေးတဲ့ရက်ပဲနော်၊ ဘဲဥတို့တော့ နေနိုင် ပါ့မလား မသိဘူး'

'သမီး သူငယ်ချင်းတွေက တကယ်လာမှာလား သမီးရဲ့'

'လာမှာ မေမေရဲ့၊ သေသေချာချာမှာထားတာ၊ သူတို့ကလဲ လက်ထပ်ပြီးကာစ ဆိုတော့ ဟန်းနီးမွန်းအဖြစ် လာကြမှာ'

သည်ကြားထဲမှာ သူငယ်ချင်းတွေဆီ စိတ်လိုလက်ရ စာရေးခဲ့သည်။ သူ့ရဲ့ မင်္ဂလာပွဲကို ဆက်ဆက်လာစေချင်သည့်အကြောင်းလည်း တစ်ခွဲ တန္တဲ့ ရေးလိုက်၏။ စာထဲမှာ လေသံတွေ အမျိုးမျိုးပြောင်းနေသော လင်းလင်း၏ အခြေအနေကို သူငယ်ချင်းတွေလည်း မည်သို့ ထင်မြင်ချက် ပေးနေကြမည် မသိ။ လင်းလင်းကတော့ တစ်စုံတစ်ခုကို ယတိပြတ်ဆုံးဖြတ် ပြီး၍ စိတ်ထဲမှာ ပေါ့ပါးနေသည်။



'သူတို့လာရင် မန္တလေးအထိ ဆင်းကြိုမှဖြစ်မှာနော်'

'ဟုတ်တယ် မေမေ၊ အဲဒီကျရင်တော့ ကိုဇော့်ကားကို နှစ်ရက်လုံး ဆွဲထားရမယ်၊ သမီးလဲ ဆင်းလက်စနဲ့ မန္တလေးမှာ ဝယ်စရာရှိတာလေးတွေ ဝယ်ရမှာ'

'ကိုဇော်တစ်ယောက်တောင် မလာတာ ကြာပြီ'

လင်းလင်း၏ စကားသံများ တိတ်ဆိတ်သွားသော်လည်း မျက်နှာ အမူအရာကတော့ မပြောင်းလဲတော့။ သူ့စိတ်တွေ တည်ငြိမ်စပြုပြီဆိုတာ မေမေသိရဲ့လား မသိ။

'ခုတော့ အလုပ်ကို သိပ်ကြိုးစားနေတယ်လို့ မေမေခင်က ပြောတာပဲ'

'အင်း ခင်ခင်တစ်ယောက်ကလဲ ဆန္ဒက သိပ်စောတယ်၊ မွေးထားတာကလဲ သားတွေချည်းပဲ'

'ဒါပေမဲ့ မကြည်ဝင်းတို့အပေါ်မှာတော့ တစ်ဘက်သတ်ကျလွန်းပါတယ် မေမေရယ်၊ ဒီလောက် ခါးခါးသီးဖြစ်ဖို့ မကောင်းပါဘူး'

'မေမေလဲသမီးတို့အိမ်ကို တစ်ခေါက်လောက် သွားကြည့်ဦးမယ်'

မေမေ့ စကားကိုကြားရတော့ လင်းလင်းရင်ထဲမှာ ဝမ်းနည်းသွားမိသည်။ တကယ်တမ်းကျတော့ သူချစ်တဲ့မေမေနဲ့ ခွဲရတော့မှာပါလား။ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့သည့် မေမေသည် တစ်ဦးတည်းသော သမီးကိုလည်း ရင်ခွင်ထဲက ခွဲထုတ်လိုက်ရပေဦးမည်။ သည်လိုဆိုတော့လည်း မေမေ့ကို သနားမိသည်။

'တကယ်တော့ ကိုကိုကြီးက သူ့ခြံတွေကို သံယောဇဉ်ရှိနေလို့ သာပါနော်၊ သမီးတို့ မေမေတို့နဲ့ အတူတူနေလဲ ဖြစ်တာပါပဲ'

'ဒီလိုလဲဘယ်ဟုတ်မလဲ သမီးရယ်၊ လူ့ဘဝဆိုတာ ကိုယ့်လမ်း ကိုယ်သွားကြရတာ'

www.burmeseclassic.com

www.burmeseclassic.com



'သမီး အလုပ် လုပ်ရရင်တော့ မေမေတို့ဆီ တစ်နေ့တစ်ခေါက် ရောက်မှာပါပဲ'

'သမီး အလုပ်က ဘယ်တော့ရမှာလဲ'

'သမီးတို့ လက်မထပ်ခင်တောင် ခန့်ချင် ခန့်တော့မှာ'

မေမေသည် ပြတင်းပေါက်ကို မေးတင်ကာ ငေးနေ၏။ ဖေဖေ ပြန်လာသည်ကို မေမေမြင်သော်လည်း ဘာမျှမပြော။ လင်းလင်းကသာ ဖေဖေ့ကို ဆီးကြိုရန် အောက်သို့ ပြေးဆင်းခဲ့သည်။ ဖေဖေသည် သူ့ထုံးစံအတိုင်း ဖြည်းဖြည်းမှန်မှန်ပင် လျှောက်လာနေ၏။ လင်းလင်းက ဖေဖေ့ လက်မောင်းကိုပြေးပြီး ဖက်တွယ်လိုက်စဉ် ဖေဖေက စကားတစ်ခွန်းကို တိုးတိုးပြောသည်။

'ကိုတာ အိမ်က ထွက်သွားလို့တဲ့'

လင်းလင်း စိတ်ထဲမှာ ရုတ်တရက် အံ့ဩသွားသော်လည်း ချက်ချင်းပင် အခြေအနေကို သတိရလိုက်သည်။

'ဘယ်ကို ထွက်သွားတာလဲ ဖေဖေ၊ မကြည်ဝင်းနဲ့လား'

'မဟုတ်ဘူး သမီးရဲ့၊ မကြည်ဝင်းလဲ အိမ်မှာရှိတယ်တဲ့၊ ခင်ခင်ကတော့ ဒေါပွနေတာပေါ့၊ မကြည်ဝင်းတို့ကိုလဲ မပြောသာ၊ သူ့သားကိုလဲ ရှာမတွေ့'

'ဖေဖေ့ကို ဘယ်သူလာပြောသလဲ'

'အုန်းကိုင်းကလူတွေနဲ့ တွေ့လို့ ပြောတာပဲ'

အိမ်ပေါ်ကို တက်လာတော့ အိမ်ရှေ့မှာ တုတ်ကောက်ကို အားပြု၍ လမ်းလျှောက်နေသော မေမေ့ကို တွေ့ရသည်။ ဖေဖေ့ဆီက သတင်းကို ဖောက်သည်ချတော့ မေမေက အံ့ဩဟန်မပြ။

'အင်းလေ၊ အစစအရာရာ လူငယ်တွေကို ကိုယ်ဖြစ်စေချင်သလို ဖန်တီးလို့ မရဘူးဆိုတာ ခင်ခင် သဘောပေါက်ဖို့ကောင်းတယ်'



'မမကော သဘောပေါက်ရဲ့လား'

ဖေဖေ့အပြောကြောင့် မေမေ့ မျက်လုံးများ ညို့မှိုင်းသွားသည်။

'ဖေဖေကလဲ မေမေက လူငယ်တွေရဲ့စိတ်ကို သိပ်နားလည်ပါတယ်၊ ဘာမှ အတင်းအကျပ် မလုပ်ပါဘူး၊ သမီး သိပါတယ်'

လင်းလင်းက မေမေ့ လက်မောင်းများကို ဖေးမရင်း ပြောလိုက်၏။

'အိမ်း၊ ဒီလိုဆိုလဲ ကောင်းပါ့ဗျား၊ ကောင်းပါ့ဗျား'

မေမေသည် နေရာမှရပ်လျက် သမီးဖြစ်သူ၏ မျက်လုံးများကို စူးစိုက်၍ ကြည့်လေသည်။

\+ \+ \+

'အဲဒါပဲကြည့်တော့ မမရေ၊ ခေတ်ကာလ သားသမီးများ မိဘကို စိတ်ဆင်းရဲအောင် တော်တော်လုပ်တယ်'

'ဒီလိုလဲဘယ်ဟုတ်မလဲ ခင်ရယ်၊ မမတို့တုန်းကတော့ လူကြီးစကား နားထောင်ဖို့ကလွဲရင် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဆိုတာလဲ မရှိခဲ့ကြဘူး မဟုတ်လား၊ ခုလူငယ်တွေကတော့ သူတို့အစွမ်းအစနဲ့ သူတို့ မဟုတ်လားခင်ရယ်'

'ဘာအစွမ်းအစလဲ မမရဲ့၊ နောက်တော့ မိဘကပဲ ပံ့ပိုးရတာ၊ သူတို့ဟာ သူတို့ ရပ်တည်နိုင်ရင်တော့လဲ ကောင်းသား'

'သူတို့က မမတို့ထက် သတ္တိရှိကြတယ် ခင်ရေ'

မေမေခင်ကတော့ မေမေ၏ စကားကို သဘောတူညီပုံ မရ။ ကိုတာတစ်ယောက် အိမ်ကိုပြန်မလာဘဲ ဆန္ဒပြနေခြင်းအတွက် မကျေမနပ် ဖြစ်နေလေသည်။ လင်းလင်းက မိမိလုပ်ချင်ရာကို ချက်ချင်း ရွတ် မလုပ်သေးဘဲ ခိုင်ခိုင်မြဲမြဲရပ်တည်နေသည့် သူငယ်ချင်းနှစ်ဦးကို များစွာ ဂုဏ်ယူ အားကျမိ၏။

www.burmeseclassic.com



'ဘယ်လောက်သတ္တိရှိမလဲ စောင့်ကြည့်ရမှာပဲ၊ သူတို့ လုပ်ချင်သလို လုပ်ရင်တော့ ခင်က တစ်ပြားမှမပေးဘူး မမရေ၊ သူတို့ဘာသာ ရှာစားကြပေတော့၊ ငွေကို ရအောင်ရှာရတယ်ဆိုတာ လွယ်တာမှ မဟုတ်တာ။ ခုဆို ကိုဇော်တောင် လက်တွေ့ ကားမောင်းရတော့ ပင်ပန်းမှန်း သိနေပြီ'

'အင်း၊ ကိုဇော်တစ်ယောက်တောင် မတွေ့ရတာ ကြာပြီ၊ ကားက နေ့တိုင်း ထွက်သလား'

'တစ်ရက်ထွက် တစ်ရက်နားပဲလေ ၊ သူ့အတွက် အလုပ်တစ်ခု မည်မည်ရရ ဖြစ်သွားတာတော့ ဝမ်းသာရတယ် မမရေ'

ကိုဇော့်အကြောင်းကို ပြောကြတော့ လင်းလင်း မျက်နှာကို ငုံ့ထားမိသည်။ ဘာကိုမျှဝင်ပြီး ဆွေးနွေးခြင်း မပြု။

'ဒါထက် ခင်၊ ကိုလုကြီးတို့ ကိစ္စကော ဘယ်လိုစီစဉ်ထားသလဲ'

မေမေခင်က လင်းလင်းဘက်လှည့်ပြီး ပြုံးပြသည်။

'ကိုကိုကြီးကတော့ မင်္ဂလာပွဲကို ငွေကုန်ခံပြီး ကြီးကြီးကျယ်ကျယ် လုပ်မနေချင်ဘူးတဲ့၊ အဲဒါ သုံးမယ့်အစား ရှေ့ နေဖို့ထိုင်ဖို့ကိုပဲ သုံးချင်တယ်တဲ့၊ ဗမွန် မှာလဲ လက်ဖက်ခြောက်ခြ ထပ်ဝယ်ဦးမယ် ပြောတယ်'

'ဟုတ်တယ်၊ မမလဲ သဘောကျတယ်၊ ပကာသနတွေ လုပ်နေမယ့် အစား အမိပ္ပာယ်ရှိတာလုပ်ရင် ပိုကောင်းတာပေါ့'

'အခုတော့ အိမ်ကို အစွမ်းကုန် ပြင်နေတာပဲမမရေ၊ ကိုကိုကြီးက စကားနည်းပေမယ့် ရည်မှန်းချက်က သိပ်ကြီးတာ၊ တစ်ခုပဲ'

မေမေကရော လင်းလင်းကပါ မေမေခင်ကို ကြည့်လိုက်မိကြ၏။

'ကိုကိုကြီးက ကျန်းမာရေးက မကောင်းဘူး၊ မမလဲ သိသားပဲ ငယ်ငယ်လေးကတည်းက ချူချာတာ၊ ခုလဲဆရာဝန်က ဆေးရုံတက်ရင် ကောင်းမယ်တောင် ပြောနေတာ၊ အာလ်ဆာလို့ ပြောနေတယ်'

'ဟင် ဟုတ်လား၊ ဘယ်သူနဲ့ပြတာလဲ ဟင်'



လင်းလင်း၏ မျက်နှာတွင် စိုးရိမ်ပူပန်သည့် အငွေ့အသက်တွေ ယှက်သန်းလာသည်။

'သူ့ သူငယ်ချင်း ဒေါက်တာတင်အောင်နဲ့ ပြတာပဲ၊ အစကတော့ ရိုးရိုးအစာအိမ်ပဲဆိုပြီး ပေါ့နေတာလေ'

'ကျန်းမာရေးက အရေးကြီးတယ် ခင်ရေ၊ မမကိုကြည့်ပါလား၊ ကျန်းမာရေးမကောင်းတော့ ဘာမှ အသုံးမကျတော့ဘူး၊ လူပိုကြီးလို ဖြစ်နေပြီ'

'ဒီလိုတော့လဲ မဟုတ်ပါဘူး မေမေရယ်'

မေမေ့အတွက် အားပေးစကားပြောရင်း ကိုကိုကြီးအကြောင်းကို တွေးနေမိသည်။ ကိုကိုကြီးဟာ တကယ်ပဲ စိတ်ကူးယဉ်တတ်သူတစ်ယောက် ပေပဲ။ သို့သော် စိတ်ကူးသာယဉ်ပြီး လက်တွေ့ အကောင်အထည် မဖော် တတ်သူတော့ မဟုတ်။ နှုတ်မှ ဖွင့်ဟပြောဆိုရန် ဝန်လေးတတ်သူသာ ဖြစ်ချေသည်။ သို့သော် မကြည်ဝင်းပြောသည့် စကားများအရတော့ ကိုကိုကြီးသည် ပြတ်ပြတ်သားသား ပြောဆိုတတ်သူတစ်ယောက် ဖြစ်နေပြန် သည်။ ထိုအကြောင်းကို တွေးမိပြန်တော့ မေမေခင်တို့ မေမေတို့ရှေ့မှာ ထိုင်နေတာကို လိပ်ပြာမလုံသလို ဖြစ်မိပြန်လေ၏။

မေမေခင်က ဘာမျှမဖြစ်သလို နေသည့်အတွက်လည်း အံ့ဩရ သည်။

'ကိုကိုကြီးကိုလဲပြောဦး ခင်ရေ၊ ကျန်းမာရေးကို ဂရုစိုက်ပြီး သေသေချာချာ ကုဖို့၊ သူတို့ ကိစ္စအတွက်လဲ သိပ်ပြီး အပင်ပန်းခံစရာ မလိုပါဘူး၊ တစ်ယောက်သဘော တစ်ယောက် သိပြီးသား လူတွေပဲ'

'ခင်လဲ အဲဒါ ပြောတာပေါ့၊ ထွက်လာတာ ကြာသွားပြီ၊ ခင် ပြန်တော့မယ်၊ ပစ္စည်းတစ်ခုလာပြတာ၊ အဆင်ပြေရင် မမတို့ဆီက ပူထား တာလေးတွေ တစ်ခါတည်း ကျေသွားအောင်လို့'

www.burmeseclassic.com

www.burmeseclassic.com



'ဒီအတွက် ခေါင်းထဲမှာ မထည့်ပါနဲ့ ခင်ရယ်'

'သွားမယ် သမီး'

လင်းလင်းသည် မေမေခင်ကို အောက်သို့ဆင်းကာ ခြံဝအထိ လိုက်ပို့သည်။ တစ်စုံတစ်ရာကို ပြောမည်ဟု အရှိန်ယူနေပြီး မေမေခင် ခြံပြင်ရောက်မှ လှမ်းပြောဖြစ်သည်။

'ကိုကိုကြီးကို ပြောလိုက်ပါဦး မေမေခင်ရယ်၊ လင်းလင်း လာခဲ့ဦးမယ်လို့'

\+ \+ \+

'ဒီနေရာကို ဘာလို့လိုက်လာတာလဲ သမီးရယ်'

'သမီး ကားခဏ ယူသွားချင်တယ် ဖေဖေ'

'ရော့'

ဖေဖေက ကားသော့ကို လှမ်းပေးသည်။ ကလပ်တွင်းမှာထိုင်နေသော လူများဆီမှ မျက်လုံးပေါင်းများစွာ နောက်မှာ ကျန်ရစ်၏။ လင်းလင်း ဣန္ဒြေမပျက် ထွက်ခဲ့သည်။

ကားကို ထင်းရှူးခြံသို့ ဦးတည် မောင်းလာခဲ့၏။

ခြံထဲမှာ ဆရာမကြီးက အသင့်စောင့်နေသည်။

'လာ သမီး'

ဆရာမကြီး၏ ခြံထဲကို ရောက်လာလျှင် အလိုလို အေးချမ်းသွားသည်။

'သမီး လာမယ်ဆိုလို့ မှို့ပေါင်းလုပ်ထားတယ်'

ဧည့်ခန်းကိုကျော်၍ ထမင်းစားခန်းထဲ ဝင်ခဲ့၏။ ဆရာမကြီးသည် သူ့ တပည့်အတွက် စားသောက်ဖွယ်ရာများကို စိတ်လိုလက်ရ ပြင်ဆင် ထားသည်။



'ဘယ့်နှယ်လဲသမီး၊ တကယ် အလုပ်လုပ်ရမယ်ဆိုတော့ စိတ်ပါ သေးရဲ့လား'

ဆရာမကြီးက ရောက်ကတည်းက စကားတစ်ခွန်းမှ မပြောဘဲ တိတ်ဆိတ်ငြိမ်သက်နေသော လင်းလင်းကို သေသေချာချာကြည့်၍ မေးသည်။

'စိတ်ဝင်စားပါတယ် ဆရာမကြီးရယ်၊ တစ်ခုပဲစိတ်ပူနေတာပါ၊ လင်းလင်းက စာသင်တဲ့နေရာမှာ အံဝင်ခွင်ကျဖြစ်ပါ့မလားလို့'

'ဒါကတော့ သမီးရယ်၊ ဘယ်အရာမဆို စေတနာပါလာရင် ကြိုးလဲ ကြိုးစားမယ်ဆိုရင် ကောင်းလာကြတာချည်းပါပဲ၊ တီချာတို့က သမီးတို့လို လူငယ်တွေကို ပိုပြီး အလုပ်လုပ်စေချင်တယ်၊ တီချာတို့က အသက်ကြီးပြီလေ၊ ရှေ့နှစ်ဆို ပင်စင်တင်တော့မယ်'

ဆရာမကြီးက စေတနာနှင့် ထည့်ကျွေးသမျှကို စားရင်း စိတ်က အဝေးသို့ ပျံ့လွင့်နေသည်။

ကိုကိုကြီးဟာ ကျန်းမာရေးကောင်းသူမဟုတ်ဘူး၊ ငါက အလုပ် လုပ်ရင် မိုးလင်းက မိုးချုပ် အိမ်ကထွက်ရမှာ၊ အို ခုမှ ကိုကိုကြီးအတွက် ဘာကြောင့် သည်လောက် စိတ်ပူနေမိရသလဲ။

'ဟိုတစ်လောကတောင် မောင်ဇော်အောင် လာသွားသေးတယ်'

'ဟင် ဟုတ်လား၊ ဘာလာလုပ်တာလဲ ဆရာမကြီး'

ဆရာမကြီးက သိမ်မွေ့စွာ ပြုံးသည်။

'တစ်ခါ တီချာမရှိတုန်း လင်းလင်းတို့ စိတ်ကောက်ပြီး ထွက်သွားကြတာလေ မှတ်မိလား အဲဒါ လာပြောတာ'

လင်းလင်းက ခေါင်းငုံ့ထားသည်။

'သမီး အခု လက်ထပ်မှာ သူနဲ့ အဖေတူ အမေကွဲ အစ်ကိုကြီးဆို'

'ဟုတ်ကဲ့'

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးက တစ်စုံတစ်ခုကို ပြောလိုဟန်ရှိသော်လည်း ဘာမျှ မပြော။

'သမီးတို့ လက်ထပ်မှာ ဒီဇင်ဘာနော်'

'ဟုတ်ကဲ့'

'သမီး ဒီဇင်ဘာ ကျောင်းပိတ်ရက် အပြီးလောက်မှာ အလုပ်ဝင်ရမှာပဲ'

'ဖြစ်ပါတယ် ဆရာမကြီး'

'သမီး အလုပ်လုပ်ဖို့ စိတ်ဝင်စားသေးရဲ့လား'

'အို လင်း လုပ်ချင်ပါတယ် ဆရာမကြီးရယ်၊ လုပ်မှာပါ။ ကိုကိုကြီးကလဲ လုပ်စေချင်တာပါပဲ'

'အေးကွယ် ကောင်းတာပေါ့၊ ဒီလို ဒေသမျိုးမှာ တခြားနယ်ကလာ စရိတ်စကကြီးလို့ မနေနိုင်၊ မြို့ကလူငယ်တွေကလဲ အရောင်းအဝယ်သာ စိတ်ဝင်စားကြလေတော့ သမီးတို့လို ပညာတတ်လူငယ်တွေ အလုပ်ဝင် လုပ်တာ ကောင်းတယ်ကွယ်'

'ဟုတ်ကဲ့ ဆရာမကြီး'

ဆရာမကြီး၏ လက်ရာ ဒေသအစားအစာများက ကောင်းလှ သော်လည်း လင်းလင်းက မြိန်ရည်ရှက်ရည် မရှိလှ။

'သမီး ဘယ်သွားစရာရှိလို့လဲ'

လင်းလင်း၏ အရိပ်အကဲကိုကြည့်ပြီး ဆရာမကြီးက မေးသည်။

'အုန်းကိုင်းကို'

'သမီးတစ်ယောက်တည်း ကားမောင်းသွားမှာလား'

'ဟုတ်ကဲ့'

'မောင်ဇော်အောင်နဲ့ တွေ့ဦးမလား'

'သူ ကားမောင်းထွက်နေရင်တော့ တွေ့မှာ မဟုတ်ဘူး ဆရာမကြီး'



'တွေ့ရင် ပြောလိုက်ပါကွယ်၊ တီချာကြီးဆီ လာခဲ့ဦးလို့၊ သူက တီချာလုပ်တဲ့ ဝက်သားချဉ်ကို သိပ်ကြိုက်တာကွယ့်'

'ဟုတ်ကဲ့'

ဆရာမကြီးကို နှုတ်ဆက်ပြီး ကားကို ခြံထဲမှ မောင်းထွက်ခဲ့သည်။ ထင်းရှူးရိပ်မှ ထွက်ခွာလာပြီး လမ်းမပေါ် ရောက်သည်နှင့် လင်းလင်း၏ စိတ်များ ပေါ့ပါးစပြုလာ၏။

စိတ်အလျဉ်နှင့်အတူ ကားလေးသည် ကွေ့ကောက်ဝေ့ဝိုက်ကာ အရှိန်ကောင်းစွာ ပြေးလွှားလာခဲ့သည်။

ကိုကိုကြီးကို သိပ်တွေ့ချင်လာသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၇

မတွေ့ရသည့် ရက်ပိုင်းအတွင်းမှာပင် ကိုကိုကြီးသည် များစွာ ချုံးကျသွားသည်။ မြင့်မားသော အရပ်ကြီးသည် ကိုင်း၍ပင် နေသည်။

မင်္ဂလာ အဆွေ့အသက်များဖြင့် ထုံမွှမ်းလျက်ရှိသော အိမ်သစ်ထဲမှာ ကိုကိုကြီးတစ်ယောက်တည်း အေးဆေးစွာ အနားယူနေသည်။ လင်းလင်းကို မြင်တော့ ကိုကိုကြီး၏မျက်နှာ ရုတ်တရက် ရွှင်လန်းသွားသည်ကို သိသိသာသာ မြင်ရသည်။ လင်းလင်းကလဲ ကိုကိုကြီး၏ ခုတင်နားကို ပေါ့ပါးစွာ ပြေးသွားမိ၏။

'လင်းလင်း ဘယ်သူနဲ့လိုက်လာသလဲ ဟင်၊ ကိုဇော်နဲ့လား'

'လင်းလင်းကားနဲ့ လင်းလင်း လာတာပါ၊ ကိုဇော်နဲ့ တွေ့တောင် မတွေ့ဘူး'

လင်းလင်း၏ ပကတိကလေးဆန်သော အမူအရာလေးကို ငေးကြည့်တတ်မြဲအတိုင်း ကိုကိုကြီးက ငေးကြည့်နေ၏။ ကိုကိုကြီး၏ ဘေးမှာ ထိုင်မိစဉ် လင်းလင်းက ကိုကိုကြီး၏ လက်ချောင်းများကို အလိုအလျောက် ဆုပ်ကိုင်မိလျက်သား ဖြစ်နေသည်။ ကိုကိုကြီးက အိပ်နေရာမှ



အားယူ၍ ထ၏။ လင်းလင်းက ဖေးမပေးသော်လည်း ကိုကိုကြီးက သူ့ဘာသာ ထနိုင်အောင်ကြိုးစားသည်။ ကန့်ကလျ လုပ်ရမှာ ဝန်လေးဟန်ရှိ၏။

'ကိုဇော်လဲ ဒီနေ့ ကားမထွက်ဘူးလေ၊ လင်းလင်းကို ဝင်ခေါ်ခဲ့မယ်လို့ ပြောတာပဲ'

လင်းလင်းက မကြည်ဝင်း ပြန်ပြောပြသော စကားများကို သတိရ၍ မျက်နှာပူသော်လည်း လောလောဆယ်တော့ သူ့စိတ်ထဲမှာ ရှင်းသန့်လျက်ရှိသည်မို့ ကိုကိုကြီးကို ရဲဝံ့စွာပင် ရင်ဆိုင်သည်။

ကိုကိုကြီးကို ကြည့်ရသည်မှာ အားရစရာ မကောင်းလှ။

'ဆေးရုံတက်ရင် မကောင်းဘူးလား ကိုကိုကြီးရယ်၊ ပြီးတော့ ဒီအိမ်ကြီးထဲမှာ တစ်ယောက်တည်းလာနေတာ မပျင်းဘူးလား ဟင်'

'ကိုကိုကြီးက စိတ်ကူးယဉ်တတ်တယ်လို့ ဆိုတယ်မဟုတ်လား၊ ဒါပေမဲ့ လင်းကို ငယ်ငယ်ရွယ်ရွယ်နဲ့ လူမမာကြီး ပြုစုနေရတဲ့ ဘဝမျိုး မရောက်ရအောင်တော့ ကြိုးစားပါ့မယ်၊ ခုလဲ ဒေါက်တာတင်အောင်က အိမ်ကို မှန်မှန်လာကြည့်ပေးနေတယ်'

'ဟုတ်တယ်၊ လင်းလင်းက လူမမာတော့ မပြုစုတတ်ဘူးနော်၊ ကိုကိုကြီး အိပ်ရာပေါ်မှာလဲနေရင်လဲ လင်းက ခြံထဲဆင်းပြီး ကစားနေမှာပဲ၊ ပြီးတော့ လင်းက အလုပ်လုပ်ရဦးမှာ၊ အဲဒါ ကိုကိုကြီးသာ နေကောင်းအောင် နေပေတော့'

လင်းလင်းက ရယ်မောလျက် ပြောသည်။ သို့သော် ကိုကိုကြီးကို ကြည့်ရသည်မှာ တကယ့်နာတာရှည်လူမမာကြီးလို ဖြစ်နေ၍ စိတ်အားလျော့မိသည်။

'ဘယ့်နှယ်လဲ လင်းလင်းရေ၊ အားပေးမယ့်သူရောက်လာလို့ လူမမာ ထ ထိုင်နေပြီလား'

www.burmeseclassic.com

www.burmeseclassic.com



မမေခင်နှင့်အတူ အရပ်ရှည်ရှည်လူတစ်ယောက် ရောက်လာကြ၏။ လင်းလင်းက ကိုကိုကြီး၏ လက်နားမှ သူ့လက်ကလေးကို ရုပ်လျက် မတ်တတ်ရပ်ကာ ခရီးဦးကြို ပြုလိုက်ရသည်။ သူစိမ်းယောကျ်ား ကိုကိုကြီးအနားသို့လာကာ အခြေအနေကို စူးစမ်း စစ်ဆေးနေသဖြင့် ဆရာဝန်မှန်း သိလိုက်၏။ သွက်လက်သော ဟန်အမူအရာရှိသော်လည်း ပွင့်လင်း ဖော်ရွေကာ အဆောင်အယောင် နည်းပါးလှ၏။

'လင်းရေ ဒါ ကိုကိုကြီးရဲ့ သူငယ်ချင်းပဲ၊ ခု မိုးကုတ်ဆေးရုံမှာ ရောက်လာတာ မကြာသေးဘူး၊ နိုင်ငံခြား တစ်ခေါက်ရောက်ပြီးပြီ ကိုတင်အောင် ဒါ ကိုယ့်ညီမပဲ'

သွက်လက်စွာ လက်ဆွဲနှုတ်ဆက်မိကြ၏။ ဒေါက်တာတင်အောင် ပြုံးလိုက်သောအခါ ပိုပြီး ခင်မင်စရာအသွင်ကို မြင်ရသည်။ ယောကျ်ား ဒိုင်းဒိုင်း ပြောတတ် ဆိုတတ်သည့် အသွင်မျိုး ဖြစ်၏။ ကိုကိုကြီး သူငယ်ချင်းက ကိုကိုကြီးလိုပဲ ယောကျ်ားပီသတယ်ဟု စိတ်ထဲမှ မှတ်ချက် ချမိ၏။

'ကိုကိုကြီးက လင်းလင်းအကြောင်း ခဏ ခဏ ပြောတယ် ကျွန်တော်တို့က ဒီကောင်ကြီးကို တစ်သက်မစွံတော့ဘူးလို့ ထင်နေတာ သိရတာ ဝမ်းသာတယ်ဗျာ'

'ကိုကိုကြီးက လင်းအကြောင်း ဘာတွေပြောလဲ ဟင်၊ ဆိုးတဲ့ အကြောင်းတွေ ပြောတာလား'

'ဟာ ဘယ်ဟုတ်မလဲဗျာ၊ ဟော့ကောင်ကြီး မင်း ဘာတွေ ပြောသလဲဆိုတာ ပြောလိုက်ရမလား'

ကိုကိုကြီး၏ အပြုံးက တက်ကြွလာသည်။ လင်းလင်းက ရှက်စနိုးဖြင့် ခေါင်းကို ငုံ့လိုက်၏။ စကားနည်းသော ကိုကိုကြီးသည် သူငယ်ချင်းများနှင့် ပွင့်လင်းစွာ ရင်ဖွင့်တတ်ပါသလား။



'ကဲ စကားပြောနေရစ်ကြဦး၊ မေမေခင် လက်ဖက်ရည်အိုးလေး သွားယူခဲ့ဦးမယ်'

ဒေါက်တာတင်အောင်သည် သူ၏ သားရေအိတ်လေးထဲမှ နားကျပ်နှင့် ပစ္စည်းအချို့ကို ထုတ်၏။ လင်းလင်းက ကူညီမည်ပြုပြီးမှ လွတ်လွတ်လပ်လပ် နေစေလိုသဖြင့် အိမ်အပြင်သို့ထွက်ခဲ့သည်။ ဒေါက်တာတင်အောင်သည် လင်းလင်း ကျောပြင်ကို လှမ်းကြည့်ပြီး တစ်စုံတစ်ရာ ပြောကျန်ရစ်သည်ကို အလိုလို သိနေ၏။

ခြံထဲမှာ မက်မန်းသီးများ ဝင်းမှည့်ကာ မြေပေါ်သို့ ကြွေကျလျက်ရှိသည်။ ငယ်စဉ်က ပြေးလွှား ဆော့ကစားခဲ့သော ဘဝကို သတိရမိသည်။ ထိုစဉ်က ကိုကိုကြီးသည် အေးဆေးငြိမ်သက်စွာထိုင်ရင်း သူတို့ ဆော့ကစားနေသည်ကို တာဝန်ရှိစွာ စောင့်ဆိုင်း ကြည့်ရှုနေတတ်ခဲ့သည်။ ကိုကိုကြီးသည် အားကိုးထိုက်သူတစ်ယောက် ဖြစ်၏။

'ဟော့ လင်း၊ အိမ်ကို မပြောဘဲနဲ့ ဘာလို့ တစ်ယောက်တည်း ထွက်လာတာလဲ၊ ကိုယ်သွားမေးမှ ဒေါ်ဒေါ်က စိတ်ပူနေတယ်၊ ထင်းရှူးခြံကိုတောင် ဝင်ကြည့်ခဲ့သေးတယ်'

'ဪ ကိုဇော်'

လင်းလင်းက ဣန္ဒြေရစွာပင် နှုတ်ဆက်လိုက်သည်။

ကိုဇော်သည် အသားနည်းနည်းညိုသွား၏။ လင်းလင်းကို မြင်စက လှိုက်လှိုက်လှဲလှဲ ရှိလှသော်လည်း လင်းလင်း၏ အေးဆေးသော အမူအရာများကို မြင်ရ၍ အရှိန်တန့်သွားသည်။ အိမ်ထဲကို တစ်ချက် လှမ်းကြည့်လိုက်၏။

'ကိုကိုကြီး တော်တော်နေမကောင်းဘူး လင်း၊ သတို့သမီးလောင်း တော့ လက်မထပ်ခင် နာ့စ်သင်တန်း အရင်တက်ရလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်က လင်းလင်းအားမှာ ယှဉ်ရပ်ကာ ဘောင်းဘီအိတ်ထဲ လက်နှိုက်၍ ပြောသည်။ လေသံကို နားထောင်ရုံနှင့် ကိုဇော် ကလပ်ကို ဝင်ခဲ့မှန်း သိသာသည်။

'တက်သင့်ရင် တက်ရမှာပဲ ကိုဇော်'

'အို ဒီလိုတောင်ဖြစ်နေပြီလား'

'ဟုတ်တယ်၊ ဒီလိုပဲဖြစ်ရမှာပဲ'

'မဖြစ်ဖြစ်အောင် ကြိုးစားမှာပဲလား'

လင်းလင်းက ကိုဇော့်ကို မျက်နှာချင်းဆိုင်လိုက်သည်။ နှုတ်ခမ်းကို အနည်းငယ် စေ့ထား၏။

'ကြိုးစားဖို့မလိုပါဘူး ကိုဇော်၊ စိတ်ထဲက အလိုလို ဖြစ်ချင်တာပါ'

ကိုဇော်၏အံ့အားသင့်သော မျက်နှာကိုမမြင်ရမိနေရာမှထွက်ခွာခဲ့၏။

အိမ်ထဲတွင် ဒေါက်တာတင်အောင်၏ ရယ်မောသံက ပျံ့လွင့်နေသည်။

'ဟား ဟား၊ မင်း ဖြစ်ချင်သလို ဖြစ်ရအောင် ငါက အတတ်နိုင်ဆုံး ကြိုးစားပေးရမှာပေါ့ကွာ၊ မင်္ဂလာဦးညအတွက်တော့ ဘာမှ မပူနဲ့'

'ဟုတ်ကောင်'

ကိုကိုကြီး၏ အသံ ခပ်အုပ်အုပ်ကို ကြားရ၏။ လင်းလင်းသည် ဘာကိုမျှ မကြားဟန်ဆောင်ကာ အခန်းထဲသို့ ပြန်ဝင်ခဲ့သည်။

'ကိုဇော် ရောက်နေတယ်ထင်တယ်'

'ဟုတ်တယ် ကိုကိုကြီး'

ကိုဇော်သည် အိမ်ထဲသို့ ဝင်မလာဘဲ အပေါ်သို့ ပြန်တက်သွား၏။ လက်ဖက်ရည်ဗန်းယူပြီး ဆင်းလာသော မေမေခင်နှင့် လမ်းခွတ်လတ်၍ စကား အချေအတင်ပြောနေသံကြားရသည်။ မေမေခင် တစ်ယောက်တည်း ပြန်ဆင်းလာသည်။



'လင်းလင်း ဒီကိုလာမယ်ဆိုတာ အိမ်ကို မပြောခဲ့ဘူးဆို၊ မမက စိတ်ပူနေတယ်တဲ့'

ကိုကိုကြီးက လင်းလင်းကို လှမ်းကြည့်သည်။

'ထင်းရှူးခြံကိုသွားရင်းနဲ့ ဆက်ထွက်ခဲ့မိတာ မေမေခင်'

'ဘာလို့ တစ်ယောက်တည်းလာရသလဲ လင်းရယ်'

ကိုကိုကြီး၏ စိုးရိမ်သံကို ကြားရပြန်၏။

'အစကတော့ ဆရာမကြီးဆီ ခဏပဲဆိုပြီးလာတာ နောက်တော့ ကိုကိုကြီးကို သတိရလာတာနဲ့'

ဒေါက်တာတင်အောင်၏ ပြုံးယောင်ယောင် မျက်နှာကို မမြင်ဟန် ဆောင်နေလိုက်ရသည်။

'အပြန်တော့ တစ်ယောက်တည်း မပြန်နဲ့နော်၊ ကိုဇော့်ကို လိုက်ပို့ခိုင်း'

'လင်း တစ်ယောက်တည်း ပြန်ရဲပါတယ် ကိုကိုကြီးရဲ့'

'မောင်တင်အောင်နဲ့ လိုက်သွားပါလားကွယ်၊ မောင်တင်အောင် ကားပါသလား'

'မပါဘူး မေမေခင်'

'ဒါဖြင့် အတော်ပဲပေါ့'

တစ်ယောက်တည်း စိတ်ကူးဖြင့် ကားမောင်းပြီး ပြန်ချင်သော်လည်း ငြင်းပယ်ရန် မသင့်၍ ငြိမ်နေလိုက်ရသည်။

'ကျွန်တော် ဆေးရုံကို ပြန်ဝင်ရဦးမယ်၊ လင်းလင်းက နေချင်သေးတယ် ထင်ပါရဲ့'

သည်တစ်ခါတော့ ကိုကိုကြီးကလည်း ဘာမျှ ဝင်မပြောတော့။ မေမေခင်ကလည်း လင်းလင်းကို မနှင်ချင်။ လင်းလင်းကလည်း ခွင့်မတုံ့ မပြန်။ ဒေါက်တာတင်အောင်က အဟဲခနဲ ရယ်ကာ နေရာမှ ထလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'လင်းလင်းရဲ့အိမ်ကို ကျွန်တော်ပဲဝင်ပြီး စိတ်မပူဖို့ ပြောလိုက်ပါ့မယ် ခင်ဗျာ၊ သူများအကျိုးဆောင် ကိုယ့်အကျိုးအောင်ပေါ့၊ ဟား ဟား'

မေမေခင်ကလည်း သဘောကျစွာ ရယ်လိုက်သည်။

'မင်း ပြန်ရောက်လာတာ ဟန်ကျတယ်ကွယ်၊ ကိုကိုကြီးက သူ့အလုပ်ကလွဲရင် တခြား စိတ်ဝင်စားစရာ အပေါင်းအသင်းလည်း ရှိတာ မဟုတ်ဘူးကွဲ့'

'ဒါပေမယ့် ကျွန်တော့်ထက် စိတ်ဝင်စားစရာ ရှိနေပြီပဲ မေမေခင်ရယ်'

ဒေါက်တာတင်အောင်နှင့် မေမေခင်က ရယ်ရယ်မောမောနှင့် ပြန်ထွက်သွားကြတော့ လင်းလင်းနှင့် ကိုကိုကြီးနှစ်ယောက်တည်း ကျန်ရစ်သည်။ ယခုတော့ လင်းလင်းသည် ကိုကိုကြီးနားမှာ နေရမှာကို မရှက် မကြောက်တော့ပေ။ ကိုကိုကြီးသည် သူ့ကိုကိုကြီးသာ ဖြစ်၏။

တိတ်ဆိတ်ငြိမ်သက်သော အိမ်လေးထဲမှာ သူတို့နှစ်ယောက်တည်း ကျန်ရစ်ခဲ့တော့ လင်းလင်း ရင်ထဲမှာပူနွေးလာသည်။ အိမ်တွင် အပြီးသတ် တံခါးများကိုလည်း တပ်ဆင်ပြီးပြီဖြစ်၍ လုပသေသပ်နေသည်။ ကိုကိုကြီးသည် အိမ်ရှေ့ခန်းတွင် တစ်ယောက်အိပ်ခုတင်လေးဖြင့် လာနေခြင်းဖြစ်၍ အိပ်ခန်းအဖြစ် သတ်မှတ်ထားသော အခန်းသည် ဟင်းလင်းဖြစ်နေသည်။ သူတို့၏ မင်္ဂလာအခန်း။

'ခန်းဆီး အစိမ်းနုလေးတွေချုပ်ထားတယ် ကိုကိုကြီးရဲ့၊ မျက်တစ်ခါလာရင် ယူခဲ့ဦးမယ်၊ တံစ်ခါတည်း တပ်ထားရအောင်နော်'

'ကောင်းသားပဲလင်းရဲ့၊ ကိုကိုကြီးလဲ အစိမ်းရောင် ကြိုက်တယ်'

'ကိုကိုကြီးက ဒီလိုပြောလိမ့်မယ်လို့ ထင်သားပဲ'

'ဘာဖြစ်လို့လဲ'

'ဩော် ကိုကိုကြီးက လင်းရဲ့အကြိုက်ကို လိုက်မှာပဲလို့'



'ကလေးကို မုန့်ပေးကြိုက်တာတော့ မဟုတ်ပါဘူးနော်'

လင်းလင်းက ကိုကိုကြီးအနားသို့ တိုးကပ်ကာ မျက်နှာလေးကို ခုတင်စွန်းမှာ အပ်ထားမိသည်။

'ကိုကိုကြီးရယ်၊ လင်းအပေါ်မှာ သံသယတွေ ရှိနေလားဟင်'

ကိုကိုကြီးက လင်းလင်း၏ မျက်နှာလေးကို ဆွဲမော့လိုက်သည်။

လင်းလင်း၏ မျက်လုံးအိမ်တွင် မျက်ရည်စတွေ ခိုဝင်လို့ပါလား။

'ကိုကိုကြီးက လင်း အပေါ်မှာ ဘယ်တော့မှ သံသယမထားပါဘူး ကလေးရယ်'

\+ + +

'သမီး ဒီကိုလာမယ်ဆိုတာ အိမ်က သိမှာပဲ၊ ညအိပ်ချင် အိပ်လိုက်ပါလား'

'အိပ်လို့တော့မဖြစ်ဘူး မေမေခင်၊ မေမေက သေသေချာချာ မပြောဘဲသွားတာ ကြိုက်မှာမဟုတ်ဘူး'

'အင်း ဒီလိုဆိုရင်တော့ မမှောင်ခင် ပြန်မှကောင်းမယ်နော်'

'ဟုတ်ကဲ့ မေမေခင်'

ညနေစောင်းရုံသာ ရှိသေးသော်လည်း မြူခိုးတွေဆိုင်းနေသဖြင့် ပတ်ဝန်းကျင်သည် မှိုင်းမှုန်နေ၏။ အိပ်ပျော်စပြုနေသော ကိုကိုကြီးသည် မျက်လုံးကို ဖွင့်ကြည့်၏။

'တစ်ယောက်တည်းမလွှတ်နဲ့ မေမေခင်၊ ကိုဇော်ကို လိုက်ပို့ခိုင်းလိုက်ပါ'

လင်းလင်းက ကိုကိုကြီးမျက်နှာကို စိုက်ကြည့်မိ၏။ ကိုကိုကြီး၏ ပကတိ စေတနာကို နားလည်ရသည်။

'လင်း ပြန်မယ် ကိုကိုကြီး'

ကိုကိုကြီးက ခေါင်းညိတ်ပြ၏။ မျက်လုံးများက မှေးစင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှ ထွက်ခွာလာစဉ် ရင်ထဲမှာ ဆို့နင့်သော ဝေဒနာကို သိသာစွာ ခံစားရသည်။ အပေါ်ဘက် လှေကားများကို တက်လာခိုက် အိမ်ထဲကို ပြန်လှည့်ပြေးချင်စိတ် ပေါ်လာ၏။ ကိုကိုကြီးသည် ထိုအိမ်ထဲမှာ အဘယ့်ကြောင့် တစ်ယောက်တည်း နေပါသနည်း။

'သား ကိုဇော်ရေ၊ မင်းညီမကို လိုက်ပို့လိုက်ပါဦးကွယ်'

'ကျွန်တော် လိုက်ပို့တာ ကြိုက်ပါ့မလား မေမေခင်ရဲ့၊ သူက အင်မတန် သတ္တိကောင်းတာ၊ တစ်ယောက်တည်းရောက်အောင် လာပြီးပြီ'

'လိုက်မပို့ချင်လဲနေပါ၊ လင်းတစ်ယောက်တည်း ပြန်ရပါတယ်'

'မင်းတို့ မောင်နှမတွေကတော့ တွေ့လိုက်ရင် စကားနိုင်လုဖို့ပဲ၊ သား ကိုဇော် ပို့ပြီး မြန်မြန်ပြန်လာနော်၊ အိမ်မှာ ဘယ်သူမှ မရှိဘူး'

'ကိုတာရော မေမေခင်'

'လင်းလင်း သူငယ်ချင်းက အချစ်သူ့ရဲကောင်းကြီး၊ ဆန္ဒပြနေတယ် လေ ချောင်းကြီးကကို ပြန်မလာဘူး၊ သိန်းကျော် သောင်းကျော်တွေ ရရင် မိန်းမယူမလို့ ကြံရွယ်တယ်နဲ့ တူပါရဲ့'

လင်းလင်းက ကားပေါ် တက်ထိုင်နှင့်သည်။ ကိုဇော်က ကားနားမှာ ခေတ္တရပ်နေသေး၏။

စီးကရက်တစ်လိပ်ကို မီးညှိ၍ ဖွာနေသည်။

'ကဲကွယ် မင်းကလဲ လိုက်ပို့မှာဖြင့် ကားပေါ်တက်ပါ၊ စ မနေ စမ်းပါနဲ့'

မေမေခင်က ကိုဇော်၏ ပခုံးကိုတွန်းကာ ပြောသည်။

'ရပါတယ် မေမေခင်ရဲ့၊ မမှောင်သေးပါဘူး၊ လင်း ပြန်ရပါတယ်'

'အိုကွယ် မဟုတ်တာ'

လင်းလင်းက ကားကို မောင်းထွက်စ ပြုသည်။

'သွားမယ် မေမေခင်'



ကားကို နောက်ဆုတ်ပြီး ပြန်အထွက်မှာ ကိုဇော် ကားပေါ်သို့ ရောက်လာ၏။ လင်းလင်းက ကားကို အရှိန်ယူ၍ မောင်းလာခဲ့သည်။ မေမေခင်သည် သူတို့၏ကားကို ရပ်ကြည့်ရင်း ကျန်ရစ်၏။ မေမေခင်၏ မျက်လုံးတွေထဲမှာကော သံသယအရိုးအငွေ့တွေ ရှိနေပြီလား။ သိပ်မတွေး ချင်တော့။

နှစ်ယောက်လုံး တိတ်ဆိတ်ငြိမ်သက်စွာပင် ရှိနေကြလေ၏။ ရွာထဲမှထွက်လာတော့ ကိုဇော်က သီချင်းတစ်ပုဒ်ကို လေချွန်လာသည်။ လင်းလင်းသည် ချောင်းကူးတံတားကို လျှင်မြန် ကျင်လည်စွာ ဖြတ်မောင်း လာခဲ့၏။ ချောင်းရေတွေက အရှိန်ကောင်းစွာ တဝေါဝေါ စီးဆင်းနေသည်။ ကိုဇော်က လင်းလင်းကို လှည့်မကြည့်ဘဲ ပခုံးတွန့်ပြ၏။ လင်းလင်းက မမြင်ချင်ယောင်ဆောင်၍ နေသည်။

မြို့မတွင်းကို ဝင်စပြုသည်။ စကားတစ်ခွန်းမှ မဆိုမိကြသေး။

လမ်းဘေးတစ်နေရာတွင် လင်းလင်းက ကားကို ရုတ်တရက် ရပ်လိုက်သည်။

'အလို ဘာဖြစ်လို့လဲ'

ကိုဇော်က ပြုံးတုံ့တုံ့ဖြင့် မေးသည်။

'ကိုဇော့်ကို လင်း ပြောစရာရှိတယ်'

လင်းလင်း၏ မျက်နှာက လေးနက်လွန်း၍ ကိုဇော်က ရယ်ရွှင်နေသော သူ့မျက်နှာကို တည်လိုက်ရသည်။

'ဘာတွေများ ရန်တွေ့ဦးမလို့လဲ လင်းရယ်၊ လင်း ကိုယ့်ကို ကျေမနပ် ဖြစ်နေတယ်ဆိုတာ ကိုယ်သိပါတယ်'

'ဟုတ်တယ် မကျေနပ်ဘူး၊ ကိုဇော် ပြောနေတာတွေ၊ လုပ်နေတာ တွေဟာ ဘာမှ အဓိပ္ပာယ်မရှိဘူး'

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းက ကားစတီယာရင်ကို လက်တစ်ဘက်ဖြင့်အုပ်ကိုင်ရင်း ကိုဇော့်ဘက်ကို မျက်နှာလှည့်ထားသည်။

'ကိုယ်လဲ ဘာမှ မလုပ်ရပါလား'

'ကိုဇော် ကိုကိုကြီးကို ဘာတွေသွားပြောလဲ၊ ဘာတွေဖြစ်ကြသလဲ၊ လင်း အကုန်သိတယ်၊ ကိုဇော် မကောင်းဘူး၊ လင်းရဲ့ သိက္ခာကိုလဲ ငဲ့ညှာဖို့ ကောင်းပါတယ်'

'ဩော် ဒါလား၊ လင်းက ခု ဂုဏ်သိက္ခာပျက်မှာ သိပ်စိုးရိမ်နေတယ်ပေါ့'

'အပိုတွေပြောမနေပါနဲ့ ကိုဇော်၊ လင်းက ငယ်ရွယ်သူမို့ စိတ်မတည်ငြိမ်ရင်တောင် ကိုဇော်က တည့်မတ်ပေးရမှာ၊ ကိုဇော်က အခွင့်အရေးယူတာ မကောင်းဘူး'

'အခွင့်အရေး ဟုတ်လား၊ ကိုယ် ဘာအခွင့်အရေးမှလဲ မယူရပါလားကွယ်၊ ကိုယ်က အစစအရာရာ ဆုံးရှုံးခဲ့ရတဲ့သူ တစ်ယောက်ပါ၊ ခုလဲ မရီးလောင်းရဲ့ အထောက်အပံ့နဲ့ ထမင်းရှာစားစရာ ကားလေးတစ်စီး ဝယ်နိုင်လို့ မေမေခင်ကဆိုရင် ကိုယ့်ကိုအမြဲပဲစကားအပြောအဆို ဆင်ခြင်မှု ဆုံးမတာကို ခံနေရတယ်'

'အဓိပ္ပာယ်မရှိတာတွေ မပြောပါနဲ့ ကိုဇော်၊ ကိုဇော် ပြောသလို လင်းက ကိုကိုကြီးကို မချစ်ဘဲနဲ့ လက်ထပ်ရမှာ ဘာ ညာ ဆိုတဲ့ စကားတွေကို လိုက်ပြီး ကြွေးကြော်မနေပါနဲ့၊ လင်း လုံးဝ မကြိုက်ဘူး'

'ဒါဖြင့် လင်းကကော ကိုကိုကြီးကို ချစ်လို့လား'

တစ်စုံတစ်ရာ ပြောမည်ပြုပြီးမှ ပါးစပ်ပိတ်လိုက်မိသည်။

'ဒါ ကိုဇော်နဲ့ မဆိုင်ဘူး၊ လင်းနဲ့ ကိုကိုကြီးနဲ့ပဲ ဆိုင်တယ်'

'ဩော် ဒီလိုလား၊ ကောင်းပြီလေ၊ ကိုယ် ဒီကပဲ ဆင်းလျှောက်သွားတော့မယ်'



ကိုဇော်က ကားတံခါးကိုဖွင့်ပြီး ဆင်းမည်ပြု၏။ လင်းလင်းကလည်း ကားကို မောင်းထွက်မည်ပြုပြီးမှ တစ်စုံတစ်ရာကို သတိရကာ တံခါးကို လှမ်းကိုင်ထားလိုက်သည်။ လင်းလင်း၏ မျက်နှာသည် ကိုဇော့် မျက်နှာရှေ့မှ ဖြတ်သွား၏။ ကိုဇော်၏ ပင့်သက်ရှူသော လေသည် ပါးပြင်ကို ထိခတ်သွားသည်။ လင်းလင်းမျက်နှာ နီရဲသွားသည်။

'ဆောရီး'

ကိုဇော်က တိုးတိုးပြော၏။

လင်းလင်းသည် ကားကို ဒေါနှင့် မောနှင့် မောင်းထွက်ခဲ့သည်။

အိမ်ရှေ့ရောက်တော့ မေမေသည် ပြတင်းတံခါးမှ မျှော်ကြည့်နေသည်ကို တွေ့ရလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၈

မေမေနှင့် သည်လိုပြဿနာ ဖြစ်ရလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့။

အချစ်ဆုံး မေမေနှင့်မှ အငြင်းအခုံ အချေအတင်ဖြစ်ရသည်ကို ဝမ်းနည်းလှသည်။ မေမေ၏ သံသယများ သည်မျှ ကြီးထွားမြင့်မား နေလိမ့်မည်ဟုလည်း မတွေးခဲ့မိပေ။ ယခုတော့ မေမေ့ စွပ်စွဲချက်များက ပြင်းထန်လှသည်။

'မိန်းကလေးဆိုတာ အနေအထိုင် ဆင်ခြင်ရတယ် သမီး'

သည်မျှ အစပျိုးရုံဆိုလျှင် တော်ပါသေး၏။

'ကိုယ့်စိတ်ကိုလဲ ထိန်းသိမ်းဖို့လိုတယ် သမီးရယ်၊ တစ်ခုခုကို ဆုံးဖြတ်ပြီးပြီ ဆိုမှတော့ သူတစ်ပါး အထင်အမြင် လွဲမှားအောင် စိတ်အနှောင့်အယှက်ဖြစ်အောင် မပြုသင့်ဘူး'

လေသံအေးအေးဖြင့် ပြောနေသော မေမေ့ စကားတွေကပင် လျှင် ပြန်လည်ဖြေရှင်းရန် လိုအပ်သလို ဖြစ်၍နေသည်။

'သမီး သူတစ်ပါး စိတ်အနှောင့်အယှက်ဖြစ်အောင် ဘာတွေများ လုပ်မိလို့လဲ မေမေ'



'ဘာပဲဖြစ်ဖြစ်လေ အားလုံး မျက်နှာပျက်အောင်တော့ မလုပ်စေချင် ဘူးပေါ့ကွယ်'

'အို မေမေ၊ သမီး သမီးက မေမေတို့ကို မျက်နှာပျက်အောင် ဘာများ လုပ်မိလို့လဲ မေမေရယ်'

'အစကတည်းက သမီးစိတ်တွေ မပြတ်သားဘူးထင်လို့ မေမေ အစီအစဉ်ကို ဖျက်ပစ်ဖို့အထိတောင် စိတ်ကူးမိသေးတယ်'

'မေမေ ထင်တာတွေ တစ်ခုမှ မဟုတ်ပါဘူး မေမေရယ်'

ဝမ်းနည်းလွန်း၍ မျက်နှာကို အုပ်ထားမိသည်။ မေမေသည် သူ့ကို မတည်ငြိမ်သော မိန်းကလေးတစ်ယောက်အဖြစ် စွဲချက်တင်နေ ပါပြီကော။

ဟိုတစ်နေ့က မေမေ့ကို မပြောဘဲ အုန်းကိုင်းကို ထွက်သွားမိသည်မှာ ကိုကိုကြီးကို တွေ့ဖို့သက်သက်သာ ဖြစ်သည်ကို မေမေ ယုံကြည်ဟန်မတူ။ အပြန်မှာလည်း ကိုဇော်ကို လမ်းမှာချထားခဲ့လျှင် ပိုပြီး သံသယဖြစ်စရာ ဖြစ်နေမည်စိုး၍ ခေါ်လာခဲ့ရခြင်း ဖြစ်၏။ ယခုတော့ အတူပြန်လာမိခြင်း ကပင် ပြဿနာဖြစ်၍ နေသည်။

လင်းလင်းကို မေမေကြည့်သည့် မျက်လုံးတွေမှာ သံသယတွေ များစွာ ခိုဝင်နေခဲ့ပြီဆိုတာ လင်းလင်း သိပါ၏။ သို့သော် လင်းလင်း၏ ခိုင်မာသော ဆုံးဖြတ်ချက်နှင့် လုပ်ဆောင်ချက်တွေကို မယုံမကြည်ဖြစ် နေကြသည်ကိုတော့ မတတ်နိုင်။ တစ်လောကလုံးက သူ့ကို သံသယဖြစ်နေ ကြပြီလား။

'သမီးဟာ အခုအခြေအနေမှာတော့ မကြာခင် လက်ထပ်မယ့် မိန်းကလေးတစယောက်ပဲ သမီးရယ်၊ အိမ်ထောင်သည် မဖြစ်သေးပေမယ့် အိမ်ထောင်သည်တစ်ယောက်လိုပဲ စောင့်စည်းသင့်တယ်'

မေမေ၏ နူးညံ့သော စကားသံများသည် တိကျပြတ်သားသော ဆုံးမစကားများအဖြစ် ထင်ရှားစေခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ လင်းလင်း ဘာကိုပဲ ဆုံးဖြတ်လုပ်ကိုင်သည်ဖြစ်စေ အရာရာသည် အဖွန်းအထင်း ဖြစ်ခဲ့လေပြီ။

မေမေသည်ပင် လင်းလင်းကိုမချော့တော့ပဲ အခန်းထဲမှ ထွက်သွားခဲ့၏။ လင်းလင်းက အိပ်ရာပေါ်မှာ မှောက်လှဲကာ အားပါးတရ ငိုကြွေးမိသည်။

သူ့ရင်ထဲမှ ဝေဒနာမှန်ကို မည်သူမျှ မသိနိုင်တော့ပြီလား။

\+ \+ \+

'ဘာမှ မလုပ်ဘူးဆိုပေမယ့်လဲ မမရယ်၊ မင်္ဂလာဆွမ်းလေးလောက်တော့ ကျွေးရဦးမယ် မဟုတ်လား၊ အဲဒါ မမတို့အိမ်မှာပဲ လုပ်ချင်သလား ခင်ပဲ စီစဉ်လိုက်ရမလား'

'ခင်ပဲ ကောင်းမယ်ထင်သလို ကြည့်စီစဉ်လိုက်ပါကွယ်၊ မေ ခုတစ်လော ကောင်းကောင်းလဲ နေမကောင်းဘူး'

'ကောင်းပြီလေ၊ ခင် စီစဉ်လိုက်ပါ့မယ်၊ မမလဲ အပြင်လေး ဘာလေး ထွက်ဦးလေ၊ လမ်းလျှောက်ပေးမှလဲ အကြောတွေ ဘာတွေ ပြန်သန်လာ တတ်တာ မမရဲ့'

'အင်း ဟုတ်ပါရဲ့၊ မမလဲ သမီးတို့ကိစ္စပြီးမှပဲ စိတ်အေး လက်အေး ရှိနိုင်တော့မယ်၊ ခုတော့ ရင်ထဲမှာ မတင်မကျကြီး ခင်ရယ်၊ ညီအစ်မ အချင်းချင်းမို့ ပြောရတာ သမီးအတွက် သိပ်စိတ်ပူတာပဲ'

မေမေခင်က မေမေ့မျက်နှာကို စူးစိုက်၍ ကြည့်၏။ မိန်းမချင်း ဆိုတော့ ဘာကို ဆိုလိုသည်ကို ချက်ချင်းသိသည်။

'ပူစရာမရှိ ပူမနေပါနဲ့ မမကလဲ၊ ခင်တို့ မမတို့တုန်းကလဲ လူကြီး တွေ မျက်နှာပျက်အောင် ဘာမှ မလုပ်ခဲ့ဘူး၊ အဲဒီ ကျေးဇူးတွေ ခင်တို့ ခံစားရတာ'



'ခုခေတ် လူငယ်တွေက မမတို့လို မဟုတ်တော့ဘူး'

လင်းလင်းက သူတို့၏စကားများကို မကြားယောင်ပြု၍ ဧည့်ခန်းထဲသို့ ဝင်ခဲ့သည်။ ယခုတစ်လော မိမိကိုယ်မိမိ အကျဉ်းချကာ အိမ်ထဲက အိမ်ပြင် မထွက်ဘဲ နေခဲ့မိ၏။ မေမေ၏ သံသယမျက်လုံးများ ဒဏ်ကို မခံနိုင်၍ ဘယ်ကိုမှလဲ သွားချင်စိတ် မရှိတော့ပေ။

'ကိုကိုကြီး နေကောင်းလား မေမေခင်'

ရင်ထဲက လှိုက်လှိုက်လှဲလှဲ မေးလိုက်သည့်တိုင် မေမေတို့က ဝတ္တရားအရ ဟန်ဆောင်မေးသည်ဟုပင် ယူဆကြဟန် တူသည်။ လေးလေး နက်နက် မရှိလှ။

'ခုတော့ ကောင်းနေပြန်ပြီ လင်းလင်းရေ၊ အိမ်ကိုလဲ ပြင်ထား လိုက်တာ ပျံနေတာပဲ၊ လင်းလင်းရဲ့ အစ်ကိုကြီးကို လင်းလင်းကိုယ်တိုင် ပြုစုမှပဲ ကျန်းမာရေး ကောင်းလာမှာ'

မေမေခင်က ခပ်ပိုပို ပြောတတ်မှန်းသိ၍ လင်းလင်း ရင်ထဲက အောင့်သက်သက် ဖြစ်ရသည်။ သူဟာ ယောကျာ်းတစ်ယောက်ကို ပြုစု ယုယတတ်သည့် မိန်းကလေးမဖြစ်နိုင်ဟု ယူဆ၍ တမင် ပြောခြင်း ပေလား။

ကိုကိုကြီး နေကောင်းသွားပြီဆိုတော့ စိတ်ထဲမှာ နည်းနည်း အေးသွားသည်။

'သမီးရွေးထားတဲ့ အဝတ်အစားတွေ မေမေခင့်ကို ပြလိုက်ဦးလေ'

လင်းလင်းက ပေါ့ပါးစွာ ထလာကာ အင်္ကျီအဝတ်အစားများကို ယူ၍ ပြ၏။

'ကြည့်စမ်း၊ အရောင်လေးတွေက သိပ်လှတယ်၊ မမ ရွေးပေး တာလား'

'လင်းကိုယ်တိုင် ရွေးထားတာပါ မေမေခင်'

www.burmeseclassic.com

www.burmeseclassic.com



'သမီးက လိမ္မော်ရောင်နုနုလေးဆိုတော့ ကိုကိုကြီးကိုလဲ သမီးနဲ့လိုက်ဖက်အောင် ရွှေဖလားရောင်လေး ဘာလေး ဝတ်ခိုင်းမှပဲ'

'ကိုကိုကြီးက နုနုနယ်နယ် ကြိုက်ပါ့မလား မေမေခင်ရဲ့၊ ဆောင်းဘီ ဝတ်ခိုင်းပါလား ဟင်'

'အို လူကြီးတွေကို ကန်တော့ရဦးမှာ၊ ဆောင်းဘီကြီးနဲ့ ဘယ်ဖြစ်ပါ့မလဲ'

မေမေက မကြိုက်သလို ဝင်ဟန့်လိုက်သည့်အတွက် ဘာမျှ မတတ်နိုင်တော့။ တကယ်တော့ မြင့်မားသော ကိုကိုကြီး၏ အရပ်အမောင်းနှင့် ဆောင်းဘီရှည်ဝတ်လျှင် ကြည့်ကောင်းလှသည်ကို သတိရ၍ ပြောမိခြင်းဖြစ်သည်။ လင်းလင်းက သူ့အဝတ်အစားများကို ဂရုတစိုက် သိမ်းလိုက်၏။ ယခုမှ မိန်းကလေးပီပီသသ လှချင်လာသည့် သူ့သဘောကို အကဲခတ်ကောင်းသော မိန်းမကြီးနှစ်ယောက်က မသိကြခြင်းမှာ အံ့သြစရာကောင်း၏။

'အိမ်မှာ အားလုံး အဆင်သင့်ဖြစ်ရင် မမ လာကြည့်ပါဦး'

'လာခဲ့မယ် ခင် စိတ်ချ၊ ခင် စိတ်တိုင်းကျသာ ပြင်ဆင်နော်၊ ငွေလိုသေးလားဟင်၊ အချင်းချင်းမို့ မေးတာနော်'

'မလိုပါဘူး မမရယ်၊ ကိုဇော်က ဒီတစ်ခါ သူ့အလှည့်ပဲဆိုပြီး ရတဲ့ ပိုက်ဆံလေးတွေ ပေးထားတယ် မမရဲ့'

လင်းလင်းက မေမေ့မျက်နှာကို မကြည့်မိအောင် သတိထားရင်း အခန်းထဲသို့ ဝင်ခဲ့သည်။

\+ \+ \+

ကိုကိုကြီးနှင့် လက်ထပ်ရန် တစ်ပတ်အလိုမှာပဲအလုပ်ခွင်ကို စ ဝင်ရသည်။ သည်အတွက် မေမေက မကျေနပ်သော်လည်း ဘာမျှ မပြောတော့။ လင်းလင်းဘက်မှ ဖေဖေက မားမားမတ်မတ် ရပ်ပေးသည်။



'သားသမီးက ကိုယ့်အလိုဆန္ဒကို ဒီလောက် လိုက်လျောခဲ့ပြီပဲ မမရယ်၊ သူလုပ်ချင်တာ လုပ်ပါစေ'

'ကိုယ့်အလိုဆန္ဒကို လိုက်လျောတယ်ဆိုပေမဲ့ သူတို့အတွက်ပါရှင်'

'အင်းလေ ဘယ်သူ့အတွက်ပဲဖြစ်ဖြစ်ပေါ့၊ သူတို့ဘက်က ကြည့်တော့လဲ မိဘတွေအတွက် ဖြစ်ချင် ဖြစ်နေမှာပေါ့'

'ကောင်းစားတော့ သူတို့ပဲ ကောင်းစားမှာ'

'ဒါတော့ မမ အမြင်ကိုး၊ သူတို့ဟာ သူတို့လဲ ကောင်းစားချင် ကောင်းစားတာပါပဲ'

'ကိုက ဒီလိုမပြောပါနဲ့၊ မမလဲ မိဘစကား နားထောင်ခဲ့လို့ ခု ကောင်းစားနေတာပေါ့'

'ဟေ ဒီလိုဆိုတော့လဲ ဟုတ်ပြန်ရော၊ ဟား ဟား'

လင်းလင်းကတော့ အလုပ်ခွင်ကို စ ဝင်ရသည့်အတွက် အသစ်အဆန်းဖြစ်ကာ များစွာ တက်ကြွ၍ နေသည်။ အလယ်တန်းကို စသင်ရသော်လည်း စိတ်ပါဝင်စားလွန်း၍ အစစအရာရာ အဆင်ပြေ၍ နေသည်။ အေးမြသောတောင်တန်းများ၏ အရိပ်အောက်မှာ တောင်ပေါ်သူ တောင်ပေါ်သားတို့၏ ပညာရေးကို အားပေးရသဖြင့် များစွာ စိတ်ချမ်းသာမိသည်။ သဘာဝသည် အဖိုးတန်သော သယံဇာတကို ပေးစွမ်းရုံသာမက လူသားတို့၏ စွမ်းအားဖြင့် အရာရာကို ရယူနိုင်စွမ်းရှိကြောင်းကိုပါ ကလေးသူငယ်များကို အသိပေးချင်သည့်ဆန္ဒ ပြင်းပြလာသည်။ လူသည် သဘာဝကို အားကိုးရသည့်ဘဝ မရောက်စေချင်။ သဘာဝကို လူ၏ အတတ်ပညာဖြင့် အသုံးချစေချင်လာ၏။

ကိုကိုကြီးနှင့် အေးအေးဆေးဆေး စကားပြောရသည့်အခါကျလျှင် သည်အကြောင်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်မှာပဲဟု တွေးမိပြန်၏။ ကိုကိုကြီးက သဘာဝကို လူ၏ စွမ်းအားဖြင့် ပြုပြင်

www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးလိုသူ မဟုတ်လား။ ကိုဇော်တို့၏ အယူအဆနှင့် ဆိုလျှင်တော့ များစွာ ဝေးကွာနေလိမ့်မည် ထင်၏။ ယခုလည်း ကိုဇော်နှင့် အေးအေးအောင် တို့၏ စွန့်စားခန်းများကို တစ်ဆင့်စကားဖြင့် ကြားနေရသည်။

ကျောင်းလွှတ်ချိန် အောင်နန်းရပ်မှ ကားဖြင့်ပြန်လာဆဲ တစ်ခုသော လမ်းကွေ့မှာ ဒေါက်တာတင်အောင်နှင့် မမျှော်လင့်ဘဲ သွားတွေ့သည်။ မော်တော်ဆိုင်ကယ်ဖြင့်လာသော ဒေါက်တာတင်အောင်သည် လင်းလင်း၏ ကားကို မှတ်မိဟန်ဖြင့် လမ်းဘေးတွင်ထိုးရပ်ကာ စောင့်နေသည်။ လင်းလင်းကလည်း လိုလိုလားလားပင် ကားကိုရပ်ကာ ဆင်းနှုတ်ဆက်သည်။

'မလင်းလင်း ကျောင်းက ပြန်လာတာလား'

'ဟုတ်တယ် ဒေါက်တာ၊ ဒေါက်တာ ဘယ်မှာနေတာလဲ၊ ဘယ်သွားမလို့လဲ၊ အုန်းကိုင်းကို ရောက်သေးလား ဟင်'

လင်းလင်း၏ မေးခွန်းတွေက များသွားသည်။

'ကျွန်တော် မလင်းလင်းနဲ့ တွေ့ချင်နေတာ'

သူကလည်း လင်းလင်း၏ မေးခွန်းများကိုမဖြေဘဲ သူပြောလိုရာ ကိုသာ ပြောသည်။ ဆိုင်ကယ်ပေါ်မှဆင်းကာ တလေးတစား ရပ်စောင့် နေသေးသည်။

'ဘာကိစ္စရှိလို့လဲဟင်'

ဆံပင်ကို နောက်လှန်ဖြီးကာ ဆရာမတစ်ယောက်၏ ဟန်ပန်ဖြင့် ရင့်ကျက်နေသော လင်းလင်းကို ဒေါက်တာတင်အောင်က အတန်ကြာ ငေးကြည့်နေသေး၏။

'ကျွန်တော်ပြောမှာ ကိုကိုကြီးကိစ္စပဲဆိုတာတော့ သိမှာပေါ့'

'ပြောပါ ဒေါက်တာ၊ ကိုကိုကြီးရဲ့ကျန်းမာရေး အခြေအနေလားဟင်'

'ဟုတ်တယ်ဗျာ၊ ကျွန်တော်ကတော့ လုံးဝ မကြိုက်ဘူး၊ အစာအိမ်မှာ အနာဖြစ်နေပြီ၊ သူ့ ဒီရက်အတွင်းမှာ ဆေးရုံတက်မှ ဖြစ်တော့မယ်



ကျွန်တော် ဆရာဝန်တစ်ယောက်အနေနဲ့ ပြောတာပါ၊ မလင်းလင်းတို့ ကိစ္စကလဲ ကပ်နေတော့ ကျွန်တော် အားနာတယ်ဗျာ၊ ဒါပေမဲ့ သူ့ အခြေအနေက မကောင်းဘူးလေ'

'အို ဒီလောက်တောင်ဖြစ်နေတာ ဆေးရုံတက်မှ ဖြစ်မှာပေါ့၊ လင်းလင်းလဲ တနင်းလာနေ့ကမှ အလုပ်စဝင်ရလို့ မရောက်တာ၊ အရင်တလောကတော့ နေကောင်းနေပြီဆိုလို့'

'ဟုတ်ကဲ့၊ မလင်းလင်း လာပြောပါဦးဗျာ၊ သူက မလင်းလင်းကိုလဲ အဲ အင်မတန်ကို ဘယ်လိုပြောရမလဲ မသိဘူးဗျာ၊ မိဘတွေ သဘောတူတာ ဆိုပေမယ့် သူက သိပ်ချစ်နေတာ၊ မလင်းလင်းကတော့ သိမှာ မဟုတ်ပါဘူး၊ သူက ကျောင်းတုန်းကတည်းက အင်မတန်ကို သိသိပ်တတ်တာ၊ တော်လဲ တော်တယ်ဗျာ၊ ညီတွေကိုငဲ့ပြီး ကျောင်းဆက်မနေတော့တာ'

အရေးထဲမှာ သူငယ်ချင်းအကြောင်း ချီးမွမ်းခန်းဖွင့်နေသည်ကို လင်းလင်းက စိတ်မရှည်သော်လည်း နားထောင်နေရသည်။ သူ့စိတ်ထဲက ကိုကိုကြီးအတွက် အရေးတကြီး ပူပန်လာသည်။

'ဒေါက်တာ အခု အုန်းကိုင်းကို သွားမှာလားဟင်၊ ကျွန်မ အိမ်ခဏဝင်ပြီး လိုက်ခဲ့ချင်တယ်'

'ဟုတ်ကဲ့ သွားနှင့်ပါ၊ ကျွန်တော် ဆေးရုံခဏ ဝင်လိုက်ဦးမယ်'

ကားကို အသော့နှင်၍ မောင်းလာခဲ့မိသည်။

မိန်းကလေးတစ်ယောက်ကို ချစ်တယ်လို့ပြောရမှာ ဝန်လေးတဲ့ ကိုကိုကြီးရယ်၊ တစ်လောကလုံးသိအောင် ကြော်ငြာနေတာလား၊ အားလုံးက ကိုကိုကြီးကို တစ်ဖက်သတ် အချစ်သမားကြီးအဖြစ် သနားနေကြသည်ကို မခံချင်သလို ဖြစ်မိသည်။

အိမ်ရှေ့ရောက်ရောက်ချင်း ကားကိုထိုးရပ်ပြီး အိမ်ပေါ်သို့ အပြေး အလွှား တက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ လင်းလင်း၊ သိပြီးပြီလား'

လှေကားတစ်ဝက်မှာ ဒေါ်ဒေါ်မြိုင်က ဆီး၍ မေးသည်။

'ဘာလဲ ဒေါ်ဒေါ်မြိုင်၊ အလန့်တကြား'

'ကိုကိုကြီးလေ'

'ဩော် ကိုကိုကြီး နေမကောင်းတာလား၊ လင်းလင်းလဲ ခုပဲ အုန်းကိုင်းကို သွားမလို့'

'အုန်းကိုင်းမှာ မဟုတ်ဘူးလေ၊ ဆေးရုံရောက်နေပြီ'

'အို ဒေါ်ဒေါ်မြိုင်ကလဲ၊ ခုပဲ ဒေါက်တာတင်အောင်နဲ့ တွေ့ခဲ့တာ'

'ဟဲ့၊ ခုပဲ ခင်ခင်နဲ့ ကိုဇော်နဲ့ ဝင်ပြောသွားတာ'

'ဟုတ်လား'

ရင်ထဲမှာ ပူပန်သွားမိသည်။

မေမေသည် တုတ်ကောက်ပင်မပါတော့ဘဲ တံခါးဝတွင် ဆီးကြိုနေ၏။

'သမီး ခုချက်ချင်း ဆေးရုံကို လိုက်သွားလိုက်ပါကွယ်'

'သမီးကို ဒီလောက်ထိ လိုက်ပြောဖို့မလိုပါဘူး မေမေ၊ သမီး ကိုကိုကြီး ဆေးရုံတက်တယ်လို့ မသိခင်ကတည်းက သွားမလို့ပါ'

ထိုမျှသာပြောပြီး ကျောင်းယူသွားသော ခြင်းလေးကို ပစ်ချကာ ပြေးဆင်းလာခဲ့၏။

'လင်းလင်း နေဦး၊ ဒေါ်ဒေါ်လဲ လိုက်မယ်'

ကားလေးသည် ခြံထဲမှ လျင်မြန်စွာ ပြန်ထွက်လာခဲ့၏။

တော်ရုံဝေဒနာနှင့်တော့ ကိုကိုကြီးသည် သူ၏ မင်္ဂလာအိမ်သစ်လေးကို စွန့်ခွာလာမည်မဟုတ်ဟု လင််းလင်း ယုံကြည်၏။

* * *

## ၁၉

စိမ်းလန်းစိုပြည်တဲ့ ခြံဝန်းလေးရယ်၊ ခေတ်မီသပ်ရပ်တဲ့ အိမ်လေးရယ်၊ ညီညာပြန့်ပြူးတဲ့ ကစားကွင်းလေးရယ်၊ အနောက်တိုင်းဆန်တဲ့ မီးလင်းဖိုလေးရယ် အားလုံးဟာ မင်္ဂလာဦးအတွက် အသင့် ဖြစ်နေကြတယ် မဟုတ်လား ကိုကိုကြီးရယ်။

ကိုကိုကြီး မြန်မြန်နေကောင်းပါစေ။ ဘာမျှ မဖြစ်ပါစေနဲ့။

ကိုကိုကြီးက သူချစ်တဲ့ သတို့သမီးလောင်းလေးကို ချစ်တယ်လို့ တစ်ခါမှ ဖွင့်မပြောရသေးဘူး မဟုတ်လား၊

ကိုကိုကြီးကို သည်နေ့ ခွဲစိတ်၍ ကုကြသည်။ ဝေဒနာသည် သတ်မှတ်ထားသောစည်းကို ကျော်လွန်ချိုးဖောက်ခဲ့ပြီ။ မမျှော်လင့် မလိုလားအပ်သော စိုးရိမ်မှုကို ရောက်ခဲ့ရသည်။

သတိရစပြုသော ကိုကိုကြီး၏ မျက်လုံးများသည် ဖျော့တော့လှသော်လည်း စိတ်အားကို ဆောင်ထားသော သွင်ပြင် လက္ခဏာကြောင့် အရည်လဲ့နေ၏။

ကလေးအသွင် ပျောက်စပြုနေသော သူ၏ အိမ်ရှင်မလေးကို ကျေနပ်ယုယစွာ ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ညီမ အလုပ်ဝင်နေရပြီနော်'

'ဟုတ်တယ် ကိုကိုကြီးရယ်၊ ခုကျောင်းက ပြန်လာတာလေ။ စ စ ချင်း ဆိုတော့ ခွင့်ယူလို့ မကောင်းသေးဘူး ကိုကိုကြီးရယ်'

နူးညံ့လှသော လင်းလင်း၏ စကားသံများကို ကိုကိုကြီး ကောင်းစွာ ကြားရပါလေစ။ ယခု လင်းလင်းသည် မျက်နှာများနီကာ ဆံပင်ထိုး လက်ဖြင့် ထိုးဆွကာ စကားပြောတတ်သော ကောင်မလေး မဟုတ်တော့။ မကြာမြင့်သော ကာလအတွင်းမှာပင် ရင့်ကျက်နေပြီဆိုတာ ကိုကိုကြီး သတိထားမိရဲ့လား မသိ။

'ဘာဖြစ်လို့ ခွင့်ယူရမှာလဲ၊ မယူပါနဲ့'

ကိုကိုကြီးကို ပြုစုဖို့ပေါ့ဟု ပြောမည်ကြံသော်လည်း မပြောဖြစ်တော့ပေ။ စကားအားလုံးကို ဟန်ဆောင်ပြောနေသည်ဟု ယူဆလျှင် ယုံနိုင်လောက်သော စကားကို ပြောခြင်းသည်သာ ကောင်း၏။

'ခုတော့ မယူသေးဘူးလေ၊ လက်ထပ်မယ့်ရက်ကျတော့ ခွင့်တင်ရဦးမှာ'

သည်စကားကိုတော့ ကြိုးစားပြီး ပြောလိုက်ရသည်။

မျက်လွှာကို ချထားမိ၏။ နုနယ်သောမျက်နှာလေးပေါ်တွင် ဆံပင်တွေ ဝဲကျမနေတော့။ အခြယ်အသ ကင်းမြဲဖြစ်သော အလှသည် ပိုမို ရှင်းလင်း ထင်ပေါ်နေ၏။

'တကယ်တော့ ကိုကိုကြီးဟာ သိပ်တစ်ကိုယ်ကောင်းဆန်ခဲ့မိတယ်'

ကိုကိုကြီးက အရေးတကြီး လေးနက်သောစကားများကိုပြောရန် အစပျိုးလာသဖြင့် လင်းလင်း အနေခက်လှသည်။ ကိုကိုကြီးကို ခုလိုအချိန်မှာ ဘာကိုမျှ မပင်ပန်းစေလိုပေ။ စိတ်အေးချမ်းစေချင်၏။

'ကိုကိုကြီးက တစ်ကိုယ်ကောင်း မဆန်ပါဘူး၊ လင်းလင်း သိတယ်'



'မဟုတ်ဘူး၊ ညီမတို့ ထင်သလို မဟုတ်ဘူး၊ ငယ်ငယ်က ညီတွေ အပေါ်မှာ အနစ်နာခံသင့်သလောက် ခံခဲ့တာတော့ မှန်တယ်၊ နောက်ပိုင်းမှာတော့ အထူးသဖြင့် လင်းလင်းနဲ့ လက်ထပ်ရမယ့် ကိစ္စမှာ'

'ဒါတွေ မပြောပါနဲ့ ကိုကိုကြီးရယ်'

ကိုကိုကြီးကတော့ လင်းလင်း၏ မျက်နှာလေးကို စူးစိုက် ကြည့်ရင်းက သူ့ရင်ထဲက စကားတွေကို ဖွင့်ဟပြောဖို့ ကြိုးစားနေပြန်သည်။

'ပြောပါရစေ ညီမရယ်၊ တကယ်တော့ လင်းက ငယ်ငယ်လေးပဲ ရှိသေးတာ၊ ကိုယ်ငယ်ငယ်က ထိန်းကျောင်းခဲ့ရတဲ့ ကလေးတစ်ယောက်ပဲ၊ ချစ်ရတဲ့ ညီမလေးတစ်ယောက်ပါကွယ်၊ ဒါပေမဲ့ မေမေခင်တို့က စီစဉ်တော့ ကိုယ်မငြင်းခဲ့မိဘူး၊ လင်းက ကိုယ့်ထက် အသက်လဲငယ်၊ ပညာလဲတတ်တယ်၊ လှလဲလှတယ်၊ ကိုယ်နဲ့ မတန်ဘူးဆိုတာ သိပါတယ်'

'အို ကိုကိုကြီးရယ် ဒီလိုမပြောပါနဲ့၊ မပြောပါနဲ့ ကိုကိုကြီးရယ်'

'ညီမက သိပ်လိမ်မာတဲ့ မိန်းကလေးပဲကွယ်'

'ဟင့်အင်း၊ ကိုကိုကြီးပြောတာတွေ တစ်ခုမှ မဟုတ်ဘူး၊ ကိုကိုကြီးက တစ်ကိုယ်ကောင်းလဲ မဆန်ဘူး၊ လင်းကလဲ လိမ်မာလွန်းလို့ မဟုတ်ဘူး၊ ကိုကိုကြီးနဲ့ လင်းဟာ၊ အို ဘယ်လိုပြောရမလဲ ကိုကိုကြီးရယ်'

ကိုကိုကြီး၏ မျက်နှာသည် ကျေနပ်နှစ်သိမ့်ခြင်းဖြင့် ပြုံးယောင်သန်းစ ပြုလာသည်။ လင်းလင်းကို အတန်ကြာ ငေးစိုက်ကြည့်ပြီးမှ ပခုံးစွန်းလေးကို ညင်ညင်သာ ကိုင်လိုက်သည်။ လင်းလင်းက ဟန်မဆောင်နိုင်ဘဲ ခုတင်စွန်းမှာ မျက်နှာအပ်ကာ ငိုချလိုက်မိသည်။

\+ \+ \+

မေမေခင်တစ်ယောက် သောကပင်လယ်ဝေရသည့် ရက်ပိုင်းများဟု ဆိုရပေတော့မည်။ ကိုကိုကြီးကလည်း လက်ထပ်မည့် ရက်ပိုင်း ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည့်တိုင် ဆေးရုံမှ မဆင်းရသေး။ သည်အတွက်အားလုံးမှာ စိတ်ပင်ပန်းနေကြရဆဲ။ ကိုတာတစ်ယောက်က ပြတ်ပြတ်သားသားပင် မကြည်ဝင်နှင့် လက်မှတ်ထိုး လက်ထပ်လိုက်ကြသည်။

အကုသိုလ်က အပေါင်းအဖော်နှင့် လာရော့လေသလား မသိ။

ကိုဖော်နှင့် အေးအေးအောင်တို့ နှစ်ယောက်မှာလည်း အရှာအဖွေအစစ်အဆေးခံရကာ ပြဿနာတက်တော့သည်။

လင်းလင်းကတော့ ဘာကိုမျှ ဂရုမစိုက်နိုင်အား။ ကျောင်းကပြန်လာတိုင်း ဆေးရုံပေါ်ကို အသော့နှင်ကာ တစ်နေ့ရွေ့ တစ်နေ့ငွေ့ ဖြစ်နေသော ကိုကိုကြီးကို ပြေးလို့ကြည့်ရသည်။

ညနေတိုင်း အချိန်မှန်မှန် ဝင်လာတတ်သော လင်းလင်းကို ကိုကိုကြီးက လည်ဆန့်ကာ မျှော်နေဟန် မြင်ရတော့ လင်းလင်း ရင်ထဲမှာ များစွာ မကောင်းဖြစ်ရသည်။ လင်းလင်း လာချိန်ဆိုလျှင် ဒေါက်တာတင်အောင်ကအစ အခြားသူများကလည်း ရှောင်နေတတ်ကြပြီ။ ကိုကိုကြီးသည် စကားကို များများမဆိုတော့ဘဲ ပိရိသေသပ်သော နှုတ်ခမ်းများကိုစေ့ကာ လင်းလင်းကို ကြင်နာစွာ စိုက်ကြည့်နေတတ်သည်။

သိပ်ဝမ်းနည်းစရာ ကောင်းတာပါပဲ။ လင်းလင်းတို့ဟာ မကြာခင်လက်ထပ်တော့မယ့် သူတွေပါ။ အေးချမ်းဆိတ်ငြိမ်တဲ့ အိမ်သစ်လေးက လင်းလင်းတို့ကို စောင့်စားနေပြီ။ ကိုကိုကြီး ပြန်ပြီး နေကောင်းမလာနိုင်တော့ဘူးလား။ သည်တစ်ခါ အိမ်သစ်လေးမှာ နှစ်ယောက်တည်း တိတ်ဆိတ်စွာ ပြန်ဆုံမိကြလျှင် စကားတွေ အများကြီး ပြောဖြစ်ကြလိမ့်မည် ထင်သည်။ လင်းလင်းဟာ သူများတွေထင်သလို ပေါ့ပေါ့ဆဆနဲ့ လေလွင့်တတ်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပါ။ ဆရာမတစ်ယောက်အနေနဲ့ ကလေးတွေအပေါ်မှာ စေတနာထားတတ်သလို ယောကျ်ားတစ်ယောက်ကိုရိုသေကျိုးနွံတတ်တယ် ဆိုတာလဲ ပြချင်နေမိသည်။



ထိုညနေက မိုးကောင်းကင်တစ်ခုလုံး မြူနှင်းတွေ ပိုမိုထူထပ်စွာ အုံ့ဆိုင်းနေသလို ထင်ရသည်။ စိမ့်အေးနေမယ့် သည်လိုညမျိုးမှာ မီးလင်းဖိုဘေးမှာ ထိုင်ပြီး ကိုကိုကြီးနဲ့ စကားပြောရရင် သိပ်ကောင်းမှာပဲဟု တွေးမိသည်။ တစ်ချိန်က ကိုကိုကြီးရဲ့ လက်တွေ အေးနေရာမှ ရုတ်တရက်နွေးလာဖူးသည်ကို သတိရသည်။

တိတ်ဆိတ်စွာပင် ထိုင်နေရာမှ ကိုကိုကြီး၏ လက်ကို ရုတ်တရက်လှမ်းကိုင်လိုက်၏။ ကိုကိုကြီးရဲ့ လက်တွေ အေးလို့ပါလား။

ကိုကိုကြီးက ဖြည်းဖြည်းညင်သာ လှည့်ကြည့်သည်။ ပြန်လည်အားပေးကာ ပြုံးပြမြဲအတိုင်း ပြုံးပြပြန်သည်။

'ကိုကိုကြီး အပြင်မှာ သိပ်အေးနေတယ်၊ ဂွမ်းကပ်တစ်ထည်လောက်ထပ်ခြုံပါလား ဟင်'

ကိုကိုကြီးက ခေါင်းညိတ်ပြ၏။ လင်းလင်းက ဂွမ်းကပ်တစ်ထည်ကို ရင်ဝအထိ ထပ်ခြုံပေးလိုက်သည်။

'ကိုဖော်လည်း ပေါ်မလာဘူးနော်'

ကိုဖော်တို့ကိစ္စကို ကိုကိုကြီး မသိသေးပေ။

'ကားက နေ့တိုင်း ထွက်နေရတယ် ကိုကိုကြီးရယ်'

'ကိုဖော်က ငွေသိပ်ရှာနေတယ်လို့ မေမေခင်ကလဲ ပြောတယ်၊ သူ ကိုကိုကြီးကို စိတ်ဆိုးနေတာတော့ မဟုတ်ဘူး ထင်ပါရဲ့'

'အို ဘာလို့ စိတ်ဆိုးရမှာလဲ'

'ကိုတာတို့လဲ မလာဘူးနော်'

'သူတို့ မေမေခင့်ကိုကြောက်လို့ မလာရဲကြလို့ပါ၊ ကိုကိုကြီးဆီကို လာချင်မှာပါ ကိုကိုကြီးရယ်'

ဘဘနှင့် မေမေခင်သည် မနက်တိုင်း ဆေးရုံကို ရောက်လာတတ်ကြ၏။ မေမေခင်မှာ ကိုဖော့်အတွက် သောက ပွေနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးနှင့် လက်ထပ်ရန် ပြင်ဆင်မှုများမှာ အလိုလို ရွှေ့ဆိုင်းပြီးသား ဖြစ်သွားရသည်။

လင်းလင်းက အတန်ကြာအောင် ဆုပ်ကိုင်ထားတော့ ကိုကိုကြီး၏ လက်ကလေးများ နွေးထွေးလာကြသည်။ ပတ်ဝန်းကျင်သည် တဖြည်းဖြည်း မှောင်စပြုလာ၏။ ကိုကိုကြီး ခေတ္တမှိန်းနေသည်။

လင်းလင်းသည် ကိုကိုကြီး၏ လက်တစ်ဘက်ကို ဆုပ်ကိုင်လျက် တိတ်ဆိတ်သော ပတ်ဝန်းကျင်အလယ်မှာ ငေးငိုင်နေမိသည်။ ရင်ထဲမှာ ရွှင်ပျခြင်း မရှိလှ။ နက်ဖြန်ဟာ ကိုကိုကြီးနဲ့ လက်ထပ်မယ်လို့ သတ်မှတ်ထား တဲ့ ရက်ပဲ။ ရင်ထဲမှာ ဟာသွားသည်။

'မလင်းလင်း မပြန်သေးဘူးလား'

ခြေဖျားထောက်ကာ ဝင်လာဟန်တူသော ဒေါက်တာတင်အောင်၏ အသံကို ကြားရသည်။ လင်းလင်းက ခေါင်းကို ဖြည်းညင်းစွာ မော့ကြည့် မိ၏။ လက်များကတော့ ကိုကိုကြီးကို ဆုပ်ကိုင်ထားဆဲ။ ဒေါက်တာ တင်အောင်သည် စာနာသော အပြုံးကို ပြုံးပြ၏။

'အင်း၊ အပြင်မှာ သိပ်တောင်မှောင်နေပြီနော်၊ ဒေါက်တာ ဒီည ဂျူတီရှိလား'

'ဟုတ်ကဲ့၊ ကျွန်တော် သူ့အနားမှာ ရှိနေမှာပါ မလင်းလင်း'

လင်းလင်းနှင့် ဒေါက်တာတင်အောင်သည် အပြင်သို့ ခြေဖွနင်းကာ လျှောက်လာကြရင်း စကားပြောဖြစ်ကြသည်။

'သူ နေကောင်းလာမှာပါနော်'

'ဩော် ဟုတ်ကဲ့၊ သူ့ခွဲစိတ်တာ နောက်ကျသွားတယ်ဗျာ၊ ရောဂါ ကိုတောင် ကျွန်တော်ပြန်ရောက်လာမှ သေသေချာချာကုတာ၊ အေးအေးနဲ့ သိပ်ပေတာပဲဗျာ'

'လင်းလဲ ဒီလောက်ဖြစ်မယ် မထင်မိဘူး'



'အင်း ဘုရားသခင် စောင်မပါစေဗျာ၊ သူက မလင်းလင်းကို သိပ်ချစ်တယ်နော်၊ သူ ဆေးရုံမတက်ချင်တာ မလင်းလင်းနဲ့ မြန်မြန် လက်ထပ်ချင်တာလဲ ပါတယ်ဗျ'

'မနက်ဖြန် ကျွန်မတို့ လက်ထပ်မယ့်နေ့ပဲလေ'

'ဟုတ်လား၊ ဆောရီးဗျာ၊ ကိုကိုကြီး မြန်မြန်နေကောင်းပြီး ခင်ဗျားတို့ လက်ထပ်ပွဲကို မြန်မြန် ကျင်းပနိုင်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်ဗျာ'

'ကျေးဇူးပါပဲရှင်၊ ကျွန်မ ပြန်တော့မယ်၊ သူ အိပ်ပျော်နေလို့ ကျွန်မ နှုတ်ဆက်မသွားတော့ဘူးလို့ ပြောလိုက်ပါနော်'

'ကောင်းပါပြီဗျာ'

ဆေးရုံဝင်းထဲမှ ဖြည်းလေးစွာ ထွက်ခွာလာခဲ့၏။

ဆီးနှင်းတို့ သိပ်သည်းစပြုပြီ။

ယခုလို ချမ်းအေးတိတ်ဆိတ်လှသည့် ညမျိုးမှာ ကိုကိုကြီးကို တစ်ယောက်တည်း ထားခဲ့ရသည်ကို များစွာ စိတ်မကောင်းဖြစ်မိသည်။

ဆေးရုံရှေ့တွင် ဖေဖေသည် ကားနှင့် လာကြိုနေသည်။

ဖေဖေသည် စကားနည်းသူပီပီ ဘာမျှမမေးဘဲ ကားကို မောင်းထွက် လာသည်။ သားအဖနှစ်ယောက် အိမ်ပေါ်ရောက်လာတော့ မေမေက ဘုရားရှိခိုးပြီး နေရာမှ ထလာသည်။

'ကိုကိုကြီး ဘယ့်နှယ်နေလဲ သမီး'

မေမေက မေးမြဲမေးခွန်းကို ဆီး၍မေး၏။

'ဒီလိုပါပဲ မေမေ'

'စောစောကပဲ ကိုတာနဲ့ မကြည်ဝင်းတို့ လာသွားကြတယ်၊ ခင်ကို ပြောပေးဖို့အကြောင်း လာပြောကြတာပဲ၊ ကိုဇော်တစ်ယောက်လဲ ပြန် ရောက်နေပြီလို့ ကြားတယ်၊ ဘာမှမဖြစ်ပါဘူး စစ်ရုံဆေးရုံ ပါပဲတဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား'

လင်းလင်းက ထိုမျှသာပြောပြီး အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။ မေမေနှင့်ဖေဖေသည်သမီးဖြစ်သူ၏ ကျောပြင်ကိုကြည့်ရင်းကျန်ခဲ့ကြ၏။

အိပ်ခန်းထဲရောက်တော့စိတ်ထဲမှာ တင်းကျပ်လွန်းသဖြင့် ပြတင်းတံခါးကို ဖွင့်လိုက်မိ၏။

သိပ်အေးတဲ့ ညပါကလား။

\+ \+ \+

သည်တစ်ရက်တော့ ခွင့်ယူလိုက်သည်။

တကယ်တော့လည်း ဒီနေ့ဟာ ခွင့်ယူရမယ့် နေ့ပါပဲ။

ရုံးမှာ လက်မှတ် ထိုးကြမည်။ ဘုရားကို သွားမည်။ ပြီးလျှင် ကိုကိုကြီးကို ကားမောင်းစေကာ အုန်းကိုင်းကို သွားမည်။ မင်္ဂလာအိမ် အသစ်စက်စက်မှာ လူကြီး မိဘများကို ကန်တော့မည်။ ညနေဘက်မှာ ခင်မင်ရင်းနှီးသော သူငယ်ချင်းများနှင့် ဝိုင်းဖွဲ့မည်။

ယခင် အစီအစဉ်တွေကတော့ ထိုအတိုင်းသာ ဖြစ်၏။

အသွေးကောင်းသော လိမ္မော်ရောင်နုနု ဝတ်စုံကို ရွေးထုတ်လိုက်သည်။ အသစ်စက်စက်ဖြစ်သော်လည်း ရေချထားသဖြင့် ပိုးသားများသည် ပျော့ပျောင်းနေ၏။ မျက်နှာကိုတော့ အထူးမခြယ်သတော့ဘဲ ပေါင်ဒါပါးပါးကိုသာလိမ်းဖြစ်သည်။ မိုးကုတ်သူဖြစ်သော်လည်း လက်ဝတ်လက်စားကို မခင်တွယ်တတ်သူမို့ ဘာရတနာမှ ကိုယ်ပေါ်မှာ မရှိ။ သည်ကနေ့တော့ မေမေ့ဆီက တစ်ခုတောင်းဖြစ်သည်။

'မေမေ သမီးကို လက်ဖွဲ့မယ်ဆိုတဲ့ ဆွဲကြိုးလေး ခဏပေးပါ လားဟင်'



သမီးဖြစ်သူကို စိုးရိမ်စွာအကဲခတ်နေသော မေမေက ခဏတော့ ရပ်ကြည့်နေသေးသည်။

'ဘယ်သွားမလို့လဲ သမီးရယ်၊ ကိုကိုကြီးက နေမကောင်းသေးဘူး မဟုတ်လား'

မေမေ့ သံသယတွေက မပျောက်သေးဘူးလား။ သူ့ရင်ထဲက ဝေဒနာတွေကို မည်သူမျှ မသိတာ အံ့ဩစရာကောင်းလှသည်။

'ဆေးရုံကို သွားမလို့ မေမေ'

မေမေက ရွှေကြိုးသေးသေးလေးမှာ နီရဲသော ပတ္တမြားဆွဲပြားလေး တပ်ထားသည့် ဆွဲကြိုးလေးကို ထုတ်ပေးသည်။ ဖေဖေနှင့်မေမေ လက်ထပ်ကာစက ပထမဆုံးအကြိမ် ဖေဖေ ကျောက်အောင်စဉ်က ရခဲ့သည့် ရတနာလေး။ 'သမီး လက်ထပ်တဲ့နေ့မှာ မေမေ ဆင်ပေးမယ်' ဟု ပြောခဲ့တာကို မမေ့။

'သမီး ဆေးရုံသွားရင် ဖေဖေ့ကို လိုက်ပို့ခိုင်းနော်၊ မေမေလဲ ကိုကိုကြီးနေမကောင်းလို့ စိတ်လှုပ်ရှားပြီး ဟိုလျှောက် ဒီလျှောက်နဲ့ ခြေထောက်တောင်သက်သာသလိုဖြစ်နေတယ်၊ ဒီနေ့လဲ ကိုကိုကြီးအတွက် ပန်းသက်စေ့ ရေသက်စေ့ ဘုရားမှာကပ်ပြီး ဆုတောင်းမလို့'

'သမီး သွားမယ် မေမေ'

'အေး အေး၊ ဟိုရောက်ရင် သက်သာရဲ့လား ဖေဖေနဲ့ ပြန်ပြော လိုက်နော်၊ သမီးပြန်မယ့်အချိန်လဲ ဖေဖေ့ကို ပြန်မှာလိုက်ဦး၊ ဒီနေ့တော့ ခင်တို့လဲ စောစောလာလိမ့်မယ် ထင်တယ်၊ ကိုဇော်ကလဲ ပြန်ရောက်နေပြီ ဆိုတော့'

'ဟုတ်ကဲ့ မေမေ'

လင်းလင်းက အိမ်ပေါ်မှ ပြေးဆင်းခဲ့သည်။ ကျောင်းသွားရမည် မဟုတ်သဖြင့် ဆံပင်တွေကို ပခုံးပေါ်မှာ ဖြန့်ချထားသည်။ ရှင်လန်းသော

www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက် အသွင်ဖြင့် မြင်ရလျှင်လည်း ကိုကိုကြီးကတော့ ကျေနပ်မှာပါပဲ။ ကိုကိုကြီးနှင့် သူတို့နှစ်ယောက်၏ အကြောင်းကို တစ်လောကလုံးက လူတွေ မသိတာ အံ့ဩစရာကောင်းလှသည်။

ဂန္ဓမာပန်းဖြူဖြူလေးတွေကိုလဲ ဒေါ်ဒေါ်က ခူးပေးလိုက်သေး၏။ ကိုကိုကြီး ပန်းတွေ ချစ်တတ်တာကို သတိရပြီး ဝမ်းသာအားရ ပွေ့ယူခဲ့သည်။ လမ်းမှာ နှင်းတွေဝေဆဲ ရှိသေး၏။

'ဖေဖေ စောင့်မနေနဲ့တော့နော်၊ ဆယ့်နှစ်နာရီလောက်ကျမှ လာကြို့ပါ'

'ကောင်းပြီ သမီး'

ဖေဖေ့ကားထွက်သွားမှ တစ်စုံတစ်ရာ ပြောမည်ဟု ကြံမိသေး၏။ ဘာပြောရမှန်း ရေရေရာရာ မသိသဖြင့် ရပ်ကြည့်နေပြီးမှ ဆေးရုံပေါ် တက်ခဲ့၏။ လမ်းခုလတ်မှာ အရေးတကြီး ဆင်းလာသော ဒေါက်တာ တင်အောင်နှင့် သွားတိုးသည်။ ဒေါက်တာတင်အောင်သည် လင်းလင်းကို အကြောင်းသား ငေးကြည့်နေလေ၏။

'ပြန်တော့မလို့လား ဒေါက်တာ'

ဝတ်ကောင်းစားလှဝတ်ကာ ပန်းတွေ ပွေ့ပိုက်ပြီးရပ်နေသော လင်းလင်းကို ဒေါက်တာတင်အောင်က မမြင်ဘူးသလို ငေးကြည့်နေ ပြန်သည်။

'ကျွန်တော် ကျွန်တော် ခုပဲ မလင်းလင်းတို့ဆီ အကြောင်းကြား မလို့'

'ရှင် ဘာဖြစ်လို့လဲ ဟင်၊ ကိုကိုကြီး ဘာဖြစ်လို့လဲ'

ဒေါက်တာတင်အောင်က ဘာမျှမပြော။ လင်းလင်းက သူ့ကိုကျော် ရှောင်ကာရှေ့မှပြေးလျှောက်ခဲ့သည်။ ဒေါက်တာတင်အောင်သည် နောက်မှ လေးကန်စွာလှမ်းလာနေ၏။ ပြီးမှ သတိရဟန်ဖြင့် ပြေးလိုက်လာသည်။



လင်းလင်း၏ လက်မောင်းကို လှမ်းဆွဲထားသည်။

'လွှတ်ပါ ဒေါက်တာ၊ ကျွန်မ သိပါတယ်၊ ကိုကိုကြီး မရှိတော့ဘူး မဟုတ်လား၊ ကျွန်မ သိပါတယ်၊ လွှတ်ပါ ဒေါက်တာ၊ ကျွန်မ သွားပါ ရစေ၊ ကိုကိုကြီးဆီကို ကျွန်မ သွားပါရစေ'

'သတိထားပါမလင်းလင်းရယ်၊ ဘုရားသခင်အလိုတော်အတိုင်းပဲ'

'ကျွန်မ ဘာမှ မဖြစ်ပါဘူး ဒေါက်တာ၊ ကျွန်မ သွားပါရစေရှင်'

ဒေါက်တာတင်အောင်က လင်းလင်း၏ လက်မောင်းများကို ဖြည်းလေးစွာလွှတ်ပေးလိုက်သည်။ လင်းလင်းသည် ကိုကိုကြီး၏ အခန်း ထဲသို့ ပြေးဝင်လာခဲ့၏။

ပြီးတော့ပန်းဖြူဖြူများပွေ့လျက်သတို့သမီးလေးတစ်ယောက်လိုပင် ကိုကိုကြီး ခုတင်နားမှာ ရပ်နေမိလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၂၀

ကိုကိုကြီးသည် တည်တည်ငြိမ်ငြိမ်ပင် လဲလျောင်းနေ၏။

နှုတ်ခမ်းများက ပိရိသေသပ်စွာ စေ့ထားသည်။

'သူ ဆုံးသွားတာ ဘယ်လောက်ကြာပြီလဲရှင်'

အနားမှာ ငေးကြည့်နေသော ဆရာမလေးကို မေးကြည့်မိ၏။ သတို့သမီးတစ်ယောက်လို ဝတ်စားလာသော မိန်းကလေးကို အထူးအဆန်းသဖွယ် ကြည့်နေမိသော ဆရာမလေးသည် ရုတ်တရက် လန့်သွားကာ အထစ်ထစ် အငေါ့ငေါ့ ဖြေ၏။

'ခုလေးတင်ပါရှင်၊ ကျွန်မလဲ ဒေါက်တာ လှမ်းခေါ်ခေါ်ချင်း အပြေးရောက်လာခဲ့တာ'

ကိုကိုကြီး၏ လက်သန်းမှာ ပြာလဲ့လဲ့ လက်စွပ်အသစ်လေးတစ်ကွင်း ဝတ်လျက်သား တွေ့ရသည်။

'ဒါ သူ့မေမေ ငယ်ငယ်ကဝတ်တဲ့ လက်စွပ်တဲ့ မလင်းလင်းရဲ့၊ ကျွန်တော့်ကို ထုတ်ခိုင်းလို့ သူ့အဝတ်အစားတွေကြားထဲက ကျွန်တော် ထုတ်ပေးရတာ၊ သူ...'



လင်းလင်းကိုပေးချင်လို့လား ကိုကိုကြီးရယ်ဟု စိတ်ထဲမှ ပြောမိ၏။ အားပါးတရ ငိုချလိုက်ချင်သော်လည်း မျက်ရည်တွေက ဘယ်ရောက်နေသည်မသိ။ ဘာလို့ငိုမရတာလဲ မတွေးတတ်တော့။ လင်းလင်းဟာ ဣန္ဒြေတွေ သိက္ခာတွေကို ဂရုစိုက်တတ်တဲ့သူ မဟုတ်ပါဘူး။ ငိုလွယ်ရယ်လွယ် မိန်းကလေးတစ်ယောက်ပါ။ ကိုကိုကြီးနဲ့သူဟာ လက်မထပ်ကြရ သေးလို့ပဲလား။ ကိုကိုကြီးနှင့် သူသည် ဇနီးမောင်နှံလည်း မဟုတ်ကြသေး။

ချစ်သူတွေကော ဖြစ်ခဲ့ကြပြီလား။

ပန်းတွေကို စားပွဲပေါ်မှာတင်ပြီး ခုတင်ဘေးမှာ ဒူးထောက်ထိုင်ချလိုက်မိသည်။ ကိုကိုကြီးနှင့် သူသည် မကြာသေးမီကာလကပင် တစ်ယောက်ကို တစ်ယောက် နားလည်ခဲ့ကြပြီဟု သူ ထင်၏။ ကိုကိုကြီး၏ လက်များကို ကိုင်ကြည့်တော့ နွေးနေဆဲပါကလား။

'ကျွန်တော် အိမ်ကို အကြောင်းကြားခိုင်းလိုက်မယ် မလင်းလင်း၊ ဆရာမ ခဏစောင့်နေလိုက်ပါ'

ဒေါက်တာတင်အောင် အခန်းပြင်သို့ထွက်သွားသည်။

သူနာပြု ဆရာမလေးသည် လင်းလင်းအနားမှာ ကြင်နာစွာ စောင့်ကြည့်နေ၏။ လင်းလင်း၏ မျက်နှာသည် ကိုကိုကြီး၏ လက်ကို အပ်ကာ ငုံ့ထားသည်။

'ငိုချင်ရင် ငိုလိုက်ပါလားရှင်၊ ရှင်ဟာ သူနဲ့ မကြာခင် လက်ထပ်တော့မယ့်သူဆိုတာ ကျွန်မ သိပါတယ်'

ရှမ်းသံဝဲသော ဆရာမလေး၏ စကားသံသည် မလှပသော်လည်း သူ့ရင်ထဲမှ စေတနာကို ဖော်ကျူးခြင်းပင် ဖြစ်၏။

'သူတို့ မကြာခင် ရောက်လာကြပါလိမ့်မယ် မလင်းလင်း'

လင်းလင်းက ခေါင်းကိုမော့ကာ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တစ်စက်မှမရှိသော လင်းလင်း၏ မျက်နှာကို ခေါက်ထားတင်အောင်သည် အံ့သြစွာ ငေးကြည့်နေလေ၏။

\+ \+ \+

လက်ထပ်တဲ့နေ့မှာပဲ ဆုံးသွားတဲ့ လူတစ်ယောက်အကြောင်းကို သတင်းစကားအဖြစ် ပြောကြားရင်း လူတွေက စုပ်သပ်ကြသည်။ သနားစရာကျန်ရစ်တဲ့ မိန်းကလေးတစ်ယောက်အကြောင်းကိုလည်း စိတ်ဝင်စားစွာ စပ်စုကြသည်။

သူ့အတွက်တော့ ဘာအရေးကြီးလဲ၊ သူကလည်း ဒီလူ့ကိုကြိုက်တာ မဟုတ်ပါဘူး သူကြိုက်တာ အငယ်ပါ၊ အငယ်နဲ့က ရွယ်တူခဲလိုက်လဲလိုက်တယ်၊ ယောကျ်ားလေးဘက်ကလည်း အကြီးမရှိရင် အငယ်နဲ့ ပေးစားမှာ၊ သူတို့က ပိုက်ဆံရှိတယ် မဟုတ်ဘူးလား။

အသုဘအခမ်းအနားမှာပင် တီးတိုးစကားသံတွေ ပျံ့လွင့်နေ၏။

ဖြစ်နိုင်လျှင်တော့ ကိုကိုကြီး၏ နောက်ဆုံးခရီးကို လိုက်ဝင်မလိုက်ချင်တော့။ လိုက်ရလျှင်လည်း မုဆိုးမတစ်ယောက်လို ဝတ်စုံအနက်ကိုဝတ်ပြီး လိုက်ချင်သည်။ သည်လိုဆိုလျှင်လည်း ဟန်ဆောင်ကောင်းသည်ဟု ထင်ကြဦးမည်လား။ သတို့သမီးတစ်ယောက်လို မင်္ဂလာဝတ်စုံဝတ်ပြီး ပန်းတွေကိုင်ကာ လိုက်လာလျှင်ကော မည်သို့ကဲ့ရဲ့ဝေဖန်ကြလေမည်လဲ။

မျက်ရည်မကျတာကို လူကြီးတွေ မြင်မည်စိုး၍ လက်ကိုင်ပဝါနှင့်အုပ်ထားရတာလောက် ပင်ပန်းတာမရှိတော့။ ဖြစ်နိုင်လျှင် နေကာမျက်မှန်ထူထူကြီးကို တပ်ထားလိုက်ချင်သည်။ အစစအရာရာ မတင့်တယ်တော့သည့် ဘဝပါတကား။



မေမေကတော့ ယူကျုံးမရစွာ ငိုကြွေးနေလေသည်။

'မမကလဲကွာ၊ သူများတွေက မတော်လိုက်ရတဲ့ သမက်ကို သိပ်လွမ်းနေတယ် ထင်နေကြပါဦးမယ်'

ဖေဖေက စိတ်မရှည်စွာ ပြောသေး၏။

'အို ဘယ်လိုပဲထင်ထင်၊ ငယ်ငယ်လေးကတည်းက ကျုပ်တို့မျက်စိအောက်မှာ ကြီးလာတဲ့ကလေးကို စိတ်မကောင်းလွန်းလို့ပါပဲ'

'အေးလေ ဘာပဲဖြစ်ဖြစ် ကိုယ်က သမီးရှင် ဖြစ်နေမင့်ဟာ'

'မေမေ ငိုချင်တာ ငိုပါစေ ဖေဖေရယ်'

သူတို့ သားအဖသုံးယောက်ကို လူတွေက အကဲခတ်နေကြသည်မှာတော့ အမှန်ပင်။

မေမေခင်တစ်ယောက်လည်း ပူဆွေးသောက ရောက်မှုကို မဖုံးကွယ်နိုင်တော့။ ကိုဇော်သည်လည်း ခေါင်းငိုက်စိုက်ချနေ၏။ ကိုတာသည် ကလေးတစ်ယောက်လိုပင် ငိုကြွေးနေ၏။

ကိုကိုကြီးသည် အားလုံးကို စွန့်ခွာသွားလေပြီတကား။

လင်းလင်းကတော့ ကိုကိုကြီး၏ ရင်ဘတ်ပေါ်ကို ပန်းပွင့်ဖြူဖြူလေး သုံးပွင့်ကိုသာ တင်ပေးလိုက်သည်။ ဇနီးတစ်ယောက်လိုလည်း ငိုကြွေးလို့မရ၊ ချစ်သူတစ်ယောက်လိုလည်း ပူဆွေးလို့မရတဲ့ ဘဝပါ ကိုကိုကြီးရယ်။

နှုတ်ခမ်းကို တင်းတင်းစေ့ကာ ကိုကိုကြီး၏ နောက်ဆုံးခရီးကို လိုက်ပို့ပြီး အိမ်သို့ပြန်လာခဲ့ရသည်။

အိမ်အပြန်လမ်းသည် ပို၍ အုံ့ဆိုင်း ညှို့မှိုင်းနေသယောင် ထင်ရ၏။ ပတ်ဝန်းကျင်သည် ရင်ထဲမှ ဝေဒနာကိုကြီးထွားလာစေရန် အားပေးနေသကဲ့သို့ ရှိသည်။ ဖော်ပြနိုင်ခြင်းငှာ မစွမ်းသော ပူဆွေးမှုသည် တလိမ့်လိမ့်တက်လာသည်။ ကိုယ်နှင့် မကြာခင် လက်ထပ်တော့မည့် ခင်ပွန်းလောင်းရဲ့

www.burmeseclassic.com



အသုဘမှာ မျက်ရည်တစ်စက်မှ မကျဘဲနေနိုင်သည့်အတွက် ကဲ့ရဲ့ပြစ်တင်သူတွေ ရှိနေပြီလား။

မေမေကလည်း လှိုက်လှိုက်လှဲလှဲ ငိုပြနေခြင်းဖြင့် သူ့ကို ဆန့်ကျင်နေသည်သို့ ရှိနေလေသည်။

အိမ်ရှေ့အရောက်တွင် ဒေါ်ဒေါ်မြိုင်က ခြံတံခါးကို ဖွင့်ပေးရင်း ဆီး၍ ပြောသည်။

ဧည့်သည်တွေရောက်နေတယ် လင်းလင်း။

'ဟုတ်လား၊ ဘယ်သူတွေလဲဟင်'

'လင်းလင်း သူငယ်ချင်း ဟို အေးအေးခင် ဆိုလား'

'အို ဟုတ်လား'

လင်းလင်းက ကားပေါ်မှဆင်းကာ အိမ်ပေါ်သို့ ပြေးတက်သွားသည်။ တံခါးဝမှာ ဆီးကြိုနေသော ဘဲဥနှင့် သွားတိုး၏။ သူငယ်ချင်းဖြစ်သူက ဘာမှမပြောနိုင်ဘဲ သူ့လက်များကို ကြင်နာစွာလှမ်း၍ ဆုပ်ကိုင်ပြီး အိမ်ထဲသို့ ဆွဲခေါ်ခဲ့သည်။ ကုလားထိုင်ပေါ်အရောက်တွင် ဖျော့တော့စွာ ထိုင်ချမိလိုက်ကြ၏။

ထို့နောက်တွင်တော့ လင်းလင်းသည် သူငယ်ချင်းဖြစ်သူကို ဖက်ကာ စိတ်ကို အစွမ်းကုန် ဖြေလွှတ်ပြီး အားပါးတရ ရှိုက်ငင်ငိုကြွေးမိလေတော့သည်။

* * *

၂၁

'မင်း ကိုယ့်ရဲ့မင်္ဂလာပွဲကို လာခဲ့တာပဲနော်၊ ခုတော့ ဝမ်းနည်းစရာတွေနဲ့ ကြုံရတယ် သူငယ်ချင်းရယ်'

'ဒါတွေကို တွေးမနေနဲ့တော့ လင်းလင်း၊ မင်းကိုကြည့်ရတာ ပင်ပန်းလွန်းလှတယ်၊ မင်း ဒီလောက် စိတ်ဆင်းရဲ ပင်ပန်းနေတတ်တာမျိုး ကိုယ်တစ်ခါမှ မတွေ့ဖူးဘူး'

'မင်းတစ်ယောက်တည်း ကိုယ့်ရင်ထဲက ဝေဒနာကို သိတာပါ သူငယ်ချင်းရာ'

'ကိုကိုကြီးအတွက် မင်း သိပ်စိတ်မကောင်း ဖြစ်နေသလားဟင်'

'ဒီတစ်သက်မှာ ဘယ်လိုလုပ်ပြီး မေ့နိုင်ပါ့မလဲကွယ်'

'အင်းလေ၊ အဖြစ်အပျက်တွေက တစ်ခါတလေ ဒီလိုပဲအံ့သြစရာကောင်းလောက်အောင် တိုက်ဆိုင်နေတတ်တာပဲ၊ မင်းအနေနဲ့ မမေ့နိုင်စရာဖြစ်ကျန်ခဲ့ရမှာကတော့ အမှန်ပဲ၊ ဒါပေမဲ့ လင်းလင်းရယ် မင်း ဒီအတွက်

www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲ သောက ရောက်မနေစေချင်ဘူး၊ ဘဝဆိုတာ ရောက်တဲ့နေရာက ဆက်ပြီး စခန်းသွားကြရတာ မဟုတ်လား'

ပတ်ဝန်းကျင်သည် မှုန်မှိုင်းနေဆဲပင်။

ချမ်းသာကြီးဘုရားပေါ်မှ လှမ်းမျှော်ကြည့်လိုက်သောအခါ အနိမ့်အမြင့် တောင်ကုန်း အဆင့်ဆင့်တွင် တင့်တယ်လှပစွာတည်ရှိနေသော မြို့၏မြင်ကွင်းကို ဆီး၍ မြင်ရသည်။ ကိုကိုကြီးသာ ရှိမယ်ဆိုရင်တော့ ပျားရည်ဆမ်းခရီးထွက်လာသော သူငယ်ချင်း ဇနီးမောင်နှံနှင့်အတူ ဘယ်လောက် ပျော်ရွှင်စရာကောင်းလိုက်မည်လဲ။ အုန်းကိုင်းက အိမ်သစ်လေးမှာလည်း ကောင်းကောင်း ဧည့်ခံနိုင်မည်။ ကိုကိုကြီးရဲ့ ခြံထဲမှာလည်း ပျော်စရာ လည်ပတ်နိုင်သည်။ ယခုတော့ အုန်းကိုင်းဘက်ကို ခြေဦးတောင် မလှည့်ချင်တော့။ တအုံ့နွေးနွေး ပူဆွေးရသည့် ဝေဒနာသည် တဖွေ့ဖွေ့ လောင်ကျွမ်းစ ပြုနေပေပြီ။ သူများတွေ အနည်ထိုင်ချိန်တွင်မှ တစ်ဖေး အရှိန်မြင့်လာရသည့် သောက။ ဘယ်သူလာလို့ ကူပါ့မလဲ။

'မင်းတို့နှစ်ယောက် ကောင်းကောင်း လည်ပတ်နိုင်အောင် ကိုတာတို့ အတွဲကိုခေါ်ပြီး စီစဉ်ပေးမယ်ကွာ'

'နေပါစေ လင်းလင်းရယ်၊ ကိုယ်တော့ မင်းရဲ့ သောကကိုပဲ ပျောက်စေချင်ပါတယ်၊ ကိုဇော်ကလဲမနက်ဖြန် ကိုယ်တို့နှစ်ယောက်ကို လာခေါ်မယ်လို့ ပြောထားတယ်၊ မင်းကော လိုက်ခဲ့ပါလား'

'ဟင့်အင်း ကိုယ်မလိုက်ချင်ဘူး'

ဘဲဥက သူ့ကို အကဲခတ်သလို ကြည့်သည်။

'မင်းနဲ့ ကိုကိုကြီးဟာ လက်ထပ်ရသေးတဲ့သူတွေမှ မဟုတ်တာ ကွယ်၊ မင်းကိုယ်မင်း ယောကျ်ားသေသွားတဲ့သူလို သဘောမထားနဲ့လေ စိတ်မဆိုးနဲ့နော် ကိုယ်ပြောတာ'

ဘဲဥက တိုးတိုးပြောသည်။



လင်းလင်းက ခေါင်းများကို ခါယမ်းလိုက်၏။ ယခင်လို ကလေးဆန်ဆန် ဆံပင်များကို လက်ဖြင့်ထိုးသပ်ခြင်း မရှိတော့။ မျက်လွှာကို စင်းစင်းချထားသည်။ ဆရာမတစ်ယောက် ဖြစ်နေလို့များ အသွင်ပြောင်းသွားလေသလား။ မည်သည့်အရာကများ သူ့ကို ရင့်ကျက်စေပါလိမ့်။

'ဒါပေမဲ့ ကိုကိုကြီးဟာ သူသေတဲ့နေ့က လက်ထပ်တဲ့နေ့မှာ ကိုယ့်ကို ပေးမယ်လို့ရည်ရွယ်ထားတဲ့ လက်စွပ်လေးကို ဝတ်ထားတယ်'

'လင်းလင်းရယ်၊ ကိုယ့်စိတ်ကို ကိုယ်မညှဉ်းဆဲပါနဲ့၊ မင်းရေးတဲ့ စာတွေအရ ဆိုရင်တော့'

လင်းလင်းက ခေါင်းကို ဆတ်ခနဲ မော့ကာကြည့်သည်။

'မင်တို့ပြောပြောနေတဲ့ အချစ် အချစ်ဆိုတဲ့ ကိစ္စက ကိုယ့်ကို တော်တော်ဒုက္ခပေးခဲ့တယ်၊ ကိုယ်အချစ်မရှိဘဲနဲ့ လက်ထပ်ရမှာကို သိပ်ကြောက်နေမိတယ် သူငယ်ချင်း၊ ဒါကြောင့် ကိုယ့်စိတ်တွေ တုန်လှုပ်ချောက်ချားခဲ့ရတယ်'

'ဒါကြောင့် မင်းစာတွေ ရေး ရေးနေတာပေါ့ ဟုတ်လား'

လင်းလင်းက ငြိမ်နေသည်။ ပြောချင်တာတွေ များလွန်း၍ ဘဲဥ နားလည်အောင် မည်သို့ ပြောရမည်မသိနိုင် ဖြစ်နေသည်။

'ဒါပေမဲ့ နောက်ဆုံးတော့ ကိုယ် တိတိကျကျ ဆုံးဖြတ်နိုင်ခဲ့ပါတယ်'

'အေးလေ၊ မင်း ကျောင်းမှာထဲက မင်းရဲ့ ဆုံးဖြတ်ချက်ကို ပြောခဲ့သားပဲ၊ ကိုခင်မောင်ဦးဆိုရင် မင်းကို ခုချိန်ထိ မျှော်လင့်နေတုန်းပဲ'

'ကိုခင်မောင်ဦးကို ကိုယ်ချစ်မှ မချစ်တာ'

'မင်း ဘယ်သူ့ကို ချစ်သလဲ'

'အဲဒါ ကိုယ် သိပ်ပြောပြချင်တာပဲကွယ်၊ ပြောလို့ မထွက်ဘူး'

'အင်းလေ၊ မင်း ခုချိန်မှာ မပြောပါနဲ့ဦး'

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com



ဘဲဥတို့ ဇနီးမောင်နှံကို ကျောက်ဖားအထိ လိုက်ပို့ကြသည်။ ကိုတာနှင့် မကြည်ဝင်းက ကိုဇော်၏ကားနှင့် ပြန်ကြသည်။ ကိုဇော်ကတော့ လင်းလင်း မလိုလားမှန်းသိလျက် အတင်းတက်လိုက်လာသည်။ ဘဲဥကတော့ ခွဲခွာနီးမှာ လင်းလင်းနားကို ကပ်ကာ တိုးတိုးပြောသွားသေးသည်။

'မင်း ကိုခင်မောင်ဦးကို မစဉ်းစားဘူးဆိုရင် ကိုဇော့်ကိုတော့ ထည့်တွက်သင့်တယ်'

လင်းလင်းမျက်နှာ ဘာကြောင့် နီရဲသွားသည်ကို ဘဲဥ သိမည်မထင်၊ အလကားပဲ။ တစ်လောကလုံးကလူတွေ ဘယ်လိုဖြစ်နေကြပြီလဲ။

လင်းလင်းက ကားကို ခပ်ကြမ်းကြမ်း မောင်းတက်လာခဲ့သည်။ ကိုတာတို့ ကားကိုပင် ကျော်လာခဲ့၏။ ကိုတာနှင့် မကြည်ဝင်းက စိုးရိမ်တကြီးနှင့် လိုက်လာသေးသည်။ ကိုဇော်က လိုက်မလာဖို့ လက်ပြခဲ့၏။

ကွေ့ဝိုက်သော လမ်းသည် တရိပ်ရိပ် ကျန်ခဲ့သည်။

ကိုဇော်ကတော့ ဘာကိုမျှမကြောက်သည့် အမူအရာဖြင့် အေးအေးဆေးဆေးပင် လိုက်လာသည်။

လင်းလင်း၏ ဆံပင်များသည် ဝေ့ဝဲ၍ ကျန်ရစ်သည်။

ထင်းရှူးမြိုင်မှာ ကားကို ရပ်လိုက်၏။

'သမီး'

ဆရာမကြီးသည် ဝမ်းသာအားရ ပြေးလာသည်။

အနားရောက်တော့ လင်းလင်း၏ မျက်နှာကိုကြည့်ကာ ခြေလှမ်းများ တန့်သွားသည်။ သူ့တပည့် ကိုဇော့်ကို ကြည့်သည်။

'အောက်ဆင်းကြဦးလေကွယ်၊ မောင်ဇော်အောင် မင်းကြိုက်တတ်တဲ့ဟင်းတွေ ချက်ထားတယ်၊ သြော် သမီး စိတ်မကောင်းဘူးကွယ်၊ သမီး စိတ်ပြေလက်ပျောက် ခွင့်ဆက်ယူချင် ယူဦးနော်'

လင်းလင်းက ကားပေါ်မှ ဖြည်းလေးစွာ ဆင်းလိုက်သည်။



'မယူတော့ဘူး ဆရာမကြီး၊ နက်ဖြန်ပဲ ကျောင်းပြန်တက်တော့မယ်'

'အို သမီး ခွင့်မှ မစေ့သေးတာ'

'မထူးတော့ပါဘူး ဆရာမကြီးရယ်'

'အေးလေ၊ သမီး တက်ချင်လဲတက်ပေါ့၊ တီချာဟင်းတွေ သွားနွေးလိုက်ဦးမယ်၊ ခဏ နေကြဦးနော်'

ကိုဇော်နှင့် လင်းလင်းတို့နှစ်ယောက်သည် ယခင်တစ်ခါ ထိုင်ခဲ့သည့် ထင်းရှူးပင်ရိပ်အောက်မှာ နှစ်ယောက်တည်း ကျန်ရစ်သည်။ လင်းလင်းသည် သည်အခွင့်အရေးကို စောင့်နေခဲ့သည်။ ကိုဇော်ကလည်း သည်အခွင့်အရေးကို စောင့်နေခဲ့ခြင်း ဖြစ်သည်။

'လင်းလင်း'

ကိုဇော်က တိုးတိုးခေါ်သည်။ လင်းလင်းက မထူး။ ထူးစရာလည်း မလို။

'ဒီတစ်ခါ ကိုယ် အရက်သောက်မထားဘူး လင်း၊ ကိုယ်စကားနည်းနည်း ပြောချင်တယ်'

'ပြောပါ ကိုဇော်၊ လင်းမှာလည်း ပြောစရာရှိတယ်'

'လင်း ကိုယ့်ကို ဘာလို့ ရှောင်နေတာလဲ၊ ကိုကိုကြီးအတွက် ကိုယ်လဲစိတ်မကောင်းတာ အမှန်ပဲ၊ ကိုကိုကြီး ခုလိုဖြစ်သွားရတာ ကိုယ်တို့တာဝန်လဲ မကင်းဘူး၊ သူ့ရောဂါရင့်နေတာကို ဘယ်သူမှ မသိဘူးလေ၊ သူကလဲ သိုသိပ်တယ် မဟုတ်လား'

'ဟုတ်တယ် ကိုကိုကြီးက သိပ် သိုသိပ်တယ်'

'အင်း သူဟာ လင်းကိုလဲ သိုသိုသိပ်သိပ်နဲ့ ချစ်ခဲ့သူပါပဲ၊ ဒါကြောင့်လဲ ကိုယ် နောက်ဆုတ်ခဲ့ပါတယ်'

'ကိုဇော် နောက်မဆုတ်ရင်ကော လင်းက ကိုဇော့်ကို ယူမယ်လို့ ထင်လို့လား ဟင်'

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော် ငြိမ်သက်သွားသည်။

'လင်းက သိပ်ကို စိတ်ကြီးတာကိုးနော်၊ ကိုယ်အေးအေးအောင်နဲ့ တွဲတာ'

'မဟုတ်သေးဘူး ကိုဇော်၊ ကိုဇော်က ကိုဇော့်ကို လင်း ချစ်နေတယ်လို့ ထင်တယ် မဟုတ်လား၊ မဟုတ်ဘူး ကိုဇော်၊ လင်းက ကိုဇော့်ကို ချစ်တာမဟုတ်ဘူး၊ လင်းက လူပြော သူပြောများတဲ့ အချစ်ဆိုတာကို စိတ်လှုပ်ရှားစရာလို့တွေးပြီး အချစ်ဆိုတာ ဘာလဲလို့ စူးစမ်းချင်တာ၊ ဒီအချိန်မှာ ကိုဇော်နဲ့ အေးအေးအောင်နဲ့ တွဲတာမြင်တော့ စိတ်လှုပ်ရှားပြီး မနာလိုဖြစ်ခဲ့တာ၊ အဲဒါကိုပဲ တစ်ခါ အချစ်လို့ ထင်ခဲ့မိတယ်၊ တကယ်တော့ လင်းက ချစ်မှ မချစ်ဘူးသေးဘဲကိုး၊ အချစ်ဆိုတာ စူးစမ်းရှာဖွေလို့ မရဘူးဆိုတာ မသိခဲ့ဘူး'

'ဟုတ်တယ်၊ ကိုယ်လဲ လင်းကို ကိုကိုကြီးနဲ့ တကယ်တမ်း လက်ထပ်တော့မယ်ဆိုမှ ယူကျုံးမရ ဖြစ်ခဲ့ရတယ်'

လင်းလင်းက ခပ်ယဲ့ယဲ့လေး ပြုံးသည်။

'အဲဒါ ဘာကြောင့် ဖြစ်ရတယ်လို့ ကိုဇော် ထင်လဲ'

ကိုဇော် ခေါင်းငုံ့ထားသည်။

'ဒီအချိန်မှာ ကိုယ့်အတွက် မပြောအပ်တဲ့စကားကို မပြောချင်ပါဘူး'

လင်းလင်းကတော့ ရဲရဲဝံ့ဝံ့ပင် ရင်ဆိုင်ကာပြောသည်။

'ပြောစရာလည်း မလိုပါဘူး ကိုဇော်၊ ကိုဇော်က လင်းကို ချစ်တယ်လို့ ပြောမယ်ဆိုရင်တော့ အဲဒါ မမှန်နိုင်ဘူးလို့ ပြောပါရစေ၊ တကယ်တော့လဲ မရနိုင်ဘူးဆိုတာသိလို့ စိတ်ထဲမှာ ရုတ်တရက် လှုပ်ရှားတာပဲ ဖြစ်ပါလိမ့်မယ်၊ လင်းကို တကယ် အချစ်ဆုံးလူဟာ ကိုကိုကြီးပဲ၊ အဲဒါကို ပြောပြချင်လို့ ကိုဇော့်ကို ဒီနေရာကို ခေါ်လာခဲ့တာ၊ ဒါပါပဲ၊ လင်း ပြန်တော့မယ်'



ကိုဇော် လင်းလင်းကို နားမလည်စွာ ကြည့်နေသည်။

လင်းလင်းသည် နေရာမှ ဖြည်းလေးစွာ ထရပ်၏။

'နေပါဦး လင်းရယ်၊ လင်းကို ကိုယ်နားလည်ပါတယ်၊ ကိုကိုကြီး သေတာ မကြာသေးဘဲနဲ့ လင်းက ဒီကိစ္စကို ထပ်စဉ်းစားမှာ မဟုတ်ဘူးဆိုတာ ကိုယ် သိပါတယ်၊ ကိုယ် နောက်ထပ် နောက်မကျအောင်ပြောထားတဲ့ သဘောပါ၊ လင်းမှာ ကိုခင်မောင်ဦးကလဲ ရှိသေးတယ် မဟုတ်လား'

သူတို့ကိုလာခေါ်သော ဆရာမကြီးသည် ခပ်လှမ်းလှမ်းမှကြည့်ကာ ပြန်လှည့်သွားသည်။

'လင်းပြောတာ ရှင်းပါတယ် ကိုဇော်၊ ကိုကိုကြီးလောက် လင်းကို ချစ်တဲ့လူမရှိဘူးလို့ ပြောပြီးပါပကော၊ ဘယ်သူ့အချစ်ကိုမှ မစဉ်းစားချင်ဘူး'

'အင်းလေ၊ လင်းက ကိုဇော် မသိနိုင်တဲ့အချိန်မှာ အချစ်ကို တွေ့ခဲ့ပြီကိုး'

'ဘယ်လိုမှတော့ တလွဲမထင်နဲ့နော် ကိုဇော်၊ ကိုကိုကြီးက လင်းကို ချစ်တယ်လို့ တစ်ခွန်းမှ မပြောခဲ့ဖူးဘူး၊ ပြီးတော့ ဘာအခွင့်အရေးမှလဲ မယူခဲ့ဘူး၊ ဒါပေမဲ့ လင်း အလိုလိုသိတယ်၊ လင်း သိတယ် ကိုဇော်၊ ကိုကိုကြီးသေသွားတာဟာ လင်းအတွက် ဘယ်တော့မှ အစားပြန်မရနိုင်တော့တဲ့ အချစ်တွေပါ သေဆုံးကုန်တာနဲ့ အတူတူပါပဲ'

လင်းလင်းက အေးဆေးစွာပင် ထင်းရှူးရိပ်မှ ထွက်ခွာလာခဲ့သည်။

'လင်း နေပါဦး၊ တစ်ယောက်တည်း မသွားပါနဲ့'

လင်းလင်းက ကားပေါ်တွင်ထိုင်ကာ ကိုဇော့်ကို ကြည့်သည်။

'လင်းကို စာနာသောအားဖြင့် တစ်ယောက်တည်း သွားခွင့်ပြုပါ ကိုဇော်'

ကားကို ဖြည်းလေးစွာပင် မောင်းထွက်ခဲ့၏။ ဆရာမကြီးသည် ယခင်တစ်ခါကလိုပင် အံ့သြစွာ ငေးကြည့်ရင်း ကျန်ရစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကား၏ မှန်ပြင်သည် မှုန်ဝါးနေ၏။

မြူနှင်းများကြောင့်ကား မဟုတ်။ ရီဝေ စိုစွတ်နေသော မျက်လုံးများကြောင့်ပင် ဖြစ်လေသည်။

*　　*　　*

## ၂၂

သေသောသူ ကြာရင် မေ့တတ်ပါသလား။

လင်းလင်းအတွက်တော့ အဖြစ်အပျက်များက မနေ့တစ်နေ့ကလိုပင် ရှိနေသေးသည်။ အလုပ်ခွင်မှာ စိတ်ရောကိုယ်ပါ မြှုပ်နှံထားသော်လည်း အရာရာသည် လွင့်ပါးနေသော စိတ်ကို မလွှမ်းမိုးနိုင်။ လွမ်းမောဖွယ်ကောင်းသော တောင်တန်းကြီးများနှင့် အုံ့ဆိုင်းညို့မှိုင်းနေတတ်သော မြူခိုးမြူမှုန်များသည် ရင်ထဲမှ ဝေဒနာကို ပို၍ ရင့်သန်စေ၏။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တိုင်းလည်း အရာဝတ္ထုတိုင်းသည် မှုန်ဝါးမှေးမှိန်နေသလိုပင်။

ရင့်ကျက်တည်ငြိမ်သော ဣန္ဒြေဖြင့် အလုပ်ခွင်မှ ပြန်လာတတ်သော လင်းကို မေမေ ဖေဖေနှင့် ဒေါ်ဒေါ်တို့ကပါ အရေးတယူပြုကြသည်။ သည်လိုဆိုတော့လည်း လင်းလင်းက မေမေတို့ကို အားနာသည်။ တစ်ယောက်ထီးတည်း နေချင်သော စိတ်သာ ဖြစ်ပေါ်နေသည်ကိုလည်း အခါခပ်သိမ်း မပြောဖြစ်တော့ပေ။ သို့သော် အလိုက်အထိုက်နေရသော အခါတိုင်း ရင်ထဲမှာ ပင်ပန်းလှသည်ကိုတော့ ဟန်မဆောင်နိုင်။ ကျောင်းမှ

www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ ပြန်ရောက်လျှင် အိမ်ခန်းထဲကိုဝင်ကာ စိတ်ရောကိုယ်ပါ အနားယူပြီး နေချင်သည်။ ဤသည်ကိုပင် မေမေက စိုးရိမ်ပူပန်၍ နေပြန်သည်။

'သမီးရယ် ဒီလောက်လဲကိုယ့်စိတ်ကို အကျဉ်းချမထားစမ်းပါနဲ့၊ မေမေတို့က သမီးကို အရင်တုန်းကလိုပဲ ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ နေစေ့ချင်တယ်'

'သမီး နေပါတယ် မေမေ၊ ကျောင်းမှာ သမီးကိုလာကြည့်စမ်းပါ၊ စာကို စိတ်မပါဘဲ စာသင်နေတဲ့အခါရယ်လို့ တစ်ခါမှ မရှိစေရဘူး'

'ဒါတော့ ဒါပေါ့ သမီးရယ်၊ ကျန်တဲ့အချိန်မှာတော့ သမီး အရင်ကလို မဟုတ်တော့တာ အမှန်ပဲ မဟုတ်လား'

'သမီး အလုပ်အရရော အသက်ကြီးလာလို့ရော ဖြစ်ပါလိမ့်မယ် မေမေရယ်'

မေမေက ခေါင်းကို ဖြည်းလေးစွာ ခါလိုက်သည်။

'အင်းလေ မေမေလဲ မှားခဲ့ပါတယ်၊ သမီးဟာ မိဘစကားနားထောင် ပေမယ့် ကံမကောင်းခဲ့ဘူး၊ တစ်ခုတော့ ပြောချင်တယ် သမီးရယ်၊ မေမေ ပြောမလို့ ချိန်ဆနေတာလဲကြာပြီ'

'ပြောပါ မေမေ'

မေမေသည် လမ်းလျှောက် လေ့ကျင့်ခြင်းဖြင့် ကောင်းစပြုလာသော သူ့ခြေထောက်ကို အားကိုးကာ ခြံထဲတွင် လမ်းလျှောက်ရင်း လင်းလင်းနှင့် စကားပြောနေခြင်း ဖြစ်သည်။ သည်နေ့ လင်းလင်း ကျောင်းကပြန်လာမည့် အချိန်ကို တမင် စောင့်ဆိုင်းနေခဲ့၏။

'အရင်တုန်းက မေမေတို့ဆန္ဒကို သမီး လိုက်လျောခဲ့သလို မေမေ တို့ကလဲ သမီးရဲ့ ဆန္ဒကို လိုက်လျောချင်တယ်၊ သမီးဟာ အသက်ငယ်ငယ် လေး ရှိသေးတယ် သမီး၊ ဘဝကို ဆက်ပြီး ရင်ဆိုင်စေ့ချင်တယ်၊ ရှင်းရှင်း



ပြောရရင်တော့ သမီးကို အိမ်ထောင်ပြုစေချင်တယ်၊ ဒီတစ်ခါ သမီးရဲ့ ဆန္ဒအတိုင်းပါပဲကွယ်'

လင်းလင်းက မေမေ၏ စေတနာကို နားလည်သောအားဖြင့် ငြိမ်သက်စွာ နားထောင်နေသည်။ သို့သော် မေမေ့ကို ပြောစရာစကားတွေ ရှိနေသည်ကို ထုတ်ဖော်ပြောဆိုနိုင်ရန် အားယူနေရလေသည်။

'သမီးရဲ့ ဆန္ဒဆိုတာ'

လင်းလင်း၏ စကားသံများက တိုးတိတ်လှသည်။ မေမေ့ စကားကို သံယောင်လိုက်ခြင်းမျှသာ။ ကိုခင်မောင်ဦးဆီက စာတွေမကြာခဏ လာ တတ်သည်ကို အကင်းပါးသော မေမေက ရိပ်မိသည်။ သို့သော် လင်းလင်း၏ အရိပ်အကဲကို မဖမ်းတတ်။

မေမေက လင်းလင်း၏ ပခုံးလေးကို ညင်သာစွာ ဆုပ်ကိုင်သည်။

'သမီးစိတ်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ မေမေ သိတယ်၊ သမီးရဲ့ဘဝကို ဒီနည်းနဲ့ အဆုံးမသတ်စေချင်ဘူး၊ သမီး ပတ်ဝန်းကျင်ကို ဂရုစိုက်စရာ မလိုပါဘူးကွယ်၊ ဒီတစ်ခါ ရဲရဲဝံ့ဝံ့ ရင်ဆိုင်လိုက်စမ်းပါ၊ မေမေတို့ သမီးဘက်က ရပ်ပေးပါ့မယ်၊ ခင်ခင်ကလဲပြောတယ်'

'ဘာပြောလို့လဲ မေမေ'

'ကိုဇော်ကို အေးအေးအောင်နဲ့ယူမှာ သိပ်စိုးတယ်တဲ့၊ ခုဆို ကိုဇော်ကလဲ သိပ်စိတ်လေနေတော့'

'ဘာလဲမေမေ၊ မေမေတို့က သမီးကို ကိုဇော်နဲ့ ပေးစားကြဦး မလို့လား'

လင်းလင်းက ထိတ်လန့်တကြားဆိုလိုက်သည်။

မေမေကလည်း လင်းလင်းကို စိုက်ကြည့်နေသည်။

'မေမေတို့က သမီး စိတ်ချမ်းသာအောင်'

'သမီး စိတ်ချမ်းသာအောင်၊ ဟုတ်လား မေမေ'

www.burmeseclassic.com



'ဟုတ်ပါတယ် သမီးရယ်၊ ဒီတစ်ခါ သမီး ချစ်တဲ့သူနဲ့'

'သိပ်ခက်တယ် မေမေ၊ မေမေတို့က လူကြီးမိဘ စီမံရာကို နာခံခဲ့ကြသူတွေပီပီ အချစ်ဆိုတာကို ဘာရယ်လို့ မတွေးမိကြဘူး'

လင်းလင်းက မေမေ့ကို မအော်စဘူး အော်ပြောကာ မြက်ခင်းပေါ် ထိုင်ချလိုက်သည်။

'သမီးအတွက် မေမေတို့ ဘာလုပ်ပေးရမလဲ သမီးရယ်'

မေမေကလည်း မြက်ခင်းပေါ် ထိုင်ချလိုက်၏။ ပတ်ဝန်းကျင်သည် အေးမြစ ပြုလာသည်။ မနက်ဖြန်ဆိုရင် ကိုကိုကြီးဆုံးတာ တစ်နှစ်ပြည့်တဲ့ နေ့ပဲ၊ ဂန္ဓမာပန်းဖြူဖြူတွေ ပွင့်နေသည်။

'ဘာမှ လုပ်ပေးလို့မရတော့ဘူး မေမေ၊ မေမေတို့ သမီးကို နားမလည်ဘူး၊ တစ်လောကလုံးကလဲ ဘယ်သူမှလဲ နားမလည်ကြဘူး၊ သမီးရင်ထဲမှာ ဘာတွေဖြစ်နေတယ် ဆိုတာကိုလဲ မသိကြဘူး'

လင်းလင်းသည် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ အော်နေသည်။

'သမီး ဘာအတွက် သောကရောက်နေသလဲ သမီးရယ်'

'အချစ်အတွက်ပဲ မေမေ၊ အချစ်အတွက်'

လင်းလင်း၏ အသံများက လှိုက်လှဲမှုဖြင့် တုန်ယင်နေသည်။

စိတ်ကို အတတ်နိုင်ဆုံး ဖြေလွှတ်လိုက်တော့မည်ဟု အားယူလိုက်သည်။ ဒါမှလည်း သူ့ရင်ထဲ၌က ဝေဒနာကို တစ်လောကလုံး ကြားအောင် ဖွင့်ဟနိုင်တော့မည်။ ထိုအခါ ရင်ထဲတွင် တစိမ့်စိမ့် ခံစားနေရသော သောကသည်လည်း ပေါ့ပါးသွားချေတော့မည်။ သည်တော့မှလည်း တက်ကြွ လန်းဆန်းသော ဘဝအစကို ပြန်လည် မွေးဖွားရ၍ ရပေတော့မည်။

'အချစ်အတွက် ဟုတ်လား သမီး၊ သမီးက ဘယ်သူ့ကို ချစ်နေလို့လဲကွယ်'



မေမေက လင်းလင်း၏ ပခုံးကိုဆုပ်ကိုင်ကာ ထိတ်လန့်တကြား မေးသည်။ လင်းလင်းက မေမေ့ ပခုံးကို ပြန်လည်ဆုပ်ကိုင်ကာ မေမေ့ မျက်နှာကို မော့ကြည့်ပြီး အားပါးတရ ပြောချလိုက်မိတော့သည်။

'သမီးချစ်တာ မေမေတို့ မသိကြဘူးနော်၊ ဘယ်သူမှ မသိကြဘူး၊ သမီးချစ်တာ ကိုကိုကြီးလေ မေမေရဲ့၊ ကိုကိုကြီးလေ၊ ကိုကိုကြီးကို သိပ်ချစ်တယ် မေမေ၊ သိပ်ချစ်တယ်'

'အို ဖြစ်ရလေ သမီးရယ်'

လင်းလင်းသည် အားပါးတရ ရင်ကိုဖွင့်ကာ ပြောရင်း မေမေ့ ရင်ခွင်တွင် မျက်နှာကိုအပ်လျက် အချစ်အတွက် ပွင့်လင်းစွာ ငိုကြွေးမိလေသတည်း။

မေမေ့ နားထဲမှာတော့ လင်းလင်း၏ အသံကလေးက ပဲ့တင်ထပ်နေသည်။

'ကိုကိုကြီးကို သိပ်ချစ်တယ်' တဲ့။

'ကိုကိုကြီးကို သိပ်ချစ်တယ်' တဲ့။'

၂၄၊ ၁၀၊ ၁၉၈၀။

မိုးမိုး (အင်းလျား)

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏
## စာပေ နှင့် ဘဝဖြစ်စဉ်မှတ်တမ်း

| | |
|---|---|
| ၁၉၄၄၊ အောက်တိုဘာ ၂၄ | အမည်ရင်း ဒေါ်စန်းစန်းကို ဒိုက်ဦး မြို့၌ အဖ ဦးထွန်း၊ အမိ ဒေါ်မြရှင် တို့မှ မွေးဖွားသည်။ |
| ၁၉၅၂ | ဒိုက်ဦးမြို့ အစိုးရ အထက်တန်း ကျောင်းတွင် စတင် ပညာသင်ကြားသည်။ |
| ၁၉၅၆ | စတုတ္ထတန်း စကောလားရှစ် ဆု ရသည်။ |
| ၁၉၅၉ | သတ္တမတန်း ကျောင်းသူဘဝတွင် ကဗျာများ စတင် ရေးသားသည်။ ကျောင်းစာကြည့်တိုက် နှင့် နံရံကပ်စာစောင် ကော်မတီများတွင် အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ |
| ၁၉၆၀–၁၉၆၄ | အထက်တန်းကျောင်းသူ ဘဝတွင် ခရိုင် အလိုက် စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိခဲ့သည်။ |
| ၁၉၆၄ | တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။ |
| ၁၉၆၅ | ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် သချာ်္င အဓိကဖြင့် တက်ရောက်သင်ကြားသည်။ |
| ၁၉၆၅၊ မတ် | တိုင်းရင်းမေဂျာနယ်တွင် ရွက်လှပန်းလေး ကိုယ် ဘဝ ကဗျာကို စတင် ရေးသားခဲ့သည်။ |

| | |
|---|---|
| ၁၉၆၈၊ ဇန်နဝါရီမှ နိုဝင်ဘာ | မြောက်ဥက္ကလာပမြို့နယ် အ၊မ၊က (၂၃) တွင် မူလတန်းပြ ဆရာမအဖြစ် တာဝန် ထမ်းဆောင် ခဲ့သည်။ |
| ၁၉၆၉၊ နိုဝင်ဘာ၊ ၆ | မျိုးညွန့် (စာပေလောက)နှင့်လက်ထပ်သည်။ |
| ၁၉၇၀၊ မေ | တိုင်းရင်းမေ ဂျာနယ်တွင် ပြင်ဆင် ချယ်သ မျက်လုံးအလှ ဆောင်းပါးကို စတင်ရေးသားခဲ့ သည်။ |
| ၁၉၇၂၊ စက်တင်ဘာ | ငွေတာရီ မဂ္ဂဇင်းတွင် အိမ်နီးချင်း အမည်ရှိ ပထမဦးဆုံး ဝတ္ထုတိုကို ရေးသားခဲ့သည်။ |
| ၁၉၇၂–၇၈ | မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပါတီ သုတေသနဌာနခွဲတွင် သုတေသန လက်ထောက် အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ |
| ၁၉၇၄၊ အောက်တိုဘာ | ပျောက်သောလမ်းမှာ စမ်းတဝါး အမည်ရှိ ပထမဆုံးလုံးချင်းဝတ္ထုရှည်ကိုရေးသားခဲ့သည်။ ယင်းဝတ္ထုဖြင့် ၁၉၇၄ ခုနှစ် အမျိုးသား စာပေဆု ရခဲ့သည်။ |
| ၁၉၇၅၊ ဖေဖော်ဝါရီ | ပွင့်တချို့ ကြွေတချို့ ကို ရေးသားခဲ့သည်။ |
| ၁၉၇၅၊ ဩဂုတ် | ရွက်လှပန်းကို ရေးသားခဲ့သည်။ |
| ၁၉၇၆၊ မေ | ပေလီဇာတ်လမ်း ကို ရေးသားခဲ့သည်။ |
| ၁၉၇၆၊ အောက်တိုဘာ | အချစ်ဆိုသောအရာ ကို ရေးသားခဲ့သည်။ |
| ၁၉၇၇၊ မေ | ဘယ်သူလာကူပါ့မယ် ကို ရေးသားခဲ့သည်။ |
| ၁၉၇၈၊ ဧပြီ | မှတစ်ပါးအခြားမရှိပြီ ကို ရေးသားခဲ့သည်။ |
| ၁၉၇၈၊ ဇူလိုင် | သဗ္ဗေသတ္တာ အဝေရာဟောန္တု ကို ရေးသား ခဲ့သည်။ |
| ၁၉၇၈၊ နိုဝင်ဘာ | မှတစ်ဆင့် ကို ရေးသားခဲ့သည်။ |
| ၁၉၇၈ | ပျောက်သောလမ်းမှာစမ်းတဝါး ကို ရုရှား ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ |

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

၁၉၇၉၊ ဩဂုတ် ။ရွှေတိဂုံကိုမြင်လျှင် ကို ရေးသားခဲ့သည်။

၁၉၇၉၊ ဒီဇင်ဘာ ။ငြိမ်းကိုရှက်ပါ ကို ရေးသားခဲ့သည်။

၁၉၈၀၊ ဧပြီ ။'ဂျိုး' ကို ရေးသားခဲ့သည်။

၁၉၈၀၊ ဇွန် ။မဂ္ဂဇင်း ဝတ္ထုရှည်များကို ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်ဖြင့် ၁၉၈၀ ပြည့်နှစ်၊ အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆုကို ရရှိခဲ့သည်။

၁၉၈၀၊ အောက်တိုဘာ ။သမုဒ္ဒရာခုနစ်စင်း မြစ်မင်းတစ်ဆယ့်သုံးသွယ် ကို ရေးသားခဲ့သည်။

၁၉၈၀ ။ဘယ်သူလာ ကွပ်မယ် ကို ရုရှား ဘာသာဖြင့် ပြန်ဆိုထုတ်ဝေခဲ့သည်။

၁၉၈၁၊ ဖေဖော်ဝါရီ ။ကြွေမလိုနဲ့ဝေ ဝေမလိုနဲ့ကြွေ ကို ရေးသားခဲ့သည်။

၁၉၈၁၊ အောက်တိုဘာ ။ပန်းရိုင်းတစ်ရာ ကို ရေးသားခဲ့သည်။

၁၉၈၁၊ ဒီဇင်ဘာ ။ညီမကလေးက အချစ်ကို ကိုးကွယ်သတဲ့လား ကို ရေးသားခဲ့သည်။

၁၉၈၂၊ ဖေဖော်ဝါရီ ။မသုခမ္မစာရီ ကို ရေးသားခဲ့သည်။

၁၉၈၂၊ မေ ။ဝတ္ထုတိုများ ၁ ကို ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်ဖြင့် ၁၉၈၂ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆု ရရှိခဲ့သည်။

၁၉၈၂၊ စက်တင်ဘာ ။'ဝေဒနာကြာနီပွင့်' ကို ရေးသားခဲ့သည်။

၁၉၈၂၊ ဒီဇင်ဘာ ။သုံးလွန်းတင်မှကြိုး ကို ရေးသားခဲ့သည်။

၁၉၈၂ ။မှတစ်ပါး အခြားမရှိပြီ နှင့် ပျောက်သောလမ်းမှာ စမ်းတဝါး တို့ကို ဂျပန် ဘာသာဖြင့် ထုတ်ဝေခဲ့သည်။

၁၉၈၃၊ ဇွန် ။နာမကျန်းသည် အိုနှင်းဆီ ကို ရေးသားခဲ့သည်။

၁၉၈၃၊ ဩဂုတ် ။မြန်မာပြည်မှာ နေကြသည် ဝတ္ထုတိုများ စာအုပ်ကို ထုတ်ဝေခဲ့သည်။ ကြွေရင် အတူတူကြွေမယ် ကို ရေးသားခဲ့သည်။

၁၉၈၅၊ ဇွန် ။မီးရောင်အောက်ကိုဝင်လျှင် ကို ရေးသားခဲ့သည်။

၁၉၈၅၊ အောက်တိုဘာ ။မေတ္တာကမ်းနား အချစ်သစ်ပင် ကို ရေးသားခဲ့သည်။

၁၉၈၅၊ ဒီဇင်ဘာ ။ထိုနေ့က မီးမလာပါ နှင့် မိုးမိုး(အင်းလျား)၏ မဂ္ဂဇင်း ဝတ္ထုရှည်များ ကို ထုတ်ဝေခဲ့သည်။

၁၉၈၆၊ ဇူလိုင် ။ဝတ္ထုတိုများ ၂ ကို ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်ဖြင့် ၁၉၈၆ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆု ရရှိခဲ့သည်။

၁၉၈၇၊ ဧပြီ ။ခံတက်နုကလေးတွေ ညှိုးချိန်တန်တော့ ကို ရေးသားခဲ့သည်။

၁၉၈၈ ။Afro-Asian Writers မှ ထုတ်ဝေသော Lotus မဂ္ဂဇင်းတွင် စကားမဆိုဝံ့အောင် ဝတ္ထု တိုကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြခဲ့သည်။

၁၉၈၉၊ ဩဂုတ် ။အိမ်နီးချင်း ဝတ္ထုတိုကို ဂျပန်ဘာသာဖြင့် Fujinno Tomo အမျိုးသမီး မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။

၁၉၈၉၊ ဩဂုတ်မှ ။စံပယ်ဖြူမဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာ အဖြစ်
၁၉၉၀၊ မတ် ဆောင်ရွက်ခဲ့သည်။

၁၉၉၀၊ မတ် ၁၃ ။ကွယ်လွန်သည်။

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏
## ထုတ်ဝေပြီး စာအုပ်များ

၁။ ပျောက်သောလမ်းမှာ စမ်းတဝါး* (ပထမ ၁၉၇၄) (ဒုတိယ ၁၉၇၅) (တတိယ ၁၉၉၄)

၂။ မွှင့်တချို့ ကြွေတချို့ (ပထမ ၁၉၇၅) (ဒုတိယ ၁၉၇၇) (တတိယ ၁၉၉၅)

၃။ ရွက်လှပန်း (ပထမ ၁၉၇၅) (ဒုတိယ ၁၉၉၅)

၄။ ပေလီစာတ်လမ်း (ပထမ ၁၉၇၆) (ဒုတိယ ၁၉၉၇)

၅။ အချစ်ဆိုသောအရာ (ပထမ ၁၉၇၆) (ဒုတိယ ၁၉၉၇)

၆။ ဘယ်သူလာကူပါမယ် (ပထမ ၁၉၇၆) (ဒုတိယ ၁၉၉၇)

၇။ မှတစ်ပါး အခြားမရှိပြီ (ပထမ ၁၉၇၇) (ဒုတိယ ၁၉၉၈)

၈။ သဗ္ဗေသတ္တာ အဝေရာဟောန္တု (ပထမ ၁၉၇၈)

၉။ မှ တစ်ဆင့် (ပထမ ၁၉၇၈) (ဒုတိယ ၁၉၉၈)

၁၀။ ရွှေတိဂုံကိုမြင်လျှင် (ပထမ ၁၉၇၈)

၁၁။ ငြိမ်းကိုရှက်ပါ (ပထမ ၁၉၇၈)

၁၂။ ဂျိုး (ပထမ ၁၉၈၀)

၁၃။ မဂ္ဂဇင်း ဝတ္ထုရှည်များ ✦ (ပထမ ၁၉၈၀) (ဒုတိယ ၁၉၉၈)

---

* ၁၉၇၄ ခုနှစ် အမျိုးသားစာပေ ဝတ္ထုရှည်ဆု ရသည်။

✦ ၁၉၈၀ ပြည့် အမျိုးသားစာပေ ဝတ္ထုတိုဆုရသည်။
ဒုတိယအကြိမ် ပုံနှိပ်သည့်အခါ ၁၉၈၀ ပြည့် အမျိုးသားစာပေ(ဝတ္ထုတို)ဆုရ မဂ္ဂဇင်းဝတ္ထုရှည်များ အမည်ဖြင့် ထုတ်ဝေသည်။

၁၄။ သမုဒ္ဒရာခုနစ်စင်း မြစ်မင်းတစ်ဆယ့်သုံးသွယ် (ပထမ ၁၉၈၀) (ဒုတိယ ၁၉၉၉)

၁၅။ ကြွေမလိုနဲ့ဝေ ဝေမလိုနဲ့ကြွေ (ပထမ ၁၉၈၁) (ဒုတိယ ၂၀၀၀)

၁၆။ ပန်းရိုင်းတစ်ရာ (ပထမ ၁၉၈၁)

၁၇။ ညီမလေးက အချစ်ကို ကိုးကွယ်သတဲ့လား (ပထမ ၁၉၈၁) (ဒုတိယ ၁၉၈၄) (တတိယ ၁၉၉၉)

၁၈။ မသုခမ္မစာရီ (ပထမ ၁၉၈၂) (ဒုတိယ ၁၉၉၉)

၁၉။ ဝတ္ထုတိုများ ၁ (ပထမ ၁၉၈၂) (ဒုတိယ ၁၉၉၆)

၂၀။ ဝေဒနာ ကြာနီပွင့် (ပထမ ၁၉၈၂) (ဒုတိယ ၂၀၀၀)

၂၁။ သုံလွန်းတင်မှကြီး (ပထမ ၁၉၈၂)

၂၂။ နာမကျန်းသည် အိုနှင်းဆီ (ပထမတွဲနှင့်ဒုတိယတွဲ) (ပထမ ၁၉၈၃)

၂၃။ မြန်မာပြည်မှာ နေကြသည် (ပထမ ၁၉၈၃)

၂၄။ ကြွေရင် အတူတူကြွေမယ် ❑ (ပထမ ၁၉၈၃)

၂၅။ မီးရောင်အောက်ကိုဝင်လျှင် (ပထမ ၁၉၈၅)

၂၆။ မေတ္တာကမ်းနား အချစ်သစ်ပင် (ပထမ ၁၉၈၅)

၂၇။ မဂ္ဂဇင်းဝတ္ထုရှည်များ ၁ (ပထမ ၁၉၈၅) (ဒုတိယ ၁၉၉၇)

၂၈။ မဂ္ဂဇင်းဝတ္ထုရှည်များ ၂ (ပထမ ၁၉၈၅) (ဒုတိယ ၁၉၉၇)

၂၉။ ဝတ္ထုတိုများ ၂ (ပထမ ၁၉၈၆) (ဒုတိယ ၁၉၉၆)

၃၀။ ခံတက်နုလေးတွေ ညှိုးချိန်တန်တော့ (ပထမ ၁၉၈၇)

၃၁။ ဝတ္ထုတိုများ ၃ (ပထမ ၁၉၉၃) (ဒုတိယ ၁၉၉၇)

---

● ၁၉၈၂ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုဆုရသည်။

❑ မစန္ဒာ၏ ဂျိုန်းဂျိုန်းဂျုတ်ဂျုတ် ဂျိုန်ဂျုတ်ဂျုတ် ဝတ္ထုနှင့် ပူးတွဲပုံနှိပ်သည်။

www.burmeseclassic.com